unesco | STEM Strengthening Pre-service Teacher Education in Myanmar | SUOMI FINLAND

မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်သင်

ပညာရေးအစီအစဉ်

တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU3116

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ – လူမှုရေးဘာသာ

မူလတန်းအထူးပြု

ကျောင်းသားကိုင်စာအုပ်

# နိဒါန်း

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အစီအစဉ်အတွက် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဆရာအတတ်သင် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦး အနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ဆရာအတတ်သင် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးကို အပိုင်း (၂) ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည်သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency–based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင် အစီအစဉ်ပါ သင်ရိုးကို သင်ယူပြီးချိန်တွင်လည်း ဆရာအတတ်သင် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ –အသုံးချ –ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn–apply–reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို – UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre-service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ကို ဖင်လန်အစိုးရက ပေးအပ်ထားပါသည်။

# မာတိကာ

နိဒါန်း ............ က
မာတိကာ ............ ဃ
ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။ ............ ၁
အခန်း ၅။ လူမှုရေးဘာသာရပ်ကို သင်ကြားသင်ယူခြင်း (အပိုင်း ၂) ............ ၂၃
၅.၁။ မူလတန်းဆင့် လူမှုရေးဘာသာရပ်အတွက် ရင်းမြစ်များ ............ ၂၆
၅.၁.၁။ လူမှုရေးဘာသာရပ်သင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်း ............ ၂၆
စာသင်ချိန် (၁) ............ ၂၇
စာသင်ချိန် (၂) ............ ၃၉
၅.၁.၂။ မူလတန်းဆင့် လူမှုရေးဘာသာရပ် သင်ကြားခြင်းအတွက်
သင်ထောက်ကူပစ္စည်းများ ............ ၄၇
စာသင်ချိန် (၁) ............ ၄၇
စာသင်ချိန် (၂) ............ ၅၄
၅.၁.၃။ မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင်
ဒေသန္တရ ရင်းမြစ်များကို အသုံးပြုခြင်း ............ ၅၅
စာသင်ချိန် (၁) ............ ၅၅
စာသင်ချိန် (၂) ............ ၅၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ ............ ၆၀
အခန်းဆုံးအနှစ်ချုပ် ............ ၆၁
အဓိကအချက်များ ............ ၆၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ............ ၆၃
ဆက်လက်ဖတ်မှတ်စရာများ ............ ၆၄
အခန်း ၆။ ပထဝီဝင် (အပိုင်း ၂) ............ ၆၅
၆.၁။ ဒေသန္တရ ပထဝီဝင် ............ ၆၉
၆.၁.၁။ ကမ္ဘာ့မြောက်ပိုင်း (ပြင်သစ်နိုင်ငံ) ............ ၆၉
၆.၁.၂။ ကမ္ဘာ့တောင်ပိုင်း (အိန္ဒိယနိုင်ငံ) ............ ၇၇
၆.၁.၃။ ဒေသန္တရပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း ............ ၈၇

ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ ....................................................................၉၁
၆.၂။ လက်တွေ့ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ ....................................................၉၂
၆.၂.၁။ မြေပုံများ အသုံးပြုခြင်း ....................................................................၉၂
စာသင်ချိန် (၁) ....................................................................................၉၃
စာသင်ချိန် (၂)..................................................................................... ၉၉
၆.၂.၂။ ဥတုရာသီနှင့် မိုးလေဝသ ...............................................................၁၀၂
စာသင်ချိန် (၁) ...................................................................................၁၀၂
စာသင်ချိန် (၂).....................................................................................၁၀၉
၆.၂.၃။ လက်တွေ့ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း ............. ၁၁၈
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ ..................................................................၁၂၀
အခန်းဆုံးအနှစ်ချုပ် ........................................................................................၁၂၁
အဓိကအချက်များ.............................................................................................၁၂၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း............................................................၁၂၃
ဆက်လက်ဖတ်မှတ်စရာများ ............................................................................၁၂၄
အခန်း ၇။ သမိုင်း (အပိုင်း ၂) .........................................................................၁၂၅
၇.၁။ ကမ္ဘာ့သမိုင်း ...........................................................................................၁၂၇
၇.၁.၁။ ရှေးဦးလူနေမှုများ ............................................................................၁၂၇
စာသင်ချိန် (၁) ...................................................................................၁၂၈
စာသင်ချိန် (၂).................................................................................... ၁၃၈
၇.၁.၂။ ဥရောပတိုက်ရှိ ပြောင်းလဲမှုများ ....................................................... ၁၄၀
စာသင်ချိန် (၁) .................................................................................. ၁၄၀
စာသင်ချိန် (၂)....................................................................................၁၄၈
စာသင်ချိန် (၃) ...................................................................................၁၅၄
၇.၁.၃။ စက်မှုတော်လှန်ရေး ..........................................................................၁၆၁
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ ..................................................................၁၆၅
အခန်းဆုံးအနှစ်ချုပ် ........................................................................................၁၆၆
အဓိကအချက်များ.............................................................................................၁၆၆
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း............................................................၁၆၈
ဆက်လက်ဖတ်မှတ်စရာများ ............................................................................၁၆၉

အခန်း ၈။ စစ်ဆေးအကဲဖြတ်ခြင်း.......................................................................................၁၇၀
ဂ.၁။ လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများ ....၁၇၂
၈.၁.၁။ စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ............................................၁၇၂
၈.၁.၂။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ..................................................၁၇၉
၈.၁.၃။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း ..................................................၁၈၄
၈.၁.၄။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း ............................၁၈၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ ....................................................................၁၉၃
အခန်းဆုံးအနှစ်ချုပ် ..........................................................................................၁၉၄
အဓိကအချက်များ...........................................................................................၁၉၄
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ............................................................၁၉၅
ဆက်လက်ဖတ်မှတ်စရာများ .............................................................................၁၉၆
ခက်ဆစ်အဘိဓာန် ...............................................................................................၁၉၇
ကျမ်းကိုးစာရင်း ....................................................................................................၂၀၂
နောက်ဆက်တွဲများ................................................................................................၂၀၉
နောက်ဆက်တွဲ (၁)။ သင်ခန်းစာ (၅.၁.၁)၊ စာသင်ချိန် (၁) အတွက်
ရင်းမြစ် ဆန်းစစ်လေ့လာချက် ......................................... ၂၀၉
နောက်ဆက်တွဲ (၂)။ သင်ခန်းစာ (၆.၁.၂) အတွက် မီဒီယာဆောင်းပါး.................၂၁၆
နောက်ဆက်တွဲ (၃)။ သင်ခန်းစာ (၆.၁.၂)၊ အိမ်စာလုပ်ငန်း အတွက်
သင်ပြမှုပုံစံလွှာ ..................................................................၂၁၈
နောက်ဆက်တွဲ (၄)။ သင်ခန်းစာ (၆.၁.၂)၊ စာသင်ချိန် (၁)၊
သင်ယူမှုလုပ်ငန်း (၁) အတွက် ကမ္ဘာ့မြေပုံ ......................... ၂၂၃
နောက်ဆက်တွဲ (၅)။ သင်ခန်းစာ (၆.၂.၂)၊ စာသင်ချိန် (၂)၊
အိမ်စာလုပ်ငန်းအတွက် သင်ပြမှုပုံစံလွှာ ............................ ၂၂၄
နောက်ဆက်တွဲ (၆)။ “လူနေမှု” ဟူသော အသုံးအနှုန်းအား
လေးနက်စွာ ဝေဖန်ဆန်းစစ် ဆွေးနွေးခြင်း........................ ၂၂၉

# ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။

## လူမှုရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ်ကို မည်သူအသုံးပြုမည်နည်း။

ဤပညာရေးဒီဂရီကောလိပ် တတိယနှစ် ကျောင်းသားကိုင်စာအုပ်ကို လူမှုရေးဘာသာရပ် သင်ယူရာတွင် အထောက်အကူပြုစေရန် ပြင်ဆင်ရေးဆွဲထားပါသည်။ ဤကျောင်းသားကိုင်စာအုပ်တွင် လူမှုရေးဘာသာရပ်နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို တွေ့ရှိရမည်။ ထိရောက်စွာ သင်ကြားပို့ချပေးနိုင်သည့် မြန်မာနိုင်ငံ၏ ဆရာကောင်းတစ်ဦး ဖြစ်လာစေရေးတွင် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ဖွံ့ဖြိုးစေမည့် သင်ယူမှုလုပ်ငန်းများနှင့် ဆက်လက်ဆည်းပူးစရာများကိုလည်း ဤကျောင်းသားကိုင်စာအုပ်တွင် တွေ့ရှိပါလိမ့်မည်။ သင်သည် ဤကျောင်းသားကိုင်စာအုပ်ကို စာသင်ခန်းအတွင်း အဓိကဆည်းပူးစရာစာအုပ်အဖြစ်လည်းကောင်း၊ ကိုယ်တိုင်ဆည်းပူးလေ့လာစရာ စာအုပ်အဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

ဤကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများကို ကျောင်းသားများ[၁] အတွက်ဟု အမည်တပ်ထားသော်လည်း သင်တို့အား လူမှုရေးဘာသာရပ် အခြေခံတတ်ကျွမ်းမှုများ ရအောင် ပံ့ပိုးကူညီပေးပြီး အနီးကပ်ကြည့်ရှု၊ ထောက်ပံ့ကူညီကြမည့် ဆရာများ[၂] အတွက်လည်း ဆည်းပူးစရာ အကြောင်းအရာများ ဖြစ်ပါသည်။ ဤဘာသာရပ်တစ်ခုလုံးတွင် သင်တို့နှင့် သင်တို့၏ ဆရာသည် ကျောင်းသားကိုင်စာအုပ်အား သင်ယူရေးကိရိယာတစ်ခုအဖြစ် အသုံးပြုပြီး အတူပူးပေါင်း လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

## လူမှုရေးဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ကြားရေး အစီအစဉ်တွင် တတိယနှစ် လူမှုရေး ဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၃၆ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၂၄ ချိန်) စုစုပေါင်း စာသင်ချိန် (၆၀) ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

---

၁ ဤကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

၂ ဤကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

## တတိယနှစ် လူမှုရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ်တွင် မည်သည့်အရာများ ပါဝင်သနည်း။

ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းပုံနှင့် ပါဝင်သည့် အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် လူမှုရေးဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

တတိယနှစ် လူမှုရေးဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

- လူမှုရေး ဘာသာရပ် မိတ်ဆက်
- လူမှုရေး ဘာသာရပ်ကို သင်ကြား၊သင်ယူခြင်း
- ပထဝီဝင်
- သမိုင်း
- စစ်ဆေးအကဲဖြတ်ခြင်း

အခန်းတစ်ခုစီတွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများအား လုပ်ဆောင်ရာတွင် သင်ခန်းစာခေါင်းစဉ်နှင့်ဆိုင်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ နက်နဲစွာ တတ်မြောက်ရရှိသွားစေရန် တစ်ဦးချင်း (သို့မဟုတ်) အတန်းဖော်များ၊ အတန်းဆရာနှင့် ပူးပေါင်းပြီး ပါဝင်လုပ်ဆောင်ကြရပါမည်။ အောက်တွင် ဖော်ပြထားသော မာတိကာအကြောင်းအရာဇယားတွင် အခန်းတစ်ခန်းစီအတွက် မျှော်မှန်းထားသော သင်ယူမှုရလဒ်နှင့် အချိန်သတ်မှတ်ချက်ကို ပေးထားပါသည်။

## ဇယား (က)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် လူမှုရေးဘာသာရပ်၊ မူလတန်းအထူးပြု မာတိကာအကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံး လိုအပ်ချက် များ | အညွှန်း ကိန်းများ | |
| ၅။ လူမှုရေး ဘာသာရပ် သင်ကြား၊ သင်ယူခြင်း (အပိုင်း ၂) | ၅.၁။ မူလတန်းဆင့် လူမှုရေး ဘာသာရပ် အတွက် ရင်းမြစ်များ | ၅.၁.၁။ လူမှုရေး ဘာသာရပ် သင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်း | • လူမှုရေးဘာသာရပ်ကို လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ် တတ်မည်။<br>• သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို နှိုင်းယှဉ်ခွဲခြားတတ်မည်။<br>• မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များ ကြားရှိ ကွာခြားချက်များကို ဖော်ပြတတ်မည်။<br>• လူမှုရေးဘာသာရပ်တွင် အချက်အလက်များ မှန်ကန်မှု၊ ဘက်လိုက်မှု နှင့် အတွေးအမြင် ရှုထောင့်များ၏ အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ဆိုတတ်ပြီး လေးနက်စွာ ဝေဖန်ဆန်းစစ် လေ့လာတတ်မည်။ | (က) (၂.၁)<br>(က) (၄.၁)<br>(ခ) (၁.၁)<br>(ခ) (၁.၃) | (က) (၂.၁.၂)<br>(က) (၄.၁.၂)<br>(ခ) (၁.၁.၂)<br>(ခ) (၁.၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၅.၁.၂။ မူလတန်းဆင့် လူမှုရေး ဘာသာရပ် သင်ကြားခြင်း အတွက် သင်ထောက်ကူ ပစ္စည်းများ | • မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြတတ်မည်။<br>• မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်း စာရင်းတစ်ခုကို တီထွင် ဖန်တီးတတ်မည်။ | (က) (၂.၁)<br>(က) (၄.၁)<br>(ခ) (၁.၁)<br>(ခ) (၁.၃) | (က) (၂.၁.၂)<br>(က) (၄.၁.၂)<br>(ခ) (၁.၁.၂)<br>(ခ) (၁.၃.၁) | ၂ |
| | | ၅.၁.၃။ မူလတန်းဆင့် လူမှုရေး ဘာသာရပ်တွင် ဒေသန္တရ ရင်းမြစ်များကို အသုံးပြုခြင်း | • သင်တို့ ဒေသရှိ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ် ကောင်းသော နေရာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။<br>• ကလေးများ၏ သင်ယူမှုကို မြှင့်တင်ရန် ဒေသန္တရ ရင်းမြစ်များ (ဥပမာ – လူကြီးသူမများ၊ ဒေသတွင်း သမိုင်းဝင် နေရာများနှင့် ပထဝီဝင် အနေအထားများ)ကို အသုံးပြုသည့် နည်းလမ်းများအား အကြံပြုတတ်မည်။ | (က) (၂.၁)<br>(က) (၅.၁)<br>(ဂ) (၃.၃) | (က) (၂.၁.၁)<br>(က) (၅.၁.၂)<br>(ဂ) (၃.၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၆။ ပထဝီဝင် (အပိုင်း ၂) | ၆.၁။ ဒေသန္တရပထဝီဝင် | ၆.၁.၁။ ကမ္ဘာ့မြောက်ပိုင်း (ပြင်သစ်နိုင်ငံ) | • ကမ္ဘာ့မြောက်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများပါဝင်သော အချက်အလက် မှတ်တမ်းတစ်ခုကို ပြုစုတတ်မည်။<br>• ကမ္ဘာ့မြောက်ပိုင်းနိုင်ငံတစ်နိုင်ငံ ဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက် မှတ်တမ်းများကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုတို့ကို စစ်ဆေး လေ့လာတတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၆.၁.၂။ ကမ္ဘောဒီးယားနိုင်ငံ (အိန္ဒိယနိုင်ငံ) | • ကမ္ဘာ့တောင်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက် မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။<br>• ကမ္ဘာ့တောင်ပိုင်း နိုင်ငံနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက် မှတ်တမ်းကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုများကို စစ်ဆေးလေ့လာ တတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၁ |
| | | ၆.၁.၃။ ဒေသန္တရ ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း | • ဒေသန္တရပထဝီဝင် သင်ခန်းစာ ခေါင်းစဉ် တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများ အတွက် ရိုးရှင်းသော သင်ပြမှုပုံစံ တစ်ခုကို စီစဉ်ရေးဆွဲတတ်မည်။ | (က) (၁.၁)<br>(က) (၂.၁)<br>(က) (၄.၁)<br>(ခ) (၁.၃)<br>(ဃ) (၁.၁)<br>(ဃ) (၂.၁) | (က) (၁.၁.၂)<br>(က)(၂.၁.၁)<br>(က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(ခ) (၁.၃.၁)<br>(ခ) (၁.၃.၂)<br>(ခ) (၁.၃.၃)<br>(ဃ) (၁.၁.၂)<br>(ဃ) (၂.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • သင်ခန်းစာစီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံအကြောင်းပြချက်တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။<br>• သင်ပြမှုပုံစံတစ်ခု ရေးဆွဲရာတွင် အတန်းဖော်များအား အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။ | | | |
| | ၆.၂။ လက်တွေ့ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ | ၆.၂.၁။ မြေပုံများ အသုံးပြုခြင်း | • တိုက်ကြီးများကို သတ်မှတ်ဖော်ထုတ်ရန် မြေပုံ၊ ကမ္ဘာလုံး (သို့မဟုတ်) မြေပုံစာအုပ်တို့ကို အသုံးပြုတတ်မည်။<br>• လတ္တီကျူကို ကိုးကား၍ ကမ္ဘာပေါ်ရှိ အဓိက ဥတုရာသီရပ်ဝန်းဒေသများကို အမျိုးအစား ခွဲခြားတတ်မည်။<br>• တိုက်ကြီးအမျိုးမျိုးနှင့် ၎င်းတို့၏ အဓိက အင်္ဂါရပ်များကို နှိုင်းယှဉ် ခွဲခြားတတ်မည်။ | (က) (၄.၁)<br><br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ တည်နေရာကို ရှာဖွေပြီး အမျိုးအစားခွဲခြားရန် မြေပုံကို အသုံးပြုတတ်မည်။<br>• ပညာရေးဒီဂရီကောလိပ် (သို့မဟုတ်) ဒေသဆိုင်ရာ နယ်မြေတစ်ခု၏ မြေပုံကို အခြေခံ မြေပုံဆွဲနည်း အသုံးပြု၍ ရေးဆွဲတတ်မည်။ | | | |
| | | ၆.၂.၂။ ဥတုရာသီနှင့် မိုးလေဝသ | • ဥတုရာသီနှင့် မိုးလေဝသ အကြားရှိ ဆက်နွှယ်မှုကို အကဲဖြတ် သုံးသပ်တတ်မည်။<br>• မြန်မာနိုင်ငံအတွင်းရှိ မိုးလေဝသပုံစံများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဆန်းစစ် လေ့လာတတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်းနှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရန် အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချတတ်မည်။<br>• လူသားတို့၏ ဘဝရှင်သန်မှုတွင် ဥတုရာသီ၏ အကျိုးသက်ရောက်ပုံ နှင့် ဥတုရာသီအပေါ် လူသားတို့၏ ဘဝရှင်သန်မှုများက အကျိုး သက်ရောက်ပုံတို့ကို ဆွေးနွေးတတ်မည်။<br>• မြန်မာနိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှု ပတ်ဝန်းကျင်တို့အပေါ် ရာသီဥတု ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှု များကို လေးနက်စွာ ပြန်လည် သုံးသပ် တတ်မည်။ | | | |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၆.၂.၃။ လက်တွေ့ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း | • လက်တွေ့ပထဝီဝင် သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံ တစ်ခု ရေးဆွဲတတ်မည်။<br>• သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက်တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။<br>• သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အတန်းဖော်များအား အပြုသဘော ဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။ | (က) (၁.၁)<br>(က) (၂.၁)<br>(က) (၄.၁)<br>(ခ) (၁.၃)<br>(ဃ) (၁.၁)<br>(ဃ) (၂.၁) | (က) (၁.၁.၂)<br>(က) (၂.၁.၁)<br>(က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(ခ) (၁.၃.၁)<br>(ခ) (၁.၃.၂)<br>(ခ) (၁.၃.၃)<br>(ဃ) (၁.၁.၂)<br>(ဃ) (၂.၁.၁) | ၁ |
| ၇။ သမိုင်း (အပိုင်း ၂) | ၇.၁။ ကမ္ဘာ့သမိုင်း | ၇.၁.၁။ ရှေးဦးလူနေမှုများ | • အစောပိုင်းလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ်ဖော်ထုတ်တတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ |  | စာသင်ချိန် |
|---|---|---|---|---|---|---|
|  |  |  |  | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |  |
|  |  |  | • တိုးတက်လာသော ရှေးဦး လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကို လက္ခဏာရပ်များကို နှိုင်းယှဉ် ခွဲခြားတတ်မည်။ |  |  |  |
|  |  | ၇.၁.၂။ ဥရောပတိုက်ရှိ ပြောင်းလဲမှုများ | • မြေရှင်ပဒေသရာဇ် စီးပွားရေး၏ ဖွဲ့စည်းပုံ နှင့် အင်္ဂါရပ်များကို ဖော်ပြတတ်မည်။<br>• ခရူးဆိတ်စစ်ပွဲများနှင့် ပတ်သက်သော သုတေသန လေ့လာ တွေ့ရှိချက်များကို တင်ပြတတ်မည်။<br>• ၁၆ ရာစုနှင့် ၁၆ ရာစုလွန် ကာလများတွင် ဥရောပ ကိုလိုနီနယ်ချဲ့ခြင်း အတွက် အကြောင်းပြချက်များကို ရှင်းပြတတ်မည်။<br>• ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို ဆန်းစစ် လေ့လာတတ်မည်။ | (က) (၄.၁)<br><br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၇.၁.၃။ စက်မှုတော်လှန်ရေး | • စက်မှုတော်လှန်ရေး ပေါ်ပေါက်စေခဲ့သော အခြေအနေများကို ဖော်ပြတတ်မည်။<br>• စက်မှုတော်လှန်ရေး၏ ကောင်းကျိုး သက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အကဲဖြတ် သုံးသပ်တတ်မည်။ | (က) (၄.၁)<br><br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၁ |
| ၈။ စစ်ဆေး အကဲဖြတ်ခြင်း | ၈.၁။ လူမှုရေး ဘာသာရပ်ရှိ စစ်ဆေး အကဲဖြတ်ခြင်း ဆိုင်ရာ ချဉ်းကပ်နည်းများ | ၈.၁.၁။ စစ်ဆေး အကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ | • သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုတို့ အကြားရှိ ဆက်နွယ်မှုကို ပြန်လည် သုံးသပ်တတ်မည်။<br>• မူလတန်းဆင့် လူမှုရေး ဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုး တိုးတက်ရန်အတွက် မဟာဗျူဟာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br><br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၈.၁.၂။ သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း | • လူမှုရေးဘာသာ အတန်းတွင် ဆရာနှင့် ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။<br>• မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br><br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |
| | | ၈.၁.၃။ သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်း | • မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။<br>• သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ အချင်းချင်း ပေးတတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br><br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၈.၁.၄။ လူတိုင်းအကျုံးဝင်သောစစ်ဆေးအကဲဖြတ်ခြင်း | • မူလတန်းဆင့်လူမှုရေးဘာသာသင်ကြားခြင်းတွင်လူတိုင်းအကျုံးဝင်သောစစ်ဆေးအကဲဖြတ်ခြင်းကိုဖော်ပြတတ်မည်။<br>• မူလတန်းဆင့်လူမှုရေးဘာသာသင်ခန်းစာတစ်ခုအတွက် လူတိုင်းအကျုံးဝင်သောစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းတစ်ခုကိုဖန်တီးတတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br><br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |
| စုစုပေါင်းစာသင်ချိန် | | | | | | ၂၄ |

လူမှုရေးဘာသာရပ်၏ ယေဘုယျရည်ရွယ်ချက်မှာ သမိုင်းနှင့် ပထဝီဝင်ဆိုင်ရာ လေ့လာစူးစမ်းမှုအရည်အချင်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။ လေ့လာမှုများမှတစ်ဆင့် ယနေ့ကမ္ဘာနှင့် လူသားတို့၏ ဘဝများအပေါ် ဒေသတွင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်းနှင့် ယဉ်ကျေးမှု အသွင်ဆင်တူမှု၊ ကွဲပြားမှုများက မည်ကဲ့သို့ သက်ရောက်သည်ကို စတင်နားလည်လာလိမ့်မည် ဖြစ်သည်။ အလယ်တန်းကျောင်းများတွင် ဝင်ရောက်လုပ်ကိုင်သောအခါ၌ ကျောင်းသင်ရိုးညွှန်းတမ်း၏ ယခုကဏ္ဍကို သင်ကြားနိုင်ရန်အတွက်လည်း ဤသင်တန်းက ကြိုတင်ပြင်ဆင်ပေးမည် ဖြစ်ပါသည်။ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်အရ ပထမနှစ်နှင့် ဒုတိယနှစ်တွင် လူမှုရေးဘာသာရပ်နှင့် ပတ်သက်သည့် အခြေခံဗဟုသုတများ ဖွံ့ဖြိုးလာရန်နှင့် လူမှုရေးဘာသာရပ်ကို သင်ကြားရန်အတွက် အခြေခံသင်နည်းဗေဒဆိုင်ရာ အသိပညာများ ဖွံ့ဖြိုးလာရန် မျှော်မှန်းထားပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ်တွင်မူ လူမှုရေးဘာသာရပ်ဆိုင်ရာ ပိုမိုနက်နဲသော အသိပညာ ဗဟုသုတများ ထပ်မံဖွံ့ဖြိုးလာပြီး မူလတန်းအဆင့် လူမှုရေးဘာသာရပ်သင်ရိုးညွှန်းတမ်း၊ လမ်းညွှန်ချက်နှင့်

စစ်ဆေးအကဲဖြတ်ခြင်းတို့အပေါ် ပိုမို၍ စနစ်တကျ နားလည်သဘောပေါက်လာရမည် ဖြစ်ပါသည်။ လူမှုရေးဘာသာရပ်သည် သင့်အား အောက်ဖော်ပြပါ သင်ယူမှုရလဒ်များကို ရရှိစေရန် ပံ့ပိုးပေးပါသည်။

## မူလတန်းကျောင်းသားများအတွက် လူမှုရေးဘာသာရပ်အတွက် သင်ယူမှုရလဒ်များ (မူလတန်း လူမှုရေးဘာသာရပ် သင်ရိုးညွှန်းတမ်း)

- ၂၁ ရာစုမြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ကို ဖော်ပြတတ်မည်။
- သမိုင်းဝင်အထင်ကရပုဂ္ဂိုလ်များ၊ အဓိကကျသော အဖြစ်အပျက်များကို လေ့လာခြင်းမှ တစ်ဆင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ အကြောင်း ဆွေးနွေးတတ်မည်။
- ၂၁ ရာစု မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့က နေ့စဉ်လူမှုဘဝအပေါ် သက်ရောက်မှုကို ရှင်းပြတတ်မည်။
- မြန်မာနှင့် အခြားကမ္ဘာ့နိုင်ငံများ၏ အဓိကအချက်အလက်များ၊ ရှုထောင့်များကို သိရှိလာမည်။
- သမိုင်းနှင့် ပထဝီဝင်ဆိုင်ရာ အချက်အလက်များအပေါ် သိရှိသတိမူမိခြင်းမှတစ်ဆင့် ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်ကို ပြန်လည်သုံးသပ်တတ်လာမည်။
- 'သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု' နှင့် 'ရေရှည်တည်တံ့နိုင်စွမ်း' ဟူသည့် ဝေါဟာရများ က မည်သည့်အဓိပ္ပာယ်ဆောင်သည်ကို နားလည်လာမည်။
- 'သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု' နှင့် 'ရေရှည်တည်တံ့နိုင်စွမ်း' တို့ကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် မြန်မာနိုင်ငံကို ကမ္ဘာကြီး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်နှင့် မည်ကဲ့သို့ ပံ့ပိုးနိုင်သနည်း ဆိုသည်ကို လေ့လာဆန်းစစ်တတ်မည်။
- သမိုင်းနှင့် ပထဝီဝင်ဆိုင်ရာ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်မှုက မြန်မာနိုင်ငံသားများကို ၂၁ ရာစုတွင် အသိပညာများပြီး ဗဟုသုတကြွယ်ဝသော နိုင်ငံသားများ မည်ကဲ့သို့ ဖြစ်စေနိုင်သည်ကို အကဲဖြတ်တတ်မည် ဖြစ်ပါသည်။

ဤကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ လူမှုရေး ဘာသာရပ်နှင့် ကိုက်ညီသည့် သင်တို့ သိသင့်တတ်သင့်သည်များနှင့် စာသင်ခန်းအတွင်း လုပ်ဆောင်နိုင်သည့် အဓိကတတ်ကျွမ်းမှုစံများကို အခြေခံထားပါသည်။ လူမှုရေးဘာသာရပ် အတွက် အဓိကကျသော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို အောက်ဖော်ပြပါ ဇယား (ခ) တွင် ဖော်ပြထားပါသည်။

**ဇယား (ခ)။ တတိယနှစ် လူမှုရေးဘာသာရပ်၊ မူလတန်းအထူးပြု ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က–၁) ကျောင်းသားများ မည်သို့သင်ယူသည်ကို သိသည်။** | (က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။<br><br>(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။ |
| **(က–၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား သိသည်။** | (က) (၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာ နည်းဗျူဟာအမျိုးမျိုး နှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၁.၁) ကျောင်းသားများ အချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က) (၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၄) သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။** | (က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br><br>(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။<br><br>(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကို ဖော်ပြသည်။ |
| **(က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။<br><br>(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။<br><br>(က) (၅.၁.၃) အတန်းအဆင့်အလိုက် သင်ကြားရမည့် စာတတ်မြောက်မှု၊ အခြေခံ သင်္ချာတတ်မြောက်မှု၊ သိပ္ပံနှင့် လူမှုရေး ဘာသာရပ်များ၏ အဓိကနယ်ပယ်များတွင် သင်ယူမှုတိုးတက်မြင့်မားစေရန် အသုံးပြုထားသော၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ-၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ရွေးချယ်သည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်း အရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ) (၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှုအတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။ |
| **(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | (ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပေးနိုင်ရန် အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။<br><br>(ခ) (၂.၁.၃) ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဂ-၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။** | (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရာတွင် မိမိ၏လက်တွေ့ သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။ | (ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာရေး တန်းတူမျှမှုရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။** | (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။ | (ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| | (ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်း ရှိကြောင်း ပြသသည်။ | (ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |
| **(ဃ-၁) မိမိ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ်သုံးသပ်သည်။** | (ဃ) (၁.၁) မိမိ၏ လက်တွေ့ သင်ကြားမှု လုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ–၂) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။ |

*ရင်းမြစ်* – မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၇၉ – ၁၁၀)

## ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့ အသုံးပြုမည်နည်း။

ဤကျောင်းသားကိုင်စာအုပ်ကို မိမိကိုယ်တိုင်သင်ယူလေ့လာနိုင်ရန်နှင့် စာသင်ခန်းအတွင်း ဆရာကူညီပံ့ပိုးပေးသော သင်ယူမှုလုပ်ငန်းများတွင် ကိုးကားရန် အသုံးပြုနိုင်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းတစ်ခန်းစီကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ။** သင်ယူမှုရလဒ်များကို အခန်းတစ်ခန်းစီ၏ အစနှင့် သင်ခန်းစာ တစ်ခုချင်းစီ၏ အစတွင် ဖော်ပြထားသည်။ မျှော်မှန်းထားသော ရလဒ်များသည် သင်ခန်းစာတစ်ခုနှင့် အခန်းတစ်ခု သင်ယူပြီးစီးသည့် အချိန်တွင် သင် မည်သည်တို့ကို သိသင့်သည်နှင့် မည်သည်တို့ကို လုပ်နိုင်စွမ်းရှိလာမည် ဆိုသည်ကို ညွှန်ပြသည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**သင်ယူရမည့်အကြောင်းအရာများ။** အခန်းတစ်ခန်းစီတွင် သင်ယူရမည့် အကြောင်းအရာများကို အခန်းငယ်များနှင့် သင်ခန်းစာများအဖြစ် ပိုင်း၍ ဖော်ပြသည်။ ၎င်းတို့တွင် အရေးပါသည့် ဘာသာရပ် အကြောင်းအရာများ ခြုံငုံပါဝင်သည်။

**သင်ယူမှုလုပ်ငန်းများ။** ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှု လုပ်ငန်းများသည် ခေါင်းစဉ်နှင့်ပတ်သက်၍ သင်တို့တစ်ဦးချင်း သင်ယူရရှိလိုက်သော အသိပညာနှင့် နားလည် သဘောပေါက်မှုအပေါ် ပိုမိုနက်ရှိုင်းစွာ စွဲမြဲသွားရန် ထည့်သွင်းထားခြင်းဖြစ်သည်။ သင်တို့၏ ဆရာကလည်း စာသင်ခန်းအတွင်း သင်ယူမှုလုပ်ငန်းများကို ပံ့ပိုးကူညီပေးမည်ဖြစ်သည်။ ထိုလုပ်ငန်းများသည် တစ်ဦးချင်း၊ နှစ်ဦးတစ်တွဲ၊ အုပ်စုငယ်ဖွဲ့၊ တစ်တန်းလုံးပါဝင်သော လုပ်ငန်းများ ဖြစ်နိုင်သည်။ သင်ယူမှုလုပ်ငန်းအားလုံးသည် သင်ခန်းစာ၏ မျှော်မှန်းထားသော သင်ယူမှုရလဒ် အောင်မြင်ပေါက်မြောက်စေရန်အတွက် ရည်ရွယ်ပြီး ရေးဆွဲထားသော လုပ်ငန်းများ ဖြစ်ကြသည်။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ။** အခန်းတွင် ပါဝင်သော အကြောင်းအရာများ အပေါ် သင်တို့၏ နားလည်မှုကို စစ်ဆေးရန် (သို့မဟုတ်) စာမေးပွဲအတွက် လေ့လာရာတွင် အထောက်အကူပြုရန်အတွက် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို လေ့လာနိုင်ပါသည်။

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** သင်တို့လေ့လာသင်ယူခဲ့သည်များ အပေါ် အချိန်ယူ၍ ပြန်လည်သုံးသပ်စဉ်းစားခြင်းဖြင့် သင်ယူမှုများကို မှတ်မိရန်၊ အသုံးချရန်၊ အခြားဘာသာရပ် သင်ယူမှုနယ်ပယ်များ၊ နေ့စဉ်ဘဝများနှင့် ဆက်စပ်ကြည့်ရန် အထောက်အကူပြုပါသည်။ အခန်းတစ်ခန်းစီ၏ အဆုံးတွင် အဆိုပါအခန်းမှ သင်ယူလေ့လာခဲ့သည်များကို မည်သို့ ပြန်လည်သုံးသပ်၍ မည်သို့ ဆက်လက်လေ့လာရမည်ကို အကြံပြုထားသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** အခန်းတိုင်းတွင် သင်ယူရသည့် အကြောင်းအရာအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမို သိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် အကြံပြုလိုပါသည်။

**အဓိကအသုံးအနှုန်းများ။** အခန်းတစ်ခန်းစီ၏ အစတွင် ထိုအခန်းမှ အရေးကြီးသော ဝေါဟာရများ (သို့မဟုတ်) အကြောင်းအရာများကို အလေးပေးဖော်ပြထားသော အသုံးအနှုန်းများ ပါရှိသည်။

ကျောင်းသားကိုင်စာအုပ်၏ နောက်ဆုံးတွင် **ခက်ဆစ်အဘိဓာန်** ပါရှိပြီး သင်တို့အတွက် အသစ်အဆန်းဖြစ်နိုင်သော အဓိကဝေါဟာရများကို အဓိပ္ပာယ် ရှင်းလင်းချက်နှင့်တကွ ဖော်ပြထားသည်။ ကျောင်းသားကိုင်စာအုပ် တစ်အုပ်လုံးတွင် အသုံးပြုခဲ့သော **ကျမ်းကိုးစာရင်း**ကို မူလရင်းမြစ်များနှင့်တကွ ဖော်ပြထားကြောင်း တွေ့ရပါလိမ့်မည်။

ဤဘာသာရပ်ကို သင်ယူရန် သင်တို့၏ ဆရာက ပံ့ပိုးကူညီပေးပါလိမ့်မည်။ အကယ်၍ သင် နားမလည်သော အကြောင်းအရာရှိပါက သင်တို့၏ ဆရာကို မေးရန် (သို့မဟုတ်) အတန်းဖော်များကို မေးရန် သတိရပါ။ ပညာရေးဒီဂရီကောလိပ်ကျောင်းသားတစ်ဦး အနေဖြင့် ပညာရေးဒီဂရီကောလိပ်၏ ပူးပေါင်းဆောင်ရွက်သည့် သင်ယူမှုဝန်းကျင်တွင် ရွယ်တူအဖော်များနှင့် ဆရာ၏လမ်းညွှန်မှုဖြင့် သင်ကြားမှု အရည်အသွေးများကို ရယူရန် ဖြစ်ပါသည်။

# အခန်း ၅

# လူမှုရေးဘာသာရပ် သင်ကြား၊ သင်ယူခြင်း (အပိုင်း ၂)

ဤအခန်းတွင် သင်သည် မူလတန်းအောက်ဆင့်အား အလေးပေး၍ မူလတန်း လူမှုရေးဘာသာရပ်အတွက် သင်ကြား၊သင်ယူခြင်း နည်းလမ်းများကို စမ်းသပ်လေ့လာသွားရမည်ဖြစ်သည်။ ရင်းမြစ်များ ဆန်းစစ်လေ့လာခြင်း၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းတို့ဖြင့် လူမှုရေးဘာသာရပ် သင်ကြားခြင်းကိုလည်း သိပ္ပံနည်းကျ ချဉ်းကပ်၍ စမ်းသပ်လေ့လာသွားရမည်။ သင်၏ လူမှုရေးဘာသာ အတန်းများတွင် ဒေသန္တရ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ် နေရာဒေသများကို ပေါင်းစပ်သင်ကြားနိုင်သည့် နည်းလမ်းများကိုလည်း စူးစမ်းလေ့လာသွားရမည် ဖြစ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် –**

- လူမှုရေးဘာသာရပ်ကို လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များကြားရှိ ကွာခြားချက်များကို ဖော်ပြတတ်မည်။
- လူမှုရေးဘာသာရပ်တွင် အချက်အလက်များ မှန်ကန်မှု၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်များ၏ အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ဆိုတတ်ပြီး လေးနက်စွာ ဝေဖန်ဆန်းစစ် လေ့လာတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြတတ်မည်။

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်း စာရင်းတစ်ခုကို တီထွင်ဖန်တီးတတ်မည်။
- သင်တို့ ဒေသရှိ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ်ကောင်းသော နေရာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- ကလေးများ၏ သင်ယူမှုကို မြှင့်တင်ရန် ဒေသန္တရ ရင်းမြစ်များ (ဥပမာ – လူကြီးသူမများ၊ ဒေသတွင်း သမိုင်းဝင်နေရာများနှင့် ပထဝီဝင် အနေအထားများ) ကို အသုံးပြုသည့် နည်းလမ်းများအား အကြံပြုတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။

## အဓိကအသုံးအနှုန်းများ

ဘက်လိုက်မှု (bias)၊ ရပ်ရွာရင်းမြစ်များ (community resources)၊ အချက်အလက် (fact)၊ သင်ထောက်ကူပစ္စည်းများ (instructional materials)၊ အတွေးအမြင်ရှုထောင့် (perspective)၊ မူလရင်းမြစ် (primary source)၊ တစ်ဆင့်ခံရင်းမြစ် (secondary source)၊ ရင်းမြစ်များ (sources)၊ ဆင့်ပွားရင်းမြစ် (tertiary source)။

# ၅.၁။ မူလတန်းဆင့် လူမှုရေးဘာသာရပ်အတွက် ရင်းမြစ်များ

ဤအခန်းငယ်တွင် သင်သည် မူလတန်းအောက်ဆင့် လူမှုရေးဘာသာရပ် အတန်းတစ်တန်း၌ သင်ယူမှုမြှင့်တင်ရန်အတွက် မူလရင်းမြစ်နှင့် တစ်ဆင့်ခံရင်းမြစ်များ အပါအဝင် ရင်းမြစ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ဒေသန္တရ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ်ကောင်းသော နေရာများအား အသုံးပြုပုံတို့ကို စူးစမ်းလေ့လာသွားရမည် ဖြစ်သည်။

## ၅.၁.၁။ လူမှုရေးဘာသာရပ် သင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- လူမှုရေးဘာသာရပ်ကို လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များကြားရှိ ကွာခြားချက်များကို ဖော်ပြတတ်မည်။
- လူမှုရေးဘာသာရပ်တွင် အချက်အလက်များ မှန်ကန်မှု၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်များ၏ အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ဆိုတတ်ပြီး လေးနက်စွာ ဝေဖန်ဆန်းစစ် လေ့လာတတ်မည်။

## စာသင်ချိန် (၁)

## လူမှုရေးဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက်များ

လူမှုရေးဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက်များကို **ရင်းမြစ်များ**ဟု သိရှိနားလည်ထားကြသည်။ ရင်းမြစ်များ အသုံးပြုခြင်းသည် လူမှုရေးဘာသာပြ ဆရာတစ်ဦး ဖြစ်တည်လာခြင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

သင်တို့၏ လူမှုရေးဘာသာ အတန်းများတွင် ရင်းမြစ်အရာဝတ္ထုပစ္စည်းများကို ထည့်သွင်း အသုံးပြုခြင်းနှင့် သင်တို့၏ သင်ကြားရေးတွင် ၎င်းတို့အား ပုံမှန်အခန်းကဏ္ဍတစ်ခု အနေဖြင့် အသုံးပြုနေခြင်းသည် ကလေးများ၏ လေးနက်စွာ ဆန်းစစ်ဝေဖန်နိုင်စွမ်း၊ စူးစမ်းရှာဖွေနိုင်စွမ်းနှင့် အကြောင်းအကျိုး ဆက်စပ် ထုတ်ယူဆင်ခြင်နိုင်စွမ်းတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးသည်။ ထို့ပြင် ကလေးများ ၎င်းတို့ နေထိုင်ရာဒေသ ပတ်ဝန်းကျင်နှင့် ပတ်သက်၍ လေ့လာရာတွင် ကိုယ်တိုင် ဆက်စပ်လေ့လာနိုင်စွမ်းတို့ကို ပျိုးထောင်ပေးသည်။[၃]

### ပထဝီဝင်ဘာသာရပ်အတွက် ရင်းမြစ်များ

ပထဝီဝင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန် ပထဝီဝင်ဆရာများသည် ရင်းမြစ် အမျိုးမျိုးမှ အချက်အလက်များကို စုဆောင်းထားရန် လိုအပ်သည်။ ပထဝီဝင်ဆိုင်ရာ ရင်းမြစ် ဆိုသည်မှာ ကမ္ဘာ့နေရာဒေသတစ်ခုမှ သဘာဝဖြစ်စဉ်များ (သို့မဟုတ်) လူသားတို့၏ ဝိသေသလက္ခဏာရပ် များနှင့် ပတ်သက်သည့် မည်သည့် သတင်းအချက်အလက်မျိုးကို မဆို ဆိုလိုသည်။

### ပထဝီဝင်ဆိုင်ရာ ရင်းမြစ်များတွင် –

- မြေမျက်နှာသွင်ပြင်ပြမြေပုံ၊ မိုးလေဝသမြေပုံနှင့် နိုင်ငံရေးမြေပုံ အစရှိသည့် မြေပုံများ
- ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းအခမ်းအနားဓာတ်ပုံ၊ ဟာရီကိန်း မုန်တိုင်းပြပုံများကဲ့သို့သော သဘာဝဖြစ်စဉ်များ (သို့မဟုတ်) လူသားတို့၏ ဝိသေသလက္ခဏာရပ်များကို ကိုယ်စားပြုသော ဓာတ်ပုံများ

၃ Smithsonian National Museum of American History. (n.d).

- ဂြိုဟ်တုမှ ဖမ်းယူရရှိသော မိုးလေဝသအခြေအနေပြပုံများ
- နိုင်ငံတစ်နိုင်ငံ၏ စာတတ်မြောက်နှုန်း (သို့မဟုတ်) လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း ကဲ့သို့သော အချက်အလက် စာရင်းဇယားများ
- မြေပုံစာအုပ်၊ စွယ်စုံကျမ်းကဲ့သို့သော ကျမ်းကိုးစာအုပ်များ
- ဂျာနယ်ပါ ဆောင်းပါးများ (သို့မဟုတ်) သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်ချက်များ၏ ရလဒ်များ
- အစိုးရမှတ်တမ်းများ
- ကမ္ဘာလုံးဆိုင်ရာ ဥတုရာသီ အခြေအနေပြသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာများနှင့်
- သတင်းစာပါ ဆောင်းပါးများ ပါဝင်သည်။

## သမိုင်းဘာသာရပ်အတွက် ရင်းမြစ်များတွင် –

သမိုင်းပညာရှင်တစ်ဦး၏ ရည်ရွယ်ချက်မှာ သဲလွန်စ အထောက်အထားများကို ပေါင်းစပ် စုံစမ်း ထောက်လှမ်းကာ ကျွန်ုပ်တို့ လူသားများ၏ အတိတ်အကြောင်းအရာများကို နားလည် သဘောပေါက်စေရန် အသိပေး ဆောင်ရွက်လိုခြင်းဖြစ်သည်။ သမိုင်းပညာရှင်များက ထိုသို့ ပြုလုပ်ရာတွင် မေးခွန်းများ မေးမြန်းခြင်း၊ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် သမိုင်းဆိုင်ရာ ရင်းမြစ်များကို အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချခြင်းများဖြင့် ဆောင်ရွက် ကြသည်။ အတိတ်ကို တိကျစွာ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် သမိုင်းဆိုင်ရာ ရင်းမြစ်များက သမိုင်းပညာရှင်များကို အကူအညီပေးသည်။[၄]

## သမိုင်းဆိုင်ရာ ရင်းမြစ်များတွင် –

- ရှေးဟောင်းသုတေသနဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ
- မှတ်တမ်းများနှင့် ကျောက်စာများ
- အဆောက်အအုံများ၊ လူတို့စီမံဖန်တီးထားသည့် အရာများ
- ဓာတ်ပုံများ
- ပန်းချီ၊ ပန်းပု အနုပညာလက်ရာများ

၄ Sandwell, R. (2008).

- ဂျာနယ်ပါ ဆောင်းပါးများ
- ပြဋ္ဌာန်းစာအုပ်များ
- ပြဋ္ဌာန်းစာအုပ်နှင့် စွယ်စုံကျမ်းကဲ့သို့သော ကျမ်းကိုးစာအုပ်များနှင့်
- သတင်းစာပါ ဆောင်းပါးများပါဝင်သည်။

## မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များ

လူမှုရေးဘာသာရပ်တွင် သမိုင်းဆိုင်ရာ ရင်းမြစ်များနှင့် ပထဝီဝင်ဆိုင်ရာ ရင်းမြစ်များ အားလုံးကို အမျိုးအစား သုံးမျိုးခွဲခြားနိုင်သည်။

၎င်းတို့မှာ မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များ ဖြစ်သည်။

## မူလရင်းမြစ်များ

မူလရင်းမြစ်များသည် သမိုင်းဆိုင်ရာ ခေတ်တစ်ခေတ် (သို့မဟုတ်) ပထဝီဝင်ဆိုင်ရာ သဘာဝဖြစ်စဉ်များနှင့် ပတ်သက်၍ လေ့လာထားသည့် ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်သည်။ မူလရင်းမြစ်များမှာ စာရေးသူ (သို့မဟုတ်) ဖန်တီးသူထံမှ တိုက်ရိုက်ဆင်းသက်လာသော မူလအခြေခံ ရင်းမြစ်များ ဖြစ်ကြပြီး အခြား တစ်စုံတစ်ယောက်မှ ဆန်းစစ်လေ့လာထားခြင်း၊ ဝေဖန်သုံးသပ် ပိုင်းခြားထားခြင်း (သို့မဟုတ်) အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချထားခြင်းလည်း မရှိပေ။

- သမိုင်းဆိုင်ရာ မူလရင်းမြစ်တစ်ခုတွင် လေ့လာတွေ့ရှိထားသော ခေတ်တစ်ခေတ်၏ ကျောက်စာ၊ နံရံဆေးရေး ပန်းချီ၊ ရှေးဟောင်းသုတေသနဆိုင်ရာ အသုံးအဆောင် ပစ္စည်းတို့ ပါဝင်နိုင်သည်။
- ပထဝီဝင်ဆိုင်ရာ မူလရင်းမြစ်တစ်ခုတွင် မူလအခြေခံ သုတေသနဆောင်းပါးများ၊ မိုးလေဝသ လက်တွေ့စမ်းသပ်ချက်ရလဒ်များကို ဖော်ပြသော မှတ်တမ်းများ၊ မိုးလေဝသ ဂြိုဟ်တုမှ ပေးပို့သော မုန်တိုင်းပုံရိပ်များ ပါဝင်နိုင်သည်။

## တစ်ဆင့်ခံရင်းမြစ်များ

တစ်ဆင့်ခံရင်းမြစ်ဆိုသည်မှာ မူလရင်းမြစ်များအား ဆန်းစစ်လေ့လာထားခြင်း (သို့မဟုတ်) ထပ်ဆင့် အနက်ကောက်ယူထားခြင်းပင်ဖြစ်သည်။ ၎င်းတို့မှာ ရှေးဟောင်းသုတေသနပညာရှင်၊ မိုးလေဝသ ပညာရှင်များကဲ့သို့ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ အခြားသော စာရေးဆရာ၊ သတင်းစာ ဆရာများ၏ ရေးသားထားချက်များ ဖြစ်နိုင်သည်။ တစ်ဆင့်ခံရင်းမြစ်များတွင် မူလရင်းမြစ်များစွာ ပေါင်းစပ်ပါဝင်နေပြီး အကြောင်းအရာ တစ်ခုနှင့် ပတ်သက်၍ မူလရင်းမြစ်ထက် ပိုမိုကျယ်ဝန်းသော အမြင်များဖြင့် ရှုထောင့်စုံမှ တင်ပြထားသည်။

- သမိုင်းဘာသာ တစ်ဆင့်ခံရင်းမြစ်များတွင် လေ့လာထားသည့် အချိန်က လူတွေ့ တွေ့ဆုံမေးမြန်းထားချက်များ၊ အမျိုးမျိုးသော မှတ်တမ်းမှတ်ရာ မိတ္တူများနှင့် ခေတ်ပုံများ၊ မူလရင်းမြစ်များအပေါ် စာရေးသူကိုယ်တိုင် ခြုံငုံသုံးသပ်ချက်များ ပါဝင်သည့် ကျောင်းသားကိုင် ပြဋ္ဌာန်းစာအုပ်များ ပါဝင်သည်။
- ပထဝီဝင်ဘာသာ တစ်ဆင့်ခံရင်းမြစ်များတွင် မြန်မာနိုင်ငံအတွင်း တရားမဝင် သစ်ထုတ်လုပ်ခြင်း၏ အကျိုးသက်ရောက်မှုကို ဖော်ပြထားသော ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အစီရင်ခံစာတို့ ပါဝင်သည်။

## ဆင့်ပွားရင်းမြစ်များ

ဆင့်ပွားရင်းမြစ်ဆိုသည်မှာ မြေပုံစာအုပ် (သို့မဟုတ်) စွယ်စုံကျမ်းကဲ့သို့သော မူလရင်းမြစ်နှင့် တစ်ဆင့်ခံရင်းမြစ်များအား အမျိုးအစားခွဲထားသော (သို့မဟုတ်) စာရင်းပြုစုထားသော ရင်းမြစ်များ ဖြစ်သည်။ ဆင့်ပွားရင်းမြစ်ပါ အချက်အလက်များသည် မူလရင်းမြစ် (သို့မဟုတ်) တစ်ဆင့်ခံရင်းမြစ် တစ်ခုခုမှ သော်လည်းကောင်း ဖော်ပြပါ နှစ်မျိုးလုံးမှ ပေါင်းစပ်ပါဝင်ထားခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် –

- စွယ်စုံကျမ်း (https://www.britannica.com/) (သို့မဟုတ်)
- ကမ္ဘာ့မြေပုံစာအုပ် (https://www.worldatlas.com) များသည် ဆင့်ပွားရင်းမြစ်များ ဖြစ်ကြသည်။

## သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်များကို အမျိုးအစားခွဲခြားခြင်း – မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များ၏ ကွဲပြားခြားနားချက်များကို ဖော်ပြတတ်ရန် ဖြစ်သည်။

၁။ သင်ခန်းစာ (၅.၁.၁) မှ အချက်အလက်များကို ဖတ်၍ ၎င်းတို့ကို အသုံးပြုကာ ဇယား (၅.၁) တွင် မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များ၏ အနက်အဓိပ္ပာယ်ကို ပြည့်စုံအောင် ဖြည့်စွက်ပါ။

၂။ လေးထောင့်ကွက် (၅.၁) တွင် စာရင်းပြုစုထားသော ရင်းမြစ်များကို မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ် စသည်ဖြင့် အမျိုးအစားခွဲခြားပြီး ၎င်းတို့အား ဇယား (၅.၁) မှ ဥပမာများ ဇယားတန်းတွင် ဖော်ပြပေးပါ။

**ဇယား ၅.၁။ ရင်းမြစ်များ အမျိုးအစားခွဲခြားခြင်း**

| | မူလရင်းမြစ် | တစ်ဆင့်ခံရင်းမြစ် | ဆင့်ပွားရင်းမြစ် |
|---|---|---|---|
| အနက်အဓိပ္ပာယ် ဖွင့်ဆိုချက် | | | |
| ဥပမာများ | | | |

## လေးထောင့်ကွက် ၅.၁။ လူမှုရေးဘာသာရင်းမြစ်များ

- ရှေးဟောင်းသုတေသနဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ
- နိုင်ငံရေးမြေပုံ
- ပေးစာ
- ကျောက်စာ
- ဂျာနယ်ပါ ဆောင်းပါးများ
- ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်
- မြေပုံစာအုပ်
- မိုးလေဝသမြေပုံ
- မြေမျက်နှာသွင်ပြင်ပြ မြေပုံ
- ဓာတ်ပုံ
- ပန်းချီကား
- နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ)
- လူတွေ့တွေ့ဆုံမေးမြန်းခြင်းမှတ်တမ်း
- အစိုးရအစီရင်ခံစာ
- အဘိဓာန်
- စွယ်စုံကျမ်း
- မူရင်းသုတေသန
- စာအုပ်ပြန်လည်ဆန်းစစ်ချက်

## ရင်းမြစ်များ ခိုင်လုံမှု

လူမှုရေးဘာသာ ရင်းမြစ်တစ်ခုကို ဆန်းစစ်လေ့လာရာတွင် သင့်အနေဖြင့် အဆိုပါရင်းမြစ်ကို မည်သည့်နေရာမှ ရရှိသည်၊ မည်သူက ပြုလုပ်ထားသည် စသည်ဖြင့် ရင်းမြစ်၏ မူလဇာစ်မြစ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့ပြင် ၎င်းရင်းမြစ်အား အဘယ်ကြောင့် ပြုလုပ်သည်၊ မည်သူ့အတွက် ပြုလုပ်သည် စသည့် ရည်ရွယ်ချက်နှင့် အသုံးပြုမည့် ပရိသတ်၊ မည်သို့သော အင်္ဂါရပ်များဖြင့် ဖန်တီးပြုလုပ်ထားသည်မှအစ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ရင်းမြစ်များ ခိုင်လုံမှု ရှိ/မရှိ သိရှိနိုင်သည့် အဓိက သဘောတရား သုံးမျိုးရှိသည်။[၅] ၎င်းတို့မှာ –

**အချက်အလက်** – မှန်ကန်သည်ဟု သိရှိထားသော ဖော်ပြချက် (သို့မဟုတ်) မှန်ကန်ကြောင်း အထောက်အထားပြနိုင်သော ဖော်ပြချက်တို့သည် အချက်အလက်ဖြစ်သည်။

**ဘက်လိုက်မှု** – အဖြစ်အပျက်တစ်ခု (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးနှင့် ပတ်သက်၍ တရားမျှတသော ဝေဖန်ပိုင်းခြားနိုင်စွမ်းကို ကန့်သတ်အားနည်းစေသည့် အထူးတလည် စိတ်ဝင်စားမှု (သို့မဟုတ်) ရှုထောင့်ဖြစ်သည်။

**အတွေးအမြင်ရှုထောင့်** – လူပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ ပတ်ဝန်းကျင်အား ၎င်းတွေ့မြင်သည့် အတိုင်း အဓိပ္ပာယ် ကောက်ယူသုံးသပ် စဉ်းစားတတ်သည့် နည်းလမ်း၊ အမြင်ဖြစ်သည်။ ကျွန်ုပ်တို့၏ အမြင်ရှုထောင့်များသည် အတိတ်ကာလနှင့် ပတ်သက်၍ ကျွန်ုပ်တို့ မည်သို့ ကောက်ချက်ချမည်ကို လွှမ်းမိုးနိုင်သည်။

စာရေးသူ၏ အမြင်ရှုထောင့်ကို ဆုံးဖြတ်နိုင်ရန် ရင်းမြစ်တစ်ခုကို စစ်ဆေးတိုင်းတာရာတွင် အောက်ဖော်ပြပါ မေးခွန်းများဖြင့် မေးမြန်းစူးစမ်းနိုင်သည် –

- ရင်းမြစ်ကို မည်သူ ဖန်တီးခဲ့သနည်း။
- မည်သည့်အချိန်က ဖန်တီးခဲ့သနည်း။
- မည်သူ့အတွက် ဖန်တီးခဲ့သနည်း။
- ရင်းမြစ်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

အောက်ပါမေးခွန်းများသည် ရင်းမြစ်တစ်ခု၏ ခိုင်လုံမှုကို စစ်ဆေးဆုံးဖြတ်ရာတွင် ဆရာနှင့် ကျောင်းသားများအတွက် အထောက်အပံ့ ဖြစ်စေသည် –

- ရင်းမြစ်ကပေးသော အချက်အလက်များသည် မည်မျှ မှန်ကန်တိကျသနည်း။
- ဘက်လိုက်မှုများ ပါရှိပါသလား။
- မူလပြောဆိုရေးသားချက်များနှင့် ဆန့်ကျင်နေသော (သို့မဟုတ်) ထောက်ခံနေသော အခြား ရင်းမြစ်များ ရှိပါသလား။

---

၅ Smithsonian National Museum of American History. (n.d.).


- လေ့လာခဲ့သော အချိန်ကာလ၊ ခေတ်ကာလနှင့် ပတ်သက်၍ မည်သည့်အရာများ ဖော်ညွှန်းနိုင်သနည်း။
- ရင်းမြစ်မှာ ပြီးပြည့်စုံမှု ရှိပါသလား။

## သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်

ဤသင်ယူမှုလုပ်ငန်း၏ အဓိက ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ရင်းမြစ်များနှင့် ပတ်သက်၍ အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်တို့၏ အခန်းကဏ္ဍကို လေးလေးနက်နက် ဝေဖန်ပိုင်းခြားရန် ဖြစ်သည်။

နောက်ဆက်တွဲ (၁) တွင် တင်ပြထားသော ရင်းမြစ် ဥပမာများကို ဖတ်ရှုဆွေးနွေးပါ။

အုပ်စုငယ်များဖွဲ့၍ ရင်းမြစ် – ၁ (ပုံ ၅.၁)၊ ရင်းမြစ် – ၂ (ပုံ ၅.၂) နှင့် ရင်းမြစ် – ၃ (ပုံ ၅.၃) တို့ကို ဖတ်ရှုစစ်ဆေးပြီး ပေးထားသော မေးခွန်းများကို ဖြေဆိုခြင်းဖြင့် ဇယား (၅.၂) တွင် ဖြည့်စွက်ပါ။




ပုံ ၅.၁။ ရင်းမြစ် (၁) – ပုဂံမြို့ မြေမျက်နှာသွင်ပြင်ပြ မြေပုံ



**ပုံ ၅.၂။ ရင်းမြစ် (၂) – သက္ကရာဇ် ၁၇၉၄ ခုနှစ်၊ ကုန်းဘောင်ခေတ်၊ ဥပါလိသိမ်မှ တနင်္ကရဗုဒ္ဓ၏ စျာန်သမာပတ်မှ နိုးထလာပုံကို ဖော်ပြသော နံရံဆေးရေးပန်းချီ[၆]**

၆ https://commons.wikimedia.org/wiki/File:Ancient_wall_painting_(awakening_of_Buddha_Ta%E1%B9%87ha%E1%B9%85kara),_Upali_Thein_Temple,_Bagan,_Myanmar_-_20141210.jpg Image courtesy of Jacklee licensed under CC BY–SA 4.0. View license, https://creativecommons.org/licenses/by-sa/4.0/




ပုံ ၅.၃။ ရင်းမြစ် (၃) – မြန်မာနိုင်ငံ လူမှုရေးဘာသာ ပြဋ္ဌာန်းစာအုပ် ပထမတန်း[၇]

၇ Myanmar Department of Basic Education.

## ဇယား ၅.၂။ ရင်းမြစ် ဆန်းစစ်လေ့လာချက်

| မေးခွန်းများ | ရင်းမြစ် (၁) | ရင်းမြစ် (၂) | ရင်းမြစ် (၃) |
|---|---|---|---|
| မူလရင်းမြစ် (သို့မဟုတ်) တစ်ဆင့်ခံရင်းမြစ် ဖြစ်သလား။ | | | |
| မည်သူ ဖန်တီးခဲ့သနည်း။ | | | |
| မည်သည့်အချိန်က ဖန်တီးခဲ့သနည်း။ | | | |
| မည်သူ့အတွက် ဖန်တီးခဲ့သနည်း။ | | | |
| ရင်းမြစ်၏ နောက်ခံ ရည်ရွယ်ချက်မှာ အဘယ်နည်း။<br><br>ဤရင်းမြစ်ကို ဆန်းစစ် လေ့လာရာတွင် မည်သို့သော ဘက်လိုက်မှုနှင့် ယထာဘူတ အမြင်တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သနည်း။ | | | |
| ရင်းမြစ် ခိုင်လုံမှု ရှိပါသလား။ အဘယ်ကြောင့် ခိုင်လုံသည်/ မခိုင်လုံသည်ကို အကြောင်းပြပါ။ | | | |

## စာသင်ချိန် (၂)

## မူလရင်းမြစ်ဓာတ်ပုံများ

ဓာတ်ပုံများသည် အသုံးဝင်ပြီး လက်လှမ်းမီ၊ အရလွယ်သော မူလရင်းမြစ်တစ်ခုဖြစ်ကာ သင့်အနေဖြင့် မူလတန်းဆင့် စာသင်ခန်းများတွင် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ သင်ကြားရာ၌ အသုံးပြုနိုင်သည်။ သင်၏ လူမှုရေးဘာသာ အတန်းများအတွက် အသုံးပြုနိုင်သော မူလရင်းမြစ် ဓာတ်ပုံများကို သတင်းစာများ၊ မဂ္ဂဇင်းများ အပါအဝင် ပြတိုက်ပြခန်းများ အစရှိသည့် နေရာများစွာမှ ရှာဖွေစုဆောင်း ကိုးကားနိုင်သည်။

ပုံ (၅.၄) မှ ဓာတ်ပုံကို ကြည့်ရှုပါ။ ယင်းဓာတ်ပုံမှာ မန္တလေးကျုံးတော်နှင့် သီပေါမင်း၏ ပြည်ကြီးမွန်ဖောင်တော်ဖြစ်ပြီး ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး ဝီလက်ဘီဝေါလေ့စ်ဟက်ပါး (Willoughby Wallace Hooper ) က မှတ်တမ်းတင် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

ဓာတ်ပုံပါ မြင်သာသော အရာများတွင် ဖောင်တော်ပုံကို ရှင်းလင်းစွာ မြင်နိုင်သည်။ ထီးသုံးနန်းသုံး တော်ဝင်ဖောင်တော်များကို မင်းမိဖုရား တော်ဝင်မိသားစုများ ခရီးသွားလာသည့်အခါနှင့် မင်းခမ်းမင်းနားများ ကျင်းပသည့်အခါများတွင် ခမ်းနားထည်ဝါစွာ အသုံးပြုခဲ့ကြသည်။ ဖောင်တော်ဦးပိုင်းသည် သိန်းငှက်တစ်ကောင်၏ ပုံသဏ္ဍာန်အတိုင်းဖြစ်ပြီး ရေးမြန်မာတို့ အထွတ်အမြတ်ထားရာ နေရာများ၏ အမှတ်လက္ခဏာဖြစ်သော သာသနာရေးဆိုင်ရာ ဗိသုကာလက်ရာပုံစံအတိုင်း ဘုံအဆင့်ဆင့် ပြသာဒ်များဖြင့် တည်ဆောက်ထားသည်။

ဖောင်တော်နောက်တွင် မန္တလေးကျုံးတော်နှင့် ကျုံးတစ်ဘက်ကမ်းတွင် ရွှေနန်းတော်၏ အဆောက်အအုံအချို့ကို တွေ့မြင်နိုင်သည်။ အောက်ခြေညာဘက်ထောင့်တွင် လှေသမားသုံးဦးကို တွေ့မြင်နိုင်သည်။ တစ်ဦးမှာ လှေပေါ်တွင်ရှိပြီး ကျန်နှစ်ဦးက ကုန်းပေါ်တွင် ရှိနေသည်။

ဓာတ်ပုံတစ်ပုံက ခေတ်ကာလ အချိန်နှင့်ပတ်သက်၍ အခြားမည်သည့်အရာများကို ဖော်ညွှန်းနိုင်ပါသနည်း။



**ပုံ ၅.၄။ မန္တလေးကျုံးတော်မှ သီပေါဘုရင်၏ ဖောင်တော်[၈]**

### သင်ယူမှုလုပ်ငန်း (၃)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – ဓာတ်ပုံတစ်ပုံကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလရင်းမြစ် ဓာတ်ပုံတစ်ပုံကို ဆန်းစစ်လေ့လာရန် ဖြစ်သည်။

၁။ အုပ်စုငယ်တစ်ခုချင်းစီက ပုံ (၅.၄) ကို ကြည့်ရှုလေ့လာပြီး ဇယား (၅.၃) ပါ မေးခွန်းများအား ပြည့်စုံအောင် ဖြေဆိုပါ။
၂။ ရင်းမြစ်များ ဆန်းစစ်လေ့လာခြင်းကို လုံးဝပြီးမြောက်ပြီဆိုပါက အတန်းထဲရှိ အခြားသောသူများအား ပြန်လည်မျှဝေပေးနိုင်ရန် သင့်အနေဖြင့် ကြိုတင်ပြင်ဆင်ထားရမည်။

၈ https://commons.wikimedia.org/wiki/File:King_Thibaw%27s_State_Barge_on_the_Mandalay_Moat.jpg Image available in the Public Domain.

## ဇယား ၅.၃။ ဓာတ်ပုံတစ်ပုံကို လေ့လာခြင်း[၉]

| **ခေါင်းစဉ် –**<br><br>**ရင်းမြစ်အမျိုးအစား –** | **ဖန်တီးသူ –**<br><br>**ဖန်တီးသည့်ခုနှစ် –** |
|---|---|
| ဓာတ်ပုံတွင် မည်သည့်အရာများ တွေ့ရသနည်း။<br>• လူပုဂ္ဂိုလ်<br>• တည်နေရာ<br>• အပြုအမူများ<br>• အဖြစ်အပျက်များ<br>• ခေတ်ကာလအချိန် | |
| ပြည့်စုံသည့် ရင်းမြစ်တစ်ခုဖြစ်ပါသလား။<br>ဓာတ်ပုံအား အနက်ကောက်ယူရန် မည်သို့သော ထပ်ဆောင်း သတင်းအချက်အလက်များ လိုအပ်သေးသနည်း။ | |
| ဓာတ်ပုံပါ တစ်ဦးတစ်ယောက်ချင်းစီအား သတ်မှတ် ဖော်ထုတ်နိုင်ပါသလား။ သတ်မှတ်ဖော်ထုတ်နိုင်ပါက ၎င်းတို့မှာ မည်သူတို့ ဖြစ်ကြသနည်း။<br>အဓိပ္ပာယ်ကောက်ယူမှုနှင့်ပတ်သက်၍ အထောက်အကူ ဖြစ်စေမည့် မည်သည့် အထောက်အထားများ တွေ့ရသနည်း။<br>ဓာတ်ပုံက ဖော်ပြထားသော အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များနှင့်  ပတ်သက်၍ မည်သည့်အရာများ သိထားပြီး ဖြစ်သနည်း။ | |
| ဓာတ်ပုံ၏ ရည်ရွယ်ချက်အား သင်မည်သို့ ထင်သနည်း။<br>• အဘယ်ကြောင့် ၎င်းကို မှတ်တမ်းတင် ဖန်တီးခဲ့သနည်း။<br>• ပေးလိုသည့် သတင်းအချက်အလက်ကား အဘယ်နည်း။ | |

၉ Table adapted from State Library of Victoria. (2008).

| | |
|---|---|
| ဤဓာတ်ပုံအား မည်သူ့အတွက် မှတ်တမ်းတင်ဖန်တီးခဲ့သည်ဟု ထင်ပါသနည်း။<br>သင်တို့ အဓိပ္ပာယ်ကောက်ယူရာတွင် ဤအချက်က မည်သို့ အကျိုးသက်ရောက်မှု ရှိစေသနည်း။ | |
| ဓာတ်ပုံတွင် ဖော်ပြထားသော အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များနှင့် ပတ်သက်၍ မည်သည့်အရာများ မေးမြန်းရန် ရှိပါသနည်း။ | |

## ဓာတ်ပုံများကို နှိုင်းယှဉ်ခြင်း

လူမှုရေးဘာသာ အတန်းများတွင်ရှိသော ရင်းမြစ်ဓာတ်ပုံများမှာ အတိတ်ကာလ အဖြစ်အပျက် အကြောင်းအရာများကို ကိုယ်စားပြုသော ဓာတ်ပုံများ ဖြစ်စရာမလိုပါ။ သင့်အနေဖြင့် မျက်မှောက်ခေတ် ဓာတ်ပုံများကိုလည်း ရင်းမြစ်များအဖြစ် အသုံးပြုနိုင်သည်။ သင်၏ အတန်းများတွင် ပေါင်းစပ် အသုံးပြုနိုင်သော ထိရောက်မှုရှိသည့် သင်ယူမှုလုပ်ငန်းတစ်ခုမှာ ရင်းမြစ်များအား နှိုင်းယှဉ်ခြင်းပင် ဖြစ်သည်။

ပုံ (၅.၅) နှင့် ပုံ (၅.၆) တို့ကို ကြည့်ရှုပါ။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ် လူနေမှုဘဝပုံရိပ်များကို ဖော်ပြနေပြီး လွန်စွာ ကွဲပြားခြားနားနေသည်။

ပုံ (၅.၅) သည် ၂၀၁၅ ခုနှစ်၊ အမရပူရတွင် မှတ်တမ်းတင် ရိုက်ကူးထားခြင်း ဖြစ်သည်။ လယ်သမားတစ်ဦး နွားနှစ်ကောင်နှင့် သူ၏ လယ်ကွင်းတွင် ထယ်ထိုးနေသောပုံ ဖြစ်သည်။ ခပ်လှမ်းလှမ်းတွင် အိမ်တစ်လုံးနှင့် မြစ်တစ်စင်းကို တွေ့နိုင်သည်။ ကောက်ပဲသီးနှံများကို အနီးကပ် တွေ့မြင်ရပြီး ဓာတ်ပုံတွင် လူတစ်ဦးသာ တွေ့ရသည်။

ပုံ (၅.၆) သည် ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တွင် မှတ်တမ်းတင် ရိုက်ကူးထားခြင်း ဖြစ်သည်။ များစွာသော လူများ၊ အိမ်များ၊ မော်တော်ကားများ၊ ဘတ်စ်ကားများနှင့် လူစည်ကားသော မြို့ပြလမ်း တစ်ခုပုံဖြစ်သည်။ လျှပ်စစ်မီးလိုင်းကြိုးများ၊ စားပွဲကုလားထိုင်များ ခင်းကျင်း ရောင်းချသည့် ဆိုင်ခန်းငယ် ထီးတိုင်များ၊ ဂြိုဟ်တုစလောင်းများနှင့် ဆူးလေဘုရားတို့ကို တွေ့မြင်နိုင်သည်။

ဖော်ပြပါ ဓာတ်ပုံနှစ်ခုကို နှိုင်းယှဉ်သောအခါ မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ် လူမှုဘဝနှင့် ပတ်သက်၍ သင့်အား မည်သည်တို့ကို ဖော်ပြနေသနည်း။



**ပုံ ၅.၅။ လယ်ကွင်းထဲတွင် လယ်သမား ထယ်ထိုးနေပုံ၊ အမရပူရမြို့ မြန်မာနိုင်ငံ[၁၀]**

၁၀ https://commons.wikimedia.org/wiki/File:Amarapura,_Myanmar_(Burma)_-_panoramio_(8).jpg Image courtesy of mohigan, licensed under CC BY-SA 3.0. View license, https://creativecommons.org/licenses/by-sa/3.0/




ပုံ ၅.၆။ ရန်ကုန်မြို့လယ် လူစည်ကားချိန်[၁၁]

## သင်ယူမှုလုပ်ငန်း (၄)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – ဓာတ်ပုံများကို နှိုင်းယှဉ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလရင်းမြစ် ဓာတ်ပုံနှစ်ပုံအား ဆန်းစစ်လေ့လာ၍ နှိုင်းယှဉ်ကြည့်ရန် ဖြစ်သည်။ အုပ်စုငယ်တစ်ခုချင်းစီက ပုံ (၅.၅) နှင့် (၅.၆) ကို (သို့မဟုတ် သင်၏ ဆရာက ပေးထားသော အခြားပုံတစ်ပုံကို) ကြည့်ရှုလေ့လာပြီး ဇယား (၅.၄) ပါ မေးခွန်းများကို ပြည့်စုံအောင်ဖြေဆိုပါ။

ရင်းမြစ်များ ဆန်းစစ်လေ့လာခြင်း ပြီးမြောက်သောအခါ သင်တို့၏ ဆန်းစစ်လေ့လာမှုနှင့် ပတ်သက်၍ အတန်းထဲရှိ အခြားသူများအား ပြန်လည် မျှဝေနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်။

---

၁၁ https://www.flickr.com/photos/135164140@N02/50098566231/in/photolist. Image courtesy of Gary Benjamin, Licensed under CC0. View license, https://creativecommons.org/publicdomain/zero/1.0/

## ဇယား ၅.၄။ ရုပ်ပုံ နှိုင်းယှဉ်ခြင်း[၁၂]

| | ပုံ ၅.၅ (သို့မဟုတ် သင်၏ဆရာ ပေးထားသော အခြားပုံတစ်ပုံ) | ပုံ ၅.၆ (သို့မဟုတ် သင်၏ဆရာ ပေးထားသော အခြားပုံတစ်ပုံ) |
|---|---|---|
| ရင်းမြစ်ခေါင်းစဉ်<br>ရင်းမြစ်အမျိုးအစား<br>ဖန်တီးသည့်ခုနှစ် | | |
| ပုံတွင် စကားလုံးများ ပါရှိပါက ယင်းတို့ကို မှတ်သားပါ။ ယင်းတို့က မည်သည်တို့ကို ဖော်ညွှန်းနေသနည်း။<br>မည်သည့်အရာများ တွေ့ရှိရသနည်း။<br>• လူပုဂ္ဂိုလ်<br>• တည်နေရာ<br>• အပြုအမူများ<br>• အဖြစ်အပျက်များ<br>• ခေတ်ကာလအချိန်<br>ရုပ်ပုံ၏ ခေါင်းစဉ် နှင့် စပ်လျဉ်း၍ ထူးခြားသည့်/ စိတ်ဝင်စားစရာကောင်းသည့် အချက် တစ်စုံတစ်ရာ ရှိပါသလား။ | | |
| ရုပ်ပုံတွင် အခြားသတိထားမိသော အရာများ ရှိပါသလား။<br>ရှိပါက မည်သည့်အရာများ ဖြစ်သနည်း။<br>သင်၏ ကိုယ်ပိုင်အတွေ့အကြုံ/ ယခင်ရှိပြီးဖြစ်သော အသိသညာများအရ ရုပ်ပုံထဲမှ အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များနှင့်ပတ်သက်၍ မည်သည်တို့ကို သိရှိထားပါသနည်း။<br>ရုပ်ပုံတွင် အခြား သတိထားမိသောအရာ တစ်ခုခု ရှိပါသလား။<br>ရှိပါက မည်သည့် အရာများဖြစ်သနည်း။<br>အဓိပ္ပာယ် ကောက်ယူရာတွင် အထောက်အကူပြုနိုင်သော မည်သည့် အထောက်အထားများ တွေ့ရသနည်း။ | | |

---

၁၂ Table adapted from State Library of Victoria. (2008).

| | ပုံ ၅.၅ (သို့မဟုတ် သင်၏ဆရာ ပေးထားသော အခြားပုံတစ်ပုံ) | ပုံ ၅.၆ (သို့မဟုတ် သင်၏ဆရာ ပေးထားသော အခြားပုံတစ်ပုံ) |
|---|---|---|
| ဤပုံ၏ ရည်ရွယ်ချက်အား သင်မည်သို့ ထင်ပါသနည်း။<br>အဘယ့်ကြောင့် ဤပုံကို ဖန်တီးခဲ့သည်ဟု သင်ထင်ပါသနည်း။<br>မည်သူ့အတွက် ရည်ရွယ်၍ မှတ်တမ်းတင် ဖန်တီးခဲ့သည်ဟု ထင်သနည်း။<br>ပေးလိုသည့် သတင်းအချက်အလက် (မက်ဆေ့ချ်) က အဘယ်နည်း။ | | |
| ဤရုပ်ပုံအား မည်သူတို့အတွက် ဖန်တီးခဲ့သည်ဟုထင်ပါသနည်း။<br>ဤရုပ်ပုံပါ လူပုဂ္ဂိုလ်၊ အဖြစ်အပျက်တို့နှင့် ပတ်သက်၍ မည်သည့်အရာများ မေးမြန်းလိုပါသနည်း။<br>ဤရုပ်ပုံနှင့်ပတ်သက်၍ နားလည် သဘောပေါက်ရန် အခြားမည်သည့် အချက်အလက်များ လိုပါသနည်း။ | | |
| ရုပ်ပုံနှစ်ခုတွင် မည်သည့်အရာများ တူညီကြသနည်း။<br>မည်သည့် အရာများ ကွဲပြားခြားနားကြ သနည်း။<br>ဤရုပ်ပုံပါ လူပုဂ္ဂိုလ်၊ အဖြစ်အပျက်တို့နှင့် ပတ်သက်၍ မည်သည့်အရာများ မေးမြန်းရန် ရှိပါသနည်း။<br>ဤရုပ်ပုံနှင့် ပတ်သက်၍ နားလည် သဘောပေါက်စေရန် အခြား မည်သည့် အချက်အလက်များ လိုအပ်ပါသနည်း။ | | |
| ဤရင်းမြစ်နှစ်ခုက မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ် လူမှုဘဝနှင့် ပတ်သက်၍ ကျွန်ုပ်တို့အား မည်သည့် အရာများ ဖော်ညွှန်း ပြောပြနိုင်သနည်း။ | | |

## ၅.၁.၂။ မူလတန်းဆင့် လူမှုရေးဘာသာရပ် သင်ကြားခြင်းအတွက် သင်ထောက်ကူပစ္စည်းများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်း စာရင်းတစ်ခုကို တီထွင်ဖန်တီးတတ်ရမည်။

### စာသင်ချိန် (၁)

### သင်ထောက်ကူပစ္စည်းဆိုသည်မှာ အဘယ်နည်း။

သင်ထောက်ကူ ပစ္စည်းဆိုသည်မှာ ကျောင်းသားများ သင်ယူရာတွင် လွယ်ကူချောမွေ့စေရန် ဆရာတစ်ဦး အသုံးပြုသော ရုပ်ဝတ္ထုပစ္စည်းအားလုံးကို ဆိုလိုကြောင်း ဒုတိယနှစ်တွင် သင်ယူခဲ့ပြီး ဖြစ်သည်။ **သင်ထောက်ကူပစ္စည်းများ**တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ သင်ပုန်းကြီးမှ အစပြု၍ ဆရာကိုယ်တိုင် ဖန်တီးထားသော လက်ဖြစ် သင်ကြားမှု အထောက်အကူပစ္စည်းများ အားလုံး ပါဝင်သည်။ ဥပမာအားဖြင့် ပိုစတာများ၊ မူလရင်းမြစ် ရုပ်ဝတ္ထုပစ္စည်းများ၊ လက်တွေ့ စမ်းသပ်ရန် ပစ္စည်းကိရိယာများ၊ ဒစ်ဂျစ်တယ် နည်းပညာသုံး သင်ယူမှုဆိုင်ရာ ရင်းမြစ်များဖြစ်သည့် ပါဝါပွိုင့် (PowerPoint) တင်ပြမှုများ၊ အွန်လိုင်းဗီဒီယိုများ (သို့မဟုတ်) ဝက်ဘ်ဆိုက်ဒ်များ စသည်တို့ ပါဝင်သည်။

သင့်လျော်သည့် သင်ထောက်ကူပစ္စည်းများကို မည်သို့ ရွေးချယ်အသုံးပြုမည်ကို လေ့လာ သင်ယူခြင်းသည် မူလတန်းဆင့် လူမှုရေးဘာသာပြ ဆရာတစ်ဦးအတွက် အရေးပါသော ကျွမ်းကျင်မှုတစ်ခု ဖြစ်သည်။ ထိရောက်သော သင်ထောက်ကူပစ္စည်းများသည် သင်ယူမှု

ရည်မှန်းချက်များ၊ စစ်ဆေးအကဲဖြတ်ခြင်းများနှင့် သင်ယူမှု လုပ်ငန်းများကဲ့သို့သော သင်ရိုးညွှန်းတမ်း၏ အရေးပါသော ကဏ္ဍများနှင့် ကိုက်ညီမှု ရှိရမည်။[၁၃]

## မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများသည် အဘယ်ကြောင့် အရေးပါသနည်း။

ဆရာတစ်ဦးသည် အတန်းတစ်တန်းအား သင်ကြားသည့်အခါ သင်ခန်းစာ အမြန်ပြီးမြောက်သော ကျောင်းသား၊ နှုတ်ဆိတ်နေတတ်သော ကျောင်းသား၊ မေးသမျှ မေးခွန်းတိုင်း ဖြေဆိုကာ ရောက်တတ်ရာရာ စကားအမျှင်မပြတ် ပြောတတ်သည့် ကျောင်းသားများနှင့် ၎င်းတို့၏ မှတ်စုစာအုပ် ဘေးမျဉ်းနေရာလွတ်များတွင် ပုံဆွဲနေလေ့ရှိသည့် ကျောင်းသားတို့ကို သတိပြုမိပေမည်။ ယင်းမှာ ကလေးများသည် မတူညီသော နည်းလမ်းအမျိုးမျိုးဖြင့် သင်ယူတတ်သော သဘောတရားကြောင့် ဖြစ်သည်။ အချို့ကျောင်းသားများသည် ဆရာ ရှင်းပြသည်ကို နားထောင်ရသည်ကို ပိုမိုနှစ်သက်ကြပြီး အချို့က ပြဋ္ဌာန်းစာအုပ်ကို ကိုယ်တိုင်ဖတ်ရှု လေ့လာရသည်ကို နှစ်သက်ကြသည်။ အချို့မှာမူ ပန်းချီ/ပုံဆွဲနေရသည်ကို နှစ်သက်ပြီး အချို့က မေးခွန်းများဖြင့် စူးစမ်းမေးမြန်းရသည်ကို ပိုမိုနှစ်သက်ကြသည်။

လူမှုရေးဘာသာအတန်းများတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းက ဆရာအား သင်ရိုးပါ အကြောင်းအရာများကို တင်ပြနိုင်ခွင့် ပေးသွားမည်ဖြစ်ရာ ကျောင်းသားများအနေဖြင့် မည်သည့်နည်းဖြင့် သင်ယူနေသည်ဖြစ်စေ သင်ကြားနေသည့် သဘောတရားများတွင် စိတ်ပါဝင်စားစွာ ပါဝင်လာမည် ဖြစ်သည်။

လူမှုရေးဘာသာ စာသင်ခန်းများတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းဖြင့် ရရှိနိုင်သည့် အခြားသော အကျိုးကျေးဇူးများမှာ –

- သင်ယူမှုပုံစံအမျိုးမျိုးဖြင့် အထိအတွေ့ရသွားနိုင်သည်။
- ကျောင်းသားများအနေဖြင့် ၎င်းတို့ သင်ယူမှုတွင် ကိုယ်တိုင်ဦးဆောင်သင်ယူသူများအဖြစ် ပါဝင်လာစေရန် တိုက်တွန်း အားပေးမှု ဖြစ်စေနိုင်သည်။

၁၃ Kochhar, S. K. (1991).

- ခက်ခဲနက်နဲသော သဘောတရားများကို ရိုးရှင်းလွယ်ကူသွားစေ၍ လက်တွေ့ဖြေရှင်းပြသွားမည်။
- အလွတ်ကျက်မှတ် သင်ယူခြင်းကို လျှော့ချပေးနိုင်သည်။
- စူးစမ်းမေးမြန်းခြင်း၊ ဝေဖန်ပိုင်းခြား စဉ်းစားခြင်းနှင့် အခြားသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာအောင် မြှင့်တင်ပေးနိုင်သည်။

ဆရာတစ်ဦးနေရာတွင် ထိရောက်သော သင်ထောက်ကူပစ္စည်းများဖြင့် အပြည့်အဝ အစားမထိုးနိုင်သော်လည်း ကျွမ်းကျင်လိမ္မာသော ဆရာတစ်ဦးအနေဖြင့် သင်ကြားသင်ယူမှု ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်စေရန်အလို့ငှာ ၎င်းတို့ကို အသုံးပြုသင့်သည်။[၁၄]

## ရင်းမြစ်နည်းသော ပတ်ဝန်းကျင်ရှိ သင်ထောက်ကူများ


သင်ယူမှုဆိုင်ရာ ရင်းမြစ်များကို ကျောင်းတိုင်း၊ ဆရာတိုင်းက တူညီစွာ လက်လှမ်းမီ အသုံးမပြုနိုင်သော်လည်း ရင်းမြစ်ရှားပါးသော ပတ်ဝန်းကျင်တွင် စာသင်ကြားရခြင်းက လူမှုရေးအတန်း၌ သင်ထောက်ကူပစ္စည်းများ ထည့်သွင်းအသုံးပြုရန်အတွက် အဟန့်အတားသဖွယ် မဖြစ်သင့်ပေ။ သင်၏ လူမှုရေးဘာသာ သင်ခန်းစာများကို ချဲ့ထွင်ရန် အနည်းငယ်မျှ ကြိုတင်ပြင်ဆင်ထားရုံမျှနှင့်ပင် ရိုးရှင်းလွယ်ကူသော သင်ထောက်ကူများကို ဖန်တီးနိုင်သည်။ ဥပမာအားဖြင့် –

- အသုံးပြုပြီးသော ရေသန့်ဘူးအလွတ် တစ်လုံးတွင် ‘ဇီဝထုတစ်ခု (Biosphere)’ ကို ဖန်တီးခြင်း။
- ကမ္ဘာလုံးမြေပုံအတွက် ရွှေဖရုံသီးကို အသုံးပြုခြင်း စသည်ဖြင့် သင်ကြားခြင်း ရင်းမြစ်များအား နေ့စဉ်သုံး အရာဝတ္ထုပစ္စည်းများ အသုံးပြု၍ ဖန်တီးခြင်း။
- သရုပ်ဖော်ပုံများ၊ ဂရပ်ဖစ်ပုံ အသုံးပြုထားသည့် မြေပုံများ (သို့မဟုတ်) သိမြင်နိုင်ရန် ခက်ခဲသော သဘောတရားများကို မြင်သာစေမည့် ရုပ်ပုံများကို ရေးဆွဲရန် ကျောက်သင်ပုန်း/သင်ပုန်းဖြူကို အသုံးပြုခြင်း။
- စာသင်ခန်းနံရံတွင် ချိတ်ဆွဲရန် ပိုစတာများ ဖန်တီးခြင်းနှင့် ပိုစတာ ဖန်တီးခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ခြင်း။

---

၁၄ Lockheed, M. E., & Verspoor, A. M. (1991).

- သတင်းစာ၊ ပို့စကတ်နှင့် ခေတ်ပုံကဲ့သို့သော အလွယ်တကူ အသုံးပြုနိုင်သည့် ပစ္စည်းများကို ယူဆောင်လာခြင်း (သို့မဟုတ်) အဆိုပါရင်းမြစ်များကို ကျောင်းသားများအား အိမ်မှ ယူဆောင်လာစေခြင်း။




ပုံ ၅.၇။ ရေသန့်ဘူးကဲ့သို့ နေ့စဉ်သုံး အရာဝတ္ထုများကို အသုံးပြု၍ ဖန်တီးထားသော ဂေဟစနစ်တစ်ခု

## ၂၁ ရာစု သင်ထောက်ကူပစ္စည်းများ

နည်းပညာက လူမှုရေးဘာသာ သင်ကြားသည့် နည်းလမ်းများကို များစွာအပြောင်းအလဲဖြစ်စေခဲ့သည်။ စမတ်ဖုန်း၊ ကွန်ပျူတာ၊ အင်တာနက် ချိတ်ဆက်မှု (သို့မဟုတ်) ပရိုဂျက်တာတို့အား လက်လှမ်းမီရရှိနိုင်ပါက လူမှုရေးဘာသာ သင်ခန်းစာကို မြှင့်တင်ပေးရန် အသုံးပြုနိုင်သော ရင်းမြစ်များမှာ များစွာပင် ရှိသည်။

ဥပမာအားဖြင့် နည်းပညာ အထောက်အကူပြု သင်ထောက်ကူ ပစ္စည်းများတွင် –

- ရုပ်ပုံများ၊ ပါဝါပွိုင့် တင်ပြမှုများကဲ့သို့သော ကွန်ပျူတာဖြင့် ဖန်တီးသည့် ရင်းမြစ်များ၊
- ဗီဒီယိုသင်ခန်းစာ၊ ဘာသာရပ်ဆိုင်ရာ အင်တာနက် ဝက်ဘ်ဆိုက်ဒ်များ၊ ဓာတ်ပုံများ အစရှိသည့် အွန်လိုင်း ရင်းမြစ်များ၊
- အင်တာနက်ဝက်ဘ်ဆိုက်ဒ်များမှတစ်ဆင့် ခရီးသွားလေ့လာခြင်း (ဥပမာ – https://historyview.org/library/bagan-four-buddha-temple/ and https://artsexperiments.withgoogle.com/bagan) နှင့်
- နေရှင်နယ် ဂျီအိုဂရပ်ဖစ် (National Geographic) ကဲ့သို့သော ကျွမ်းကျင်ပညာရှင်များက ဖန်တီးထားသော ကြိုတင်ဒီဇိုင်းရေးဆွဲထားသည့် သင်ပြမှုပုံစံများနှင့် ရင်းမြစ်များ (https://www.nationalgeographic.org/education/classroom-resources/) ပါဝင်ကြသည်။

ပညာရေးဒီဂရီကောလိပ်များရှိ အွန်လိုင်းစာကြည့်တိုက်များတွင် ထည့်သွင်းဖော်ပြထားသော သင်ထောက်ကူပစ္စည်းများကို သင်တို့ သိရှိလာစေရန် သင်တို့၏ ဆရာများက တာဝန်ယူ လုပ်ဆောင်ပေးလိမ့်မည်။

အွန်လိုင်းရင်းမြစ်များနှင့် ပတ်သက်၍ စစ်မှန်မှု၊ ယုံကြည်ကိုးစားနိုင်မှု ရှိစေရန် ၎င်းတို့အား အသုံးမပြုမီ ဆန်းစစ်လေ့လာ၍ ဝေဖန်ပိုင်းခြားထားရမည်။ အွန်လိုင်းရင်းမြစ်များ ရှာဖွေစုဆောင်းရာတွင် သင်တို့အနေဖြင့် အောက်ဖော်ပြပါ မေးခွန်းများကို မိမိကိုယ်မိမိ မေးမြန်းရမည်ဖြစ်သည် –

- ဤရင်းမြစ်ကို မည်သူ ဖန်တီးထားသနည်း။
- အဘယ်ကြောင့် ဖန်တီးထားသနည်း။
- မည်သည့် ရည်ရွယ်ချက်ဖြင့် ဖန်တီးထားသနည်း။
- ဘာသာစကားနှင့် သတင်းအချက်အလက်များသည် မိမိတို့ သင်ကြားမည့် ကလေးများ၏ အသက်အရွယ်/အခြေအနေနှင့် သင့်လျော်ပါသလား။
- အဆိုပါရင်းမြစ်သည် သင်ယူမှုရလဒ်အပြင် မိမိ၏ သင်ခန်းစာပါ အကြောင်းအရာနှင့် ကိုက်ညီမှု ရှိပါသလား။

## သင်ယူမှုလုပ်ငန်း (၁)။ ဖြတ်ဆက်လုပ်ငန်းပေးခြင်း – သင်ထောက်ကူ ပစ္စည်းစာရင်းတစ်ခု ပြုစုခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းအဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူ ပစ္စည်းစာရင်းတစ်ခုကို ပြုစုရန် ဖြစ်သည်။

ဇယား (၅.၅) ကို အသုံးပြု၍ ရင်းမြစ်နည်းပါးသော စာသင်ခန်းနှင့် ရင်းမြစ်ပေါများသော စာသင်ခန်းတို့၌ စာရင်းပါ ခေါင်းစဉ်တိုင်းအတွက် အသုံးပြုနိုင်သည့် သင်ထောက်ကူပစ္စည်းများကို ဉာဏ်ဖွင့်ဆွေးနွေးပါ။

**ဇယား ၅.၅။ ရင်းမြစ်နည်းပါးသော စာသင်ခန်းနှင့် ရင်းမြစ်ပေါများသော စာသင်ခန်းများရှိ သင်ထောက်ကူ ပစ္စည်းများ**


| ခေါင်းစဉ် | ရင်းမြစ်နည်းပါးသော စာသင်ခန်း | ရင်းမြစ်ပေါများသော စာသင်ခန်း |
|---|---|---|
| သဘာဝ ဂေဟစနစ်များ | | |
| သဘာဝ ဂေဟစနစ်အပေါ် လူသားတို့၏ အကျိုးသက်ရောက်မှု | | |
| လူဦးရေနှင့် လူသားမျိုးနွယ်စု ကွဲပြားစုံလင်မှု | | |
| ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်း | | |
| မြန်မာ့သမိုင်းမှ သမိုင်းဝင်ပုဂ္ဂိုလ်များ | | |
| မြန်မာနိုင်ငံ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ် | | |
| ပုဂံခေတ် မြန်မာနိုင်ငံ | | |
| တောင်ငူကောရာဇ်နိုင်ငံတော် | | |

## အိမ်စာလုပ်ငန်း။ သင်ယူမှု ရင်းမြစ်တစ်ခု ဖန်တီးတင်ပြခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ အတန်းများအတွက် သင်ယူမှု ရင်းမြစ်တစ်ခုကို ဖန်တီးရန် ဖြစ်သည်။

သင်ယူမှုလုပ်ငန်း (၁)၊ ဇယား (၅.၅) မှ ခေါင်းစဉ်/ရင်းမြစ်တစ်ခုကို ရွေးချယ်ပြီး ရင်းမြစ်တစ်ခု ဖန်တီးပါ။ ထို့နောက် အဆိုပါရင်းမြစ်ကို မူလတန်း လူမှုရေးဘာသာအတန်း၌ အသုံးပြုနိုင်ကြောင်း ကျောင်းသားများအား အသိပေး၍ တင်ပြမှုတစ်ခု (သို့မဟုတ်) ပိုစတာ တစ်ခုကို ပြင်ဆင်ပါ။

သင်တို့ ဖန်တီးထားသော ရင်းမြစ်အား အခြား ကျောင်းသားများအား ပြောပြ၍ဖြစ်စေ၊ အင်တာနက် အသုံးပြု၍ဖြစ်စေ၊ စာကြည့်တိုက်မှ စာအုပ်စာတမ်းများ အသုံးပြု၍ဖြစ်စေ၊ သုတေသနပြု စစ်ဆေးနိုင်ပါသည်။ ပုံ (၅.၈) တွင် စာသင်ခန်းသုံး ရင်းမြစ်တစ်ခုဖြစ်သော ကမ္ဘာလုံးပုံတစ်ခုကို သင်ကိုယ်တိုင် ဖန်တီးပြုလုပ်နိုင်ကြောင်း ဖော်ပြထားသည်။




**ပုံ ၅.၈။ ရွှေဖရုံသီးတစ်လုံးဖြင့် ကမ္ဘာလုံးပုံတစ်ခု ဖန်တီးခြင်း**

သင်တို့ ဖန်တီးထားသော သင်ယူမှု ရင်းမြစ်ကို လာမည့်စာသင်ချိန်တွင် အတန်းဖော်များအား ရှင်းလင်းတင်ပြနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်။ သင်တို့၏ တင်ပြမှုအစီအစဉ်တွင် အောက်ဖော်ပြပါ မေးခွန်းများ၏ အဖြေများ ပါဝင်သင့်သည် –

- ရင်းမြစ် ဆိုသည်မှာ အဘယ်နည်း။
- မည်သည့် ခေါင်းစဉ်အတွက် ရည်ရွယ်သနည်း။
- ဤသင်ယူမှုရင်းမြစ် ဖန်တီးရန် မည်သည့် ပစ္စည်းများ လိုအပ်သနည်း။
- ဤသင်ယူမှုရင်းမြစ်က မည်သို့သော ရလဒ်များ ရရှိစေနိုင်သနည်း။
- ၎င်းကို စာသင်ခန်းတွင် မည်သို့ ပေါင်းစပ် အသုံးပြုနိုင်မည်နည်း။

**စာသင်ချိန် (၂)**

### သင်ယူမှုလုပ်ငန်း (၂)။ အုပ်စုငယ်ဖွဲ့၍ တင်ပြခြင်း – သင်ယူမှု ရင်းမြစ်များ

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် သင်၏ လူမှုရေးဘာသာ သင်ယူမှုရင်းမြစ်များကို အတန်းဖော်များသို့ တင်ပြရန်ဖြစ်သည်။

၁။ ဆရာက သင်တို့အား အုပ်စုငယ်များ ဖွဲ့စေမည်။

၂။ အုပ်စုဝင် တစ်ဦးချင်းစီက ကျန်အုပ်စုဝင်များအား မိမိတို့ သင်ယူမှု ရင်းမြစ်နှင့် ပတ်သက်၍ တင်ပြရန် အချိန် (၅) မိနစ်ယူရမည်။

၃။ အတန်းဖော်များ၏ တင်ပြမှု ပြီးဆုံးသောအခါ ၎င်းတို့ ရင်းမြစ်နှင့် ပတ်သက်သည့် မေးခွန်းများကို မေးနိုင်သည်။

၄။ မိမိ နှစ်သက်သဘောကျသည့် အယူအဆတစ်ခုခု တွေ့ရှိပါက ခံစားချက် သဘောထား မှတ်ချက်ပေးပါ။ ခါတ်ပုံ မှတ်တမ်းတစ်ခု ရယူထားပါ။

# ၅.၁.၃။ မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် ဒေသန္တရ ရင်းမြစ်များကို အသုံးပြုခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- သင်တို့ ဒေသရှိ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ်ကောင်းသော နေရာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- ကလေးများ၏ သင်ယူမှုကို မြှင့်တင်ရန် ဒေသန္တရ ရင်းမြစ်များ (ဥပမာ – လူကြီးသူမများ၊ ဒေသတွင်း သမိုင်းဝင်နေရာများနှင့် ပထဝီဝင် အနေအထားများ) ကို အသုံးပြုသည့် နည်းလမ်းများအား အကြံပြုတတ်မည်။

**စာသင်ချိန် (၁)**

## ရပ်ရွာရင်းမြစ်များ

ယခင်သင်ယူခဲ့ပြီးသော သင်ခန်းစာအချို့တွင် သင့်အနေဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော သင်ယူမှု အတွေ့အကြုံကောင်းများကို ကျောင်းသားများအတွက် ဖန်တီးပေးနိုင်ရန် စာသင်ခန်းရှိ မူလရင်းမြစ်များ၊ သင်ထောက်ကူ ပစ္စည်းများကဲ့သို့ အသုံးပြုနိုင်သော ရင်းမြစ်အမျိုးမျိုးနှင့် ပတ်သက်၍ လေ့လာခဲ့ပြီး ဖြစ်သည်။ လူမှုရေးဘာသာ သင်ခန်းစာများ ပိုမို ကောင်းမွန်လာစေရန် သင် အသုံးပြုနိုင်သည့် အခြားသော ရင်းမြစ်များမှာ ဒေသန္တရရင်းမြစ်များနှင့် ရပ်ရွာရင်းမြစ်များ ဖြစ်ကြသည်။

**ရပ်ရွာရင်းမြစ်များ** ဆိုသည်မှာ လူမှုရေးဘာသာ အကြောင်းအရာများကို ပိုမိုနက်နဲပြီး၊ ကျောင်းသားများ၏ သိမှုနှင့် စိတ်ဝင်စားမှု နယ်ပယ်ကိုလည်း ပိုမိုကျယ်ဝန်းစေသော လူမှုရေးဘာသာ သင်ကြားသင်ယူမှုကို အားဖြည့်ပေးနိုင်သည့် လူပုဂ္ဂိုလ်များ၊ နေရာဒေသများနှင့် အဖွဲ့အစည်းများ ဖြစ်ကြသည်။

သင်တို့၏ ရပ်ရွာအတွင်းရှိ ဒေသန္တရ ရင်းမြစ်များဆိုသည်မှာ လူသားရင်းမြစ်များ ဖြစ်နိုင်သလို လူသားမဟုတ်သော ရင်းမြစ်များလည်း ဖြစ်နိုင်သည်။ လူသားမဟုတ်သော ရင်းမြစ်များတွင် ရှေးဟောင်းသုတေသနဆိုင်ရာ အပျက်အစီးများ၊ ရှေးဟောင်း အဆောက်အအုံများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရေကန်၊ သစ်ပင်ကြီးများရှိသည့် မြက်ခင်းပြင်များ ကဲ့သို့သော ပထဝီဝင်ဆိုင်ရာ ထင်ရှားသည့် နေရာဒေသများနှင့် သမိုင်းဝင်ထင်ရှားသည့် နေရာဒေသများ ပါဝင်ကြသည်။ လူသားရင်းမြစ်များမှာ စာသင်ခန်းတွင်း သင်ယူမှု အတွေ့အကြုံကောင်းများ ရရှိအောင် ပါဝင်ဖြည့်ဆည်းပေးနိုင်သော၊ အသိပညာ၊ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံကောင်းများနှင့် ပြည့်စုံသော ဒေသတွင်းရှိ ရပ်ရွာလူထုများပင် ဖြစ်ကြသည်။

ဒေသန္တရ ရင်းမြစ်များကို လူမှုရေးဘာသာ အတန်းများ၌ ထည့်သွင်းသင်ကြားရာတွင် သင်တို့အနေဖြင့် ယူနက်စကို ရှေးဟောင်းအမွေအနှစ် ဒေသများအနီးတွင် တည်ရှိနေရန် မလိုအပ်ပေ။ ပထမနှစ်ဝက်၌ သင်တာဝန်ယူဆောင်ရွက်သည့် ဂေဟစနစ် ကွင်းဆင်း လေ့လာမှုကို ပြန်လည် စဉ်းစားတွေးတောကြည့်ပါ။ ထိုသို့သော အသေးစား ကွင်းဆင်း လေ့လာမှု အမျိုးအစားများသည် ကျောင်းသားများအတွက် အဖိုးတန်သော သင်ယူမှု အတွေ့အကြုံကောင်းများ ဖြစ်ကြသည်။

သင်၏ ပတ်ဝန်းကျင်ဒေသနှင့် ပတ်သက်၍ စဉ်းစားတွေးတောကြည့်ပါ –

- ဤဒေသအတွင်း မည်သည့်အဆောက်အအုံသည် ရှေးအကျဆုံး အဆောက်အအုံ ဖြစ်သနည်း။
- အနီးဝန်းကျင်တွင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ ဘာသာရေးနှင့်ဆိုင်သော အထိမ်းအမှတ် မော်ကွန်းများ ရှိကြပါသလား။
- သင်တို့၏ ကျောင်း၊ ကောလိပ်မှ လမ်းလျှောက်သွားနိုင်သည့် အကွာအဝေးအတွင်း ဥယျာဉ် ပန်းခြံ၊ ရေကန် ရေစီးကြောင်း အစရှိသော သဘာဝ အင်္ဂါရပ်များ ရှိပါသလား။

အလားတူပင် အသုံးပြုနိုင်သည့် ဒေသတွင်း လူသား ရင်းမြစ်များကို လူမှုရေးဘာသာ အတန်းများ၌ ထည့်သွင်းသင်ကြားရာတွင် သင်တို့အနေဖြင့် ထင်ရှားကျော်ကြားသော လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်အနီး နေထိုင်သူဖြစ်ရန် မလိုအပ်ပေ။ အရေးပါသော ဒေသတွင်း လူသားရင်းမြစ် ဥပမာများတွင် –

- ငယ်စဉ်အခါက မည်ကဲ့သို့ အသက်ရှင်ရပ်တည်ခဲ့ကြသည်ကို ပြန်လည် ပြောပြနိုင်သော၊ ကလေးများ၏ မိဘ၊ ဘိုးဘွားများ၊
- စိတ်ဝင်စားရာ အသက်မွေးလုပ်ငန်းများဖြင့် အောင်မြင်နေကြသော ဒေသအတွင်းရှိ ကျောင်းမှ ကျောင်းသားဟောင်းများ၊
- ယဉ်ကျေးမှုဆိုင်ရာ လက်တွေ့ကျင့်ထုံးများကို ပြန်လည် မျှဝေပေးနိုင်သော နိုင်ငံများ၊ ယဉ်ကျေးမှုဆိုင်ရာ အုပ်စု အသီးသီးမှ အဖွဲ့ဝင်အသိုက်အဝန်းများနှင့်
- သမိုင်းပညာရှင်၊ ရှေးဟောင်းသုတေသနပညာရှင်၊ စီးပွားရေးပညာရှင်နှင့် အင်ဂျင်နီယာ အစရှိသည့် ဒေသတွင်း ကျွမ်းကျင်ပညာရှင်များ ပါဝင်ကြသည်။

## သင်ယူမှုလုပ်ငန်း (၁)။ အကြောင်းအရာဆက်သွယ်ပြပုံ – ဒေသန္တရ ရင်းမြစ်များ


ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ဒေသတွင်း ဧရိယာမှ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ်နေရာများကို သတ်မှတ်ဖော်ထုတ်ရန် ဖြစ်သည်။

အုပ်စုငယ်များဖွဲ့၍ ပညာရေး ဒီဂရီကောလိပ်အနီးရှိ ဒေသဧရိယာ၌ ရနိုင်သော ဒေသန္တရ ရင်းမြစ်များနှင့် စပ်လျဉ်း၍ ဉာဏ်ဖွင့်ဆွေးနွေးပါ။

သင့်အနေဖြင့် အောက်ပါတို့ကို သတ်မှတ်ဖော်ထုတ်ရမည် –

- ပထဝီဝင်ဆိုင်ရာ ထင်ရှားသည့်နေရာဒေသများ
- သမိုင်းဝင်ထင်ရှားသည့် နေရာဒေသများ
- လူပုဂ္ဂိုလ်ရင်းမြစ်များ

သင်တို့ အတွေးစိတ်ကူးကို မှတ်တမ်းတင်ရန် ပုံ (၅.၉) အကြောင်းအရာဆက်သွယ်ပြပုံကို အသုံးပြုပါ။




ပုံ ၅.၉။ အကြောင်းအရာဆက်သွယ်ပြပုံ – ဒေသန္တရ ရင်းမြစ်များ

### သင်ယူမှုလုပ်ငန်း (၂)။ အုပ်စုလုပ်ငန်း – ဒေသန္တရ ရင်းမြစ်များ

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကျောင်းသားများ၏ လူမှုရေးဘာသာသင်ယူမှုကို မြှင့်တင်ပေးရန်အတွက် ဒေသန္တရ ရင်းမြစ်များ အသုံးပြုသည့် နည်းလမ်းများအား အကြံပြုရန် ဖြစ်သည်။

၁။ အုပ်စုငယ်တစ်စု ဖွဲ့၍ သင်ယူမှုလုပ်ငန်း (၁) တွင် သင် သတ်မှတ်ဖော်ထုတ်ထားသော ဒေသဆိုင်ရာ ရင်းမြစ် တစ်ခုကို ရွေးချယ်ပြီး ယင်းနှင့်ပတ်သက်၍ အတန်းတွင်း လုပ်ငန်းတစ်ခု (သို့မဟုတ်) ကွင်းဆင်း လေ့လာမှုပုံစံတစ်ခု ဒီဇိုင်းရေးဆွဲပါ။

၂။ လာမည့် စာသင်ချိန်တွင်း ပြန်လည်တင်ပြရန် ပါဝါပွိုင့် တင်ပြမှုတစ်ခု (သို့မဟုတ်) ပိုစတာတစ်ခု ဖန်တီးပါ။ သင်တို့၏ ပိုစတာ (သို့မဟုတ်) ပါဝါပွိုင့် တင်ပြမှုတွင် –

- ရပ်ရွာရင်းမြစ်များကို ဖော်ပြထားရမည်။
- လူမှုရေးဘာသာအတွက် ရင်းမြစ်များ၏ တန်ဖိုးကို အနက်အဓိပ္ပာယ်ဖွင့် ဖော်ပြထားရမည်။
- ရပ်ရွာရင်းမြစ်များက အထောက်အကူပြုနိုင်သော ခေါင်းစဉ် အကြောင်းအရာ တစ်ခုနှင့် သင်ယူမှုရလဒ်များကို သတ်မှတ်ဖော်ထုတ်ရမည်။

- မူလတန်းအောက်ဆင့် စာသင်ခန်းများတွင် အသုံးပြုနိုင်သော ရင်းမြစ်များကို သုံး၍ သင်ယူမှု လုပ်ငန်းတစ်ခု (သို့မဟုတ်) ကွင်းဆင်းလေ့လာမှု တစ်ခုကို ဒီဇိုင်းရေးဆွဲရမည်။
- သင့်အနေဖြင့် မည်သူ့ထံမှ ခွင့်ပြုချက် တောင်းခံမည်၊ မူလတန်းကျောင်းသားများ (နှင့် ဖိတ်ကြားထားသော ဟောပြောသူ/များ (သို့မဟုတ်) ရပ်ရွာအတွင်းရှိ မိတ်ဖက်/များ) ကို ကွင်းဆင်းခြင်းမပြုမီ အဆင်သင့်ဖြစ်စေရန် မည်ကဲ့သို့ ပြင်ဆင်ပေးမည်၊ ထို့နောက် တက်ရောက်သူများအား မည်သို့ အစီရင်ခံတင်ပြမည် စသည်ဖြင့် ကွင်းဆင်းလေ့လာရေး ခရီး၏ ဖွဲ့စည်းပုံ အသေးစိတ် အချက်အလက်များကို အကြမ်းဖျင်း ဖော်ပြရမည်။

၃။ အတန်း၌ သင်၏ တင်ပြမှုကို အဆုံးမသတ်နိုင်ခဲ့ပါက အိမ်တွင် ပြီးစီးအောင် လုပ်ဆောင်ခဲ့ရမည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၃)။ အတန်းတွင်း တင်ပြခြင်း – ဒေသန္တရ ရင်းမြစ်များ

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် သင်၏ လူမှုရေးဘာသာ သင်ယူမှု ရင်းမြစ်များကို သင်၏ အတန်းဖော်များထံ ပြန်လည်တင်ပြရန် ဖြစ်သည်။

၁။ အုပ်စုတစ်စုချင်းစီအား အတန်းရှေ့တွင် လာစေပြီး ကျန်သော အတန်းဖော်များအား ၎င်းတို့၏ ဒေသန္တရ ရင်းမြစ်များနှင့် ပတ်သက်၍ လုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြရစေမည်။

၂။ တင်ပြမှုတိုင်းသည် အချိန် (၅) မိနစ်ထက် ပိုမယူသင့်ပါ။

၃။ တင်ပြမှု အစီအစဉ် ပြီးဆုံးချိန်တွင် သင့်အနေဖြင့် သင့်အတန်းဖော်များ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ မေးခွန်းများ မေးမြန်းနိုင်သည်။

၄။ သင် နှစ်သက်သဘောကျသည့် စိတ်ကူးများ တွေ့ရှိခဲ့ပါက အဆိုပါ ရင်းမြစ်နှင့် စပ်လျဉ်း၍ မှတ်ချက်ပေးပါ (သို့မဟုတ်) ခေတ်ပုံ မှတ်တမ်းတစ်ခုကို ရယူထားပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ မူလရင်းမြစ်များနှင့် တစ်ဆင့်ခံရင်းမြစ်များ မည်သို့ ကွဲပြားခြားနားကြသနည်း။

၂။ အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင် ရှုထောင့်တို့ကို အဓိပ္ပာယ် ဖွင့်ဆိုပါ။ လူမှုရေးဘာသာ သင်ကြားသင်ယူရာတွင် အချက်အလက်များနှင့် ပတ်သက်၍ ဘက်လိုက်ခြင်းနှင့် အတွေးအမြင် ရှုထောင့်တို့ကို ခွဲခြားသိရှိနိုင်သည့် ကျောင်းသားများ၏ စွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် အဘယ်ကြောင့် အရေးကြီးသနည်း။

၃။ မူလတန်းဆင့် လူမှုရေးဘာသာ စာသင်ခန်း တစ်ခန်းတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ပထဝီဝင်ဆိုင်ရာ ရင်းမြစ်တစ်ခုဆိုသည်မှာ ကမ္ဘာ့နေရာဒေသတစ်ခုမှ သဘာဝဖြစ်စဉ်များ (သို့မဟုတ်) လူသားတို့၏ ဝိသေသလက္ခဏာရပ်များနှင့် ဆက်နွှယ်နေသည့် သတင်းအချက်အလက်တိုင်းကို ဆိုလိုသည်။ သမိုင်းဆိုင်ရာ ရင်းမြစ်တစ်ခုဆိုသည်မှာ ကျွန်ုပ်တို့ လူသားများ၏ အတိတ်က အကြောင်းအရာများကို နားလည်သဘောပေါက်စေရန် သမိုင်းရှင်ပညာရှင်တစ်ဦးအား သဲလွန်စများ ဆက်စပ် ဖော်ထုတ်ပေးသည့် သတင်း အချက်အလက် တစ်ခုကို ဆိုလိုသည်။
- ရင်းမြစ်များကို အမျိုးအစား သုံးမျိုး ခွဲခြားနိုင်သည်။ မူလရင်းမြစ်များမှာ သမိုင်းဆိုင်ရာ ခေတ်တစ်ခေတ်၊ ပထဝီဝင်ဆိုင်ရာ ဖြစ်စဉ်တစ်ခုနှင့် ပတ်သက်၍ လေ့လာ ရရှိထားသော ကိုယ်တွေ့ ဖြစ်ရပ်များ ဖြစ်ကြသည်။ ၎င်းတို့အား အခြား တစ်စုံတစ်ယောက်မှ ဆန်းစစ်လေ့လာထားခြင်း၊ ဝေဖန်သုံးသပ် ပိုင်းခြားထားခြင်း၊ အနက်ကောက်ထားခြင်းမရှိပါ။ တစ်ဆင့်ခံ ရင်းမြစ်များမှာ မူလရင်းမြစ်များအား ဆန်းစစ်လေ့လာထားပြီး ထပ်ဆင့် အနက်ကောက် ထားခြင်းပင် ဖြစ်သည်။ ၎င်းတို့မှာ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ် ကျွမ်းကျင်ပညာရှင်များက ရေးသားထားခြင်းဖြစ်ပြီး များသောအားဖြင့် မူလရင်းမြစ်များစွာ ပေါင်းစပ်ပါဝင်နေ၍ အကြောင်းအရာ ခေါင်းစဉ်တစ်ခုအား ပိုမို ကျယ်ပြန့်သော အတွေးအမြင်များဖြင့် ရှုထောင့်စုံမှ တင်ပြထားသည်။ ဆင့်ပွားရင်းမြစ်ဆိုသည်မှာ စွယ်စုံကျမ်း (သို့မဟုတ်) မြေပုံစာအုပ် ကဲ့သို့သော မူလရင်းမြစ်နှင့် တစ်ဆင့်ခံရင်းမြစ်များအား အမျိုးအစား ခွဲခြားထားသော (သို့မဟုတ်) စာရင်းပြုစုထားသော ရင်းမြစ်များဖြစ်သည်။
- လူမှုရေးဘာသာ စာသင်ခန်းများတွင် ရင်းမြစ်များ ထည့်သွင်း အသုံးပြုခြင်းအားဖြင့် ကလေးများ၏ လေးလေးနက်နက် ဝေဖန်ဆန်းစစ်နိုင်စွမ်း၊ စူးစမ်းရှာဖွေနိုင်စွမ်းနှင့် အကြောင်းအကျိုး ဆက်စပ် ထုတ်ယူနိုင်စွမ်းတို့ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးနိုင်သည်။ ထို့ပြင် ကလေးများ ၎င်းတို့ နေထိုင်ရာဒေသ ပတ်ဝန်းကျင်နှင့် ပတ်သက်၍ လေ့လာရာတွင် ကိုယ်တိုင် ဆက်စပ် လေ့လာနိုင်စွမ်းတို့ကို ပျိုးထောင်ပေးရာတွင်လည်း အထောက်အကူပြုသည်။

- သင်ထောက်ကူပစ္စည်းများဆိုသည်မှာ ကလေးများ သင်ယူမှု လွယ်ကူချောမွေ့စေရန် ဆရာတစ်ဦး အသုံးပြုသော ရုပ်ဝတ္ထုပစ္စည်းအားလုံးကို ဆိုလိုသည်။ သင်ထောက်ကူပစ္စည်းများတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ သင်ပုန်းကြီးမှ အစပြု၍ ဆရာ ကိုယ်တိုင် ဖန်တီးထားသော လက်ဖြစ် သင်ကြားမှု အထောက်အကူပစ္စည်းများ အားလုံး ပါဝင်သည်။ ဥပမာအားဖြင့် ပိုစတာများ၊ မူလရင်းမြစ် ရုပ်ဝတ္ထုပစ္စည်းများ၊ လက်တွေ့စမ်းသပ်ရန် ပစ္စည်းကိရိယာများ၊ ဒစ်ဂျစ်တယ် နည်းပညာသုံး သင်ယူမှုဆိုင်ရာ ရင်းမြစ်များဖြစ်သည့် ပါဝါပွိုင့် (PowerPoint) တင်ပြမှုများ၊ အွန်လိုင်းဗီဒီယိုများ (သို့မဟုတ်) ဝက်ဘ်ဆိုက်ဒ်များ စသည်တို့ ပါဝင်သည်။
- လူမှုရေးဘာသာအတန်းများတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းက ဆရာအား သင်ရိုးပါ အကြောင်းအရာများကို တင်ပြနိုင်ခွင့် ပေးသွားမည်ဖြစ်ရာ ကျောင်းသားများ အနေဖြင့် မည်သည့်နည်းဖြင့် သင်ယူနေသည်ဖြစ်စေ သင်ကြားနေသည့် သဘောတရားများတွင် စိတ်ပါဝင်စားစွာ ပါဝင်လာမည် ဖြစ်သည်။
- သင်ယူမှုဆိုင်ရာ ရင်းမြစ်များကို ကျောင်းတိုင်း၊ ဆရာတိုင်းက တူညီစွာ လက်လှမ်းမီ အသုံးမပြုနိုင်သော်လည်း ရင်းမြစ်ရှားပါးသော ပတ်ဝန်းကျင်တွင် စာသင်ကြားရခြင်းက လူမှုရေးအတန်း၌ သင်ထောက်ကူပစ္စည်းများ ထည့်သွင်းအသုံးပြုရန်အတွက် အဟန့်အတားသဖွယ် မဖြစ်သင့်ပေ။ ကျောင်းသားများ၏ သင်ယူမှုကို မြှင့်တင်ရန် အနည်းငယ်မျှ ကြိုတင် ပြင်ဆင်ထားရုံမျှနှင့်ပင် ရိုးရှင်းလွယ်ကူသော သင်ထောက်ကူများကို ဖန်တီးနိုင်သည်။
- နည်းပညာက လူမှုရေးဘာသာ သင်ကြားသည့် နည်းလမ်းများကို များစွာ အပြောင်းအလဲ ဖြစ်စေခဲ့သည်။ စမတ်ဖုန်း၊ ကွန်ပျူတာ၊ အင်တာနက် ချိတ်ဆက်မှု (သို့မဟုတ်) ပရိုဂျက်တာတို့အား လက်လှမ်းမီရရှိနိုင်ပါက လူမှုရေးဘာသာ သင်ခန်းစာကို မြှင့်တင်ပေးရန် အသုံးပြုနိုင်သော ရင်းမြစ်များမှာ များစွာပင် ရှိသည်။ ဥပမာအားဖြင့် နည်းပညာ အထောက်အကူပြု သင်ထောက်ကူ ပစ္စည်းများတွင် ကွန်ပျူတာ နည်းပညာသုံး ရင်းမြစ်များ၊ ရုပ်ပုံများ၊ အွန်လိုင်းရင်းမြစ်များ၊ အင်တာနက် ဝက်ဘ်ဆိုက်ဒ်များ မှတစ်ဆင့် ခရီးသွား လေ့လာခြင်းနှင့် ကြိုတင်ဒီဇိုင်း ရေးဆွဲထားသော သင်ပြမှုပုံစံများ ဖြစ်ကြသည်။
- ရုပ်ရွာရင်းမြစ်များဆိုသည်မှာ လူမှုရေးဘာသာ အကြောင်းအရာများ ပိုမိုနက်နဲပြီး သင်ယူသူ ကလေးများ၏ သိမှုနှင့် စိတ်ဝင်စားမှု နယ်ပယ်ကိုလည်း ပိုမိုကျယ်ဝန်းစေကာ လူမှုရေးဘာသာ သင်ကြားသင်ယူလိုစိတ်ကို အားဖြည့်ပေးနိုင်သည့် လူပုဂ္ဂိုလ်များ၊

နေရာဒေသများနှင့် အဖွဲ့အစည်းများ ဖြစ်ကြသည်။ မိမိတို့ ရပ်ရွာအဖွဲ့အစည်းတွင်းရှိ ဒေသန္တရ ရင်းမြစ်များသည် လူသားရင်းမြစ်များ ဖြစ်နိုင်သလို လူသားမဟုတ်သော ရင်းမြစ်များလည်း ဖြစ်နိုင်သည်။ လူသားမဟုတ်သော ရင်းမြစ်များတွင် ရှေးဟောင်းသုတေသနဆိုင်ရာ အပျက်အစီးများ၊ ရှေးဟောင်း အဆောက်အအုံများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရေကန်၊ သစ်ပင်ကြီးများရှိသည့် မြက်ခင်းပြင်များ ကဲ့သို့သော ပထဝီဝင်ဆိုင်ရာ ထင်ရှားသည့် နေရာဒေသများနှင့် သမိုင်းဝင်ထင်ရှားသည့် နေရာဒေသများ ပါဝင်ကြသည်။ လူသားရင်းမြစ်များမှာ စာသင်ခန်းတွင်း သင်ယူမှု အတွေ့အကြုံကောင်းများ ရရှိအောင် စွမ်းဆောင်ရာတွင် အဓိကကျသည်ဟု ဆိုနိုင်သော အသိပညာ၊ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံကောင်းများနှင့် ပြည့်စုံသော ဒေသတွင်းရှိ ရပ်ရွာလူထုများပင် ဖြစ်ကြသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

အောက်ပါဖော်ပြချက်ကို ရည်ညွှန်းကိုးကား၍ စာလုံးရေ (၃၀၀) ခန့်ဖြင့် ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်ခုကို ရေးပါ –

*"သင်ထောက်ကူပစ္စည်းများသည် လူမှုရေးဘာသာ စာသင်ခန်းများတွင် အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည်။"*

သင်တို့၏ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တွင် –

- သင်ထောက်ကူပစ္စည်းများ၏ အကျိုးကျေးဇူးများ
- ရင်းမြစ်နည်းပါးသော စာသင်ခန်းများတွင် မည်သို့ ဖြည့်ဆည်းဆောင်ရွက်နိုင်ကြောင်း
- လူမှုရေးဘာသာ သင်ကြားရေး နည်းလမ်းများကို နည်းပညာက မည်သို့ အပြောင်းအလဲ ဖြစ်စေခဲ့ကြောင်း
- လူမှုရေးဘာသာ အတန်းများတွင် ဒေသန္တရ ရင်းမြစ်များအား ပေါင်းစပ်အသုံးပြုခြင်း

အစရှိသည်တို့ကို အဓိကဆိုလိုရင်းများအဖြစ် ထည့်သွင်းဖော်ပြသင့်သည်။

## ဆက်လက်ဖတ်မှတ်စရာများ

**၅.၁။**

Education Services Australia Ltd. (2013). *Selecting a fieldwork site: Years 5 and 6. Geogspace for teachers and secondary students.* Australian Geography Teachers Association.

State Library of Victoria. (2008). *Source analysis templates.* http://ergo.slv.vic.gov.au/teachers/student-templates-source-analysis

Tuimur, H., & Chemwei, B. (2015). Availability and use of instructional materials in the teaching of conflict and conflict resolution in primary schools in Nandi North District, Kenya. *International Journal of Education and Practice, 3*(6), 224–234. https://doi.org/10.18488/journal.61.6.224.234/.2015.3.6/61

အခန်း
၆

# ပထဝီဝင် (အပိုင်း ၂)

ဤအခန်းတွင် သင်သည် ဒေသန္တရ ပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်တို့ရှိ ပထဝီဝင်ဆိုင်ရာ အခန်းများကို ဆက်လက် စူးစမ်းလေ့လာကြရမည်။ ထို့ပြင် သင်တို့သည် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းဟူသော အမျိုးအစားခွဲမှုအောက်တွင် ရှိနေသည့် နိုင်ငံများအား ဖြစ်ရပ်လေ့လာခြင်းဖြင့် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းတို့ကို စစ်ဆေးလေ့လာကြရမည်။ မြေပုံများနှင့် မိုးလေဝသကားချပ်များ အသုံးပြုသည့် ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း စူးစမ်းလေ့လာကြရမည်။ ထို့နောက် သင်တို့သည် မူလတန်းအောက်ဆင့် အတန်းများအတွက် ရည်ရွယ်ထားသော သင်ပြမှုပုံစံအတွဲများကို ဖန်တီးတင်ပြတတ်ရန် လူမှုရေးဘာသာ သင်ကြား၊သင်ယူခြင်းနှင့် စပ်လျဉ်း၍ နားလည်သဘောပေါက်ထားသော အချက်များကို လက်တွေ့ အသုံးချသွားရမည် ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် –

- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ပညာရေး စသည့် ကဏ္ဍများပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။
- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံ ဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းများကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွှယ်မှုတို့ကို စစ်ဆေးလေ့လာတတ်မည်။
- ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။

- ကမ္ဘာ့တောင်ပိုင်း နိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုများကို စစ်ဆေးလေ့လာတတ်မည်။
- ဒေသန္တရ ပထဝီဝင် သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်း အောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံ တစ်ခုကို စီစဉ်ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲရာတွင် အတန်းဖော်များအား အပြုသဘော ဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။
- တိုက်ကြီးများကို သတ်မှတ်ဖော်ထုတ်ရန် မြေပုံ၊ ကမ္ဘာလုံး (သို့မဟုတ်) မြေပုံ စာအုပ်တို့ကို အသုံးပြုတတ်မည်။
- လတ္တီကျူကို ကိုးကား၍ ကမ္ဘာပေါ်ရှိ အဓိက ဥတုရာသီ ရပ်ဝန်းဒေသများကို အမျိုးအစား ခွဲခြားတတ်မည်။
- တိုက်ကြီးအမျိုးမျိုးနှင့် ၎င်းတို့၏ အဓိက အင်္ဂါရပ်များကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ တည်နေရာကို ရှာဖွေပြီး အမျိုးအစားခွဲခြားရန် မြေပုံကို အသုံးပြုတတ်မည်။
- ပညာရေးဒီဂရီကောလိပ် (သို့မဟုတ်) ဒေသဆိုင်ရာ နယ်မြေတစ်ခု၏ မြေပုံကို အခြေခံ မြေပုံဆွဲနည်း အသုံးပြု၍ ရေးဆွဲတတ်မည်။
- ဥတုရာသီနှင့် မိုးလေဝသ အကြားရှိ ဆက်နွယ်မှုကို အကဲဖြတ်သုံးသပ်တတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ မိုးလေဝသပုံစံများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဆန်းစစ်လေ့လာတတ်မည်။
- မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်းနှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရန် အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချတတ်မည်။

- လူသားတို့၏ ဘဝရှင်သန်မှုတွင် ဥတုရာသီ၏ အကျိုးသက်ရောက်ပုံနှင့် ဥတုရာသီအပေါ် လူသားတို့၏ ဘဝရှင်သန်မှုများက အကျိုးသက်ရောက်ပုံတို့ကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ရာသီဥတု ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို လေးနက်စွာ ပြန်လည် သုံးသပ်တတ်မည်။
- လက်တွေ့ပထဝီဝင်သင်ခန်းစာခေါင်းစဉ်တစ်ခုကိုရွေးချယ်၍မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံတစ်ခု ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အတန်းဖော်များအား အပြုသဘော ဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဃ) (၁.၁) မိမိ၏လက်တွေ့ သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

## အဓိကအသုံးအနှုန်းများ

ရာသီဥတု (climate)၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အုပ်ချုပ်သည့် သမ္မတနိုင်ငံ (Constitutional Republic)၊ စားသုံးသူဈေးကွက် (consumer market)၊ ဖွံ့ဖြိုးဆဲ ဈေးကွက်စီးပွားရေး (developing market economy)၊ ကဏ္ဍစုံ စီးပွားရေး (diversified economy)၊ အီကွေတာ (Equator)၊ ဥရောပသမဂ္ဂ (European Union)၊ ယူရိုဇုန် (Eurozone)၊ ပြည်ပပို့ကုန်များ (exports)၊ စကေးချဲ့ မြေပုံများ (large-scale maps)၊ လတ္တီကျု (Latitude)၊ လောင်ဂျီကျု (Longitude)၊ ဝင်ရိုးစွန်းဇုန် (Polar Zone)၊ နိုင်ငံရေး မြေပုံများ (political maps)၊ ဂရင်းနစ်မျဉ်း (သုညဒီဂရီလောင်ဂျီကျု/စံတော်ချိန်မျဉ်း) (Prime Meridian)၊ မြေမျက်နှာပြင်အနေအထားပြ ရုပ်ကြွမြေပုံများ (relief maps)၊ စကေးချုံ့ မြေပုံများ (small-scale maps)၊ သမပိုင်းဇုန် (Temperate Zone)၊ အကြောင်းအရာပြ မြေပုံများ (thematic maps)၊ မြေမျက်နှာသွင်ပြင်ပြ မြေပုံများ (topographic maps)၊ အပူပိုင်းဇုန် (Tropical Zone)၊ လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (universal healthcare)၊ မိုးလေဝသ အခြေအနေ (weather)။

# ၆.၁။ ဒေသန္တရ ပထဝီဝင်

ဤအခန်းငယ်တွင် သင်တို့သည် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းဟူသော အမျိုးအစားခွဲမှုအောက်တွင် ရှိနေသည့် နိုင်ငံများအား ဖြစ်ရပ်လေ့လာခြင်းဖြင့် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းတို့ကို စစ်ဆေးလေ့လာကြရမည်။ ထို့နောက် သင်တို့သည် မူလတန်းအောက်ဆင့် ဒေသန္တရ ပထဝီဝင် သင်ပြမှုပုံစံ တစ်ခုကို ဖန်တီးတင်ပြရန် လူမှုရေးဘာသာ သင်ကြားသင်ယူခြင်းနှင့် စပ်လျဉ်း၍ နားလည်သဘောပေါက်ထားသော အချက်များကို လက်တွေ့အသုံးချနိုင်မည် ဖြစ်သည်။

## ၆.၁.၁။ ကမ္ဘာ့မြောက်ပိုင်း (ပြင်သစ်နိုင်ငံ)

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –

- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။
- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံ ဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့တောင်ပိုင်း နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်း များကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွှယ်မှုတို့ကို စစ်ဆေးလေ့လာ တတ်မည်။

## ကမ္ဘာ့မြောက်ပိုင်း

သင်တို့သည် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းတို့အကြား အမျိုးအစား ခွဲခြားမှုနှင့် ပါဝင်သည့် နိုင်ငံများအား အုပ်စုခွဲခြားခြင်းနှင့်ပတ်သက်၍ ပထမ စာသင်နှစ်ဝက်တွင် လေ့လာသင်ယူခဲ့ပြီး ဖြစ်သည်။ ကမ္ဘာ့မြောက်ပိုင်းအဖြစ် အမျိုးအစား ခွဲခြားထားသော နိုင်ငံအများစုမှာ အီကွေတာ၏ မြောက်ဘက်တွင် ရှိသော်လည်း ကမ္ဘာ့မြောက်ပိုင်း ဆိုသည်မှာ ပထဝီဝင်ဆိုင်ရာ ဖော်ပြချက်များအရ အမျိုးအစား ခွဲခြားထားခြင်း မဟုတ်ကြောင်း လေ့လာသင်ယူခဲ့ပြီး ဖြစ်သည်။

ကမ္ဘာ့မြောက်ပိုင်း အဖွဲ့ဝင်အဖြစ် အမျိုးအစား ခွဲခြားထားသော နိုင်ငံများသည် ပို၍ ချမ်းသာ ကြွယ်ဝကြပြီး မညီမျှမှု နည်းကာ လူသား ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (HDI) တန်ဖိုး မြင့်မားကြသည်။ ပြည်ပပို့ကုန်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှု အခြေပြု စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြပြီး ဒီမိုကရေစီ နိုင်ငံရေး စနစ်ကို လက်ခံကျင့်သုံးကြသည်။ ဩစတြေးလျ၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အစ္စရေး၊ ဂျပန်၊ နယူးဇီလန်၊ စင်္ကာပူ၊ ဆွီဒင်၊ တောင်ကိုးရီးယား၊ ဗြိတိန် နှင့် အမေရိကန်ပြည်ထောင်စု အစရှိသည့် နိုင်ငံများသည် ကမ္ဘာ့မြောက်ပိုင်း အဖွဲ့ဝင် နိုင်ငံများ ဖြစ်ကြသည်။

ကမ္ဘာ့မြောက်ပိုင်းတွင် ပါဝင်သော နိုင်ငံများသည် ကမ္ဘာ့တောင်ပိုင်း နိုင်ငံများထက် သက်ကြီးဦးရေ ပိုနည်းကြသည်။ ၎င်းနိုင်ငံများတွင် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ လေးပုံတစ်ပုံခန့်သာ ရှိသော်လည်း ကမ္ဘာ့ဝင်ငွေနှင့် ချမ်းသာကြွယ်ဝမှု၏ ငါးပုံလေးပုံခန့်ကို ထိန်းချုပ်ပိုင်ဆိုင်ထားကြသည်။[၁၅]

၁၅ Royal Geographical Society. (n.d).

## ကမ္ဘာ့မြောက်ပိုင်းနိုင်ငံလေ့လာချက် (ပြင်သစ်နိုင်ငံ)

### တည်နေရာနှင့် မြို့တော်

ပြင်သစ်နိုင်ငံသည် ဥရောပတိုက် အနောက်ပိုင်းတွင် တည်ရှိသည်။ ၎င်းသည် –

- မြောက်ဘက်တွင် မြောက်ပင်လယ်
- အနောက်မြောက်ဘက်တွင် အင်္ဂလိပ်ရေလက်ကြား
- အနောက်ဘက်တွင် အတ္တလန်တိတ် သမုဒ္ဒရာနှင့်
- အရှေ့တောင်ဘက်တွင် မြေထဲပင်လယ်တို့နှင့် နယ်နိမိတ် ထိစပ်နေသည်။

ကုန်းတွင်းဘက်တွင် ဘယ်လဂျီယမ်၊ လူဇင်ဘတ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ အီတလီ၊ မိုနာကိုနှင့် စပိန်နိုင်ငံတို့နှင့် နယ်မြေချင်း ထိစပ်နေသည်။

မြို့တော်မှာ ပဲရစ်မြို့ဖြစ်သည် (ပုံ ၆.၁)။




**ပုံ ၆.၁။ ပြင်သစ်နိုင်ငံမြေပုံ**[၁၆]

---

၁၆ https://mapswire.com/countries/france/ Image courtesy of Mapswire, licensed under Creative Commons Attribution 4.0 International. View license, https://creativecommons.org/licenses/by-sa/4.0/

## ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များ

ပြင်သစ်နိုင်ငံ၏ စုစုပေါင်း ဧရိယာမှာ စတုရန်းကီလိုမီတာ ၅၅၁,၅၀၀ ကျယ်ဝန်းပြီး ဥရောပသမဂ္ဂ နိုင်ငံများတွင် အကြီးဆုံး နိုင်ငံဖြစ်သည်။ ၎င်း၏ အရွယ်အစားအရ အမျိုးအစား များပြားလှသော ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များကို ပိုင်ဆိုင်ထားသည်။ ဥပမာ –

- မြောက်ဘက်နှင့် အနောက်ဘက်ပိုင်းတွင် ကမ်းရိုးတန်းလွင်ပြင်ဒေသများ
- အရှေ့တောင်ဘက်ပိုင်းတွင် အဲလ်ပ်စ်တောင်တန်းဒေသများ
- တောင်ဘက်အလယ်ပိုင်းတွင် ဗဟိုကုန်းပြင်မြင့်ဒေသနှင့်
- အနောက်တောင်ပိုင်းတွင် ပီးရနီးစ်တောင်တန်းဒေသတို့ ရှိကြသည်။

ပြင်သစ်အဲလ်ပ်စ်တောင်တန်းများတွင် ဘလေ့(င) တောင်တန်းသည် အမြင့် ၄၈၁၀.၄၅ မီတာ ရှိပြီး ဥရောပတိုက်အနောက်ပိုင်းတွင် အမြင့်ဆုံးတောင်တန်းဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် အဓိကမြစ်ကြီး လေးစင်းဖြစ်သော ဆိန်းမြစ်၊ လွိုင်းရီမြစ်၊ ဂရုန်းမြစ်နှင့် ရိုင်းမြစ်တို့ဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော မြစ်ဝှမ်းလွင်ပြင် တစ်ခု ရှိသည်။

| | | |
|---|---|---|
| **ဘာသာစကား** | – | ပြင်သစ် |
| **အုပ်ချုပ်မှုစနစ်** | – | ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အုပ်ချုပ်သည့် သမ္မတနိုင်ငံ (ဒီမိုကရေစီနိုင်ငံ) |
| **လူဦးရေ** | – | ၆၇ သန်း |
| **ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုအရ တစ်ဦးချင်းဝင်ငွေ** | – | အမေရိကန်ဒေါ်လာ – ၄၅,၄၅၄ |
| **လူသားဖွံ့ဖြိုး တိုးတက်မှု အညွှန်းကိန်း** | – | ၀.၉၀၁ (အလွန်မြင့်မား) |

## စီးပွားရေး

စက်မှုထိပ်သီးနိုင်ငံ (၇) နိုင်ငံတွင် ပြင်သစ်သည် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အသားတင် ကုန်ထုတ်လုပ်မှုအရ ကမ္ဘာ့ ဆဋ္ဌမမြောက် စီးပွားရေးအင်အား အကြီးမားဆုံး နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ၎င်းသည် ယူရိုဇုန်၏ အစိတ်အပိုင်း (ဥရောပ ဘုံဈေး အဖွဲ့ဝင်) နိုင်ငံလည်း ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် အဓိက အခန်းကဏ္ဍကြီး သုံးခုဖြင့် ဖွဲ့စည်းထားသော **ကဏ္ဍစုံ စီးပွားရေးစနစ်**တစ်ခု ရှိသည်။

- အကြီးဆုံးကဏ္ဍမှာ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများ ပါဝင်သော ဝန်ဆောင်မှုကဏ္ဍ ဖြစ်သည်။ ၎င်းက အသားတင် ကုန်ထုတ်လုပ်မှု၏ ၇၈ ရာခိုင်နှုန်းကို ရယူပေးသည်။ ပြင်သစ်နိုင်ငံသည် ကမ္ဘာလှည့် ခရီးသည်များအတွက် ရေပန်းအစားဆုံး ခြေချရာခရီး တစ်ခုဖြစ်ရာ နှစ်စဉ် ၈၉.၃ သန်းထက် မနည်းသော လူများ လာရောက်လည်ပတ်ကြသဖြင့် ခရီးသွားလုပ်ငန်းသည်လည်း နိုင်ငံ၏ အသားတင် ကုန်ထုတ်လုပ်မှု၌ များစွာ အကျိုးပြုပါဝင်နေသည်။
- အဝတ်အထည်များ၊ လက်ဆွဲအိတ်များ၊ ရှူးဖိနပ်များ၊ အလှပြင်ပစ္စည်းများနှင့် ရေမွှေး၊ မိတ်ကပ် အစရှိသည့် အလှကုန်နှင့် ဇိမ်ခံပစ္စည်းများ ထုတ်လုပ်ပေးသော စက်မှုနှင့် ကုန်ထုတ်လုပ်ငန်း ကဏ္ဍများမှ ပြင်သစ်နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်း နီးပါးကို ရယူပေးသည်။
- စိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းတို့ ပါဝင်သော အခြေခံကဏ္ဍမှာ ပြင်သစ်နိုင်ငံအတွက် ၂ ရာခိုင်နှုန်းအောက်ရှိသော အသားတင် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်ပေးသည်။

ပြင်သစ်နိုင်ငံ၏ ထင်ရှားသော **ပြည်ပပို့ကုန်**များမှာ လေယာဉ်၊ မော်တော်ကားများ၊ ထုတ်ပိုးထားသော ဆေးဝါးပစ္စည်းများ၊ ကုန်လမ်းသွားယာဉ် အစိတ်အပိုင်းများနှင့် ဓာတ်ငွေ့တာဗိုင်များ ဖြစ်ကြသည်။ ပြင်သစ်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ ဂျာမနီ၊ အမေရိကန် ပြည်ထောင်စု၊ အီတလီ၊ ဘယ်လ်ဂျီယမ်၊ လူဇင်ဘတ်၊ စပိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဖြစ်ကြသည်။[၁၇]

---

၁၇ Observatory of Economic Complexity. (2018).

## ကျန်းမာရေးစောင့်ရှောက်မှု

ပြင်သစ်နိုင်ငံတွင် နိုင်ငံတော်အစိုးရမှ အဓိက ငွေကြေးစိုက်ထုတ်ထားသည့် **လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု** စနစ်ရှိသည်။ ဆိုလိုသည်မှာ နာတာရှည်ရောဂါ အခြေအနေများရှိသည့် ပြင်သစ်နိုင်ငံသားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုသည် အခမဲ့ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှု ပမာဏ၏ ၁၁.၆ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ၎င်းမှာ ဥရောပတိုက်ရှိ အခြားနိုင်ငံများ၏ ပျမ်းမျှသုံးစွဲမှု ပမာဏထက် များစွာ မြင့်မားသော ကိန်းဂဏန်းဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် အခြေချ နေထိုင်သူဦးရေ ၁၀၀၀ ရှိတိုင်း ဆရာဝန် သမားတော် ၃.၂၂ ဦးနှုန်း ရရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ တွင်ကျယ်၍ အလွယ်တကူ လက်လှမ်းမီနိုင်သည်။ ပျမ်းမျှ သက်တမ်းမှာ အမျိုးသားများအတွက် (၇၈) နှစ်ဖြစ်၍ အမျိုးသမီးများအတွက် (၈၅) နှစ် ဖြစ်သည်။

## ပညာရေး

ပြင်သစ်နိုင်ငံရှိ မူလတန်းနှင့် အလယ်တန်း ပညာရေးမှာ အဓိကအားဖြင့် အစိုးရပညာရေး ဖြစ်ပြီး အသက် (၆) နှစ်မှ (၁၆) နှစ်အထိ မသင်မနေရဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်းမှာ ၉၉ ရာခိုင်နှုန်းရှိပြီး စုစုပေါင်း လူဦးရေ၏ ၃၂ ရာခိုင်နှုန်းမှာ တက္ကသိုလ်ပညာရေးဘွဲ့ဒီဂရီများ ရရှိပိုင်ဆိုင်ထားပြီး ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၁)။ နိုင်ငံတစ်နိုင်ငံ၏ အချက်အလက်မှတ်တမ်း ပြုစုခြင်း – ပြင်သစ်နိုင်ငံ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကမ္ဘာ့မြောက်ပိုင်း နိုင်ငံတစ်နိုင်ငံ ဖြစ်သော ပြင်သစ်နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အုပ်ချုပ်ပုံ၊ စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက် မှတ်တမ်းတစ်ခုကို ပြုစုရန် ဖြစ်သည်။

၁။ အုပ်စုငယ်များဖွဲ့၍ သင်ခန်းစာ (၆.၁.၁) တွင် ဖော်ပြထားသော ပြင်သစ်နိုင်ငံနှင့် ပတ်သက်သည့် အချက်အလက်များကို ဖတ်ရှုပြီး ဇယား (၆.၁) တွင် အဆိုပါ အချက်အလက်များအား ဖြည့်စွက်ပါ။

၂။ ပြင်သစ်နိုင်ငံနှင့် ပတ်သက်သည့် ထပ်ဆောင်းအချက်အလက်များကို အွန်လိုင်းမှ ရှာဖွေ၍ ဇယား (၆.၁) ရှိသင့်လျော်သည့် ဇယားတန်းတွင် မှတ်တမ်းတင် ရေးသွင်းပါ။
၃။ ဇယားရှိ နောက်ဆုံး ဇယားတန်းသည် ထပ်ဆောင်းအချက်အလက်များအတွက် ရည်ရွယ်ထားသည်ကို သတိပြုပါ။ သင့်အနေဖြင့် အခြားသော ကဏ္ဍများတွင် ထည့်သွင်းရန် မဆီလျော်သည့် လေ့လာချက်မှ ထပ်ဆောင်း သတင်းအချက်အလက်များ ရှိပါက အဆိုပါ ဇယားတန်းကို အသုံးပြုနိုင်သည်။
၄။ ဤအဆင့်တွင် ဒုတိယဇယားတိုင်အား ကွက်လပ် ချန်ထားပါ။

**ဇယား ၆.၁။ ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ လေ့လာချက်နှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံ လေ့လာချက်**

| အင်္ဂါရပ်များ | ပြင်သစ်နိုင်ငံ | အိန္ဒိယနိုင်ငံ |
|---|---|---|
| တည်နေရာနှင့် မြို့တော် | | |
| ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များ | | |
| ဘာသာစကား | | |
| အုပ်ချုပ်ပုံစနစ် | | |
| လူဦးရေ | | |
| ပြည်တွင်း အသားတင် ထုတ်လုပ်မှုအရ တစ်ဦးချင်း ဝင်ငွေ | | |
| လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း | | |
| စီးပွားရေး | | |
| ကျန်းမာရေး စောင့်ရှောက်မှု | | |
| ပညာရေး | | |
| ထပ်ဆောင်းအချက်အလက်များ | | |

## သင်ယူမှုလုပ်ငန်း (၂)။ အချက်အလက်များ ဆန်းစစ်လေ့လာခြင်း – လူဦးရေ ပိရမစ် နှိုင်းယှဉ်ချက်


ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ လူဦးရေ အချက်အလက်မှတ်တမ်းနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ လူဦးရေ အချက်အလက်မှတ်တမ်းတို့ကို နှိုင်းယှဉ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုများကို စစ်ဆေးလေ့လာရန် ဖြစ်သည်။

၁။ ပထမစာသင်နှစ်ဝက်မှ လူဦးရေ ပိရမစ်များနှင့် ပတ်သက်၍ သင်လေ့လာသင်ယူခဲ့ပြီးသော အရာများကို စဉ်းစားပါ။

၂။ ပုံ (၆.၂) တွင် ဖော်ပြထားသော ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ ပိရမစ်နှစ်ခုကို နှိုင်းယှဉ်ပါ။

၃။ ဇယား (၆.၂) မှ မေးခွန်းများကို အောက်ပါအချက်များကို နှိုင်းယှဉ်၍ ဖြေဆိုပါ။

- လူဦးရေ ပိရမစ်များတွင် သုံးသပ်ဖော်ပြထားသော အချက်အလက်များ
- အွန်လိုင်းမှ ရှာဖွေရယူထားသော ထပ်ဆောင်းအချက်အလက်များ




ပုံ ၆.၂။ လူဦးရေ ပိရမစ်နှိုင်းယှဉ်ခြင်း – ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံ[၁၈]

၁၈ UN Department of Economic and Social Affairs. (2019a).

ဇယား ၆.၂။ လူဦးရေ ပိရမစ်နှိုင်းယှဉ်ချက်

| မေးခွန်း | မြန်မာနိုင်ငံ | ပြင်သစ်နိုင်ငံ |
|---|---|---|
| စုစုပေါင်း လူဦးရေ မည်မျှရှိသနည်း။ | | |
| လူဦးရေ ကျဆင်းနေသလား (သို့မဟုတ်) တိုးပွားလာသလား။ | | |
| မည်သည့်နိုင်ငံက သက်ကြီးရွယ်အိုများ ပိုများပြီး မည်သည့်နိုင်ငံက လူငယ်လူရွယ်များ ပိုများသနည်း။ ဤကွဲပြားချက်များ၏ ဆက်နွယ်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။ | | |
| မည်သည့် နိုင်ငံက အလုပ်လုပ်နိုင်သည့် လူဦးရေ ပိုများသနည်း။ ဤကွဲပြားမှုများ၏ ဆက်နွှယ်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။ | | |
| ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ မည်သို့ တူညီကြသနည်း။ မည်သို့ ကွဲပြားကြသနည်း။ | | |

# ၆.၁.၂။ ကမ္ဘာ့တောင်ပိုင်း (အိန္ဒိယနိုင်ငံ)

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။
- ကမ္ဘာ့တောင်ပိုင်းနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွှယ်မှုများကို စစ်ဆေးလေ့လာတတ်မည်။

## ကမ္ဘာ့တောင်ပိုင်း

ကမ္ဘာ့တောင်ပိုင်းဆိုသည်မှာ ဝင်ငွေနည်းသော (သို့မဟုတ်) ဝင်ငွေပေါ်ထွန်းစ စီးပွားရေးလုပ်ငန်းများရှိသော နိုင်ငံများနှင့် လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း နည်းသော နိုင်ငံများကို ဆိုလိုကြောင်း ပထမစာသင်နှစ်ဝက်တွင် သင့်အနေဖြင့် သင်ယူလေ့လာခဲ့ပြီး ဖြစ်သည်။ ကမ္ဘာ့တောင်ပိုင်း နိုင်ငံများသည် ကမ္ဘာ့အပူပိုင်းဒေသများ (သို့မဟုတ်) ကမ္ဘာ့တောင်ခြမ်းတွင် အများအားဖြင့် တည်ရှိကြပြီး များသောအားဖြင့် ကိုလိုနီလက်အောက်ခံဘဝ ရောက်ရှိခဲ့သည့် သမိုင်းရှိကြသော နိုင်ငံများ ဖြစ်ကြသည်။ ကမ္ဘာ့တောင်ပိုင်းနိုင်ငံများသည် လူငယ်လူဦးရေများပြားကြပြီး လူဦးရေတိုးနှုန်း မြင့်မားကာ ကာယလုပ်သား အများအပြား လိုအပ်သည့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုများကို အားကိုးအားထား ပြုကြရသည့် စီးပွားရေးလုပ်ငန်းများ ရှိကြသည်။

အာဖဂန်နစ္စတန်၊ ဘရာဇီး၊ ချီလီ၊ တရုတ်၊ အီဂျစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကင်ညာ၊ နိုင်ဂျီးရီးယား၊ မိုဇန်ဘတ်၊ မက္ကစီကို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအို အစရှိသည့် နိုင်ငံများအားလုံးသည် ကမ္ဘာ့တောင်ပိုင်း အမျိုးအစားဝင် နိုင်ငံများ ဖြစ်ကြသည်။

### ကမ္ဘာ့တောင်ပိုင်းနိုင်ငံလေ့လာချက် (အိန္ဒိယနိုင်ငံ)

### တည်နေရာနှင့်မြို့တော်

အိန္ဒိယနိုင်ငံသည် အာရှတိုက်တောင်ပိုင်းတွင် တည်ရှိသည်။ ၎င်းအား –

- မြောက်ဘက်တွင် ဟိမဝန္တာတောင်တန်းဒေသ
- အနောက်ဘက်တွင် အာရေးဗီးယန်းပင်လယ်
- အရှေ့ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့်
- တောင်ဘက်တွင် အိန္ဒိယ သမုဒ္ဒရာတို့က နယ်နိမိတ်အဖြစ် အနားသတ်ထားကြသည်။

ကုန်းတွင်းဘက်တွင် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ပါကစ္စတန်၊ နီပေါ၊ မြန်မာနှင့် ဘူတန်နိုင်ငံတို့နှင့် နယ်နိမိတ် ထိစပ်နေသည်။

၎င်း၏ မြို့တော်မှာ နယူးဒေလီဖြစ်သည် (ပုံ ၆.၃)။




**ပုံ ၆.၃။ အိန္ဒိယနိုင်ငံ မြေပုံ[၁၉]**

## ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များ

အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ကုန်းမြေဧရိယာမှာ ၃,၂၈၆,၉၂၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး အာရှတိုက်တွင် တရုတ်နိုင်ငံပြီးလျှင် ဒုတိယ အကြီးဆုံး နိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံသည် အမျိုးအစား များပြားလှသော ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များကို ပိုင်ဆိုင်ထားသည်။ ဥပမာ –

- မြောက်ဘက်ပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အထက် ပျှမ်းမျှအမြင့် ၆,၀၀၀ မီတာအထိ မြင့်မားသော ဟိမဝန္တာတောင်တန်းဒေသ
- အဓိက မြစ်ကြီးသုံးသွယ်ဖြစ်သော အိန္ဒု၊ ဂင်္ဂါနှင့် ဗြဟ္မပုတ္တရ မြစ်ကြီးများ စုပေါင်းစီးဆင်းရာမှ ဖြစ်ပေါ်လာသော ဟိမဝန္တာတောင်တန်း တောင်ခြေတစ်လျှောက်ရှိ မြောက်ပိုင်းမြစ်ဝှမ်း လွင်ပြင်ဒေသ

၁၉ https://mapswire.com/countries/india/ Image courtesy of Mapswire, licensed under Creative Commons Attribution 4.0 International. View license, https://creativecommons.org/licenses/by-sa/4.0/

- နိုင်ငံအလယ်ဗဟိုတွင် ဗဟိုကုန်းမြင့်များနှင့် ဒက်ခန်ကုန်းပြင်မြင့်တို့ ပါဝင်သော တောင်ပိုင်းကျွန်းဆွယ်ဒေသ
- ခန်ကန်ကမ်းရိုးတန်း၊ ခန်နာဒါလွင်ပြင်နှင့် မာလာဘာ ကမ်းရိုးတန်းတို့ ပါဝင်သော အနောက်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ်းရိုးတန်းလွင်ပြင်ဒေသ
- နှစ်စဉ်မိုးရေချိန် (၁၅၀) မီလီမီတာအောက် ရွာသွန်းသော ရာဂျစ်စတန်နှင့် ဂူဂျာရတ်ပြည်နယ်များ လွှမ်းခြုံပါဝင်သည့် နိုင်ငံ၏ အနောက်မြောက်ပိုင်း မိုးခေါင်ပြီး သဲထူသော အိန္ဒိယသဲကန္တာရဒေသ
- မာလာဘာကမ်းရိုးတန်း ကမ်းလွန်ဒေသရှိ သန္တာကျွန်း အစုအဝေးတစ်ခု ဖြစ်သော လာ့ခ်ရှ်ဒွီးကျွန်းစုဒေသ
- ဘင်္ဂလားပင်လယ်အော် ကမ်းလွန် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အက်ဒမန် ကျွန်းစုဒေသတို့ ဖြစ်ကြသည်။

**မြို့တော်** – နယူးဒေလီမြို့

**ဘာသာစကား** – အိန္ဒိယနိုင်ငံ၏ တရားဝင် ရုံးသုံးဘာသာစကားမှာ ဟိန္ဒူ ဘာသာစကားဖြစ်ပြီး ဒီဗာနာဂရီ အရေးအသားကို အသုံးပြုကြသည်။ အိန္ဒိယနိုင်ငံ တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပုံအရ အခြားဘာသာစကား (၂၂) မျိုးကို တရားဝင် အသိအမှတ်ပြု လက်ခံထားကြသည်။ အိန္ဒိယပြည်နယ် (သို့မဟုတ်) ပြည်ထောင်စုနယ်မြေတစ်ခုချင်းစီအနေဖြင့် အုပ်ချုပ်ရေးနှင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ဖော်ပြပါ အသိအမှတ်ပြု ဘာသာစကားများမှ ၎င်းတို့ နှစ်သက်ရာ ဘာသာစကားတစ်ခုကို ရွေးချယ်အသုံးပြုနိုင်သည်။

**အုပ်ချုပ်မှုစနစ်** – ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်အုပ်ချုပ်သည့် သမ္မတနိုင်ငံ (ဒီမိုကရေစီနိုင်ငံ)

**လူဦးရေ** – ၁.၃ ဘီလျံ (သန်း ၁၃၀၀)[၂၀]

**ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးအရ တစ်ဦးချင်းဝင်ငွေ** – အမေရိကန်ဒေါ်လာ ၆,၂၈၃[၂၁]

[၂၀] UN Department of Economic and Social Affairs. (2019b).

[၂၁] International Monetary Fund. (2021a).

**လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း** – ၀.၆၄၅[၂၂]

## စီးပွားရေး

အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို အလယ်အလတ် ဝင်ငွေရ **ဖွံ့ဖြိုးဆဲ ဈေးကွက်စီးပွားရေး** အဖြစ် အမျိုးအစားခွဲခြားနိုင်သည်။ အရွယ်အစားအရ ကမ္ဘာ့ ပဉ္စမမြောက် စီးပွားအင်အား အကြီးမားဆုံးနိုင်ငံ (အမြင်အားဖြင့် ဆုံးဖြတ်သည့် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး) ဖြစ်သည်။ သို့သော် ၎င်း၏ လူတစ်ဦးချင်း အသားတင် ကုန်ထုတ်လုပ်မှုအပေါ် မူတည်၍ ကမ္ဘာ့အဆင့် (၁၂၄) သတ်မှတ်ထားသည်။[၂၃]

လူငယ်ဦးရေ များပြားသောကြောင့် ကမ္ဘာတွင် လုပ်သားအင်အား ဒုတိယ အကြီးမားဆုံးဖြစ်ပြီး အိန္ဒိယတွင် အလုပ် လုပ်နိုင်သောအရွယ် လူဦးရေ သန်း (၅၀၀) ကျော် ရှိသည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေ များပြားမှုကြောင့် ကမ္ဘာတွင် ဆဋ္ဌမမြောက် အကြီးမားဆုံး စားသုံးသူ ဈေးကွက်လည်း ဖြစ်နေသည်။ စားသုံးသူဈေးကွက်ဆိုသည်မှာ မိမိအကျိုးအတွက် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဝယ်ယူသုံးစွဲသော လူများ၊ အိမ်ထောင်စုများကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ အိန္ဒိယနိုင်ငံသည် နိုင်ငံတွင်း နေထိုင်သူများအတွက် ကုန်စည်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို တင်သွင်းသလို ကိုယ်တိုင်လည်း ထုတ်လုပ်သည်။[၂၄]

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် အဓိက ကဏ္ဍကြီး သုံးခုအပေါ်တွင် အမှီပြု အားထားနေရသည်။

- **စိုက်ပျိုးမွေးမြူရေး** – စိုက်ပျိုးမွေးမြူရေးတွင် အိန္ဒိယနိုင်ငံရှိ လုပ်သားအင်အား တစ်ရပ်လုံး ၏ ထက်ဝက်ကျော် အသုံးပြုနေရသည့် လယ်ယာလုပ်ငန်း၊ ခတ်သတ္တု တူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် ငါးဖမ်းခြင်း စသည့် လုပ်ငန်းများ ပါဝင်သည်။ အိန္ဒိယနိုင်ငံသည် အရွယ်အစား ကြီးမား၍ အမျိုးမျိုးသော ရာသီဥတု ရပ်ဝန်းဒေသကြီးများစွာက လွှမ်းခြုံထားသောကြောင့် ပြည်တွင်းစားသုံးရန် ဈေးကွက်နှင့် အခြားနိုင်ငံများသို့ တင်ပို့ရန် အတွက်ပါ အမျိုးမျိုးသော စိုက်ပျိုးရေး ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့နို့နှင့်နို့ထွက် ပစ္စည်း၊ ဂုန်လျှော်နှင့် ပဲအမျိုးမျိုး အများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ဆန်စပါး၊

[၂၂] UN Development Program. (2020).

[၂၃] International Monetary Fund. (2021b).

[၂၄] Quickonomics. (2020, June 26).

ဂျုံ၊ ကြံ၊ ဟင်းသီးဟင်းရွက်၊ ဝါ၊ မြေပဲနှင့် သီဟိုဠ်စေ့တို့ ဒုတိယအများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။

- **စက်မှုလုပ်ငန်း** – အိန္ဒိယနိုင်ငံရှိ စုစုပေါင်း လုပ်သားအင်အား၏ လေးပုံတစ်ပုံခန့် ဝင်ရောက် လုပ်ကိုင်နေကြသော နိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍကြီးမှာ စက်မှုလုပ်ငန်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် အိမ်သုံးဆေးဝါး ထုတ်လုပ်မှု အများဆုံးဖြစ်သည်။ အိန္ဒိယနိုင်ငံသည် သံရိုင်း၊ သံမဏိ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များနှင့် စက်နှင့်စက်ပစ္စည်း၊ အားကစားပစ္စည်းများ၊ အထည်အလိပ်နှင့် ပျော့ဖတ်နှင့်စက္ကူ တို့ကိုလည်း ထုတ်လုပ်သည်။ အိန္ဒိယ၏ စိုက်ပျိုးရေး ကဏ္ဍကဲ့သို့ပင် စက်မှုကဏ္ဍက ပြည်တွင်းသုံးစွဲရန်နှင့် ပြည်ပ ဈေးကွက် တင်ပို့ရန် အတွက်ပါ နှစ်မျိုးစလုံးအတွက် တာဝန်ယူ ဖြည့်တင်းပေးသည်။
- **ဝန်ဆောင်မှုလုပ်ငန်း** – ဝန်ဆောင်မှုလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် နည်းပညာ (အိုင်တီ) ဝန်ဆောင်မှုများ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ကုန်စည် ဖြန့်ဖြူးမှု လုပ်ငန်းများ၊ မီဒီယာနှင့် ဖျော်ဖြေရေး လုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ခရီးသွားဝန်ဆောင်မှု ကဏ္ဍများ ပါဝင်သည်။ အိန္ဒိယနိုင်ငံ၏ စုစုပေါင်း အသားတင် ကုန်ထုတ်လုပ်မှု တန်ဖိုး ထက်ဝက်ကျော် ရယူ ပေးနေသည့် ဝန်ဆောင်မှု ကဏ္ဍသည် အိန္ဒိယ၏ အကြီးမားဆုံးနှင့် တိုးတက်မှု အမြန်ဆုံး ကဏ္ဍဖြစ်သည်။ စိုက်ပျိုးရေးနှင့် စက်မှု ကဏ္ဍများကဲ့သို့ပင် အိန္ဒိယ၏ ဝန်ဆောင်မှု ကဏ္ဍသည် ပြည်တွင်းသုံးစွဲမှုနှင့် နိုင်ငံတကာ လိုအပ်ချက် နှစ်မျိုးစလုံးကို မောင်းနှင် ထိန်းကျောင်းပေးသည်။

## ကျန်းမာရေးစောင့်ရှောက်မှု

အိန္ဒိယတွင် နေထိုင်သူ နိုင်ငံသားအားလုံးအတွက် ကျန်းမာရေး စောင့်ရှောက်မှု အခမဲ့ရယူနိုင်သော လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုရှိသည်။ အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ ဗဟိုအစိုးရက ချုပ်ကိုင်ထားသော ဝန်ဆောင်မှုစနစ် မဟုတ်သောကြောင့် ယင်းအတွက် တာဝန်ယူရသည်မှာ ပြည်နယ်အစိုးရမဟုတ်ဘဲ ပြည်ထောင်စုအစိုးရ ဖြစ်သည်။ လူဦးရေများပြားမှု ဖိအားကြောင့် လူထုကျန်းမာရေး စောင့်ရှောက်မှု စနစ်မှာ မနိုင်ဝန်ထမ်းနေရပြီး ဆေးကုသခွင့် ရရှိနိုင်ရေးအတွက် အချိန်များစွာ စောင့်ဆိုင်းနေရမှုများ ရှိနေသည်။

နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် အခကြေးငွေပေးရသော ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍမှာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်ထက် သာလွန်ကြီးထွားလာခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှု ရယူရာတွင် မညီမျှမှုများ သိသိသာသာ ပေါ်ထွက်လာခဲ့သည်။

အိန္ဒိယတွင် နေထိုင်သူဦးရေ ၁,၀၀၀ ရှိတိုင်း ဆရာဝန် (၁.၃၄) ဦး ရှိပြီး အမျိုးသမီးများ၏ ပျမ်းမျှ သက်တမ်းမှာ (၇၀.၆) နှစ် ဖြစ်ကာ အမျိုးသားများမှာ (၆၈.၂) နှစ် ဖြစ်သည်။

## ပညာရေး

အိန္ဒိယနိုင်ငံရှိ ပညာရေးစနစ်မှာ ဗဟိုအစိုးရက ချုပ်ကိုင်ထားသော ပညာရေးစနစ် မဟုတ်သောကြောင့် ပြည်နယ်နှင့် နယ်မြေများက ပညာရေး ထောက်ပံ့မှု၊ ပညာရေး အကဲဖြတ်သုံးသပ်မှုနှင့် ငွေကြေးသုံးစွဲမှုအတွက် တာဝန်ယူရသည်။ ထို့ကြောင့် ပြည်နယ်များကြားတွင် ပညာရေးကို ပံ့ပိုးပေးသော ဘာသာစကားနှင့် သင်ရိုးညွှန်းတမ်း ကြီးကြပ်ရေးအဖွဲ့တို့ အမျိုးမျိုးရှိနေပြီး ပညာရေး အရည်အသွေးမှာလည်း အမျိုးမျိုးရှိနေသည်ဟု ဆိုနိုင်သည်။ အစိုးရမှ ငွေကြေးအပြည့်အဝ ထောက်ပံ့ပေးသော အစိုးရကျောင်း၊ အစိုးရက တစ်စိတ်တစ်ဒေသအားဖြင့် ထောက်ပံ့ပေးသော အစိုးရ အထောက်အပံ့ခံကျောင်းနှင့် အစိုးရ ငွေကြေး ထောက်ပံ့မှု မရှိဘဲ မှီခိုမှု ကင်းလွတ်သော ကိုယ်ပိုင်ကျောင်းဟူ၍ ပညာရေးစနစ် သုံးမျိုးရှိသည်။ ကျောင်းနေအရွယ်ဦးရေ၏ ၃၀ ရာခိုင်နှုန်းဝန်းကျင်မှာ ကိုယ်ပိုင် ကျောင်းများတွင် တက်ရောက်ကြသည်။ အသက် (၆) နှစ်မှ (၁၄) နှစ် အတွင်းရှိသော ကျောင်းသား အားလုံးအတွက် ပညာရေးမှာ မသင်မနေရ ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ကျောင်းအပ်နှံနှုန်းမှာ ၉၆.၅ ရာခိုင်နှုန်းဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ နိုင်ငံတစ်နိုင်ငံ၏ အချက်အလက်မှတ်တမ်း ပြုစုခြင်း – အိန္ဒိယနိုင်ငံ


ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့တောင်ပိုင်း နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်းတစ်ခုကို ပြုစုရန် ဖြစ်သည်။

၁။ အုပ်စုငယ်များဖွဲ့၍ သင်ခန်းစာ (၆.၁.၂) တွင် ဖော်ပြထားသော အိန္ဒိယနိုင်ငံနှင့် ပတ်သက်သည့် အချက်အလက်များကို ဖတ်ရှုပါ။
၂။ အချက်အလက်များအား ဇယား (၆.၁) ၏ ဒုတိယ ဇယားတိုင်တွင် ဖြည့်စွက်ပါ။
၃။ အိန္ဒိယနိုင်ငံနှင့်ပတ်သက်သည့် ထပ်ဆောင်း အချက်အလက်များကို အွန်လိုင်းမှ ရှာဖွေ၍ သင့်လျော်သည့် ကဏ္ဍအလိုက် ဇယား (၆.၁) တွင် မှတ်တမ်းရေးသွင်းပါ။

## သင်ယူမှုလုပ်ငန်း (၂)။ အချက်အလက်များ ဆန်းစစ်လေ့လာခြင်း – လူဦးရေ ပိရမစ် နှိုင်းယှဉ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့တောင်ပိုင်းနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းကို နှိုင်းယှဉ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုများကို စစ်ဆေးလေ့လာရန် ဖြစ်သည်။

၁။ ပုံ (၆.၄) မှ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ ပိရမစ်နှစ်ခုကို နှိုင်းယှဉ်ပါ။
၂။ အောက်ပါ အချက်အလက်များကို အခြေပြုနှိုင်းယှဉ်၍ ဇယား (၆.၃) ရှိ မေးခွန်းများကို ဖြေဆိုပါ –
- လူဦးရေ ပိရမစ်များတွင် သုံးသပ်ဖော်ပြထားသော အချက်အလက်များ
- အွန်လိုင်းမှ ရှာဖွေရယူထားသော ထပ်ဆောင်း အချက်အလက်များ




ပုံ ၆.၄။ လူဦးရေ ပိရမစ် နှိုင်းယှဉ်ချက် (အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ)[၂၅]

ဇယား ၆.၃။ လူဦးရေ ပိရမစ်နှိုင်းယှဉ်ချက်

| မေးခွန်း | မြန်မာနိုင်ငံ | အိန္ဒိယနိုင်ငံ |
|---|---|---|
| စုစုပေါင်း လူဦးရေ မည်မျှရှိသနည်း။ | | |
| လူဦးရေ ကျဆင်းနေသလား (သို့မဟုတ်) တိုးပွားလာသလား။ | | |
| မည်သည့်နိုင်ငံက သက်ကြီးရွယ်များ ပိုများပြီး မည်သည့်နိုင်ငံက လူငယ်လူရွယ်များ ပိုများသနည်း။ ဤကွဲပြားချက်များ၏ ဆက်နွယ်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။ | | |
| မည်သည့် နိုင်ငံက အလုပ် လုပ်နိုင်သည့် လူဦးရေ ပိုများသနည်း။ ဤကွဲပြားမှုများ၏ ဆက်နွယ်မှုများမှာ မည်သည်တို့ ဖြစ်ကြသနည်း။ | | |
| အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ မည်သို့ တူညီကြသနည်း။ မည်သို့ ကွဲပြားကြသနည်း။ | | |

၂၅ UN Department of Economic and Social Affairs. (2019a).

## အိမ်စာလုပ်ငန်း။ သင်ပြမှုပုံစံ – ဒေသန္တရပထဝီဝင်

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းအောက်ဆင့် ဒေသန္တရ ပထဝီဝင် အတန်း တစ်တန်းအတွက် သင်ပြမှုပုံစံတစ်ခု ဒီဇိုင်းရေးဆွဲရန်ဖြစ်သည်။

၁။ ဒေသန္တရ ပထဝီဝင် အခန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် သင်လွှမ်းခြုံဖော်ပြခဲ့သော ခေါင်းစဉ်တစ်ခုကို ရွေးချယ်ပါ။ ပထမတန်းနှင့် ဒုတိယတန်း လူမှုရေးဘာသာရပ်များမှ သင်ယူမှုရည်မှန်းချက်များကို စဉ်းစားပါ။ သင်ယူမှု ရည်မှန်းချက်များ ပြည့်မီရန် ဒေသန္တရ ပထဝီဝင် သင်ခန်းစာတစ်ခုအတွက် သင်ပြမှုပုံစံကို သင်မည်သို့ရေးဆွဲမည်နည်း။

၂။ ပထမတန်း (သို့မဟုတ်) ဒုတိယတန်းအတွက် သင် ရွေးချယ်ထားသော ခေါင်းစဉ်တစ်ခုနှင့် ဆက်စပ်၍ ဒေသန္တရ ပထဝီဝင် သင်ခန်းစာ သင်ပြမှုပုံစံတစ်ခုကို (၄၅) မိနစ်စာ ကြိုတင်ပြင်ဆင်ပါ။

၃။ သင်ကြားမည့် သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ပြီးသောအခါ ၎င်းအား နောက်ဆက်တွဲ (၃) သင်ခန်းစာ သင်ပြမှုပုံစံ၏ ပုံစံလွှာတွင် ရေးသွင်းပါ။

၄။ အပြီးသတ်ရေးဆွဲပြီးသော သင်၏ သင်ခန်းစာကို အတန်းထဲသို့ ယူဆောင်လာပါ။

# ၆.၁.၃။ ဒေသန္တရ ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- ဒေသန္တရ ပထဝီဝင် သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံတစ်ခုကို စီစဉ်ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲရာတွင် အတန်းဖော်များအား အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။

### သင်ယူမှုလုပ်ငန်း။ ပတ်လည်တွေ့ဆုံ၍ တုံ့ပြန်အကြံပြုချက်ပေးခြင်း – ဒေသန္တရ ပထဝီဝင် သင်ပြမှုပုံစံ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် အတန်းဖော်များအား သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက်တစ်ခုနှင့် သင်ပြမှုပုံစံများအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးရန် ဖြစ်သည်။

၁။ သင်သည် ဤလုပ်ငန်းအတွက် ငါးဦးပါဝင်သော အုပ်စု တစ်စုတွင် ပါဝင်နေရန် လိုအပ်သည်။ သင်၏ ဆရာက သင်အား အုပ်စုဖွဲ့ရာတွင် ကူညီပေးလိမ့်မည်။ သင်တို့၏ အုပ်စုဖွဲ့စည်းမှု စီစဉ်ဆောင်ရွက်ပြီးသောအခါ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင် အနေအထားဖြင့် စက်ဝိုင်းပုံ ဝိုင်းထိုင်ပါ။

၂။ ပထမဦးစွာ သင်၏ သင်ပြမှု ပုံစံအား ကျန်သော အုပ်စုဝင်များသို့ တင်ပြရန်နှင့် ကျိုးကြောင်းသင့်ရှင်းပြချက်ပေးရန် အချိန် (၅) မိနစ် ရမည် ဖြစ်သည်။ သင်တို့၏ သင်ပြမှုပုံစံအား တင်ပြရာတွင် သင့်အနေဖြင့်–

- ရွေးချယ်ထားသော သင်ယူမှု ရည်မှန်းချက် (များ) အကြောင်း
- သင် လုပ်ဆောင်မည့် သင်ယူမှု လုပ်ငန်းများကို အဘယ်ကြောင့် ရွေးချယ်ခဲ့ကြောင်း
- မည်သည့် သင်ထောက်ကူပစ္စည်းများ လိုအပ်ကြောင်း
- သင်ယူမှု ရည်မှန်းချက် (များ) အောင်မြင်ထမြောက်မှု ရှိ/မရှိကို သင် မည်သို့ ဆုံးဖြတ်မည်ဖြစ်ကြောင်းနှင့်
- သင်ခန်းစာ၏ အခြားအရေးကြီးသည့် အစိတ်အပိုင်းများကို ရှင်းပြရန် လိုအပ်သည်။

၃။ ထို့နောက် သင်တို့၏ ကျောင်းသားကိုင်စာအုပ်ရှိ သင်ပြမှုပုံစံ ရေးသားထားသော စာမျက်နှာကိုဖွင့်၍ သင်၏ ဘယ်ဖက်မှ အုပ်စုဝင်ထံသို့ လက်ဆင့်ကမ်းပေးပါ။

၄။ သင်တို့သည် သင်တို့၏ အုပ်စုဝင် တစ်ဦးထံမှ ကျောင်းသားကိုင်စာအုပ် လက်ခံရရှိသောအခါ သင်ပြမှုပုံစံကို ဖတ်ရှုပြီး အောက်ဖော်ပြပါ မေးခွန်းများနှင့် ပတ်သက်၍ စဉ်းစားတွေးတောပါ။

- သင်ပြမှုပုံစံတွင် သင်ခန်းစာ၏ သင်ယူမှု ရည်မှန်းချက်များနှင့် သင်ယူမှု ရလဒ်များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားရှိမှု ရှိပါသလား။
- သင်ပြမှုပုံစံတွင် ရှင်းလင်းသည့် နိဒါန်းပိုင်း၊ အဓိကအပိုင်း (သင်ပြပုံ အဆင့်ဆင့်) နှင့် ပြန်လည်ဆန်းစစ်မှု အပိုင်းတို့ ပါရှိပါသလား။
- သင်ယူမှုလုပ်ငန်းများသည် စစ်မှန်သော သင်ယူမှု ဖြစ်ကြပါသလား။
- သင်ယူမှုလုပ်ငန်းများက သင်ယူမှု ရည်မှန်းချက်များကို ရရှိအောင်မြင်စေပါသလား။
- သင်ယူမှုလုပ်ငန်းများကို သတ်မှတ်ပေးထားသော အချိန်အတွင်း လုပ်ဆောင်ရန် ဖြစ်နိုင်ခြေ ရှိပါသလား။
- သင်ယူမှုလုပ်ငန်းများသည် မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် သင့်လျော်မှု ရှိပါသလား။
- သင်ပြမှုပုံစံ ရေးရာတွင် အမျိုးမျိုးသော ကျောင်းသားများ၏ လိုအပ်ချက်များ အတွက် မည်သို့ ထည့်သွင်းစဉ်းစားထားသနည်း။
- သင်ပြမှုပုံစံနှင့် ပတ်သက်၍ သင် အနှစ်သက်ဆုံး အချက်မှာ အဘယ်နည်း။
- သင်ပြမှုပုံစံအား ပိုမို ကောင်းမွန်လာစေရန် မည်ကဲ့သို့ မွမ်းမံပြင်ဆင်နိုင်သနည်း။

၅။ ဇယား (၆.၄) တွင် သင်၏ တုံ့ပြန်အကြံပြုချက်ကို ရေးပါ။

၆။ ပထမ တစ်သုတ် တုံ့ပြန်အကြံပြုချက်များပေးခြင်း ပြီးမြောက်သောအခါ သင်တို့၏ ဘယ်ဘက်ရှိ အုပ်စုဝင်ထံ စာအုပ် ဆက်လက်ပေးပြီး သင်တို့၏ ဘေးရှိ အုပ်စုဝင် တစ်ဦး၏ စာအုပ်နှင့် လုပ်ငန်းစဉ်ကို ထပ်မံ လုပ်ဆောင်နေရမည်။ ဤနည်းအတိုင်း သင်၏ စာအုပ် သင်တို့ကိုယ်တိုင် ပြန်လည်လက်ခံရရှိသည်အထိ စဉ်ဆက်မပြတ် ဆက်လက် လုပ်ဆောင်နေရမည်။ သင်သည် စာအုပ်တစ်အုပ်စီအတွက် အချိန် (၅) မိနစ် ဝန်းကျင် အသုံးပြုသင့်သည်။

၇။ သင်သည် သင်တို့ အုပ်စုအတွင်းရှိ အဖွဲ့ဝင်တိုင်းအတွက် တုံ့ပြန်အကြံပြုချက် ပေးပြီးသောအခါ သင်၏စာအုပ်မှာ သင့်ထံသို့ ပြန်လည်ရောက်ရှိလာပြီး စာအုပ်ပါ တုံ့ပြန်အကြံပြုချက်များကို ပြန်လည် ဆန်းစစ်ပါ။

၈။ ဤသင်ပြမှုပုံစံနှင့် တုံ့ပြန်အကြံပြုချက်များကို သင်၏ သင်ကြားမှု အထောက်အထား မှတ်တမ်းတွင် ပေါင်းထည့်ထားနိုင်သည်။

**ဇယား ၆.၄။ ပတ်လည်တွေ့ဆုံ၍ တုံ့ပြန်အကြံပြုချက်ပေးခြင်းဆိုင်ရာ သင်ပြမှုပုံစံ**

| | ဝေဖန်ချက် ရေးသူ (၁) | ဝေဖန်ချက် ရေးသူ (၂) | ဝေဖန်ချက် ရေးသူ (၃) | ဝေဖန်ချက် ရေးသူ (၄) |
|---|---|---|---|---|
| သင်ပြမှုပုံစံတွင် သင်ခန်းစာ၏ သင်ယူမှု ရည်မှန်းချက်များနှင့် သင်ယူမှုရလဒ်များကို ရှင်းလင်းစွာ သတ်မှတ် ဖော်ပြထားရှိမှု ရှိပါသလား။ | | | | |
| သင်ပြမှုပုံစံတွင် နိဒါန်းပိုင်း၊ အဓိကအပိုင်းနှင့် ပြန်လည် ဆန်းစစ်မှု အပိုင်းတို့ ပါရှိသလား။ | | | | |
| သင်ယူမှုလုပ်ငန်း များသည် စစ်မှန်သော သင်ယူမှု ဖြစ်ကြသလား။ | | | | |

| | ဝေဖန်ချက် ရေးသူ (၁) | ဝေဖန်ချက် ရေးသူ (၂) | ဝေဖန်ချက် ရေးသူ (၃) | ဝေဖန်ချက် ရေးသူ (၄) |
|---|---|---|---|---|
| သင်ယူမှုလုပ်ငန်းများက သင်ယူမှုရည်မှန်းချက်များကို ရရှိအောင်မြင်စေနိုင်သလား။ | | | | |
| သင်ယူမှုလုပ်ငန်းများကို သတ်မှတ်ပေးထားသော အချိန်အတွင်း လုပ်ဆောင်ရန် ဖြစ်နိုင်ခြေရှိသလား။ | | | | |
| သင်ယူမှုလုပ်ငန်းများသည် မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် သင့်လျော်မှု ရှိသလား။ | | | | |
| သင်ပြမှုပုံစံရေးရာတွင် အမျိုးမျိုးသော ကျောင်းသားများအတွက် မည်သို့ ထည့်သွင်း စဉ်းစား ထားသနည်း။ | | | | |
| သင်ပြမှုပုံစံနှင့် ပတ်သက်၍ အနှစ်သက်ဆုံးအချက်မှာ အဘယ်နည်း။ | | | | |
| သင်ပြမှုပုံစံ ပိုမို ကောင်းမွန်အောင် မည်သို့ မွမ်းမံ ပြုပြင်နိုင်သနည်း။ | | | | |

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများ မည်သို့ ကွဲပြားခြားနားကြသနည်း။ သင် ဖြည့်စွက်ခဲ့သော ဇယား (၆.၁) အား နောက်တစ်ကြိမ် ပြန်လည်သွားရောက်ကြည့်ရှုနိုင်သည်။

၂။ သက်ကြီးဦးရေ နှင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် မည်သို့ ဆက်နွယ်နေသနည်း။

# ၆.၂။ လက်တွေ့ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ

ဤအခန်းငယ်တွင် သင်တို့သည် မြေပုံများ အသုံးပြုခြင်းနှင့် မိုးလေဝသ အခြေအနေများ အဓိပ္ပာယ်ကောက်ယူခြင်း အစရှိသည့် လက်တွေ့ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများကို စူးစမ်းလေ့လာသွားရမည်ဖြစ်ပြီး မူလတန်းအောက်ဆင့် လူမှုရေးဘာသာအတန်းတွင် အဆိုပါ ကျွမ်းကျင်မှုများ ပေါင်းစပ်အသုံးပြုပုံကိုလည်း စုံစမ်းလေ့လာသွားရမည် ဖြစ်သည်။

## ၆.၂.၁။ မြေပုံများ အသုံးပြုခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- တိုက်ကြီးများကို သတ်မှတ်ဖော်ထုတ်ရန် မြေပုံ၊ ကမ္ဘာလုံး (သို့မဟုတ်) မြေပုံစာအုပ်တို့ကို အသုံးပြုတတ်မည်။
- လတ္တီကျူကို ကိုးကား၍ ကမ္ဘာပေါ်ရှိ အဓိက ဥတုရာသီရပ်ဝန်းဒေသများကို အမျိုးအစား ခွဲခြားတတ်မည်။
- တိုက်ကြီးအမျိုးမျိုးနှင့် ၎င်းတို့၏ အဓိက အင်္ဂါရပ်များကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ တည်နေရာကို ရှာဖွေပြီး အမျိုးအစားခွဲခြားရန် မြေပုံကို အသုံးပြုတတ်မည်။
- ပညာရေးဒီဂရီကောလိပ်(သို့မဟုတ်) ဒေသဆိုင်ရာ နယ်မြေတစ်ခု၏ မြေပုံကို အခြေခံ မြေပုံဆွဲနည်း အသုံးပြု၍ ရေးဆွဲတတ်မည်။

## စာသင်ချိန် (၁)

## မြေပုံအမျိုးအစားများ

သင့်အနေဖြင့် **မြေမျက်နှာသွင်ပြင်ပြ မြေပုံများ**နှင့် **နိုင်ငံရေးမြေပုံများ**တို့နှင့်ပတ်သက်၍ ပထမနှစ်တွင် လေ့လာသင်ယူခဲ့ပြီး ဖြစ်သည်။ သို့သော် အခြားသော မြေပုံအမျိုးအစားများစွာ ရှိကြသေးသည်။ ကမ္ဘာ့မြေပုံများသည် ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ မည်သည့်နေရာတွင် ရှိကြသည်ကို ဖော်ပြနိုင်သောကြောင့် အရေးပါသည်။ ကုန်းမြေသဏ္ဌာန်များနှင့် မြေမျက်နှာသွင်ပြင် အနေအထားများ **(ရုပ်ကြွမြေပုံများ)** (သို့မဟုတ်) နိုင်ငံအသီးသီး၏ နယ်နိမိတ်များနှင့် မြို့ကြီးများ၏ တည်နေရာများ (နိုင်ငံရေးမြေပုံများ) အစရှိသည့် အသုံးဝင်သော အချက်အလက်များကို ဖော်ပြနိုင်သကဲ့သို့ ကမ္ဘာ့မြေပုံများသည် ပထဝီဝင်ဆိုင်ရာ ဒေသကြီးများနှင့် ကမ္ဘာ့ ဥတုရာသီရပ်ဝန်းများ **(အကြောင်းအရာပြ မြေပုံများ)** အား နားလည် သဘောပေါက်စေရန်လည်း ကူညီပေးသည်။[၂၆]

## မြေပုံစကေးများ

**စကေးချဲ့ မြေပုံများ**သည် အသေးစိတ်အချက်အလက်များဖြင့် ဧရိယာငယ်တစ်ခုကို ပုံဖော်ပြနိုင်သည်။ မြေမျက်နှာသွင်ပြင်ပြ မြေပုံများ၊ ကျောင်းတည်နေရာပြ မြေပုံများ၊ အမျိုးသားပန်းခြံ/ဥယျာဉ် မြေပုံများ၊ ကမ္ဘာလှည့်ခရီးသည် လမ်းညွှန်မြေပုံများ စသည်တို့သည် စကေးချဲ့မြေပုံ၏ ဥပမာများ ဖြစ်ကြသည်။ စကေးချဲ့ မြေပုံတစ်ခုတွင် (၁:၅၀,၀၀၀) ဖြင့် ၁ စင်တီမီတာသည် ၅၀၀ မီတာကို ကိုယ်စားပြုကောင်း ပြုနိုင်သည်။[၂၇]

**စကေးချုံ့မြေပုံများ**သည် ကန့်သတ်ဖော်ပြထားသော အသေးစိတ်အချက်အလက်များဖြင့် ဧရိယာကြီး တစ်ခုကို ပုံဖော်ပြသည်။ ကမ္ဘာ့မြေပုံများ၊ နိုင်ငံများနှင့် ပြည်နယ်များ၏ မြေပုံများသည် စကေးချုံ့ မြေပုံဥပမာများ ဖြစ်ကြသည်။ စကေးချုံ့ မြေပုံတစ်ခုတွင် (၁:၁၀၀,၀၀၀,၀၀၀) ဖြင့် ၁ စင်တီမီတာသည် ၁၀၀၀ ကီလိုမီတာကို ကိုယ်စားပြုကောင်း ပြုနိုင်သည်။

၂၆ NSW Department of Education. (2016).

၂၇ NSW Department of Education. (2016).

## တိုက်ကြီးများ


ကမ္ဘာပေါ်ရှိ များစွာသော နိုင်ငံများကို နိုင်ငံအလိုက်၊ လူသားဖွံ့ဖြိုးတိုးတက်မှုအလိုက် (သို့မဟုတ်) ကျင့်သုံးသည့် နိုင်ငံရေးစနစ်အလိုက် စသည်ဖြင့် စုစည်းတင်ပြသည့် နည်းလမ်းများစွာရှိသည်။ အသုံးများသော နည်းများအနက် တစ်နည်းမှာ ကုန်းမြေထု (သို့မဟုတ်) တိုက်ကြီးများ အလိုက် နိုင်ငံများကို အုပ်စု သတ်မှတ်ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အသိအမှတ်ပြု လက်ခံထားသည့် တိုက်ကြီး ခုနစ်တိုက် ရှိသည်။ ၎င်းတို့မှာ –

- အာရှတိုက်
- အာဖရိကတိုက်
- မြောက်အမေရိကတိုက်
- တောင်အမေရိကတိုက်
- အန္တာတိကတိုက်
- ဥရောပတိုက်နှင့်
- ဩစတြေးလျတိုက်တို့ ဖြစ်ကြသည်။

ပုံ (၆.၅) တွင် ကမ္ဘာ့တိုက်ကြီးများပြ မြေပုံတစ်ခု (စကေးချုံ့ မြေပုံတစ်ခု) ကို တင်ပြထားသည်။

တိုက်ကြီးများကို အခြေခံအားဖြင့် ကုန်းမြေထုအရ သတ်မှတ်ဖော်ပြထားသော်လည်း တစ်စိတ်တစ်ဒေသအားဖြင့် ယဉ်ကျေးမှုအရ သတ်မှတ်ဖော်ပြထားခြင်းလည်း ရှိသည်။ ကမ္ဘာ့မြေပုံကို ကြည့်ရှုလေ့လာပါက ဥရောပတိုက်နှင့် အာရှတိုက်တို့သည် ကုန်းမြေထု ဆက်စပ်လျက် တစ်ခုတည်း ဖြစ်နေသည်ကို သင်တို့ သတိပြုမိကြပေလိမ့်မည်။ သို့သော် အာရှနှင့် ဥရောပတိုက်တို့သည် ယဉ်ကျေးမှုအားဖြင့် ကွဲပြားခြားနားနေသောကြောင့် ၎င်းတို့အား သီးခြားတိုက်ကြီး နှစ်ခုအဖြစ် ပိုင်းခြားထားခြင်းဖြစ်သည်။[၂၈]

၂၈ National Geographic. (n.d.–c).




**ပုံ ၆.၅။ တိုက်ကြီးများပြ ကမ္ဘာမြေပုံ (စကေးချုံ့ မြေပုံ)**[၂၉]

## ကမ္ဘာခြမ်းများ

**အီကွေတာ** (ပုံ ၆.၆) ဆိုသည်မှာ ကမ္ဘာကြီးအား ထက်ဝက်ပိုင်းနှစ်ခု (သို့မဟုတ်) ကမ္ဘာခြမ်းနှစ်ခု အညီအမျှ ပိုင်းခြားထားပြီး သုညဒီဂရီလတ္တီကျူအဖြစ် သတ်မှတ်ထားသော စိတ်ကူးယဉ်မျဉ်းတစ်ကြောင်း ဖြစ်သည်။ ကမ္ဘာ့မြောက်ခြမ်းသည် အီကွေတာ၏ မြောက်ဘက် (သို့မဟုတ်) အထက်ဘက်ပိုင်းဖြစ်ပြီး ကမ္ဘာ့တောင်ခြမ်းသည် အီကွေတာ၏ တောင်ဘက် (သို့မဟုတ်) အောက်ဘက်ပိုင်း ဖြစ်သည်။ ပုံ (၆.၅) ကို သင်တို့ကြည့်ရှုလေ့လာပါက ကမ္ဘာကုန်းမြေ အများစုသည် ကမ္ဘာ့မြောက်ခြမ်းတွင် တည်ရှိနေသည်ကို သတိပြုမိကြပေလိမ့်မည်။

**ဂရင်းနစ်မျဉ်း** (သို့မဟုတ်) သုညဒီဂရီလောင်ဂျီကျူမျဉ်းသည် ကမ္ဘာကြီးအား အရှေ့ခြမ်းနှင့် အနောက်ခြမ်းဟူ၍ နှစ်ပိုင်း ပိုင်းခြားထားသည် (ပုံ ၆.၆)။[၃၀]


၂၉ https://pixabay.com/vectors/world-map-robinson-projection-globe-42641/ Image available from Pixabay, free for commercial use. View license, https://pixabay.com/service/license/

၃၀ Sciencing. (2021).

## လတ္တီကျူနှင့် လောင်ဂျီကျူ

ကမ္ဘာ့မြေပုံတစ်ခု ကြည့်ရှုလေ့လာသောအခါ ရေပြင်ညီမျဉ်းများနှင့် ထောင်လိုက်မျဉ်းများသည် မြေပုံအား ဂရစ်ကွက် (လေးထောင့်ကွက်ငယ်) များအဖြစ် ပိုင်းခြားထားသည်ကို သင်တို့ သတိပြုမိကြပေမည်။ ဤမျဉ်းများကို **လောင်ဂျီကျူ**နှင့် **လတ္တီကျူ**များဟု ခေါ်ဆိုပြီး၊ ပထဝီဝင် ပညာရှင်များအား ကမ္ဘာပေါ်ရှိ နေရာတစ်နေရာ၏ ပကတိတည်နေရာကို မြေပုံတစ်ပုံပေါ်တွင် အတိအကျ ရှာဖွေနိုင်ရန် ကူညီပေးသည်။

- လတ္တီကျူဆိုသည်မှာ မြေပုံပေါ်ရှိ ရေပြင်ညီမျဉ်းများကို ဆိုလိုသည်။ လတ္တီကျူမျဉ်းများဖြင့် အီကွေတာ၏ မြောက်ဘက် (သို့မဟုတ်) တောင်ဘက်ရှိ တည်နေရာ တစ်ခု၏ အကွာအဝေးကို ဒီဂရီဖြင့် တိုင်းတာဖော်ပြနိုင်သည်။
- လောင်ဂျီကျူဆိုသည်မှာ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့ကို ဆက်ဆွဲထားသည့် ထောင်လိုက်မျဉ်းများ ဖြစ်ကြပြီး ဂရင်းနစ်မျဉ်း၏ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ တည်နေရာ တစ်ခု၏ အကွာအဝေးကို ဒီဂရီဖြင့် တိုင်းတာနိုင်သည်။




**ပုံ ၆.၆။ လတ္တီကျူ နှင့် လောင်ဂျီကျူ**[၃၁]

၃၁ https://www.sailingissues.com/navcourse1.html


## ဥတုရာသီဇုန်များ[၃၂]

လတ္တီကျူနှင့် လောင်ဂျီကျူများသည် ပကတိတည်နေရာများကို အတိအကျ ရှာဖွေစေနိုင်သကဲ့သို့ ပထဝီဝင်ပညာရှင်များအား ဥတုရာသီဇုန်များ သတ်မှတ် ဖော်ထုတ်နိုင်ရန်နှင့် မိုးလေဝသ အခြေအနေများအား ခန့်မှန်းနိုင်ရန်လည်း ကူညီပေးနိုင်သည်။

- **အပူပိုင်းဇုန်**သည် မြောက်ယဉ်စွန်းတန်း (အီကွေတာမြောက်ဘက် ၂၃.၅ ဒီဂရီ) နှင့် တောင်ယဉ်စွန်းတန်း (အီကွေတာတောင်ဘက် ၂၃.၅ ဒီဂရီ) တို့ကြားတွင် ကျရောက်သည်။ အပူပိုင်းဇုန်တွင် အအေးဆုံးလ၏ ပျမ်းမျှအပူချိန်မှာ (၁၈) ဒီဂရီဆဲလ်စီးယပ် ရှိသည်။ အပူပိုင်း ရာသီဥတုဇုန်အတွင်းရှိ နိုင်ငံများသည် မိုးများပြီး ပူအိုက်စိုစွတ်သော မိုးလေဝသ အခြေအနေများ ခံစားရသည်။
- **သမပိုင်းဇုန်**သည် ကမ္ဘာ့မြောက်ခြမ်းတွင် မြောက်ယဉ်စွန်းတန်းမှ အာတိတ်စက်ဝိုင်း ၆၆.၅ ဒီဂရီ (မြောက်) အထိနှင့် ကမ္ဘာ့တောင်ခြမ်းတွင် တောင်ယဉ်စွန်းတန်းမှ အန္တာတိတ်စက်ဝိုင်း ၆၆.၅ ဒီဂရီ (တောင်) အထိ ကျယ်ဝန်းသည်။ သမပိုင်းဇုန် အတွင်းရှိ နိုင်ငံများသည် နွေရာသီတွင် ပူနွေးပြီး ဆောင်းတွင်အေးကာ တစ်နှစ်ပတ်လုံး အပူချိန် အပြောင်းအလဲမှာ အတော်အတန်များသည်။
- **ဝင်ရိုးစွန်းဇုန်**သည် မြောက်လတ္တီကျူနှင့် တောင်လတ္တီကျူ ၆၆.၅ ဒီဂရီ မှ ဝင်ရိုးစွန်းများအထိ ကျယ်ဝန်းသည်။ ဤဇုန်၏ ဝိသေသလက္ခဏာရပ်များအရ နွေရာသီမှာ တိုတောင်း၍ နေရောင်ခြည် အနည်းငယ်သာ ရရှိကာ ဆောင်းရာသီမှာ အေးမြ ရှည်လျားသည်။ ဥရောပတိုက်ရှိ နော်ဝေး၊ ဖင်လန်နှင့် ဆွီဒင် အစရှိသည့် နိုင်ငံများသည် ဤဇုန်အတွင်း ကျရောက်နေပြီး ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှား အစရှိသည့် နိုင်ငံများမှာ တစ်စိတ်တစ်ပိုင်း ကျရောက်နေသည်။

---

၃၂ National Oceanic and Atmospheric Administration. (2021).




ပုံ ၆.၇။ ဥတုရာသီဇုန်များ

## သင်ယူမှုလုပ်ငန်း (၁)။ မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ – ကမ္ဘာ့မြေပုံ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကမ္ဘာ့မြေပုံပေါ်ရှိ အဓိက အင်္ဂါရပ်များကို သတ်မှတ်ဖော်ထုတ်ပြီး အဆိုပါအင်္ဂါရပ်များအရ မြန်မာနိုင်ငံ၏ တည်နေရာကို ဆွေးနွေးရန် ဖြစ်သည်။

နောက်ဆက်တွဲ (၄) (နောက်ဆက်တွဲ ပုံ ၄.၁) မှ မြေပုံကို အသုံးပြု၍ အောက်ပါ ညွှန်ကြားချက်များ အတိုင်း ပြည့်စုံအောင် ဖြည့်စွက်ပါ။


- အခြေခံကျသော အမှတ်လေးခုပါသည့် မြောက်အရပ်မျက်နှာပြ မြားတစ်ခုထည့်ပါ။
- အီကွေတာ၊ မြောက်ယဉ်စွန်းတန်းနှင့် တောင်ယဉ်စွန်းတန်းတို့ကို ဆွဲပါ။
- တိုက်ကြီးခုနစ်တိုက်၏ အမည်များကို အညွှန်းတပ်၍ ဖော်ပြပါ။
- ကမ္ဘာ့တောင်ခြမ်းတွင် အပြည့်အဝရှိနေသော တိုက်ကြီးနှစ်တိုက်ကို သတ်မှတ် ဖော်ထုတ်ပါ။

- ဝင်ရိုးဇုန်၊ သမပိုင်းဇုန်နှင့် အပူပိုင်းဇုန်တို့ကို အရောင်ခြယ်ပါ။
- မြေပုံပေါ်တွင် မြန်မာနိုင်ငံကို အညွှန်းတပ်ဖော်ပြပေးပါ။
- မြန်မာနိုင်ငံ တည်ရှိသော တိုက်ကြီးကို သတ်မှတ်ဖော်ထုတ်ပါ။
- မြန်မာနိုင်ငံ တည်ရှိသော ဥတုရာသီဇုန်ကို သတ်မှတ်ဖော်ထုတ်ပါ။

**စာသင်ချိန် (၂)**

**မူလတန်းအောက်ဆင့် အတန်းတွင် မြေပုံများ အသုံးပြုခြင်း**

မြေပုံအသုံးပြုခြင်းနှင့် နားလည်သဘောပေါက်ခြင်းတို့သည် ခက်ခဲရှုပ်ထွေးသော ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှု တစ်ခုဖြစ်သော်လည်း မူလတန်းကျောင်းမှ ကျောင်းသားကလေးများအား မြေပုံများ ဖတ်ရှုပုံနှင့် မိတ်ဆက်ပေးထားနိုင်သည်။ အခြားကျွမ်းကျင်မှုတစ်ခုကို သင်ကြားပေးကဲ့သို့ပင် ဆရာများသည် ကလေးငယ်များအား မြေပုံသင်ကြားရာတွင် စာသင်ကျောင်း၏ မြေပုံ (သို့မဟုတ်) စာသင်ခန်း၏ မြေပုံကဲ့သို့သော ကလေးများ ရင်းနှီးပြီးဖြစ်သော အရာများနှင့် အစပြု သင်ကြားသင့်သည်။



**ပုံ ၆.၈။ လက်ဆွဲမြေပုံ**

## အခြေခံ မြေပုံရေးဆွဲခြင်း နည်းလမ်းများ

မြေပုံ အသုံးပြုခြင်းနှင့် ရေးဆွဲခြင်းကို လေ့လာရာတွင် ကျောင်းသားများသည် မြေပုံရေးဆွဲနည်း ဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာရမည်။ မြေပုံကောင်းတစ်ခုတွင် –

- မြေပုံရေးဆွဲထားသော မြေပုံဘောင်
- မြောက်အရပ်မျက်နှာပြမြား
- မြေပုံအညွှန်း
- မြေပုံခေါင်းစဉ်
- မြေပုံစကေး တို့ ပါဝင်သင့်သည်။[၃၃]

မြေပုံရေးဆွဲသောအခါ ကောင်းစွာ သိထားပြီးသော သင်္ကေတများ အသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။ သင်္ကေတ အသုံးအနှုန်းများကို နိုင်ငံတော်က သတ်မှတ်ထားသော စံသတ်မှတ်ချက်နှင့် အစဉ်အလာ နည်းနာများအတိုင်း တတ်နိုင်သရွေ့ အသုံးပြုသင့်သည်။ သင်္ကေတများကို မြေပုံ၏ လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်သည်။ မြေပုံတစ်ပုံတွင် ထည့်သွင်း ရေးဆွဲထားပြီးသော အရေးကြီးသည့် သင်္ကေတများကို မြေပုံ အညွှန်းတွင် ထည့်သွင်းဖော်ပြပေးရန် လိုအပ်သည်။[၃၄]

### သင်ယူမှုလုပ်ငန်း (၂)။ မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ – ပညာရေးဒီဂရီ ကောလိပ် (သို့မဟုတ်) ဒေသတွင်း ဧရိယာတစ်ခု၏ မြေပုံတစ်ခုကို ဖန်တီးရေးဆွဲခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် သင်၏ ပညာရေးဒီဂရီကောလိပ် (သို့မဟုတ်) ဒေသတွင်း ဧရိယာတစ်ခု၏ မြေပုံတစ်ပုံကို အခြေခံမြေပုံ ရေးဆွဲနည်း အသုံးပြု၍ ရေးဆွဲရန် ဖြစ်သည်။

၁။ လေးထောင့်ကွက် (ဇ.၁) ကို အသုံးပြု၍ သင်၏ ကျောင်း (သို့မဟုတ်) ပညာရေး ဒီဂရီကောလိပ်၏ မြေပုံတစ်ပုံကို ရေးဆွဲပါ။

---

၃၃ NSW Department of Education. (2016).

၃၄ Intergovernmental Committee on Surveying and Mapping. (n.d.).

၂။ သင် ရေးဆွဲထားသည့် မြေပုံသည် အခြေခံမြေပုံ ရေးဆွဲနည်းများကို လိုက်နာပြီး မြေပုံဘောင်၊ မြောက်အရပ် မျက်နှာပြမြား၊ မြေပုံအညွှန်းနှင့် မြေပုံခေါင်းစဉ်တို့ ပါရှိရမည်။

၃။ သင်တို့၏ မြေပုံပေါ်တွင် အဓိက အင်္ဂါရပ်များကို ထည့်သွင်းဖော်ပြရမည်။ (ဥပမာ – အဆောက်အအုံများ၊ မြက်ခင်းပြင် နေရာလွတ်များ၊ လမ်းမကြီးများ၊ လူသွားလမ်းများ၊ ဘာသာရေး အဆောက်အအုံများ)။ သင့်ဆရာသည် သင့်အား အသုံးပြုရမည့် အသုံးများသော သင်္ကေတများ ပေးသွားမည် ဖြစ်သည်။

၄။ သင်၏ မြေပုံ ရေးဆွဲပြီးသွားသောအခါ ၎င်းကို သင့်အတန်းထဲရှိ အခြား တစ်စုံတစ်ယောက်နှင့် လဲလှယ်ပါ။ အခြားသူများ၏ မြေပုံ ပိုမိုကောင်းမွန်ပြည့်စုံစေရန် သင် ထပ်ဖြည့်နိုင်မည့် အရာများနှင့် ပတ်သက်၍ စဉ်းစားပါ။

**လေ့ထောင့်ကွက် ၆.၁။ ကျွန်ုပ်၏ ပညာရေးဒီဂရီကောလိပ်မြေပုံ**

# ၆.၂.၂။ ဥတုရာသီနှင့် မိုးလေဝသ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- ဥတုရာသီနှင့် မိုးလေဝသ အကြားရှိ ဆက်နွယ်မှုကို အကဲဖြတ်သုံးသပ်တတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ မိုးလေဝသပုံစံများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဆန်းစစ်လေ့လာတတ်မည်။
- မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်းနှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရန် အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချတတ်မည်။
- လူသားတို့၏ ဘဝရှင်သန်မှုတွင် ဥတုရာသီ၏ အကျိုးသက်ရောက်ပုံနှင့် ဥတုရာသီအပေါ် လူသားတို့၏ ဘဝရှင်သန်မှုများက အကျိုးသက်ရောက်ပုံတို့ကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ရာသီဥတု ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို လေးနက်စွာ ပြန်လည် သုံးသပ်တတ်မည်။

**စာသင်ချိန် (၁)**

## ဥတုရာသီနှင့် မိုးလေဝသ

သင်၏ စာသင်ခန်း ပြတင်းပေါက်မှ အပြင်ဘက်ကို ကြည့်ရှုပါ။ မည်သည့်အရာများ တွေ့မြင်ရသနည်း။ နေသာနေသည် (သို့မဟုတ်) တိမ်ထူထပ်နေသည် (သို့မဟုတ်) မိုးရွာနေသည် စသည်ဖြင့် သတိပြုမိပေလိမ့်မည်။ ယနေ့ ပညာရေးဒီဂရီကောလိပ်သို့ လာသည့်အခါ သင့်အနေဖြင့် မည်သည့် အဝတ်အစားများကို ဝတ်ဆင်လာခဲ့သနည်း။ ထိုအဝတ်အစားများမှာ သင့်အား နွေးထွေးစေရန် (သို့မဟုတ်) အေးမြစေရန် ဖန်တီးချုပ်လုပ်ထားသော အဝတ်အစားများ ဖြစ်ပါသလား။

ဤစူးစမ်းလေ့လာမှုများမှာ မိုးလေဝသနှင့် သက်ဆိုင်သည်။ မိုးလေဝသဆိုသည်မှာ ကမ္ဘာ့လေထုအတွင်း နေ့စဉ် ဖြစ်ပေါ်နေသောအဖြစ်အပျက်များ အားလုံးကို ဆိုလိုသည်။ မိုးလေဝသသည် နေရာတိုင်းတွင် တစ်ထပ်တည်း မတူညီနိုင်ပေ။ နိုင်ငံ၏ အချို့နေရာအစိတ်အပိုင်းများတွင် ပူအိုက်၍ နေသာနေသော်လည်း အခြားသော နေရာများတွင် အေးမြနေနိုင်သည်။

**ဥတုရာသီ**ဆိုသည်မှာ နှစ်ပေါင်းများစွာအတွင်း နေရာဒေသတစ်ခုတွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှ မိုးလေဝသ အခြေအနေများကို ဆိုလိုသည်။ ၎င်းတို့တွင် ရာသီအလိုက် ပျမ်းမျှအပူချိန်၊ ပျမ်းမျှ မိုးရွာသွန်းမှု (မိုးရေချိန်) နှင့် လေတိုက်ခတ်မှု ပုံစံများ ပါဝင်သည်။ **မိုးလေဝသ**သည် နာရီအနည်းငယ်အတွင်းတွင် နေသာရာမှ မိုးရွာခြင်း (သို့မဟုတ်) ပူရာမှ အေးလာခြင်း စသည်ဖြင့် ပြောင်းလဲနိုင်ပြီး ဥတုရာသီမှာမူ အပြောင်းအလဲဖြစ်ရန် နှစ်ပေါင်းရာပေါင်းများစွာ အချိန်ယူရသည်။

ဥတုရာသီသည် နှစ်တစ်နှစ်၏ အချိန်ကာလတစ်ခုအတွင်း နေရာ တစ်နေရာရာ၌ မည်သို့သော မိုးလေဝသ အခြေအနေရှိမည်ကို ခန့်မှန်းပေးနိုင်သည်။ ဥပမာအားဖြင့် ရန်ကုန်မြို့ အတွက် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများသည် မိုးရေချိန် အနည်းဆုံးနှင့် အအေးဆုံးလများ ဖြစ်နိုင်ပြီး မတ်လနှင့် ဧပြီလတို့သည် အပူဆုံးလများဖြစ်ကာ ဇူလိုင်လသည် အစိုစွတ်ဆုံးလ ဖြစ်နိုင်သည်ကို ခန့်မှန်းသိရှိနိုင်သည်။

မိုးလေဝသနှင့် ဥတုရာသီဟူသော စကားလုံးများကို မကြာခဏ ဖလှယ်၍ အသုံးပြုနေသော်လည်း စင်စစ်တွင်မူ ၎င်းတို့သည် လုံးဝကွဲပြားနေသော အရာနှစ်ခု ဖြစ်ကြသည်။

ဤအသုံးအနှုန်းနှစ်ခုအကြား သိသာထင်ရှားဆုံးသော ကွဲပြားခြားနားမှုမှာ အချိန်ကာလဖြစ်သည်။ မိုးလေဝသဆိုသည်မှာ နေ့စဉ် (သို့မဟုတ်) တိုတောင်းသော ကာလအတွင်း ပြောင်းလဲနေသော ကမ္ဘာ့လေထုအတွင်းရှိ အခြေအနေများကို ဆိုလိုပြီး ဥတုရာသီဆိုသည်မှာ ရှည်လျားသော ကာလ အတွင်း နေရာဒေသတစ်ခုတွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှမိုးလေဝသ အခြေအနေများကို ဆိုလိုသည်။[၃၅]

---

၃၅ National Geographic. (n.d.–b); NASA. (2021).

## မိုးလေဝသအခြေအနေများကို ဖြစ်ပေါ်စေသော အကြောင်းအရာများ

ကမ္ဘာ့လေထုအတွင်းတွင် မိုးလေဝသအခြေအနေများကို ဖန်တီးဖြစ်ပေါ်စေသည့် အဓိက အစိတ်အပိုင်း ခြောက်ခု ရှိသည်။

- *အပူချိန်* – အပူချိန် ဆိုသည်မှာ လေထုမည်မျှ ပူသည်၊ အေးသည်ကို ဆိုလိုသည်။ လေထုသည် နေမှ နေစွမ်းအင်ကို စုပ်ယူပြီး လူသားတို့၏ ဘဝရှင်သန်မှုအတွက် လုံလောက်စွာ အကျိုးပြုနိုင်မည့် ကမ္ဘာ၏ အနွေးဓာတ်ကို ဖြစ်စေသည်။ သို့သော် လူသားများ၏ လုပ်ငန်းများဖြစ်သော လေထုအတွင်းသို့ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းသည် ကမ္ဘာကြီး၏ အပူချိန်အပေါ် သက်ရောက်နိုင်သည်။
- *လေထုဖိအား* – လေထုဖိအားဆိုသည်မှာ လေ၏ အလေးချိန်နှင့် သိပ်သည်းဆကို ဆိုလိုခြင်း ဖြစ်သည်။ နွေးသောလေများသည် လေအေးများထက် သိပ်သည်းဆ လျော့နည်းသည်။ ဤအချက်ကို အကြောင်းပြု၍ ဖိအားများသော မိုးလေဝသ ဖွဲ့စည်းမှုများသည် အေးမြသည့် အပူချိန်နှင့် တိမ်ကင်းစင်မှုကို ဖြစ်ပေါ်စေပြီး ဖိအားနည်းသော မိုးလေဝသဖွဲ့စည်းမှုများက နွေးသောအပူချိန်နှင့် နွေရာသီ မုန်တိုင်းများ ဖြစ်ပေါ်စေသည်။ လေထုအတွင်း ပိုမို မြင့်မားသည့် နေရာကို ရောက်သည်နှင့်အမျှ လေထုဖိအားမှာလည်း  ပိုမိုတိုးလာသည်။ ထို့ကြောင့် တောင်ထိပ်တွင်ရှိသော လေသည် ပင်လယ်ရေမျက်နှာပြင်ရှိ လေထက် ပိုမိုပါးလွှာခြင်း ဖြစ်သည်။
- *စိုထိုင်းဆ* – စိုထိုင်းဆဆိုသည်မှာ လေထုအတွင်း ရေငွေ့ပါဝင်မှု ပမာဏကို ဆိုလိုသည်။ လေနွေးများသည် လေအေးများထက် ရေငွေ့ကို ပိုမိုသယ်ဆောင်နိုင်သည်။ ထို့ကြောင့် အပူပိုင်းဒေသ ရာသီဥတုများသည် စိုထိုင်း၍   စေးကပ်လေ့ရှိခြင်း ဖြစ်သည်။
- *မိုးတိမ်ဖွဲ့ခြင်း* – လေထုအတွင်း  ရေငွေ့ပြန်ခြင်းအားဖြင့် မိုးတိမ်များကို ဖန်တီး ဖြစ်ပေါ်စေသည်။ ပင်လယ် သမုဒ္ဒရာများနှင့် ရေအိုင်များ ကဲ့သို့သော နေရာဒေသများမှ ရေငွေ့ပြန်သောအခါ မိုးတိမ်များ ဖွဲ့စည်း ဖြစ်ပေါ်လာသည်။
- *မိုးရွာခြင်း* – မိုးတိမ်များသည် အလွန်သေးငယ်သော ရေစက်ရေပေါက်ကလေးများနှင့် ပြည့်ဖြိုးလာပြီး ၎င်းတို့သည် မြေပြင်ပေါ်သို့ ပြန်လည်ကျရောက်နိုင်သည့် အလွန် လေးလံသော အခြေအနေများ ဖြစ်လာသောအခါ မိုးအဖြစ် ပြန်လည် ရွာကျသည်။
- *တိုက်လေများ* – တိုက်လေများသည် ကျွန်ုပ်တို့ လေထုအတွင်း လေဖိအား မတူညီသောကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ လေနွေးများ အပေါ်သို့

မြင့်တက်သွားသည့်အခါ လေအေးများက ၎င်းတို့ နေရာတွင် အစားထိုး ဝင်ရောက်လာခြင်းဖြင့် လေတိုက်ခြင်းကို ဖြစ်ပေါ်စေသည်။ တိုက်လေများသည် မိုးတိမ်များကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားစေခြင်း (သို့မဟုတ်) မုန်တိုင်းများ ဖွဲ့စည်းဖြစ်ပေါ်စေခြင်းဖြင့် မိုးလေဝသ အခြေအနေ ပြောင်းလဲမှုများကို ဖြစ်စေသည်။[၃၆]

## ဥတုရာသီကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများ

နေရာဒေသတစ်ခု၏ ဥတုရာသီကို ဆုံးဖြတ်နိုင်သော အကြောင်းရင်း ငါးချက်ရှိသည် –

- နေရာဒေသတစ်ခု၏ လတ္တီကျုတည်နေရာက ဆုံးဖြတ်ပေးသော နေမှ ရရှိသည့် နေစွမ်းအင် ပမာဏ။
- နေရာဒေသတစ်ခု၏ ပင်လယ်ရေ မျက်နှာပြင် အထက်အမြင့် (သို့မဟုတ်) တောင်တန်းများနှင့် ကပ်လျက်တည်ရှိခြင်း၊ နေရာဒေသ တစ်ခု၏ တည်နေရာ မြင့်မားလေ ပို၍ အေးလေ ဖြစ်သည်။
- ပင်လယ်သမုဒ္ဒရာများနှင့် ကပ်လျက်တည်ရှိခြင်းနှင့် ကုန်းမြေနှင့် ရေပြင်တို့၏ နှိုင်းရ အပူချိန်များ။
- ဆိုင်ကလုန်းများနှင့် ဟာရီကိန်း အစရှိသည့် မုန်တိုင်းများကို ဖြစ်ပေါ်စေသည့် လေ၏ ထုထည်ကွာခြားခြင်း။
- တိုက်လေနှင့် လေထုထည်၏ ပုံစံကို အမျိုးမျိုး ပြောင်းလဲစေသော လေဖိအား၏ ကုန်းမြေနှင့် အနီးဆုံးသမုဒ္ဒရာများအပေါ်မှ ပျံ့နှံ့မှု။[၃၇]

### သင်ယူမှုလုပ်ငန်း (၁)။ ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ – မိုးလေဝသ ကားချပ် တစ်ခုကို ဖတ်ရှုခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်းနှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရာ၌ အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချရန် ဖြစ်သည်။


---

၃၆ National Centre for Atmospheric Science. (2020).


၃၇ Upgren, A., & Stock, J. (2000).

၁။ ပုံ (၆.၉)၊ (၆.၁၀) နှင့် (၆.၁၁) တို့ကို ကြည့်ရှုပါ။ ၎င်းတို့တွင် မြန်မာနိုင်ငံရှိ မတူညီသော ဒေသသုံးခု၏ နှစ်တစ်နှစ်အတွင်း ပျှမ်းမျှမိုးရေချိန်နှင့် အပူချိန်တို့ကို ဖော်ပြထားသည်။ ဘားဂရပ်က မိုးရွာသွန်းမှု ပမာဏကို ဖော်ပြပြီး မျဉ်းဂရပ်မှာ အပူချိန်ကို ဖော်ပြထားသည်။


၂။ ပုံ (၆.၉)၊ (၆.၁၀) နှင့် (၆.၁၁) တို့ကို အသုံးပြု၍ ဇယား (၆.၅) မှ မေးခွန်းများကို ဖြေဆိုပါ။




ပုံ ၆.၉။ ရန်ကုန်မြို့၏ နှစ်စဉ် အပူချိန်နှင့် မိုးရေချိန်ပြပုံ




ပုံ ၆.၁၀။ မန္တလေးမြို့၏ နှစ်စဉ် အပူချိန်နှင့် မိုးရေချိန်ပြပုံ




ပုံ ၆.၁၁။ မြိတ်မြို့၏ နှစ်စဉ် အပူချိန်နှင့် မိုးရေချိန်ပြပုံ

**ဇယား ၆.၅။ မိုးလေဝသကားချပ်များကို ဖတ်ရှုလေ့လာခြင်း**

| | ရန်ကုန်မြို့ | မန္တလေးမြို့ | မြိတ်မြို့ |
|---|---|---|---|
| မည်သည့်လသည် မိုးရေချိန် အမြင့်ဆုံး ဖြစ်သနည်း။ | | | |
| မည်သည့်လသည် အပူချိန် အအေးဆုံး ဖြစ်သနည်း။ | | | |
| မည်သည့်လသည် အပူချိန် အမြင့်ဆုံး ဖြစ်သနည်း။ | | | |
| မည်သည့်အချိန်သည် ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံ စိုက်ပျိုးရန် အကောင်းဆုံး ဖြစ်သနည်း။ | | | |
| မည်သည့်အချိန်သည် ပြင်ပအားကစားနည်းများ ကစားရန် အကောင်းဆုံး ဖြစ်သနည်း။ | | | |
| သင်တို့သည် မည်သည့်အချိန်တွင် ကုတ်အင်္ကျီ ဝတ်ဆင်ရန်လိုအပ်သနည်း။ | | | |
| မည်သည့် ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များက ဤဥတုရာသီအပေါ် အကျိုးသက်ရောက် စေနိုင်သနည်း။ | | | |

## အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၆.၂.၂)၊ စာသင်ချိန် (၂) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၂.၂) စာသင်ချိန် (၂) ကို ကြိုတင်ဖတ်ရှု လေ့လာပါ။ သင်တို့ ကျောင်းသားကိုင်စာအုပ်တွင် စိတ်ဝင်စားသည့် အချက်များကို မှတ်စုရေးပါ (သို့မဟုတ်) ရောင်စုံမျဉ်းသားပါ။

## စာသင်ချိန် (၂)

## မြန်မာနိုင်ငံ၏ ဥတုရာသီ

မြန်မာနိုင်ငံ၏ အဓိကကုန်းမြေထုသည် ကမ္ဘာ့မြေပုံပေါ်တွင် အီကွေတာမျဉ်းနှင့် မြောက်ယဉ်စွန်းတန်း (အီကွေတာမြောက်ဘက် ၂၃.၅ ဒီဂရီ) တို့၏ အကြားတွင် ကျရောက်တည်ရှိနေသည်။ ဤသည်မှာ မြန်မာနိုင်ငံသည် အပူပိုင်းရာသီဥတုဇုန်အတွင်း များစွာကျရောက်နေသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်ပြည်နယ်သည် မြောက်ယဉ်စွန်းတန်း ၏ အထက်ဘက်တွင် တည်ရှိနေသောကြောင့် သမပိုင်းရာသီဥတုဇုန်အတွင်း ကျရောက်နေသည်ဟု ယူဆရသည်။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံသည် အောက်ပါဥတုသုံးမျိုး ပါဝင်သည့် အပူလျော့ပိုင်းရာသီဥတု ရှိသည်။

- နိုဝင်ဘာလမှ ဖေဖော်ဝါရီလထိ ဆောင်းဥတု
- မတ်လနှင့် ဧပြီလတွင် နွေဥတုနှင့်
- မေလမှ အောက်တိုဘာလအထိ မိုး (မုတ်သုန်) ဥတု[၃၈]

မြန်မာ့ကမ်းရိုးတန်းဒေသများသည် များသောအားဖြင့် မိုးများသော မုတ်သုန်ရာသီ၌ နှစ်စဉ် မိုးပမာဏများစွာ ရရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဇုန်များကို ကမ်းရိုးတန်း ဒေသများနှင့် နှိုင်းယှဉ်ကြည့်လျှင် နှစ်စဉ် မိုးရွာသွန်းမှု နည်းစွာ ရရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံမြောက်ပိုင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ပိုမိုမြင့်မားသော တောင်ကုန်းထူထပ်သည့် ဒေသများတွင် အပူချိန်မှာ သုညဒီဂရီနှင့် ကပ်လျက်ရှိပြီး နှင်းများ ကျသော်လည်း မြစ်ဝကျွန်းပေါ်ဒေသ ရန်ကုန်မြို့၏ အနိမ့်ဆုံးအပူချိန်အနေဖြင့် ၁၅ ဒီဂရီ ဆဲလ်စီးယပ်အောက်ရှိသည်မှာ ကြုံခဲလှသည်။

၃၈ Ministry of Natural Resources and Environmental Conservation. (2017).

မြန်မာနိုင်ငံ၏ ဥတုရာသီသည် ပထဝီဝင်ဆိုင်ရာ တည်နေရာ၊ ပင်လယ်ရေ မျက်နှာပြင်အထက် အမြင့်နှင့် ပင်လယ်သမုဒ္ဒရာများနှင့် နီးကပ် ဆက်စပ်မှုတို့အပေါ်တွင် မူတည်၍ အမျိုးမျိုး ဖြစ်ပေါ် ပြောင်းလဲနေသည်။ ဆိုလိုသည်မှာ မြစ်ကြီးနားမြို့၊ မန္တလေးမြို့နှင့် မြိတ်မြို့တို့သည် တစ်နိုင်ငံတည်း၌ အတူတကွ တည်ရှိကြသော်လည်း ၎င်းတို့၏ နှစ်စဉ်ဥတုရာသီမှာ လွန်စွာကွဲပြားသည်။[၃၉]

## ဥတုရာသီပြောင်းလဲခြင်း

နှစ်သန်းပေါင်းများစွာကြာပြီးနောက်တွင် ကမ္ဘာ့ဥတုရာသီသည် ပြောင်းလဲခဲ့သည်။ ဥပမာအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ ဝန်းကျင်က ကမ္ဘာ့နေရာဒေသ အများအပြားတွင် အလွန် အေးမြပြီး ရေခဲများ ဖုံးလွှမ်းနေသော "ရေခဲခေတ်" ရှိခဲ့သည်။ ဤသဘာဝအပြောင်းအလဲများနှင့် မတူညီသည်မှာ မျက်မှောက်ခေတ်တွင် ကျွန်ုပ်တို့သည် ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ထုတ်လွှတ်ခြင်းကြောင့် ဖြစ်ပေါ်သော လူတို့ဖန်တီးသည့် အပြောင်းအလဲများကို တွေ့ကြုံခံစားနေကြရခြင်း ဖြစ်သည်။

ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းသည် ("ကမ္ဘာကြီးပူနွေးလာမှု" ဟူ၍လည်း သိရှိထားသည်) လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ပါဝင်မှုများပြားလာသောအခါတွင် (ဖန်လုံအိမ် အာနိသင် တိုးမြင့်လာရာမှ တစ်ဆင့်) ဖြစ်ပေါ်သည်။ ကမ္ဘာ့ပျမ်းမျှ အပူချိန်သည် ၁၉၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ၁.၈ ဒီဂရီဖာရင်ဟိုက် (၁ ဒီဂရီဆဲလ်စီးယပ်) တိုးမြင့်လာခဲ့သည်။ ၂၀၁၉ ခုနှစ်သည် ၂၀၁၆ ခုနှစ် နောက်ပိုင်း ဒုတိယ အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင် စံချိန်တင်ခဲ့သည်။

အထူးသဖြင့် ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းသည် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ပါဝင်မှု မြင့်မားလာခြင်းကြောင့် ဖြစ်ပေါ်ရခြင်း ဖြစ်သည်။ လေထုအတွင်း ကာဗွန်ဒိုင် အောက်ဆိုက်ဒ် ပါဝင်မှု ပမာဏသည် လွန်ခဲ့သော နှစ်တစ်ရာအတွင်း နှစ်ဆတိုးလာခဲ့သည်။ နောင်လာမည့် နှစ် ၁၀၀ အတွင်း အဆိုပါ ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ပမာဏမှာ (လူသားတို့၏ လုပ်ဆောင်ချက်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ထုတ်လွှတ်မှုကြောင့်) တစ်ဖန် နှစ်ဆဖြစ်လာလိမ့်မည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

---

၃၉ Regional Integrated Multi–Hazard Early Warning System & UN Human Settlements Programme (UN–Habitat), (n.d.).

ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ တစ်ကမ္ဘာလုံး အလေးထားရမည့် ကိစ္စတစ်ရပ်လည်း ရှိသေးသည်။ သိပ္ပံပညာရှင်များက ကမ္ဘာကြီး ပူနွေးလာခြင်းသည် မိုးလေဝသ ပုံသဏ္ဌာန် အပြောင်းအလဲတစ်ခုကို ဖြစ်ပေါ်စေနိုင်သည်ဟု ခန့်မှန်းကြသည်။ ဤ အပြောင်းအလဲများက ရေခဲများကို အရည်ပျော်စေပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ပင်လယ်ရေမျက်နှာပြင်များကို မြင့်တက်စေနိုင်သည်။ မိုးခေါင်ခြင်းနှင့် အပူပိုင်းမုန်တိုင်းများ ကဲ့သို့သော အလွန်ဆိုးရွားပြင်းထန်သည့် မိုးလေဝသပုံစံများကိုလည်း ပို၍ ဖြစ်ပေါ်စေနိုင်သည်။

## ဥတုရာသီအပေါ် လူသားတို့၏ အကျိုးသက်ရောက်မှု

လူသားတို့၏ လုပ်ဆောင်ချက်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ များလာရခြင်း၏ အကြီးမားဆုံး အကြောင်းတရားဖြစ်ပြီး ရာသီဥတု အပြောင်းအလဲကိုလည်း ဖြစ်ပေါ်စေသည်ဟု သိပ္ပံပညာရှင် အများစုက လက်ခံယုံကြည်ထားကြသည်။ လူသားတို့၏ လုပ်ဆောင်ချက်များတွင် –

- သဘာဝရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းမှု (လျှပ်စစ်ဓာတ်အားနှင့် သယ်ယူပို့ဆောင်ရေး အတွက်)
- လယ်ယာလုပ်ငန်း လုပ်ကိုင်မှု
- စက်မှုကုန်ထုတ်လုပ်ငန်း ထုတ်လုပ်မှု
- အမှိုက်သရိုက်နှင့် မိလ္လာအညစ်အကြေးများ စသည်တို့ ပါဝင်ကြသည်။

စက်ရုံများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ စွမ်းအင်အသုံးပြုမှုသည် ဖန်လုံအိမ်ဓာတ်ငွေ့ ၇၀ ရာခိုင်နှုန်းကျော်ကို ထုတ်လွှတ်ပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများသည် နောက်ထပ် ဖန်လုံအိမ်ဓာတ်ငွေ့ ၂၀ ရာခိုင်နှုန်းကို ထုတ်လွှတ်သည်။

## မြန်မာနိုင်ငံ၏ ဥတုရာသီ ပြောင်းလဲမှုများ

မြန်မာနိုင်ငံ၏ ဥတုရာသီသည် ပြောင်းလဲလျက်ရှိသည်။ မြန်မာနိုင်ငံသည် အချိန်နှင့်အမျှ ပိုမို ပူနွေးလာ၍ ပိုမို မိုးများလာကြောင်း အချက်အလက်များက ဖော်ပြနေသည်။ ခြောက်သွေ့သော ရာသီများမှာ ပိုမို တိုတောင်းလာပြီး ပိုမိုခြောက်သွေ့လာသည်။ ဤသည်တို့မှာ ရာသီဥတု ပြောင်းလဲခြင်း၏ အကျိုးဆက်များပင် ဖြစ်သည်။ နောက်ဆက်တွဲ အကျိုးဆက်များ အနေဖြင့် –

- စိုစွတ်သော ရာသီဥတုများတွင် ရေ ပိုမိုရရှိခြင်း
- ခြောက်သွေ့သော ရာသီဥတုများတွင် ရေပြတ်လပ်ခြင်း
- ရေလွှမ်းမိုးခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာခြင်း
- ရေကြောင့် ဖြစ်ပွားသော ရောဂါများ ပိုမိုများပြားလာခြင်း
- ခြင်ပေါက်ဖွားမှု ပိုမိုများပြားလာခြင်း
- အပူချိန်မြင့်မားမှုကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပိုမိုများပြားလာခြင်း
- စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အသီးအနှံအမျိုးအစားများ ပြောင်းလဲရန်လိုအပ်ခြင်း
- ခြံမွေးတိရစ္ဆာန်များ နိုင်ငံ၏ နေရာဒေသအသီးသီးသို့ ပြောင်းရွှေ့ရန် လိုအပ်လာခြင်း
- ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းများမှ ရရှိနိုင်သော ငါးမျိုးစိတ်များ ပြောင်းလဲလာခြင်း
- ရေလွှမ်းမိုးမှု ပိုမိုများပြားလာခြင်းနှင့် အပူချိန်ပိုမိုမြင့်မားလာခြင်းတို့ကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးယိုယွင်းလာခြင်း စသည်တို့ ဖြစ်ပေါ်လာနိုင်သည်။



ပုံ ၆.၁၂။ မြန်မာနိုင်ငံ၊ မာတရပ်ကွက်၊ ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေ ပျက်စီးဆုံးရှုံးပုံ[၄၀]

## ဥတုရာသီ ပြောင်းလဲမှုများကို တားဆီးကာကွယ်ခြင်း – (နိုင်ငံများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ လှုပ်ရှားမှုများ)

ကမ္ဘာ့အပူချိန်သည် သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်တွင် ၃.၂ ဒီဂရီဆဲလ်စီးယပ်ထိ တိုးမြင့်လာလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ ကမ္ဘာကြီး ပူနွေးလာမှုကို ၁.၅ ဒီဂရီဆဲလ်စီးယပ်သို့ ကန့်သတ်လျှော့ချနိုင်ရန် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပမာဏ၏ ၇.၆ ရာခိုင်နှုန်း နှစ်စဉ်လျှော့ချရန် လိုအပ်သည်။ ၂၀၁၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှု သဘောတူစာချုပ် ဖြစ်သည့် ‘ပဲရစ် သဘောတူစာချုပ်’ ကို အဖွဲ့အစည်းပေါင်း (၁၉၆) ခုက သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ပဲရစ်သဘောတူညီချက်သည် ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ဥပဒေအရ တရားဝင် တာဝန်ခံစေသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် တစ်ခုဖြစ်သည်။ ယင်းသဘောတူညီချက်သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ (၄) ရက်နေ့မှ စ၍ အာဏာတည် အသက်ဝင်ခဲ့သည်။ ပါဝင် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်အားလုံးက ရာသီဥတုပြောင်းလဲခြင်းကို

၄၀ https://commons.wikimedia.org/wiki/File:Marta_Ward,_Myanmar_(Burma)_-_panoramio_(10).jpg Image courtesy of mohigan, licensed under CC BY–SA 3.0. View license, https://creativecommons.org/licenses/by-sa/3.0/

တားဆီး ကာကွယ်ရန်နှင့် ၎င်း၏ အကျိုးသက်ရောက်မှုများကို လိုက်လျောညီထွေ ချိန်ညှိယူရန်အတွက် သိသာထင်ရှားသည့် ကြိုးပမ်း အားထုတ်မှုများ ပြုလုပ်ရန် သဘောတူခဲ့ကြသည်။ များစွာသော ကုမ္ပဏီများ၏ စွမ်းအင်အသုံးပြုမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများတွင် "ကာဗွန်ထုတ်လွှတ်မှု မရှိစေရန်" ရည်ရွယ်ထားသည်။ ဆိုလိုသည်မှာ အဆိုပါ လုပ်ငန်းစဉ်များ၏ ကာဗွန်ထုတ်လွှတ်မှုအားလုံးအတွက် ကာဗွန်သုံးစွဲမှု လျှော့ချခြင်း စီမံချက်များ၊ ဥပမာအားဖြင့် ပြန်လည်သုံးစွဲနိုင်သော စွမ်းအင်စီမံချက်များကို ငွေကြေးထောက်ပံ့ခြင်းအားဖြင့် ကျေလည်စေခြင်း (မျှခြေတည်စေခြင်း) ဖြစ်သည်။

လေးထောင့်ကွက် (၆.၂) တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ အကြံပြုတင်ပြထားသော အစိုးရအဖွဲ့အစည်းများ တာဝန်ယူလုပ်ဆောင်နိုင်သော အပြုသဘောဆောင်သည့် ဥတုရာသီဆိုင်ရာ လှုပ်ရှားမှု (၆) မျိုးကို အကြမ်းဖျင်း ဖော်ပြထားသည်။

**လေးထောင့်ကွက် ၆.၂။ အစိုးရအဖွဲ့အစည်းများ တာဝန်ယူလုပ်ဆောင်နိုင်သော အပြုသဘောဆောင်သည့်ဥတုရာသီဆိုင်ရာ လှုပ်ရှားမှု (၆) မျိုး**[၄၁]

၁။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကိုဦးတည်သည့်အပြောင်းအလဲ – ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအားလုံးတွင် ကာဗွန်ဓာတ်ငွေ့ ဖယ်ရှားပစ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို အရှိန်အဟုန်မြင့်၍ ဆောင်ရွက်ရမည်။

၂။ ရေရှည်အကျိုးဖြစ်ထွန်းပြီး လူတိုင်းအကျုံးဝင်သည့် တိုးတက်ကြီးပွားမှုရှိသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်အကိုင်များ

၃။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း – တစ်ဦးတစ်ယောက်မှ နောက်ကျကျန်မနေဘဲ အားလုံးအတွက် သင့်တင်မျှတသော အပြောင်းအလဲတစ်ခုမှတစ်ဆင့် လူ့အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စေခြင်း

၄။ ရေရှည်အကျိုးဖြစ်ထွန်းမည့် ဖြေရှင်းနည်းများတွင် ရင်းနှီးမြှုပ်နှံခြင်း – သဘာဝလောင်စာ အထောက်အကူပြု သုံးစွဲမှုများ အဆုံးသတ်ရမည်။ ညစ်ညမ်းပစ္စည်း စွန့်ထုတ်သူများက ၎င်းတို့၏ ပတ်ဝန်းကျင် ညစ်ညမ်းစေမှုအတွက် ဒဏ်ငွေ ပေးဆောင်ရမည်။

၄၁ United Nations. (2021).

| | |
|---|---|
| ၅။ | ဥတုရာသီကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်အားလုံးကို ရင်ဆိုင်ဖြေရှင်းခြင်း |
| ၆။ | အားလုံး ပူးပေါင်းဆောင်ရွက်ခြင်း – တစ်နိုင်ငံတည်း အင်အားဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ |

ထို့ပြင် နိုင်ငံအစိုးရများနှင့် ဖွံ့ဖြိုးမှု အဖွဲ့အစည်းများက ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ထုတ်လွှတ်မှု လျှော့ချရေး လုပ်ရှားမှုများကို တာဝန်ယူ လုပ်ဆောင်နိုင်ပြီး လူပုဂ္ဂိုလ် တစ်ဦးချင်းကလည်း ၎င်းတို့၏ အပြုအမူများအား ပြောင်းလဲရန် လိုအပ်သည်။ ဤလှုပ်ရှားမှု အပြုအမူများမှ အချို့သည် အလွယ်တကူ တာဝန်ယူ ဆောင်ရွက်နိုင်သော အရာများဖြစ်သည်။ အခြားသော လှုပ်ရှားမှုများကိုမူ လူတို့က ရွေးချယ်ရန် လိုအပ်သည်။ ယဉ်ကျေးမှုနှင့် ဘာသာရေး ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးစံများနှင့် သဘောထား ကွဲလွဲနိုင်သော အရာများနှင့် လုပ်ဆောင်ရန် မလွယ်ကူသော အရာများ ဖြစ်နိုင်သည်။ ဤပုဂ္ဂိုလ်ရေးဆိုင်ရာ တစ်ကိုယ်ရေ အပြုအမူများမှာ မည်သည့်အရာများ ဖြစ်နိုင်သနည်း။

## သင်ယူမှုလုပ်ငန်း (၂)။ တီထွင်ဖန်တီးရေးသားခြင်း – ဥတုရာသီ အပြောင်းအလဲ၏ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ရာသီဥတု ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို လေးနက်စွာ ပြန်လည်သုံးသပ်ရန် ဖြစ်သည်။

သင့်ကိုယ်သင် သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်၌ မြန်မာနိုင်ငံတွင် အသက်ရှင် နေထိုင်နေသည့် ကောလိပ် ကျောင်းသားတစ်ဦးအဖြစ် စိတ်ကူးကြည့်ပါ။ ကမ္ဘာကြီး ပူနွေးလာခြင်းကြောင့် ကမ္ဘာ့အပူချိန်သည် ၃.၂ ဒီဂရီ မြင့်တက်လာမည်ဖြစ်ပြီး ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုများ အဖြစ် လျှော်များ၊ ဆိုင်ကလုန်းမုန်တိုင်းများ အစရှိသည့် သဘာဝဘေးအန္တရာယ်ကြီးများ ပုံမှန်ဖြစ်ပေါ်နေမည်။ တတိယနှစ်၊ ပထမစာသင်နှစ်ဝက် လူမှုရေးဘာသာရပ်မှ မြေလျှော်များ နှင့် ဆိုင်ကလုန်းမုန်တိုင်းများ (အခန်းငယ် ၃.၁။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်) နှင့်ပတ်သက်၍ သင်ယူခဲ့သည်များကို ပြန်လည်တွေးတောပါ။

လေးထောင့်ကွက် (၆.၃) တွင် သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်၌ မြန်မာနိုင်ငံတွင် နေထိုင်ရသော သင်၏ ဘဝတစ်နေ့တာအကြောင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်စောင်ရေးပါ။ နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသည့်အခါ –

- သောက်သုံးရေနှင့် အစားအစာ ရယူသုံးစွဲနိုင်မှု အခွင့်အလမ်း
- စားသုံးရန်အတွက် ရရှိနိုင်သည့် အစားအစာ အမျိုးအစားများ
- နေထိုင်ရပ်တည်မှု အခြေအနေ
- မြင့်မားလာသည့် အပူချိန်က နေ့စဉ်ဘဝနှင့် အစားအစာ ထုတ်လုပ်မှုအပေါ် သက်ရောက်ပုံ
- ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ် အမျိုးအစားများနှင့် သင့်အနေဖြင့် ၎င်းတို့အား ရင်ဆိုင်ရန် ပြင်ဆင်ထားပုံ
- သင်၏ နေ့စဉ်ဘဝနှင့် သက္ကရာဇ် ၂၀၂၁ ခုနှစ်မှ ကျောင်းသားတစ်ဦး၏ အသက်ရှင် နေထိုင်မှုဘဝ ကွဲပြားခြားနားပုံ အစရှိသည်တို့ကို စဉ်းစားတွေးတောပါ။

**လေးထောင့်ကွက် ၆.၃။ သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်တွင် အသက်ရှင် နေထိုင်လျက်ရှိသော ကောလိပ်ကျောင်းသားတစ်ဦး၏ နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသွင်းချက်**

| |
|---|
| |

## အိမ်စာလုပ်ငန်း။ သင်ပြမှုပုံစံ – လက်တွေ့ပထဝီဝင်

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းအောက်ဆင့် လက်တွေ့ ပထဝီဝင် အတန်းတစ်တန်းအတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲရန် ဖြစ်သည်။

၁။ သင့်အနေဖြင့် လက်တွေ့ပထဝီဝင် အခန်းများမှ တစ်စိတ်တစ်ပိုင်းအဖြစ် လွှမ်းခြုံဖော်ပြခဲ့သော ခေါင်းစဉ်တစ်ခုကို ရွေးချယ်ပါ။ ပထမတန်းနှင့် ဒုတိယတန်း လူမှုရေးဘာသာ သင်ယူမှုရည်မှန်းချက်များနှင့် ပတ်သက်၍ စဉ်းစားပါ။ သင်ယူမှု ရည်မှန်းချက်များ ပြည့်မီစေရန် လက်တွေ့ပထဝီဝင် သင်ခန်းစာတစ်ခုကို သင် မည်သို့ ရေးဆွဲမည်နည်း။

၂။ ပထမတန်း (သို့မဟုတ်) ဒုတိယတန်းအတွက် သင် ရွေးချယ်ထားသော ခေါင်းစဉ်နှင့် ဆက်စပ်သည့် (၄၅) မိနစ်စာ လက်တွေ့ ပထဝီဝင် သင်ခန်းစာတစ်ခုကို ပြင်ဆင်ပါ။

၃။ သင်၏ သင်ခန်းစာကို ပြင်ဆင်ပြီးသောအခါ ၎င်းအား နောက်ဆက်တွဲ (၅) ရှိ သင်ခန်းစာ ပုံစံလွှာတွင် ထည့်သွင်းရေးသားပါ။

၄။ သင်၏ ပြင်ဆင်ရေးဆွဲပြီးသော သင်ခန်းစာကို အတန်းထဲသို့ ယူဆောင်ပါ။

# ၆.၂.၃။ လက်တွေ့ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- လက်တွေ့ပထဝီဝင်သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံတစ်ခု ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံအကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အတန်းဖော်များအား အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။

### သင်ယူမှုလုပ်ငန်း။ အချင်းချင်း တုံ့ပြန်အကြံပြုချက်ပေးခြင်း – လက်တွေ့ပထဝီဝင် သင်ပြမှုပုံစံ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် သင်၏ သင်ခန်းစာစီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက်ကို အတန်းဖော်တစ်ဦးအား တင်ပြရန်နှင့် သင့်အတန်းဖော်၏ သင်ပြမှုပုံစံနှင့် စပ်လျဉ်း၍ အပြုသဘောဆောင်သည့် တုံ့ပြန်အကြံပြုချက်များ ပေးရန် ဖြစ်သည်။

၁။ အိမ်စာလုပ်ငန်းတစ်ခုအဖြစ် သင် ပြင်ဆင်ရေးဆွဲခဲ့ပြီးသော သင်ပြမှုပုံစံကို သင်၏လုပ်ဖော်ကိုင်ဖက် အတန်းဖော်အား တင်ပြပါ။ တင်ပြသည့်အခါ သင့်အနေဖြင့် အောက်ဖော်ပြပါ မေးခွန်းများ ဖြေဆိုထားရန် လိုအပ်သည် –

- အဘယ်ကြောင့် ဤသင်ယူမှုရလဒ်များကို ရွေးချယ်ခဲ့ပါသနည်း။
- သင်၏ သင်ယူမှုလုပ်ငန်းများသည် သင်ယူမှုရလဒ်များကို မည်ကဲ့သို့ ပြည့်မီမှု ရှိစေမည်နည်း။

- သင်အနေဖြင့် ဤသင်ခန်းစာကို သင်ပြရာတွင် မည်သည့်ရင်းမြစ်များနှင့် မည်သို့သော ကြိုတင်ပြင်ဆင်မှုများ လိုအပ်မည်နည်း။
- သင်ယူမှုရလဒ်များနှင့် စပ်လျဉ်း၍ သင့်ကျောင်းသားများ၏ အသိပညာကို သင် မည်ကဲ့သို့ စစ်ဆေးအကဲဖြတ်မည်နည်း။

၂။ သင်၏ သင်ပြမှုပုံစံ တင်ပြမှု ပြီးမြောက်သောအခါ သင်၏ လုပ်ဖော်ကိုင်ဖက် အတန်းဖော်က ၎င်း၏ သင်ပြမှုပုံစံကို သင်အား တင်ပြရမည်ဖြစ်ပြီး တူညီသော မေးခွန်းများကို ဖြေကြားရမည်။

၃။ သင်ပြမှုပုံစံကို သင်၏ လုပ်ဖော်ကိုင်ဖက် အတန်းဖော်နှင့် လဲလှယ်ပါ။ ၎င်းတို့၏ သင်ပြမှုပုံစံနှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းပြီး၊ သင်နှစ်သက်သဘောကျသည့် အစိတ်အပိုင်းများနှင့် သင်ပြောင်းလဲလိုသော အစိတ်အပိုင်းများကို ကပ်၍ရသော စာမှတ်စက္ကူတိပ်များသုံး၍ တုံ့ပြန်အကြံပြုချက်များပေးပါ။ အနည်းဆုံး ၎င်းတို့ ကောင်းမွန်စွာ ဆောင်ရွက်ထားသော အချက်တစ်ချက်နှင့် ၎င်းတို့အနေဖြင့် ပိုမိုကောင်းမွန်အောင် မွမ်းမံနိုင်သော အချက်နှစ်ချက်အား မှတ်ချက်ပြုပါ။

၄။ သင့်အနေဖြင့် လုပ်ဖော်ကိုင်ဖက်များ၏ သင်ပြမှုပုံစံများကို မှတ်ချက်ပေးပြီးသောအခါ ၎င်းတို့၏ သင်ပြမှုပုံစံများကို ပြန်လည်ပေးအပ်ပါ။ ၎င်းတို့၏ မှတ်ချက်များကို ဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းအတွက် မိနစ်အနည်းငယ်သုံးပါ။

၅။ ဤလေ့ကျင့်ခန်းမှ သင် လေ့လာသင်ယူခဲ့ပြီးသည့် အရာများကို စဉ်းစားပါ။ အောက်ပါအချက်များကို လွှမ်းခြုံဖော်ပြမည့် ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်စောင် ရေးသားပါ။

- သင်ယူမှုရလဒ် ရွေးချယ်ခြင်းနှင့် ပတ်သက်၍ မှန်ကန်သင့်တော်ကြောင်း ကျိုးကြောင်းသင့်ရှင်းပြခြင်း (*ကျွန်ုပ်သည် ဤသင်ယူမှုရလဒ်များကို ရွေးချယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ..........................................*)
- သင်ယူမှုရလဒ်များနှင့် သင်ယူမှုလုပ်ငန်းများအကြား ဆက်စပ်မှုကို ရှင်းပြခြင်း (*ဤသင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ယူမှုရလဒ်များကို ..........................................အားဖြင့် ရရှိစေသည်။*)
- သင်တို့၏ လုပ်ဖော်ကိုင်ဖက် အတန်းဖော်က ပေးထားသော တုံ့ပြန်အကြံပြုချက်များကို အကြမ်းဖျင်းဖော်ပြခြင်း (*ကျွန်ုပ်၏ အတန်းဖော်က ဤသို့အကြံပြုချက်ပေးထားသည် ..........................................* )

- တုံ့ပြန်အကြံပြုချက်များအပေါ် အခြေပြု၍ ပြောင်းလဲလိုက်သော သင်ယူမှုပုံစံနှင့် စပ်လျဉ်း၍ ကျိုးကြောင်းသင့်ရှင်းပြခြင်း (*ကျွန်ုပ်သည် ဤအရာအား ပြောင်းလဲခဲ့သည်။ အကြောင်းမှာ ……………………………………….* )

## လေးထောင့်ကွက် ၆.၄။ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသွင်းချက်

## အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၁)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၇.၁.၁)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှု လေ့လာပါ။ သင်၏ ကျောင်းသားကိုင်စာအုပ်တွင် စိတ်ဝင်စားသော အချက်များကို မှတ်စုရေးပါ (သို့မဟုတ်) ရောင်စုံမျဉ်းသားပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ မိုးလေဝသနှင့် ဥတုရာသီတို့အကြား ကွဲပြားခြားနားချက်များကို ဖော်ပြပါ။

၂။ လူသားတို့၏ လုပ်ဆောင်ချက်များနှင့် ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းတို့အကြား ဆက်စပ်မှုများကို ရှင်းပြပါ။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ကမ္ဘာ့မြောက်ပိုင်း နိုင်ငံများသည် ချမ်းသာကြွယ်ဝလေ့ ရှိကြပြီး၊ မညီမျှမှုနည်းကာ လူသား ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတန်ဖိုး မြင့်မားကြသည်။ ပြည်ပပို့ကုန်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှု အခြေပြု စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြပြီး ဒီမိုကရေစီဝါဒ အခြေခံသော နိုင်ငံရေးစနစ်ကို လက်ခံကျင့်သုံးကြသည်။ ကမ္ဘာ့မြောက်ပိုင်း နိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်ဖြင့်သာ စုပေါင်းပါဝင် ဖွဲ့စည်းထားသော်လည်း ကမ္ဘာ့ဝင်ငွေနှင့် ချမ်းသာကြွယ်ဝမှု၏ ငါးပုံလေးပုံခန့်ကို ထိန်းချုပ်ပိုင်ဆိုင်ထားကြသည်။
- ကမ္ဘာ့တောင်ပိုင်းဆိုသည်မှာ ဝင်ငွေနည်း စီးပွားရေး လုပ်ငန်းများနှင့် လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း နိမ့်ပါးသော နိုင်ငံများကို ဆိုလိုသည်။ ကမ္ဘာ့တောင်ပိုင်း နိုင်ငံများသည် များသောအားဖြင့် ကမ္ဘာ့အပူပိုင်းဒေသများ (သို့မဟုတ်) ကမ္ဘာ့တောင်ခြမ်းတွင် တည်ရှိကြပြီး များသောအားဖြင့် ကိုလိုနီလက်အောက်ခံဘဝ ရောက်ရှိခဲ့သည့် သမိုင်းကြောင်းရှိသော နိုင်ငံများ ဖြစ်ကြသည်။ ကမ္ဘာ့တောင်ပိုင်း နိုင်ငံများသည် လူငယ်ဦးရေ များပြားကြပြီး လူဦးရေ တိုးနှုန်းမြင့်မားကာ ကာယလုပ်သား အများအပြားကို အားကိုးအားထားပြုကြရသည့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု အစရှိသည့် စီးပွားရေး လုပ်ငန်းများ ရှိကြသည်။
- အာရှတိုက်၊ အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ အန္တာတိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်ဟူ၍ ကမ္ဘာပေါ်တွင် အသိအမှတ်ပြု လက်ခံထားသည့် တိုက်ကြီး (၇) တိုက် ရှိသည်။
- အီကွေတာဆိုသည်မှာ ကမ္ဘာကြီးအား ထက်ဝက်ပိုင်း နှစ်ခု (သို့မဟုတ်) ကမ္ဘာခြမ်း နှစ်ခု အညီအမျှ ပိုင်းခြားထားပြီး သုညဒီဂရီလတ္တီကျူအဖြစ် သတ်မှတ်ထားသော စိတ်ကူးယဉ် မျဉ်းတစ်ကြောင်း ဖြစ်သည်။ ကမ္ဘာ့မြောက်ခြမ်းသည် အီကွေတာ၏ မြောက်ဘက်ပိုင်း (သို့မဟုတ်) အထက်ဘက်တွင်ရှိပြီး တောင်ကမ္ဘာခြမ်းသည် အီကွေတာ၏ တောင်ဘက်ပိုင်း (သို့မဟုတ်) အောက်ဘက်တွင် ရှိသည်။ ဂရင်းနစ်မျဉ်း

(သို့မဟုတ်) သုညဒီဂရီလောင်ဂျီကျုမျဉ်းသည် ကမ္ဘာကြီးအား အရှေ့ခြမ်းနှင့် အနောက်ခြမ်းဟူ၍ နှစ်ပိုင်း ပိုင်းခြားထားသည်။

- လတ္တီကျုဆိုသည်မှာ မြေပုံပေါ်ရှိ ရေပြင်ညီမျဉ်းများကို ဆိုလိုသည်။ လတ္တီကျုမျဉ်းများဖြင့် အီကွေတာ၏ မြောက်ဘက် (သို့မဟုတ်) တောင်ဘက်ရှိ နေရာဒေသတစ်ခု၏ အကွာအဝေးကို ဒီဂရီအားဖြင့် တိုင်းတာဖော်ပြနိုင်သည်။ လောင်ဂျီကျုဆိုသည်မှာ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းကို ဆက်ဆွဲထားသည့် ထောင်လိုက်မျဉ်းများဖြစ်ကြပြီး ဂရင်းနစ်မျဉ်း၏ အရှေ့ဘက် (သို့မဟုတ်) အနောက်ဘက်ရှိ နေရာဒေသတစ်ခု၏ အကွာအဝေးကို ဒီဂရီအားဖြင့် တိုင်းတာဖော်ပြနိုင်သည်။
- အဓိက ဥတုရာသီဇုန် သုံးခုရှိသည်။ မြောက်ယဉ်စွန်းတန်းနှင့် တောင်ယဉ်စွန်းတန်းတို့အကြား ကျရောက်နေသည့် အပူပိုင်းဇုန်၊ ကမ္ဘာ့မြောက်ခြမ်းတွင် မြောက်ယဉ်စွန်းတန်းမှ အာတိတ်စက်ဝိုင်းအထိနှင့် ကမ္ဘာ့တောင်ခြမ်းတွင် တောင်ယဉ်စွန်းတန်းမှ အန္တာတိတ်စက်ဝိုင်းထိ ကျယ်ဝန်းသည့် သမပိုင်းဇုန်နှင့် မြောက်ကမ္ဘာခြမ်းရှိ အာတိတ် စက်ဝိုင်းနှင့် တောင်ကမ္ဘာခြမ်းရှိ အန္တာတိတ်စက်ဝိုင်းတို့အတွင်း ကျရောက်နေသည့် ဝင်ရိုးစွန်းဇုန်တို့ ဖြစ်ကြသည်။
- ဥတုရာသီ ဆိုသည်မှာ နှစ်ပေါင်းများစွာအတွင်း နေရာဒေသတစ်ခုအတွင်း ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှမိုးလေဝသ အခြေအနေများကို ဆိုလိုသည်။ ၎င်းတွင် ရာသီအလိုက် အပူချိန်၊ ပျမ်းမျှမိုးရေချိန်နှင့် လေတိုက်ခတ်မှု ပုံစံတို့ ပါဝင်သည်။ မိုးလေဝသသည် နာရီအနည်းငယ်အတွင်းတွင် နေသာရာမှ မိုးရွာခြင်း (သို့မဟုတ်) ပူရာမှ အေးလာခြင်း စသည်ဖြင့် ပြောင်းလဲနိုင်ပြီး ဥတုရာသီမှာမူ အပြောင်းအလဲဖြစ်ရန် နှစ်ပေါင်းရာပေါင်းများစွာ အချိန်ယူရသည်။
- မြန်မာနိုင်ငံသည် အပူပိုင်းဥတုရာသီဇုန်အတွင်း ကျရောက်နေသည်။ မြန်မာနိုင်ငံသည် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းဥတု၊ မတ်လနှင့် ဧပြီလတို့တွင် နွေဥတုနှင့် မေလမှ အောက်တိုဘာလအထိ မိုးဥတုဟူ၍ ဥတုသုံးမျိုးရှိသော အပူလျော့ပိုင်း ဥတုရာသီ ရှိသည်။
- ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းသည် လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့များပြားလာသောအခါ ဖြစ်ပေါ်သည်။ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၉၀၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း ၁ ဒီဂရီဆဲလ်စီးယပ် မြင့်မားလာခဲ့သည်။ လူသားတို့၏ လုပ်ဆောင်ချက်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ များပြားလာခြင်း၏ အကြီးမားဆုံးသော အကြောင်းတရားဖြစ်ပြီး ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။

- ဥတုရာသီ ဖောက်ပြန်ပြောင်းလဲနေခြင်းကြောင့် မြန်မာနိုင်ငံ၏ ဥတုရာသီမှာလည်း ပြောင်းလဲနေသည်။ မြန်မာနိုင်ငံသည် ပိုမိုပူနွေးလာပြီး ပိုမိုမိုးများလာကြောင်း အချက်အလက်များက ဖော်ပြနေသည်။ ခြောက်သွေ့သော ရာသီဥတုများသည် ပိုမိုတိုတောင်းလာပြီး ပိုမိုခြောက်သွေ့လာသည်။ ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုများ ဆက်လက် ဖြစ်ပွားနေပြီး ပျမ်းမျှ အပူချိန်မှာလည်း ၁.၅ ဒီဂရီဆဲလ်စီးယပ် အထက် မြင့်တက်နေမည်ဆိုပါက မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ၊ မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများ အစရှိသည့် အလွန်ဆိုးရွားသည့် မိုးလေဝသများ၊ အပူချိန်မြင့်မားလာခြင်း၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်း၊ အစားအစာ ထုတ်လုပ်မှု အခက်အခဲများနှင့် ရေနှင့် အင်းဆက်ပိုးမွှားများကြောင့် ဖြစ်ပေါ်သော ရောဂါများ တွေ့ကြုံခံစားလာနိုင်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

“ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းက မြန်မာနိုင်ငံအပေါ် မည်သို့ သက်ရောက်မှု ရှိမည်နည်း” ဟူသော မေးခွန်းကို ရည်ညွှန်းဖြေရှင်းမည့် အကြောင်းအရာဆက်သွယ်ပြပုံတစ်ပုံကို ရေးဆွဲပါ။

## ဆက်လက်ဖတ်မှတ်စရာများ

### ၆.၂။

Ministry of Natural Resources and Environmental Conservation. (2017). *Myanmar climate change strategy and action plan 2016–2030*. The Republic of the Union of Myanmar. https://policy.asiapacificenergy.org/sites/default/files/MCCSAP-Feb-Version.pdf

NSW Department of Education. (2016). *Geographical toolkit K–6*. Consultation draft 14–06–2016. https://rumbalarae.schools.nsw.gov.au/content/dam/doe/sws/schools/r/rumbalara-e/localcontent/geographical_toolkitforprimaryteachersdraftv2sm8.pdf

Regional Integrated Multi–Hazard Early Warning System & UN Human Settlements Programme (UN–Habitat). (n.d.). *Climate profile: Climate variabilities, extremes and trends in central dry, coastal and hilly zones, Myanmar.* https://themimu.info/sites/themimu.info/files/documents/Climate_Profile_Myanmar.pdf

# အခန်း ၇

# သမိုင်း (အပိုင်း ၂)

ဤအခန်းတွင် သင်သည် သမိုင်းကို ဆက်လက်စူးစမ်းလေ့လာရမည်။ သင့်အနေဖြင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် ရှေးဦးလူနေမှု ဖွံ့ဖြိုးတိုးတက်လာမှုများကို ကမ္ဘာ့အမြင်ရှုထောင့်မှ ဆက်လက် စစ်ဆေးလေ့လာရမည်ဖြစ်သည်။ အလယ်ခေတ် ဥရောပတိုက်၏ ပြောင်းလဲမှုများနှင့် ခေတ်သစ်သမိုင်း အစောပိုင်း ပြောင်းလဲမှုများကိုလည်း စူးစမ်းရှာဖွေ လေ့လာကြရမည်ဖြစ်ပြီး မျက်မှောက်ခေတ် ကမ္ဘာကြီးအပေါ် အဆိုပါ ပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်သုံးသပ်ကြရမည် ဖြစ်သည်။ ထို့နောက် မူလတန်းအောက်ဆင့် စာသင်ခန်းများအတွက် ရည်ရွယ်ထားသော သင်ပြမှုပုံစံ အတွဲများကို ရေးဆွဲတင်ပြရာ၌ လူမှုရေးဘာသာ သင်ကြား၊သင်ယူမှုနှင့် ပတ်သက်သည့် သင်၏ နားလည်သဘောပေါက်မှုများကို လက်တွေ့အသုံးချသွားရမည် ဖြစ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် –**

- အစောပိုင်းလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- တိုးတက်လာသော ရှေးဦး လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကိုလက္ခဏာရပ်များကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- မြေရှင်ပဒေသရာဇ် စီးပွားရေး၏ ဖွဲ့စည်းပုံနှင့် အင်္ဂါရပ်များကို ဖော်ပြတတ်မည်။

- ခရူးဆိတ်စစ်ပွဲများနှင့် ပတ်သက်သော သုတေသန လေ့လာတွေ့ရှိချက်များကို တင်ပြတတ်မည်။
- ၁၆ ရာစုနှင့် ၁၆ ရာစုလွန် ကာလများတွင် ဥရောပကိုလိုနီနယ်ချဲ့ခြင်းအတွက် အကြောင်းပြချက်များကို ရှင်းပြတတ်မည်။
- ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို ဆန်းစစ်လေ့လာတတ်မည်။
- စက်မှုတော်လှန်ရေး ပေါ်ပေါက်စေခဲ့သော အခြေအနေများကို ဖော်ပြတတ်မည်။
- စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အကဲဖြတ်သုံးသပ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## အဓိကအသုံးအနှုန်းများ

ဘူဇွာလူတန်းစား (bourgeoisie)၊ လူနေမှု (civilisation)၊ ခရစ်ယာန်ဘုန်းတော်ကြီး (clergy)၊ ကိုလိုနီပြုခြင်း (colonisation)၊ မြေရှင်ပဒေသရာဇ်စနစ် (feudal system)၊ စက်မှုတော်လှန်ရေး (Industrial Revolution)၊ ဘုရင် (king)၊ အလယ်ခေတ် မြင်းစီးသူရဲကောင်းများ (knights)၊ အရှင်သခင်များ (lords)၊ စံအိမ် (manor)၊ ကုန်သည်ကြီးများ (merchants)၊ အလယ်ခေတ် (Middle Ages)၊ သူကောင်းမျိုးများ (nobles)၊ မြေကျွန်များ (serfs)။

# ၇.၁။ ကမ္ဘာ့သမိုင်း

ဤအခန်းငယ်တွင် သင်သည် သမိုင်းကို ကမ္ဘာ့အမြင် ရှုထောင့်မှ စစ်ဆေး လေ့လာရမည်ဖြစ်ပြီး သမိုင်းမတင်မီခေတ်နှင့် ရှေးဦးလူနေမှု ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို စူးစမ်းလေ့လာရမည်။ သင်သည် အလယ်ခေတ် ဥရောပတိုက်၏ ပြောင်းလဲမှုများနှင့် ခေတ်သစ်သမိုင်း အစောပိုင်းကာလ ပြောင်းလဲမှုများကိုလည်း စူးစမ်းလေ့လာရမည်ဖြစ်ပြီး မျက်မှောက်ခေတ် ကမ္ဘာကြီးအပေါ် အဆိုပါပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ် သုံးသပ်ရမည် ဖြစ်သည်။

## ၇.၁.၁။ ရှေးဦးလူနေမှုများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- အစောပိုင်းလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- တိုးတက်လာသော ရှေးဦး လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကိုလက္ခဏာရပ်များကို နှိုင်းယှဉ် ခွဲခြားတတ်မည်။

## စာသင်ချိန် (၁)

## လူနေမှုဆိုသည်မှာ အဘယ်နည်း။[၄၂]

ပထမစာသင်နှစ်ဝက်တွင် သင့်အနေဖြင့် မြန်မာနိုင်ငံမှ ရှေးဦးလူသားများသည် အမဲလိုက်သားငါးစုဆောင်းသည့် လူ့အဖွဲ့အစည်းမှ လယ်ယာဥယျာဉ်ခြံ စိုက်ပျိုးကာ အခြေတကျနေထိုင်တတ်သော လူ့အဖွဲ့အစည်းအဖြစ် တဖြည်းဖြည်း တိုးတက်လာပုံ၊ ထိုမှတစ်ဆင့် မြို့ပြနိုင်ငံငယ်၊ ဘုရင့်နိုင်ငံငယ်၊ နောက်ဆုံး ပုဂံအင်ပါယာ (ပုဂံဧကရာဇ်နိုင်ငံတော်) နှင့် တောင်ငူအင်ပါယာ (တောင်ငူဧကရာဇ် နိုင်ငံတော်) အဆင့်အထိ ပြောင်းလဲတိုးတက်လာခဲ့ပုံတို့ကို သင်ယူခဲ့ကြပြီး ဖြစ်သည်။

**လူနေမှု**ကို စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ဖွဲ့စည်းပုံ၊ ဆက်သွယ်ရေး နည်းစနစ်များနှင့် အလုပ်အကိုင်မျိုးစုံ ခွဲဝေလုပ်ကိုင်မှု အစရှိသည်တို့ဖြင့် မျှဝေ ချိတ်ဆက်ထားသော မြို့များ၊ မြို့ကြီးများနှင့် အလွှာပေါင်းစုံ စုဝေးတည်ရှိရာ ရှုပ်ထွေးသည့် လူ့အဖွဲ့အစည်းတစ်ခုဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။ အစောဆုံး လူနေမှုများသည် ဘီစီအီး ၄၀၀၀ နှင့် ၃၀၀၀ ကြားတွင် ပေါ်ပေါက်လာခဲ့သည်။ ၎င်းတို့မှာ –

- ယနေ့ မျက်မှောက် အီရတ်နိုင်ငံတွင် မက်ဆိုပိုတေးမီးယားလူနေမှု
- ယနေ့မျက်မှောက် အိန္ဒိယနှင့် ပါကစ္စတန် နယ်နိမိတ်တစ်လျှောက် ပျံ့နှံ့တည်ရှိသော အိန္ဒုမြစ်ဝှမ်းလူနေမှု
- အီဂျစ်နိုင်ငံ နိုင်းမြစ်တစ်လျှောက်ရှိ နိုင်းမြစ်လူနေမှုတို့ ဖြစ်ကြသည်။

ဤအစောပိုင်းလူနေမှုများ နောက်တွင် –

- ဘီစီအီး ၂၇၀၀ တွင် ထွန်းကားခဲ့သော ဂရိလူနေမှု
- ဘီစီအီး ၂၆၀၀ တွင် အမေရိကတိုက် အလယ်ပိုင်းတွင် ထွန်းကားခဲ့သော မာယန်လူနေမှု
- ဘီစီအီး ၁၆၀၀ တွင် ထွန်းကားခဲ့သော တရုတ်လူနေမှုတို့ ပေါ်ထွန်းလာခဲ့သည်။

---

[၄၂] Britannica Kids. (2021); National Geographic. (n.d.–a); National Geographic. (n.d.–e).

လူသားများအား အတည်တကျ အခြေချနေထိုင်မှု အစပျိုးနိုင်စေခဲ့သည့် တစ်ခုတည်းသော အရေးအကြီးဆုံးအရာမှာ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာမှု ဖြစ်သည်။ လူသားတို့သည် လယ်ယာစိုက်ပျိုးခြင်းဖြင့် ၎င်းတို့၏ စားနပ်ရိက္ခာများကို ဖြည့်တင်းလာနိုင်သည့်အခါတွင် မှီခိုအားထားနိုင်သည့် အစားအစာရင်းမြစ်ကို ရှာဖွေရန် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သွားလာရန် မလိုတော့ပေ။ ၎င်းတို့သည် ခိုလှုံရာအတွက် အတည်တကျ အဆောက်အအုံများ တည်ဆောက်တတ်လာပြီး အစားအစာနှင့် အဝတ်အထည်အတွက် အိမ်မွေးတိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူတတ်လာကြသည်။

အစားအစာ ပိုမိုရရှိနိုင်မှုနှင့်အတူ လူဦးရေလည်း ပိုမိုတိုးတက်လာကာ မြို့ကြီးများအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အစားအစာများ ပိုလျှံလာမှုသည် လူတိုင်း လယ်သမားတစ်ဦး ဖြစ်ရန် (လယ်လုပ်ရန်) မလိုအပ်ဟု အဓိပ္ပာယ်ရပြီး မိမိနှစ်သက်ရာ ရွေးချယ်၍ အထူးပြုလုပ်ကိုင်ခြင်းမှ အလုပ်ခွဲခြား လုပ်ကိုင်မှုတစ်ခုနှင့် အလွှာပေါင်းစုံ စုဝေးတည်ရှိရာ လူမှုဖွဲ့စည်းပုံတစ်ခု ဖွံ့ဖြိုးပေါ်ပေါက်လာခဲ့သည်။ များစွာသော ရှေးဦးလူနေမှုများသည် ဤအခြေခံအုတ်မြစ်မှစ၍ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

## ရှေးဦးလူနေမှုများနှင့် နီးနွယ်နေသည့် ပင်ကိုလက္ခဏာရပ်များ

### ၁။ *မြို့ပြဧရိယာများ*

မြို့ကြီးများသည် ရှေးဦးလူနေမှု ဖွံ့ဖြိုးတိုးတက်လာမှု၏ ဗဟိုဌာနဖြစ်သည်။ ရှေးဦးမြို့ကြီးများသည် ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက် (သို့မဟုတ်) ဘာသာရေးနှင့် ဆိုင်သော ထင်ရှားသည့် နေရာဒေသများတွင် မဟာဗျူဟာမြောက် အတည်တကျ တည်ရှိခဲ့ကြသည်။ ကုန်သွယ်ရေးနှင့် ဘာသာရေးအတွက် အဓိက အချက်အချာကျသည့်အပြင် မြို့ကြီးများမှာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများ တာဝန်ယူ လုပ်ဆောင်နိုင်သည့် အာဏာဗဟိုဌာနလည်း ဖြစ်သည်။ လူဦးရေများပြားသော ဗဟိုဌာနများဖြစ်သည်နှင့်အညီ ရှေးဦးမြို့ကြီးများတွင် ကွဲပြားခြားနားသော လူတန်းစားအလွှာနှင့် အလွှာစုံ လုပ်သားအင်အားစုများလည်း ရှိလာသည်။

## ၂။ *သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံများနှင့် အနုပညာလက်ရာများ*

ရှေးဦးလူနေမှုများသည် နန်းတော်များ၊ ဘုရားကျောင်း ဂူပုထိုးများနှင့် ပြည်သူ့အဆောက်အအုံများ အစရှိသည်တို့ လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့၏ ချမ်းသာကြွယ်ဝမှုနှင့် အာဏာပိုင်မှုကို ပြသခဲ့ကြသည်။ ဤအထိမ်းအမှတ် အဆောက်အအုံများတွင် ပန်းပုလက်ရာများ၊ အင်္ဂတေ ပန်းချီများ၊ နံရံဆေးရေး ပန်းချီများ (သို့မဟုတ်) ပန်းပုရုပ်ထုများ အစရှိသည့် မတူညီသော အနုပညာ လက်ရာ ပုံသဏ္ဍာန်များနှင့် ထူးခြားဆန်းပြားစွာ မွမ်းမံခြယ်သ တန်ဆာဆင်ခဲ့ကြသည်။

## ၃။ *စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး*

များစွာသော နယ်မြေများတွင် ၎င်းတို့၏ ချမ်းသာကြွယ်ဝမှု၊ လုပ်ပိုင်ခွင့်အာဏာနှင့် စိုးမိုးနိုင်မှုများ ထိန်းချုပ်ထားနိုင်ရန် အလို့ငှာ ရှေးဦးလူနေမှုတွင် စုံလင်ကျယ်ပြန့်သော စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးစနစ် တစ်ခုရှိခဲ့သည်။ အုပ်ချုပ်သူမှာ ဧကရာဇ်ဘုရင်တစ်ပါး (သို့မဟုတ်) ရွေးကောက်ခံထားရသူ အရာရှိဖြစ်ပြီး အကြွင်းမဲ့ အာဏာရှင်ဖြစ်သည်။ သို့သော် ဤလုပ်ပိုင်ခွင့်အာဏာကို ဥပဒေရေးရာ ပြဋ္ဌာန်းချက်နှင့် အရာရှိများ၊ ဒေသဆိုင်ရာ ခေါင်းဆောင်များဖြင့် ချိတ်ဆက်ထားသော အစုအဖွဲ့တစ်ခုတို့က ခန့်ခွဲချုပ်ကိုင်သည်။ အုပ်ချုပ်သူများသည် ၎င်းတို့၏ ကြွယ်ဝပိုင်ဆိုင်မှုနှင့် အာဏာကို ၎င်းတို့၏ နိုင်ငံသားများအပေါ် အခွန်ကောက်ခံခြင်းအားဖြင့် ထိန်းသိမ်းခဲ့ကြသည်။

## ၄။ *မျှဝေဆက်သွယ်ပြောဆိုမှုများ*

အတိအကျဆိုရလျှင် အရေးအသား ဘာသာစကားတစ်ခု ဖွံ့ဖြိုးတိုးတက်လာမှုသည် ရှေးဦးလူနေမှုစီမံခန့်ခွဲရေးအတွက် အခရာကျခဲ့ပြီး စိတ်ကူးအကြံအစည်များ အကောင်အထည်ဖော်ရန်၊ မျှဝေရန်နှင့် သမိုင်းအကြောင်းအရာများ မှတ်တမ်းတင်ထားရှိခဲ့ရန်အတွက် အခြေအနေတစ်ရပ်ကို ဖန်တီးပေးခဲ့သည်။

## ၅။ *ဘာသာပေါင်းစုံ ကိုးကွယ်ယုံကြည်မှု*

ရှေးဦးလူနေမှုများက ၎င်းတို့၏ ပတ်ဝန်းကျင် ကမ္ဘာကြီးအား ကိုးကွယ်ယုံကြည်မှု စနစ်မျိုးစုံနှင့် သဘာဝဖြစ်စဉ်များကို ရှင်းလင်းဖော်ပြသည့် နှီးနွှယ်ရာ ရိုးရာဓလေ့ထုံးစံများမှ တစ်ဆင့် နားလည်သဘောပေါက်စေသည့်အပြင် လိုက်နာရမည့် ကိုယ်ကျင့်တရားများနှင့် ဥပဒေများကိုလည်း ချမှတ်ဖော်ပြပေးခဲ့သည်။ ကိုးကွယ်ယုံကြည်မှုစနစ်များကို အုပ်ချုပ်သူမှ အကြီးအမှူးပြုလေ့ရှိသည်။ အုပ်ချုပ်သူကို လူသားနှင့် နတ်ဘုရားတို့၏ ဘုံလောကအကြား ကြားခံဆက်သွယ်ပေးသည့် ကမ္ဘာမြေမှ နတ်ဘုရားတစ်ပါး (သို့မဟုတ်) နတ်ဘုရား(တို့)၏ အခွင့်အာဏာအပ်နှင်းခံရသူအဖြစ် ရှုမြင်ခဲ့ကြသည်။

## ၆။ *အလုပ်ခွဲဝေ လုပ်ကိုင်ခြင်း*

လူတို့သည် သားငါးရှာဖွေစုဆောင်းခြင်း (သို့မဟုတ်) စိုက်ပျိုးမွေးမြူခြင်း အစရှိသော အသက်ရှင် ရပ်တည်မှုကို အဓိကထားသည့် လုပ်ငန်းများအား ထပ်ဖန်တလဲလဲ တာဝန်ယူ လုပ်ဆောင်နေခြင်းထက် ဖွံ့ဖြိုးသော လူနေမှုများတွင် လုပ်ငန်းမျိုးစုံ ခွဲဝေလုပ်ကိုင်လာခဲ့ကြသည်။တစ်ဦးချင်းစီတွင် ၎င်းတို့၏ သီးသန့် အခန်းကဏ္ဍ (သို့မဟုတ်) လုပ်ငန်းဆောင်တာများ ရှိလာသည်ဟု ဆိုနိုင်သည်။ လယ်သမားများက အစားအစာ ထုတ်လုပ်ပံ့ပိုးပေးနိုင်ရန် ကောက်ပဲသီးနှံများကို စိုက်ပျိုးကြသည် (သို့မဟုတ်) တိရစ္ဆာန်များ မွေးမြူကြသည်။ ကုန်သည်ကြီးများက ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကား ကြသည်။ ဆောက်လုပ်ရေးသမားများက နေအိမ်များနှင့် သမိုင်းဝင် အထိမ်းအမှတ် အဆောက်အအုံများ ဆောက်လုပ်ကြသည်။ ဆရာများက သင်ယူမှုကို ပံ့ပိုးပေးကြသည်။ ဆရာဝန်များက ဆေးပညာဆိုင်ရာ စောင့်ရှောက်မှုများပေးကြပြီး ခရစ်ယာန် ဘုန်းတော်ကြီးများနှင့် ရဟန်းသံဃာများက ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့များတွင် ဦးဆောင်မှု ပေးကြသည်။ ကလေးများက ၎င်းတို့၏ မိဘများထံမှ ပုံစံတူ ကူးသန်းရောင်းဝယ်မှု အတတ်ပညာများ သင်ယူခဲ့ကြခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို အများအားဖြင့် မျိုးရိုးအမွေ ဆက်ခံခဲ့ကြသည်။

## ၇။ *လူတန်းစား ဖွဲ့စည်းပုံ*

ရှေးဦးလူနေမှုများတွင် လူတန်းစားဖွဲ့စည်းပုံမှာ ဇာတ်အနိမ့်အမြင့် ဝါစဉ်အလိုက် ဖြစ်သည်။ အလုပ်အကိုင် ခွဲဝေခြင်းနှင့် အထူးပြုလုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးလာခြင်းကြောင့် အချို့သော အလုပ်အကိုင်များသည် အခြားသော အလုပ်အကိုင်များထက် ပို၍ တန်ဖိုးထား ပစားပေးခံရသည်။ ဤသို့ဖြင့် သာလွန်သည့် ချမ်းသာကြွယ်ဝမှု၊ အာဏာ၊ လူမှုရေးအဆင့်အတန်းများနှင့် ထိပ်ဆုံး၌ ရပ်တည်နေသည့် အုပ်ချုပ်သူ လူတန်းစား တစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ လူတစ်ဦး လုပ်ကိုင်သည့် အလုပ်အကိုင် အမျိုးအစားက ၎င်းတို့ ရောက်ရှိနေသည့် လူတန်းစားအား ပုံဖော်ပေးသဖြင့် ပညာရှင်များ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အုပ်ချုပ်ရေးမှူးများသည် အဆင့်အတန်းများ မြင့်မားကြခြင်းဖြစ်ပြီး လုပ်သားများနှင့် ကျွန်များမှာ အဆင့်အတန်း နိမ့်ပါးရခြင်း ဖြစ်သည်။



**ပုံ ၇.၁။ ပါကစ္စတန်နိုင်ငံ၊ မိုဟန်ဂျိုဒါရိုရှိ အိန္ဒုမြစ်ဝှမ်း လူနေမှုမှ အကြီးမားဆုံး မြို့ပျက်ကြီးများ**[၄၃]

[၄၃] https://commons.wikimedia.org/wiki/File:Mohenjo-daro-2010.jpg Image courtesy of Comrogues, licensed under CC BY 2.0. View license, https://creativecommons.org/licenses/by/2.0/deed.en



ပုံ ၇.၂။ မာယန်လူနေမှုက ၎င်းတို့ နတ်ဘုရားများအတွက် ဘုရားကျောင်းအဖြစ် တည်ဆောက်ခဲ့သော အလွန်ကြီးမားသည့် ပိရမစ်ကြီးများ[၄၄]



ပုံ ၇.၃။ မက်ဆိုပိုတေးမီးယား လူနေမှုမှ ဘုရင်ဆာဂွန် – ၂ (ဒုတိယမြောက်ဘုရင် ဆာဂွန်)[၄၅]

၄၄ https://pixy.org/5910065/ Image available in the Public Domain, licensed under CC0. View license, https://creativecommons.org/publicdomain/zero/1.0/

၄၅ https://commons.wikimedia.org/wiki/File:Mesopotamia001.jpg Image courtesy of Raitan, licensed under CC BY–SA 3.0. View license, https://creativecommons.org/licenses/by-sa/3.0/



**ပုံ ၇.၄။ မက်ဆိုပိုတေးမီးယား၏ ရှေးခေတ် ကျူနဖောင်း စာအရေးအသား – ရှေးအကျဆုံး လက်ရေးမူ (၃၅၀၀ ဘီစီအီး တွင် ပထမဆုံး အသုံးပြုခဲ့သည်)**[၄၆]



**ပုံ ၇.၅။ အိန္ဒိယမြစ်ဝှမ်းမှ ဘာသာရေးပန်းပု လက်ရာ တစ်ခု**[၄၇]

၄၆ https://commons.wikimedia.org/wiki/File:Early_writing_tablet_recording_the_allocation_of_beer.jpg Image courtesy of BabelStone, licensed under CC BY-SA 3.0. View license, https://creativecommons.org/licenses/by-sa/3.0/

၄၇ https://commons.wikimedia.org/wiki/File:Yogi._Mold_of_Seal,_Indus_valley_civilization.jpg Image available in the Public Domain, licensed under CC0.

မှတ်ချက်။ အိန္ဒုမြစ်ဝှမ်းမှ လူတို့သည် အစောပိုင်း ဟိန္ဒူဝါဒ၊ ဗုဒ္ဓဝါဒနှင့် ဂျိန်းဝါဒတို့၏ အင်္ဂါရပ်များနှင့် နတ်ဘုရား အများအပြား ကိုးကွယ်သည့် (ဗဟုနာထဝါဒ) ဘာသာအယူဝါဒ တစ်ခုကို လိုက်နာကျင့်သုံးခဲ့ကြသည်။ ပန်းပုလက်ရာ၏ အလယ်ဗဟိုတွင် ၎င်းတို့၏ ဒဏ္ဍာရီ၏ အဓိကနတ်ဘုရားဖြစ်သော သီဝရုပ်ပုံရှိသည်။



ပုံ ၇.၆။ အီဂျစ်လူမျိုးတို့၏ ဂူသင်္ချိုင်းတစ်ခု၏ နံရံပေါ်တွင် ရေးဆွဲဖော်ပြခဲ့သော လယ်သမားများ[၄၈]



ပုံ ၇.၇။ ရှေးဦးတရုတ်နိုင်ငံမှ ကွာခြားချက်ကြီးမားသော လူတန်းစားအလွှာ ဖွဲ့စည်းတည်ဆောက်ပုံတစ်ခု[၄၉]

၄၈ https://commons.wikimedia.org/wiki/File:Rope_stretching.jpg. Image available in the Public Domain, licensed under CC0. View license, https://creativecommons.org/publicdomain/zero/1.0/

၄၉ https://pixy.org/167196/. Image available in the Public Domain, licensed under CC0. View license, https://creativecommons.org/publicdomain/zero/1.0/

မှတ်ချက်။ ချင်မင်းဆက်တပ်မတော်ရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အဆင့်အတန်းကို ဖော်ပြထားသည့် မြေထည်ရုပ်ထုများ၏ ဆံပင်ဆင်ယင်ထုံးဖွဲ့မှုနှင့် ဝတ်စားဆင်ယင်မှု ပုံစံများအရ တွေ့မြင်နိုင်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုဖွဲ့ သုတေသနပြုခြင်း – ရှေးဦးလူနေမှုများ

ဤသင်ယူမှုလုပ်ငန်း ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ရှေးဦးလူနေမှု တစ်ခုအကြောင်း သုတေသနပြုရန်နှင့် အဆိုပါလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ်ဖော်ထုတ်ရန် ဖြစ်သည်။

၁။ သင့်အနေဖြင့် အောက်ဖော်ပြပါ စာရင်းမှ ရှေးဦးလူနေမှု တစ်ခုကို သုတေသနပြုရန် အုပ်စုငယ်များဖွဲ့ပြီး အင်တာနက်ကွန်ရက် အသုံးပြုရမည်။
- မက်ဆိုပိုတေးမီးယား
- မာယန်
- အိန္ဒုမြစ်ဝှမ်း
- အီဂျစ်
- တရုတ်
- ဂရိ

၂။ သုတေသနပြုပြီး ဇယား (၇.၁) ၏ ဘယ်ဘက်ဇယားတိုင်တွင် စုံစမ်းမေးမြန်းသည့် မေးခွန်းများကို ဖြေဆိုရန် ရည်ရွယ်ထားသင့်သည်။

၃။ သုတေသန မှတ်စုရေးပါ။ အချက်အလက်များကို စုစည်း၍ “လူနေမှု (၁)” ဇယားတိုင်တွင် စုံစမ်းမေးမြန်းသည့် မေးခွန်းများကို မှတ်တမ်းတင်ထားပါ။

၄။ သင်ယူမှုလုပ်ငန်း (၃) အတွက် “လူနေမှု (၂)” ဇယားတိုင်ကို ကွက်လပ်ချန်ထားပါ။

## ဇယား ၇.၁။ ရှေးဦးလူနေမှုကို သုတေသနပြုခြင်း

| | လူနေမှု (၁) | လူနေမှု(၂) |
|---|---|---|
| **ရက်စွဲ**<br>• လူနေမှုသည် မည်သည့် အချိန်က ဖြစ်ပေါ်ခဲ့သနည်း။ | | |
| **တည်နေရာ**<br>• လူနေမှုသည် မည်သည့် နေရာတွင် တည်ရှိခဲ့သနည်း။ | | |
| **မြို့ပြဗဟိုဌာနများ**<br>• ဤလူနေမှု၏ အဓိကကျသော မြို့ကြီးများမှာ အဘယ်နည်း။ | | |
| **သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံများနှင့် အနုပညာလက်ရာများ**<br>• ဤလူနေမှုက မည်သို့သော ကျော်ကြားသည့် အထိမ်းအမှတ် အဆောက်အအုံများကို ဖန်တီး ဖြစ်ပေါ်စေခဲ့သနည်း။<br>• ဤလူနေမှု၏ ထင်ရှားသည့် အနုပညာ လက်ရာဟန်ပန်များကို ဖော်ပြပါ။ | | |
| **အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး**<br>• လူနေမှုသည် သက်ဦးဆံပိုင် ဘုရင်စနစ် ဖြစ်ခဲ့ပါသလား၊ သမ္မတစနစ်ဖြစ်ခဲ့သလား။<br>• ခေါင်းဆောင်အား မည်သို့သော ဘွဲ့များ ပေးအပ်ခဲ့ပြီး မည်သို့သော လုပ်ပိုင်ခွင့် အာဏာ အမျိုးအစားကို ၎င်းတို့ ပိုင်ဆိုင်ထားခဲ့ကြသနည်း။ | | |
| **ဆက်သွယ်ပြောဆိုရေး/ဘာသာစကား**<br>• လူနေမှုတွင်မည်သည့်ဘာသာစကားဖြင့် ပြောဆိုဆက်သွယ်မှု/ရေးသားမှု ရှိခဲ့သနည်း။<br>• မည်သည့်အရေးအသား ပုံစံများ ဆက်လက် ရှင်သန် ကျန်ရစ်ခဲ့သနည်း။ | | |
| **ကိုးကွယ်သည့်ဘာသာ**<br>• ဤလူနေမှုတွင် မည်သို့သော ကိုးကွယ်ယုံကြည်မှုကို လိုက်နာကျင့်သုံးခဲ့ကြသနည်း။<br>• နတ်ဘုရားအချို့၏ အမည်များမှာ မည်သည်တို့ ဖြစ်ကြသနည်း။ | | |
| **အလုပ်ခွဲဝေလုပ်ကိုင်မှု**<br>• ဤလူနေမှုတွင် မည်သို့သော အလုပ်အကိုင် အမျိုးအစားများ ရှိခဲ့သနည်း။ | | |

| | လူနေမှု (၁) | လူနေမှု(၂) |
|---|---|---|
| **လူတန်းစားဖွဲ့စည်းပုံ**<br>• လူမှုအဖွဲ့အစည်းအား မည်သို့ ဖွဲ့စည်းထားသနည်း။ | | |
| **မျက်မှောက်ကမ္ဘာကြီးအတွက် ချန်ရစ်ခဲ့သော အမွေအနှစ်**<br>• ဤလူနေမှုက မျက်မှောက်ကမ္ဘာကြီး အတွက် မည်သည့် အမွေအနှစ်များ ချန်ထားခဲ့သနည်း။ | | |

## စာသင်ချိန် (၂)

### သင်ယူမှုလုပ်ငန်း (၂)။ ပိုစတာတစ်ခု ဖန်တီးရေးဆွဲခြင်း – ရှေးဦးလူနေမှုများ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်တို့၏ ရှေးဦးလူနေမှုသုတေသနပြုချက်အား တင်ပြရာတွင် ပိုစတာတစ်ခု ကြိုတင်ပြင်ဆင်ရန် ဖြစ်သည်။

သင်ယူမှုလုပ်ငန်း (၁) ရှိ သုတေသနလုပ်ငန်းမှ သင်တွေ့ရှိခဲ့သည့် သတင်းအချက်အလက်များကို အသုံးပြုပြီး သင် လေ့လာထားသည့် ရှေးဦးလူနေမှုနှင့် ပတ်သက်သည့် ပိုစတာတစ်ခု ဖန်တီးရေးဆွဲပါ။

သင့်အနေဖြင့် ပိုစတာတစ်ခု ပြင်ဆင်ရေးဆွဲရာတွင် အောက်ဖော်ပြပါ သတင်းအချက်အလက်များ ပါဝင်နေသရွေ့ သင် နှစ်သက်သလို ဖန်တီးမှု ပြုလုပ်နိုင်သည် –

- ရက်စွဲ
- တည်နေရာ
- မြို့ပြဗဟိုဌာနများ
- သမိုင်းဝင် အထိမ်းအမှတ် အဆောက်အအုံများနှင့် အနုပညာလက်ရာများ
- အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး
- ဆက်သွယ်ပြောဆိုရေး/ဘာသာစကား
- ကိုးကွယ်ယုံကြည်မှု
- အလုပ်ခွဲဝေလုပ်ကိုင်မှု
- လူတန်းစား ဖွဲ့စည်းပုံ
- မျက်မှောက်ခေတ် ကမ္ဘာကြီးအတွက် ချန်ရစ်ခဲ့သော အမွေအနှစ်

သင့်အနေဖြင့် သင်၏ ပိုစတာကို အခြားသော အုပ်စုတစ်ခုအား တင်ပြရန်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုလိုက်တင်ပြခြင်း – ရှေးဦးလူနေမှုများ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် သင်၏ ပိုစတာကို အုပ်စုငယ်တစ်ခုအား တင်ပြရန်နှင့် တိုးတက်လာသော ရှေးဦး လူ့အဖွဲ့အစည်းနှစ်ခု၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကိုလက္ခဏာရပ်များကို နှိုင်းယှဉ်ခွဲခြားရန် ဖြစ်သည်။

၁။ သင်တို့နှင့် မတူညီသော လူနေမှုတစ်ခုကို သုတေသနပြုထားသည့် အခြားအုပ်စုတစ်ခုထံ သင်တို့၏ ပိုစတာကို တင်ပြရမည်။
၂။ ထိုအခါ အဆိုပါအုပ်စုကလည်း ၎င်းတို့၏ ပိုစတာအား သင်တို့ထံ တင်ပြလိမ့်မည်။ ၎င်းတို့ တင်ပြသည့်အခါ ဇယား (၇.၁) မှ "လူမှုအဖွဲ့အစည်း (၂)" ဇယားတိုင်တွင် ဖြည့်သွင်းပါ။
၃။ အုပ်စုနှစ်ခုစလုံးမှ ပိုစတာများ အသီးသီး တင်ပြပြီးသောအခါ သင်တို့ ဖြည့်စွက်ပြီးသော ဇယား (၇.၁) မှ လူနေမှုများကို နှိုင်းယှဉ်ပြီး လူနေမှုများ၏ တူညီမှုများနှင့် ကွဲပြားခြားနားမှုများကို သတ်မှတ်ဖော်ထုတ်ပါ။

### အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၁) ကို ကြိုတင် ဖတ်ရှုလေ့လာပါ။ သင်တို့၏ ဖတ်စာအုပ်တွင် စိတ်ဝင်စားသည့် အချက်များအား မှတ်စုရေးသားခြင်း (သို့မဟုတ်) ရောင်စုံမင်ဖြင့် မျဉ်းသားခြင်း ပြုလုပ်ပါ။

# ၇.၁.၂။ ဥရောပတိုက်ရှိ ပြောင်းလဲမှုများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- မြေရှင်ပဒေသရာဇ် စီးပွားရေး၏ ဖွဲ့စည်းပုံနှင့် အင်္ဂါရပ်များကို ဖော်ပြတတ်မည်။
- ခရူးဆိတ်စစ်ပွဲများနှင့် ပတ်သက်သော သုတေသန လေ့လာတွေ့ရှိချက်များကို တင်ပြတတ်မည်။
- ၁၆ ရာစုနှင့် ၁၆ ရာစုလွန် ကာလများတွင် ဥရောပကိုလိုနီနယ်ချဲ့ခြင်းအတွက် အကြောင်းပြချက်များကို ရှင်းပြတတ်မည်။
- ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို ဆန်းစစ် လေ့လာတတ်မည်။

### စာသင်ချိန် (၁)

### မြေရှင်ပဒေသရာဇ်စီးပွားရေးနှင့် ပေါ်ပေါက်လာသော အရင်းရှင်ဝါဒ

**မြေရှင်ပဒေသရာဇ်စနစ်**သည် **အလယ်ခေတ်**ဟု သိရှိထားသည့် သမိုင်းကာလအတွင်း အနောက်ဥရောပတွင် ထွန်းကားခဲ့သော အုပ်ချုပ်မှုစနစ်တစ်ခု ဖြစ်သည်။ ထိုကာလသည် သက္ကရာဇ် ၅၀၀ မှ ၁၅၀၀ အထိ နှစ်ပေါင်းတစ်ထောင်ကျော် တည်တံ့ကြာမြင့်ခဲ့သည်။ မြေရှင်ပဒေသရာဇ် စနစ်သည် နိုင်ငံအတွင်းရှိ နယ်မြေအားလုံးကို ဘုရင်က ပိုင်ဆိုင်သည်ဟူသော အတွေးအခေါ် အယူအဆ အပေါ်တွင် အခြေခံထားသည်။[၅၀]

မြေရှင်ပဒေသရာဇ်စနစ်၏ အုပ်ချုပ်မှုသည် အလွှာလိုက် ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်း တစ်ခု ဖြစ်သည်။

၅၀ Parsons, C., & Wilson, L. (1996).




**ပုံ ၇.၈။ မြေရှင်ပဒေသရာဇ် လူ့အဖွဲ့အစည်း**

## အလယ်ခေတ် အသက်ရှင်သန်မှု ဘဝ

တောင်သူလယ်သမားများနှင့် မြေကျွန်များအတွက် အလယ်ခေတ် ဥရောပ အသက်ရှင်သန်မှု ဘဝမှာ အလွန်ခက်ခဲသည်။ ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်မှု အလေ့အထများ ရှိနေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်း၊ အမှိုက်သရိုက် အညစ်အကြေးများ သိမ်းဆည်းသန့်ရှင်းမှု မရှိခြင်းနှင့် ရောဂါများဖြစ်စေသည့် အကြောင်းရင်းများနှင့် ကူးစက်ပျံ့နှံ့ပုံများနှင့် ပတ်သက်သည့် အသိအမြင် အားနည်းမှုတို့ကြောင့် အသက်ရှင်သန်မှု သက်တမ်းမှာ နှစ် (၃၀) ဝန်းကျင်သာရှိပြီး အလွန်တိုတောင်းသည်။

အလယ်ခေတ်တွင် –

- တောင်သူလယ်သမားများသည် အရှင်သခင်များ၏ အိမ်ကြီးများနှင့် တွဲလျက်ရှိသော ကျေးရွာတစ်ရွာတည်း၌ တစ်သက်တာလုံး အလုပ်လုပ်ကိုင်ရင်း ၎င်းတို့၏ ဘဝကို အသုံးချ ကုန်ဆုံးကြရသည်။ လယ်သမားများသည် အစားအစာနှင့် ဟင်းသီးဟင်းရွက်များကို

ကိုယ်တိုင် စိုက်ပျိုးကြရပြီး စိုက်ပျိုးလုပ်ကိုင်၍ ထွက်ရှိလာသော အရာအားလုံး၏ သုံးပုံတစ်ပုံကို အခွန်တော်အနေဖြင့် အရှင်သခင်များအား ပေးဆောင်ကြရသည်။

- ကျေးရွာတိုင်းတွင် သိုး၊ ဆိတ် ကဲ့သို့သော ခြံမွေးတိရစ္ဆာန်များ မွေးမြူရန်အတွက် စားကျက်မြေများအဖြစ် အသုံးပြုနိုင်သော ဘုံနယ်မြေတစ်ခု၊ အရှင်သခင်များ နေထိုင်ရန်အတွက် အလွန်ကြီးမားသော အိမ်ကြီးများ (သို့မဟုတ်) ရဲတိုက်ကြီးများ နှင့် ခရစ်ယာန် ဘုရားရှိခိုး ကျောင်းများရှိကြသည်။
- ကလေးများ မွေးဖွားပေးခြင်းသည် တာဝန်တစ်ရပ်ဖြစ်သည်ဟူသော ခရစ်ယာန် အသင်းတော်၏ တောင်းဆိုချက်ကြောင့် မိသားစုများမှာ လူဦးရေ များပြားကြီးမားလေ့ ရှိကြသည်။ အမျိုးသားများနှင့် အမျိုးသမီးများတွင် ဥပဒေခံစားခွင့် အညီအမျှ မရှိကြပေ။ အမျိုးသားများကသာ ပစ္စည်းဥစ္စာများ အမွေဆက်ခံပိုင်ခွင့်ရှိပြီး အမျိုးသမီးများကိုငင်းတို့၏ အိမ်ထောင်ဖက်ယောကျ်ား (သို့မဟုတ်) ဖခင်၏ ပိုင်ဆိုင်မှုတစ်ခု အနေဖြင့်သာ ယူဆခဲ့ကြသည်။ လူတိုင်းသည် မိမိတို့ လူတန်းစား အလွှာအတွင်းတွင်သာ လက်ထပ်ခွင့်ရှိခဲ့ကြပြီး သတို့သမီး၏ မိသားစုက သတို့သားဘက်သို့ (ငွေကြေးပိုက်ဆံ၊ လယ်ယာမြေ၊ တိရစ္ဆာန် (သို့မဟုတ်) အိမ်ထောင်သုံး ပရိဘောဂပစ္စည်းများ တစ်ခုခု) ပေးဆောင်ခဲ့ကြရသည်။
- မင်္ဂလာပွဲအခမ်းအနားများကို ခရစ်ယာန်ဘုရားကျောင်း ပွဲတော်ရက်များတွင် စုစည်း ကျင်းပကြသည်။ အားလပ်ရက်များတွင် ဝတ်ပြု ဆုတောင်းပွဲများ၊ သရုပ်ဆောင် မင်းသားများ၊ ကျွမ်းဘားအားကစားအလှပြပွဲများနှင့် ဂီတဖျော်ဖြေပွဲများ ပါဝင် ကျင်းပခဲ့ကြသည်။
- သက္ကရာဇ် ၁၃၄၇ ခုနှစ်၌ ဥရောပတိုက်တွင် ပလိပ်ရောဂါကဲ့သို့သော လူအသေ အပျောက် အလွန်များသော ရောဂါဆိုးကြီး ဖြစ်ပွားခဲ့ပြီး လေးနှစ်တာမျှ ကြာခဲ့သည်။ ၎င်းမှာ '*ယာစီနီယားပက်စတစ်*' အမည်ရှိ ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ရောဂါပိုး ဝင်နေသော လှေးသန်းများအကိုက်ခံရမှု၊ ရောဂါပိုးဝင်နေသော ခန္ဓာကိုယ်မှ ဇီဝကလာပ်စည်းများနှင့် ထိတွေ့မှု၊ ရောဂါပိုးဝင်နေသော အရည် အစက်အပြောက်များအား အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ရှူရှိုက်မိရာမှတစ်ဆင့် တိရစ္ဆာန်နှင့် လူတို့အကြားတွင် ပြန့်ပွားသယ်ဆောင်ခဲ့ခြင်း ဖြစ်သည်။[၅၁] ရောဂါ လက္ခဏာရပ်များတွင် ကိုယ်ပူဖျားနာခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ခေါင်းနှင့် ခန္ဓာကိုယ် ညောင်းညာကိုက်ခဲခြင်း၊ အားနည်းခြင်း၊ မူးဝေအော့အန်ခြင်း၊ သွေးဖြူဥဆဲလ်များ

---

၅၁ World Health Organization. (2017).

ရောင်ရမ်း၍ အဖုအပိမ့်ပေါက်ခြင်း၊ ပြည်များနှင့် ပြည့်နေသော အနာရောဂါများ ပေါက်ခြင်း စသည်တို့ ပါဝင်သည်။ ပျောက်ကင်းအောင် ဆေးကုသနိုင်မှုမရှိဘဲ လူများစွာ သေဆုံးခဲ့ကြသည်။ ပလိပ်ရောဂါ ခံစားနေသည့် အိမ်များ၏ တံခါးကို သစ်သားများ၊ ပျဉ်များဖြင့် အပြင်မှ ကာဆီးပိတ်ဆို့ခဲ့ကြပြီး အလောင်းများကို ညစဉ် ကောက်ယူ၍ မြေမြှုပ် သင်္ဂြိုဟ်ခဲ့ရသည်။ သက္ကရာဇ် ၁၄၅၁ ခုနှစ်၌ ပလိပ်ရောဂါကပ်ဆိုးကြီး ပျောက်သွားသည့်အချိန်တွင် ဥရောပတွင် သေဆုံးသူဦးရေ သန်း ၅၀ ကျော်ရှိခဲ့သည်။[၅၂]

## သင်ယူမှုလုပ်ငန်း (၁)။ ဖန်တီးရေးသားခြင်း – အလယ်ခေတ် အသက်ရှင်သန်မှုဘဝ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မြေရှင်ပဒေသရာဇ် လူ့အဖွဲ့အစည်း၌ ရှင်သန်နေထိုင်ရသော ဘဝကို မြေကျွန်တစ်ဦး၏ အတွေးအမြင် ရှုထောင့်မှ ဖော်ပြရန် ဖြစ်သည်။

၁။ သင့်ကိုယ်သင် အလယ်ခေတ် ဥရောပတိုက်ရှိ စံအိမ်ကြီးတွင် နေထိုင်၍ အလုပ်လုပ်ကိုင်နေသော မြေကျွန်တစ်ဦးအဖြစ် စိတ်ကူးကြည့်ပါ။

၂။ သင်၏ ဘဝရှင်သန်မှုကို ဖော်ပြသော နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်စောင် ရေးသားပါ။

၃။ သင်ခန်းစာ (၇.၁.၂) မှ အချက်အလက်များကို အခြေခံပြီး နာမည်ကောင်းရှိသော အွန်လိုင်းရင်းမြစ်များမှတစ်ဆင့် အချက်အလက်များ ရှာဖွေစုဆောင်း၍ တိကျခိုင်လုံသည့် သမိုင်းအချက်အလက်များကို သင်၏ နေ့စဉ်မှတ်တမ်း (ဂျာနယ်)တွင် များနိုင်သလောက် များပြားစွာ ထည့်သွင်းဖော်ပြရမည်။

၄။ လေးထောင့်ကွက် (၇.၁) တွင် စာလုံးရေ ၃၀၀ မှ ၅၀၀ ထိ ရှိသော မှတ်တမ်းကို ရေးသွင်းရမည်။

၅၂ World Health Organization. (2017).

## လေးထောင့်ကွက် ၇.၁။ ဖန်တီးရေးသားခြင်း – အလယ်ခေတ် အသက်ရှင်သန်မှုဘဝ

## အိမ်စာလုပ်ငန်း။ သုတေသနပြုခြင်း – အလယ်ခေတ်အပေါ် သိမြင်နားလည်မှုကို မြှင့်တင်ပေးခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် အလယ်ခေတ် ဥရောပတိုက် အကြောင်းအရာများကို ဆက်လက်၍ သုတေသနပြုရန် ဖြစ်သည်။

လေးထောင့်ကွက် (၇.၂) တွင် "စီးပွားရေးနှင့် နယ်မြေ ချဲ့ထွင်လာခြင်း၊ လူဦးရေနှင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အမျိုးသားရေး ဝိသေသလက္ခဏာရပ်များ ပေါ်ပေါက်လာခြင်းနှင့် ဘာသာရေး လွှမ်းမိုးမှုကင်းသည့် လောကီရေးရာအသင်းအဖွဲ့များနှင့် ခရစ်ယာန်အသင်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်း" တို့နှင့် ပြည့်စုံသည့် ခေတ်တစ်ခေတ်ကို အလယ်ခေတ် ဥရောပ အထွတ်အထိပ် ရောက်ချိန်အဖြစ် သတ်မှတ်ဖော်ထုတ်ပြထားသည်။ ခရူးဆိတ်စစ်ပွဲများ (၁၀၉၅–၁၂၉၁) သည် ဤခေတ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့သည်။ လေးထောင့်ကွက် (၇.၃) တွင် ပထမ ခရူးဆိတ်စစ်ပွဲ အကြောင်းနှင့် ပတ်သက်၍ လေ့လာဖတ်ရှုပါ။

ပထမခရူးဆိတ်စစ်ပွဲ (သို့မဟုတ်) နောက်ဆက်တွဲ ခရူးဆိတ်စစ်ပွဲများနှင့် ပတ်သက်၍ ရှုထောင့် (ကဏ္ဍ)တိုင်းကို သုတေသနပြုလုပ်ပါ။ သင်တို့၏ သုတေသနတွေ့ရှိချက်များအား လာမည့်စာသင်ချိန်အစတွင် အချင်းချင်းမျှဝေပေးရန် ကြိုတင်ပြင်ဆင်ထားပါ။

**လေးထောင့်ကွက် ၇.၂။ အလယ်ခေတ်**[၅၃]

| |
|---|
| ဆင်ခြင်တုံတရား ကင်းမဲ့သော၊ အယူသည်းသော၊ လူမှုရေးဖိနှိပ်မှုများ ရှိသော ခေတ်တစ်ခေတ်အဖြစ် တစ်ချိန်က သတ်မှတ်ခံခဲ့ရသော်လည်း အလယ်ခေတ်သည် မတူကွဲပြားသည့် ယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍများ ပေါ်ပေါက်ခဲ့သောကြောင့် ဥရောပ၏ အတွေးအခေါ် အယူအဆများအတွက် အရွေ့ခေတ်ကာလတစ်ခုဖြစ်ခဲ့ကြောင်း ယခုအခါ နားလည်သဘောပေါက်ခဲ့ကြသည်။<br><br>***အလယ်ခေတ် အစောပိုင်း – နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှုများ***<br><br>အလယ်ခေတ်အစောပိုင်း၌ ရောမအင်ပါယာမှ ဓလေ့များနေရာတွင် ယခင်အနောက်ပိုင်း အင်ပါယာ၌ ဘုရင့်နိုင်ငံငယ်များ ထူထောင်ခဲ့ကြသည့် ဂျာမန်လူမျိုးတို့၏ ဓလေ့ထုံးတမ်းများဖြင့် အစားထိုး၍ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများကို အလေးအနက် ပြန်လည်ဖွဲ့စည်းခဲ့သည်။ |

၅၃ Encyclopedia Britannica. (n.d.).

နိုင်ငံရေးခေါင်းဆောင်မှု ပုံစံအသစ်များ အစပျိုးခဲ့ကြပြီး ဥရောပနိုင်ငံသားများသည် ခရစ်ယာန် ဘာသာဝင်များအဖြစ် တဖြည်းဖြည်း ခံယူလာကြကာ ဘာသာတရား ကိုင်းရှိုင်းသော စံပြဘဝရှင်သန်မှုပုံစံများကို အစပျိုးထူထောင်ခဲ့ကြသည်။

*အလယ်ခေတ် အထွတ်အထိပ်ပိုင်း – စီးပွားရေးနှင့် နယ်မြေများ ချဲ့ထွင်လာခြင်း*

အလယ်ခေတ် အဓိကအပိုင်း (သို့မဟုတ်) အထွတ်အထိပ်ရောက်ချိန်တွင် တိုးတက်မှုများ ပိုမို ဖြစ်ပေါ်ခဲ့သည်။ စီးပွားရေးနှင့် နယ်မြေ ချဲ့ထွင်လာခြင်း၊ လူဦးရေ နှင့် မြို့ပြများ ဖွံ့ဖြိုး တိုးတက်လာခြင်း၊ အမျိုးသားရေး ဝိသေသလက္ခဏာရပ်များ ပေါ်ပေါက်လာခြင်းနှင့် ဘာသာရေး လွှမ်းမိုးမှုကင်းသည့် လောကီရေးရာအသင်းအဖွဲ့များနှင့် ခရစ်ယာန် အသင်းအဖွဲ့များ အသစ်ပြန်လည် ဖွဲ့စည်းလာကြခြင်းတို့ဖြင့် အမှတ်အသားပြုရမည့် ခေတ်တစ်ခေတ် ဖြစ်ခဲ့သည်။

ယင်းခေတ်ကာလမှာ ဂေါ့သ်လူမျိုး၊ ဂေါ့သ်ဘာသာစကားနှင့်ဆိုင်သော အနုပညာနှင့် ဗိသုကာ လက်ရာများ၊ ပုပ်ရဟန်းမင်းကြီးက ကြီးစိုးသည့် ဘုရင်စနစ်၊ တက္ကသိုလ်ကြီးများ မွေးဖွားပေါ်ပေါက်လာခြင်း၊ ရှေးခေတ် ဂရိ အတွေးအခေါ် အယူအဆများ ပြန်လည်ရှင်သန်လာခြင်းနှင့် စိန့်သောမတ်စ်အကွီနာ (၁၂၂၄–၁၂၇၄) ၏ အသိပညာဆိုင်ရာ အောင်မြင်မှုများနှင့် ခရူးဆိတ်စစ်ပွဲများ (၁၀၉၅–၁၂၉၁) ဖြစ်ပွားသည့် ခေတ်ကာလ ဖြစ်သည်။

*အလယ်ခေတ်နှောင်းပိုင်း*

၁၄ ရာစုနှစ်အား အလယ်ခေတ် လူနေမှု၏ အရှေ့အင်အား တစ်ခုဖြစ်စေသည့် ရာစုနှစ်အဖြစ် အစဉ်အလာအားဖြင့် လက်ခံသတ်မှတ်ခဲ့ကြပြီး အလယ်ခေတ် နှောင်းပိုင်းကို ဆုတ်ယုတ်သောခေတ်၊ ပျက်စီးယိုယွင်းသော ခေတ် စသည်ဖြင့် သရုပ်ဖော် သတ်မှတ်ခဲ့ ကြသည်။ ဥရောပတွင် ၁၄ ရာစုနှစ်၌ စစ်ဘေး အန္တရာယ်များ၊ ငတ်မွတ်ခေါင်းပါးမှုများနှင့် ကပ်ရောဂါ (ပလိပ်ရောဂါ) များ အလူးအလဲ ခံစားခဲ့ကြရသည်။ သို့သော်လည်း ငုပ်လျှိုးနေသည့် လူမှုရေး၊ အသိဉာဏ်ပညာနှင့် နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်ပုံများမှာ အကောင်းပကတိ ဆက်လက်တည်ရှိနေခဲ့သည်။

*ရီနေဆဲန်းခေတ်*

၁၅ ရာစုနှင့် ၁၆ ရာစုများ၌ ဥရောပတွင် အသိအမြင်နှင့် စီးပွားရေးဆိုင်ရာ ပြန်လည်ဆန်းသစ်လာခြင်းများ ကြုံတွေ့ခဲ့ရပြီး ယင်းကာလကို ရီနေဆဲန်းခေတ်ဟု အများအားဖြင့် ခေါ်ဆိုခဲ့ကြသည်။ ယင်းကာလအလွန်တွင် ဥရောပယဉ်ကျေးမှု ကမ္ဘာအနှံ့ပြန့်ပွားစေရန် အတွက် ရီနေဆဲန်းခေတ်က အခြေခံအုတ်မြစ်ချပေးခဲ့သည်။

## လေးထောင့်ကွက် ၇.၃။ ပထမ ခရူးဆိတ်စစ်ပွဲ[၅၄]

၁၀၉၅ ခုနှစ်၊ ပြင်သစ်နိုင်ငံ ကလာမွန်ဖားရဲန့်တွင် ပုပ်ရဟန်းမင်း ဒုတိယ အာဗန်က တရားဟောကြားခဲ့ခြင်းသည် မွတ်စလင်တို့ ထိန်းချုပ်ထားသည့် မြင့်မြတ်ရာနယ်မြေအား သိမ်းယူမည့် စစ်ရေး စုပေါင်းလှုပ်ရှားမှု လှိုင်းလုံးတစ်ခုကို တောက်လောင်စေခဲ့သည့် မီးပွားတစ်ခု ဖြစ်ခဲ့သည်ဟု သမိုင်းပညာရှင် အများစုက ယူဆခဲ့ကြသည်။

ရက်စက်ကြမ်းကြုတ်သည့် တိုက်ပွဲများဖြစ်ပွားခဲ့သော ဤစစ်မက်ရေးရာလှုပ်ရှားမှုများ (သို့မဟုတ်) ခရူးဆိတ်စစ်ပွဲများသည် ဘုရားသခင် အလိုတော်အတိုင်း တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ထိုအချိန်က မှတ်ယူခဲ့ကြသည်။ ၎င်းတို့သည် သခင်ယေရှု၏ နေထိုင်မှုဘဝ၊ အမှုတော်ထမ်းခြင်းနှင့် ဆက်စပ်နှီးနွှယ်သည့် အထွတ်အမြတ်ထားရာ ဗိမာန်ဆောင်များကို ရယူလိုစိတ် ပြင်းပြခဲ့ကြခြင်း ဖြစ်သည်။ အတိအကျဆိုရသော် ခရစ်တော်၏ ဂူသင်္ချိုင်းရှိသည်ဟု ဆိုကြသည့် ဂျေရုဆလင်မြို့မှ ဘုရားကျောင်းဖြစ်သော မြင့်မြတ်သည့် သင်္ချိုင်းတော်ရာကို အရယူလိုခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် နယ်မြေများ ရရှိရန်နှင့် ချမ်းသာကြွယ်ဝရန် မျှော်လင့်၍ တိုက်ခိုက်ခဲ့ကြသော ခရူးဆိတ် စစ်သားများကို အပြစ်များမှ အာပတ်ဖြေပေးပြီး ထာဝရ ဘုန်းတော်ကို ခံစားခွင့်ရစေရမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ရလဒ်အနေဖြင့် သူကောင်းမျိုးများနှင့် လယ်သမားများက ဥရောပတိုက်ကို ဖြတ်၍ ဘိုင်ဇန်တိုင်းအင်ပါယာ၏ မြို့တော် ကွန်စတန်တီနိုပယ်လ် မြို့သို့ ချီတက်ခဲ့ကြသည်။

[၅၄] Department of Medieval Art and the Cloisters. (2014).

ဘိုင်ဇန်တိုင်းအင်ပါယာ၏ ထောက်ပံ့ကူညီမှုဖြင့် အာမေးနီးယန်း ခရစ်ယာန်များ ဦးဆောင်လမ်းညွှန်သော ခရူးဆိတ်စစ်သားများသည် ယနေ့ခေတ် တူရကီနှင့် ဆီးရီးယားတို့ရှိ ဆော့ဂျူခ်ထိန်းချုပ်နယ်မြေများကို ဖြတ်သန်း၍ ဂျေရုဆလင်မြို့သို့ ချီတက်လာခဲ့သည်။

၁၀၉၉ ခုနှစ်လမှစ၍ ခရူးဆိတ်စစ်သားများက ဂျေရုဆလင်မြို့ကို ငါးပတ်ကြာ ဝိုင်းထားလိုက်သဖြင့် ဂျေရုဆလင်မြို့သည် ၁၀၉၉ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျဆုံးခဲ့သည်။ မျက်မြင်သက်သေများက ထိတ်လန့်တုန်လှုပ်ဖွယ်ရာ စစ်ပွဲအဖြစ် အခိုင်အမာ ထောက်ခံခဲ့ကြသည်။

သံလွင်တောင်ကုန်းပေါ်မှ ကြည့်ရှုနေသော ကော့န်မြို့သား ရာ့ဗ်က –

> … ပြေးလွှားနေသော လူထု၊ အင်အားဖြည့်တင်းထားပြီး အခိုင်အမာ ခုခံသည့် မျှော်စင်၊ ဒေါသထွက်နေသော မြို့စောင့်တပ်ကြီး၊ လက်နက်ကိုင် တိုက်ခိုက်နေသော အမျိုးသားများ၊ မျက်ရည်များနှင့် အမျိုးသမီးများ၊ လှည့်လည် ဆုတောင်းနေသော ဘုန်းတော်ကြီးများ၊ ငိုသံများနှင့် မြည်ဟီးနေသော လမ်းများ၊ စက်ဆုပ်ဖွယ် ကောင်းသော ပြိုကျပျက်စီးမှုများ၊ ဝုန်းဒိုင်းကြဲမြည်သံများနှင့် မြင်းဟီသံများကို တွေ့မြင်ကြားသိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## စာသင်ချိန် (၂)

## အလယ်ခေတ် စီးပွားရေး ပြောင်းလဲမှုများ

၁၃၁၅ ခုနှစ် မှ ၁၃၁၇ ခုနှစ် အတွင်း ငတ်မွတ်ခေါင်းပါးမှုကြီး ဖြစ်ပွားခဲ့ပြီးနောက် ၁၃၄၈ ခုနှစ်တွင် လူအသေအပျောက် အလွန်များသော ပလိပ်ကပ်ရောဂါဆိုးကြီး ဖြစ်ပွားခဲ့သဖြင့် အလယ်ခေတ် လူ့အဖွဲ့အစည်းတွင် သိသာထင်ရှားသည့် ပြောင်းလဲမှုများ ထွက်ပေါ်လာခဲ့သည်။ ငတ်မွတ်ခေါင်းပါးမှုနှင့် ပလိပ်ရောဂါ၏ ဆိုးကျိုးများကို အများဆုံး ခံစားခဲ့ရသော အင်္ဂလန်နိုင်ငံမှ လယ်သမားများသည် ၁၃၈၁ ခုနှစ် မြေရှင်ပဒေသရာဇ် အမိန့်ကို ဆန့်ကျင်တော်လှန်ခဲ့ကြပြီး အခွန်အခများ လျှော့ချပေးသည့် ဥပဒေသစ်တစ်ခုကို ပြဋ္ဌာန်းပေးရန်နှင့် ၎င်းတို့ လုပ်ဆောင်မှုအတွက် မျှတသော လုပ်အားခ သတ်မှတ်ပေးရန် တိုက်တွန်းတောင်းဆိုခဲ့သည်။ ထို့ကြောင့် ရလဒ်အနေဖြင့် မြေရှင်ပဒေသရာဇ်စနစ် ကျဆုံးခဲ့သည်။

လယ်ယာမြေများတွင် သမားရိုးကျ လုပ်ကိုင်ခဲ့သော လယ်သမားများသည် အလုပ်အကိုင်များ ရှာဖွေရန် ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ စိုက်ပျိုးရေးကဏ္ဍ လျော့နည်းကျဆင်းသွားပြီး ရောင်းဝယ် ဖောက်ကားမှုများမှာ အလယ်ခေတ် စီးပွားရေး၏ အရေးပါသော အစိတ်အပိုင်း တစ်ခု ဖြစ်လာခဲ့သည်။

မြစ်ကြောင်းတစ်လျှောက်၊ ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက် (သို့မဟုတ်) လမ်းဆုံလမ်းခွများတွင် နေရာယူထားကြသော မြို့များသည် ကူးသန်းရောင်းဝယ်ရေးအတွက် အရေးပါသော နေရာဒေသများ ဖြစ်လာကြသည်။ အကြောင်းမှာ ၎င်းတို့မှာ တစ်နေရာမှ တစ်နေရာသို့ သွားလာရေး လွယ်ကူသောကြောင့် ဖြစ်သည်။ များစွာသော ဤမြို့များမှာ အငယ်စား မြို့တော်များအဖြစ် ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။ မြို့ကြီးတစ်မြို့စီတိုင်းတွင် ဘုရားရှိခိုး ကျောင်းတော်တစ်ခု၊ ဈေးနေရာတစ်ခုနှင့် မြို့၏ ရင်ပြင်တစ်ခု ရှိကြသည်။ ဈေးများကို မြို့ရင်ပြင်များတွင် တည်ထား ရောင်းဝယ်ကြပြီး ပမာဏ အလွန်များပြားသော ကုန်ပစ္စည်းများနှင့် ရောင်းချရန် ထုတ်ကုန် အမြောက်အမြား ရှိခဲ့သည်။ **ကုန်သည်ကြီးများ**သည် ၎င်းတို့၏ ကုန်ပစ္စည်းများနှင့် ထုတ်ကုန်များကို ဈေးကွက်ရှိရာ နေရာများတွင် ရောင်းချခြင်းဖြင့် မြို့ကြီးတစ်မြို့မှ တစ်မြို့ လှည့်လည်သွားလာ နေကြသူများ ဖြစ်ကြသည်။

ကုန်ပစ္စည်းများနှင့် ထုတ်ကုန် အမျိုးမျိုးကို ကုန်သည်ကြီးများက ဥရောပတိုက်တစ်ဝန်းရှိ မြို့ကြီးများမှ သယ်ဆောင်လာခဲ့ကြသည်။ အရှင်သခင်များနှင့် သူကောင်းမျိုးများက အိန္ဒိယမှလာသော ဟင်းခတ်အမွှေးအကြိုင်၊ အရှေ့အလယ်ပိုင်းဒေသမှ အမွှေးနံ့သာတိုင်များ၊ ပိုးထည်နှင့် သားမွေးကဲ့သို့သော နိုင်ငံခြားဖြစ် ထုတ်ကုန်များနှင့် ဇိမ်ခံပစ္စည်းများ၊ ရောင်းဝယ်ဖောက်ကား စီးပွားရေးတွင် ထောက်ပံ့မောင်းနှင်နိုင်မည့် နိုင်ငံခြားဖြစ် လက်နက်များကို ဝယ်ယူသုံးစွဲခဲ့ကြသည်။ မြို့ကြီးများက ကြီးမားသော ရောင်းဝယ်ရေး ဗဟိုဌာနကြီးများ ဖြစ်လာကြပြီး ကုန်သည်ကြီးများမှာ ဥရောပတိုက်ရှိ အဓိကမြို့ကြီးများ နှင့် ချိတ်ဆက်ရောင်းဝယ်ကြရာမှ အလွန်ချမ်းသာကြွယ်ဝလာခဲ့ကြသည်။[၅၅]

အရင်းရှင်ဝါဒ ကြီးစိုးလာသောကြောင့် ပဒေသရာဇ်ဝါဒ ဖွဲ့စည်းပုံမှာ ပျက်စီးခဲ့ရသည်။ တစ်ဆက်တည်းပင် မြို့များနှင့် မြို့ကြီးများ ကြီးထွားဖွံ့ဖြိုးလာမှုနှင့် ရောင်းဝယ်ဖောက်ကားမှုမှ

၅၅ Anderson, M., Keese, I., & Low, A. (2005).

အမြတ်အစွန်း ပိုမိုရရှိလာမှုတို့ကြောင့် လယ်ယာမြေအခြေပြု စီးပွားရေးနေရာတွင် ငွေကြေးအခြေပြု စီးပွားရေးလုပ်ငန်း အစားထိုး ဝင်ရောက်လာခဲ့သည်။ ဤအချက်ကြောင့် မြေရှင်ပဒေသရာဇ် စနစ်မှာ တိမ်ကောပျောက်ကွယ်ခဲ့ရပြီး ဘုရင်၏ အဓိကအခွင့်အာဏာမှာ မြဲမြံခဲ့သည်။[၅၆]




**ပုံ ၇.၉။ သက္ကရာဇ် ၁၅၀၀ ခန့်က ဥရောပတိုက် မြေပုံ**[၅၇]

**မှတ်ချက်။** မြေပုံတွင် အော်တိုမန် အင်ပါယာ၊ အီတာလျံ မြို့ပြနိုင်ငံငယ်၊ မြင့်မြတ်သော ရောမအင်ပါယာ (ဗီယင်နာနှင့် ဩစတြီးယားအခြေပြု)၊ ပြင်သစ်၊ စပိန်နှင့် အင်္ဂလန်အပါအဝင် အလယ်ခေတ် နှောင်းပိုင်း ဥရောပတိုက်၏ အဓိက လယ်ယာဥယျာဉ်ခြံမြေဆိုင်ရာ ယဉ်ကျေးမှုအချို့ကို ဖော်ပြထားသည်။

---

၅၆ Quigley, M. (2003).

၅၇ Image: Artist unknown, Map of Europe at 1500, https://contentdm.lib.byu.edu/digital/collection/Civilization/id/537 Copyright Brigham Young University, 2004, Term of use: https://lib.byu.edu/about/copyright/generic-note

## ဥရောပတိုက် ကျယ်ပြန့်လာခြင်း

၁၆ ရာစုတွင် ပင်လယ်ခရီး သွားလာခြင်းနှင့် ရေကြောင်းသွားလာမှု နည်းပညာများ တိုးတက်လာခြင်း၊ သိပ္ပံနှင့် မိုးလေဝသဆိုင်ရာ အသိပညာများ ပိုမိုတိုးတက်လာခြင်းကြောင့် ဥရောပ ဘုရင့်နိုင်ငံများသည် ၎င်းတို့၏ နယ်မြေနယ်နိမိတ်များကို ကျော်၍ ပြင်ပကမ္ဘာကြီးအား စတင်၍ စူးစမ်းလေ့လာခဲ့သည်။ ဤအချက်သည် ကမ္ဘာ့နေရာ အစိတ်အပိုင်းများကို **ကိုလိုနီပြုခြင်း**သို့ ဆိုက်ရောက်စေခဲ့ပြီး ဥရောပအင်အားကြီးနိုင်ငံများသည် အာဖရိကတိုက်နှင့် အာရှတိုက်တို့ရှိ နယ်မြေများ၊ လူများအပေါ် အချုပ်အခြာအာဏာ လွှမ်းမိုးကြောင်း ကြေညာခဲ့သည်။

ကိုလိုနီအဖြစ် နယ်ချဲ့သည့် အဓိက အင်အားကြီး ငါးနိုင်ငံမှာ စပိန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ပြင်သစ်နှင့် အင်္ဂလန်တို့ ဖြစ်ကြသည်။ ဤသို့ နယ်မြေချဲ့ထွင်ရခြင်း၏ နောက်ခံ အကြောင်းပြချက်များမှာ အမြတ်အစွန်းရလိုမှု၊ ဘာသာရေးနှင့် အာဏာပျံ့နှံ့လိုမှုတို့ကြောင့် ဖြစ်သည်။ သိမ်းပိုက်ထားသော နယ်မြေများနှင့် ဥရောပ လူ့အဖွဲ့အစည်းပေါ် အကျိုးသက်ရောက်မှုများမှာလည်း ကြီးမားလာခဲ့သည်။

မူလအားဖြင့် ပထမဆုံးသော စူးစမ်းရှာဖွေမှုကြီး ပေါ်ထွက်လာရခြင်းမှာ အာရှတိုက်မှ ဟင်းခတ်အမွှေးအကြိုင်များ သယ်ယူရာ လမ်းကြောင်းများအား မွန်ဂိုအင်ပါယာမှ ဖြတ်တောက်ပိတ်ပင်ခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။ ဥရောပအင်အားကြီး နိုင်ငံများသည် အကျိုးအမြတ်များစွာ ရရှိသော ဈေးကွက်ကြီးများကို ဆက်လက် ထိန်းသိမ်းရန် အလို့ငှာ စူးစမ်းရှာဖွေမှု လုပ်ငန်းများကို အစပျိုးလုပ်ကိုင်ခဲ့ကြခြင်း ဖြစ်သည်။

စပိန်နှင့် ပေါ်တူဂီတို့သည် ပင်လယ်ရေကြောင်းမှတစ်ဆင့် စူးစမ်းရှာဖွေမှုများ စတင်ခဲ့သည့် ပထမဦးဆုံး ဥရောပနိုင်ငံများ ဖြစ်ကြသည်။ ၎င်းတို့သည် အာဖရိကနှင့် အမေရိကတိုက်ကြီးများသို့ ရွက်လွှင့်ခဲ့ကြသည်။ ၎င်းနောက် ဒတ်ဂျ်တို့က ဒတ်ဂျ်အရှေ့အိန္ဒိယကျွန်းစုများဟု ခေါ်ဆိုသည့် အင်ဒိုနီးရှားသို့ရွက်လွှင့်ခဲ့ကြသည်။ ၎င်းတို့၏ မူလရည်ရွယ်ချက်မှာ ရောင်းဝယ်ဖောက်ကားလိုမှုနှင့် ကုန်သွယ်မှုတို့ ဖြစ်သည်။

ဗြိတိန်နှင့် ပြင်သစ်တို့ကလည်း မကြာမီနောက်မှ လိုက်ပါလာခဲ့ကြသည်။ ဗြိတိန်နိုင်ငံမှာ ကနဦးပိုင်းက ရောင်းဝယ်ဖောက်ကားလိုမှုကြောင့် စူးစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း

ရောင်းဝယ်ဖောက်ကားမှုမှ ရသော အကျိုးအမြတ်သည် အချိန်နှင့်အမျှ သိသာထင်ရှားလာသဖြင့် စစ်မက်ရေးရာ အရေးယူဆောင်ရွက်မှုများ ချမှတ်ခဲ့ပြီး အိန္ဒိယတိုက်ငယ်တစ်လျှောက်မှ မင်းသားအုပ်ချုပ်သည့် ပြည်နယ်များနှင့် လူမျိုးစုနယ်မြေများကို ကိုလိုနီပြုခြင်းဖြင့် ၎င်းတို့၏ ရောင်းဝယ်ဖောက်ကားမှုကို ကာကွယ်ခဲ့သည်။

နယ်မြေသစ်များ ချဲ့ထွင်ခြင်းနှင့်အတူ ဥရောပတွင် ယနေ့တိုင် ဩဇာကြီးမားသော ခရစ်ယာန်ဘုရားကျောင်းများက ၎င်းတို့၏ ကိုးကွယ်ယုံကြည်မှု ပြန့်ပွားစေရန် အခွင့်အလမ်းတစ်ခုကို တွေ့မြင်သွားခဲ့သည်။ ခရစ်ယာန်ဘုရားကျောင်းများက ဒေသခံ တိုင်းရင်းသား လူမျိုးများအားလုံးကို ယဉ်ကျေးသိမ်မွေ့လာစေရန် ခရစ်ယာန်ဘာသာ ကိုးကွယ်မှု လိုအပ်သည့် ဘာသာမဲ့များအဖြစ် သုံးသပ် ရှုမြင်ခဲ့ကြသည်။[၅၈]

## သင်ယူမှုလုပ်ငန်း (၂)။ တွေး–တွဲ–သုတေသနပြု–မျှဝေခြင်း – ဥရောပနယ်ချဲ့ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် အကြောင်းအရာဆက်သွယ်ပြပုံကို အသုံးပြု၍ ဥရောပနယ်ချဲ့ထွင်ခြင်း၏ အဓိက အကြောင်းပြချက်များကို ဆက်သွယ်ပြောဆိုတင်ပြရန်ဖြစ်သည်။

၁။ ***တွေးပါ*** – သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၂) အား ပြန်လည်ဆန်းစစ်ပါ။ သင်ဖတ်ရှုထားသော ဥရောပနယ်ချဲ့ခြင်း၏ အဓိက အကြောင်းပြချက်များကို မျဉ်းသားပါ။

၂။ ***နှစ်ယောက်တစ်တွဲ တွဲပါ*** – သင်တို့၏ ထင်မြင်ချက် အယူအဆများကို တွဲဖက်တစ်ဦးနှင့် မျှဝေပါ။ သင်၏ တွဲဖက်တွင် အခြားသော အကြောင်းပြချက် တစ်ခုခု ရှိနေပါသလား။

၃။ ***သုတေသနပြုပါ*** – ဖြစ်နိုင်မည်ဆိုပါက သင်၏ အဖြေများ ထပ်မံဖြည့်ဆည်းပေးနိုင်ရန် အွန်လိုင်းမှတစ်ဆင့် သုတေသနပြု ရှာဖွေမှုများ တာဝန်ယူ ဆောင်ရွက်ပါ။

၄။ ***မျှဝေပါ*** – လေးထောင့်ကွက် (၇.၄) တွင် အကြောင်းအရာဆက်သွယ်ပြပုံတစ်ပုံ ရေးဆွဲရန် သင်တို့၏ စိတ်ကူးအကြံအစည်များအား စုပေါင်းပါ။ သင်တို့၏ အကြောင်းအရာ အချက်အလက်များ အတန်းတွင်း ဆွေးနွေးမှုတွင် မျှဝေနိုင်ရန် ကြိုတင်ပြင်ဆင်ထားပါ။

---

၅၈ Brooks, C. (2019).

## လေးထောင့်ကွက် ၇.၄။ ဥရောပနယ်ချဲ့ရခြင်း၏ အကြောင်းပြချက်များ

## အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၃) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၃) အား ဖတ်ရှုပါ။ သင်၏ ကျောင်းသားကိုင်စာအုပ်တွင် စိတ်ဝင်စားသည့် အချက်များအား မှတ်စုရေးသားခြင်း (သို့မဟုတ်) ရောင်စုံမင်ဖြင့် မျဉ်းသားပါ။

## စာသင်ချိန် (၃)

## ဘူဇွာတော်လှန်ရေး

မြေရှင်ပဒေသရာဇ်စနစ် ပျက်သုဉ်းပြီး အရင်းရှင်စနစ် ပေါ်ပေါက်လာကာ ဥရောပတွင် ကူးသန်းရောင်းဝယ်ရေးနှင့် ချမ်းသာကြွယ်ဝလိုမှုအတွက် နယ်မြေအပြိုင်ချဲ့ထွင်ရာမှတစ်ဆင့် ဥရောပတိုက်တစ်လွှားရှိ လူ့အဖွဲ့အစည်း တည်ဆောက်ပုံများတွင် သိသာထင်ရှားသည့် ပြောင်းလဲမှု ပေါ်ပေါက်လာခဲ့သည်။ ပဒေသရာဇ်စနစ်၏ နေရာတွင် အစားထိုးဝင်ရောက်လာသည့် ကုန်သွယ်မှု အခြေပြုစီးပွားရေးကြောင့် ချမ်းသာကြွယ်ဝသော အလယ်အလတ်တန်းစား လူတန်းစား အသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ဤလူတန်းစားအလွှာသည် **ဘူဇွာများ**ဟု သိကြသည့် ကုန်သည်ကြီးများ၊ ကုန်ထုတ်လုပ်သူများ၊ မြေပိုင်ရှင်ကြီးများနှင့် အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

တောင်သူလယ်သမားများနှင့် ယခင်က မြေကျွန်ဖြစ်ခဲ့သော သူများမှာ ကိုယ်ပိုင်လယ်ယာမြေများနှင့် ဥယျာဉ်ခြံ စိုက်ပျိုးမြေများ ပိုင်ဆိုင်ခွင့်ရှိလာသောကြောင့် လူနေမှု အဆင့်အတန်း ပိုမိုမြင့်မားလာခဲ့ပြီး ပညာသင်ကြားခွင့်နှင့် ဆေးကုသခံယူမှု အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့ကြသည်။ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းက လူတို့၏ အသက်ရှင်သန်မှု သက်တမ်း ပိုမိုရှည်လာစေပြီး ၁၇၁၅ ခုနှစ်နှင့် ၁၈ဝဝ ပြည့်နှစ်အကြား ဥရောပတွင် လူဦးရေမှာလည်း နှစ်ဆတိုးလာခဲ့သည်။

လူဦးရေ တိုးပွားလာမှုကြောင့် အစားအစာများ ပိုမိုလိုအပ်လာခဲ့ပြီး စားသုံးကုန်ပစ္စည်းများ မလုံလောက်မှုကို ဖြစ်ပေါ်စေခဲ့သဖြင့် ဆွေစဉ်မျိုးဆက် သူကောင်းမျိုးများနှင့် အလုပ်သမား လူတန်းစားတို့ကြား စီးပွားရေး ကွာဟချက်မှာလည်း ကြီးမားကျယ်ပြန့်လာခဲ့သည်။ လူမှုရေး ပြောင်းလဲမှုများ ကျယ်ပြန့်လာသော်လည်း ရာထူးအာဏာ ထိန်းသိမ်းနေရသော သက်ဦးဆံပိုင်ဘုရင်နှင့် သူကောင်းမျိုးအလွှာတို့သည် အင်ပါယာတိုးချဲ့ရာ၌ ဘဏ္ဍာရေးဝန်ပိနေပြီဖြစ်သဖြင့် ငွေကြေးချွတ်ခြုံကျမှုမှ ရှောင်ရှားရန် ကြိုးစားသည့်အနေဖြင့် အခွန်အခများ စည်းကြပ်တော့သည်။ ငွေကြေးချမ်းသာသော်လည်း နိုင်ငံရေးနှင့်ပတ်သက်သည့် သြဇာအာဏာမှ များစွာ ဖယ်ရှားခံခဲ့ရသည့် ဘူဇွာလူတန်းစားများသည် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် သွေးထိုးလှုံ့ဆော်လာခဲ့သည်။

တစ်ပြိုင်တည်းလိုပင် မွန်တက်စ်ကျူ၊ ဘော်လတဲယားနှင့် ရူးဆိုး အစရှိသည့် အတွေးအခေါ် ပညာရှင်များ ဦးဆောင်သည့် လူတန်းစား ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ပညာရှင် လှုပ်ရှားမှုတစ်ခု ပေါ်ပေါက်ခဲ့ပြီး သက်ဦးဆံပိုင် ဘုရင်များ၏ အခွင့်အလမ်းနှင့် အခန်းကဏ္ဍများကို မေးခွန်းထုတ်လာခဲ့သည်။ အဆိုပါ နိုင်ငံရေး၊ လူမှုရေးနှင့် အတွေးအခေါ်ဆိုင်ရာ အစိတ်အပိုင်းများ ပေါင်းစပ်မိသောကြောင့် ဘူဇွာလူတန်းစားများ ထကြွလာကာ ဆွေစဉ်မျိုးဆက် သူကောင်းမျိုးတို့အား ဖြုတ်ချသည့် ဘူဇွာတော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့ပြီး ထိုတော်လှန်ရေးကြီးမှာ ဥရောပလူ့အဖွဲ့အစည်း၏ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေးနှင့် စီးပွားရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများကို အခြေခံကျကျ ပြောင်းလဲခဲ့သည်။

ဘူဇွာတော်လှန်ရေး လှုပ်ရှားမှုများသည် ဥရောပနှင့် အမေရိကတိုက်တို့တွင် ပျံ့နှံ့သွားပြီး တစ်ချိန်တည်းမှာပင် ဗြိတိသျှ ကိုလိုနီနယ်များတွင်လည်း အောက်ပါတော်လှန်ရေးများ ပေါ်ပေါက်ခဲ့သည် –

- မြေရှင်ပဒေသရာဇ်စနစ် ယိုယွင်းပျက်စီးသွားစေသည့် ၁၆၄၀ – ၁၆၆၀ ပြည့်နှစ် အင်္ဂလိပ် တော်လှန်ရေး
- အင်္ဂလိပ် ကိုလိုနီအုပ်ချုပ်မှုအောက်မှ အမေရိကန် ကိုလိုနီများ ခွဲထွက်သည့် ၁၇၆၅ – ၁၇၈၃ ခုနှစ် အမေရိကန်တော်လှန်ရေးနှင့်
- ပြင်သစ်ဘုရင်အား ကွပ်မျက်စီရင်ခြင်းနှင့် ပြင်သစ်သမ္မတနိုင်ငံ ထူထောင်ခြင်းတို့ ပေါ်ပေါက်စေခဲ့သည့် ၁၇၈၉ – ၁၇၉၉ ခုနှစ် ပြင်သစ်တော်လှန်ရေး

## ပြင်သစ်တော်လှန်ရေး[၅၉]

၁၇၈၉ ခုနှစ်တွင် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖြုတ်ချ၍ လူကြိုက်များသော အုပ်ချုပ်မှု ပုံစံတစ်ခု ချမှတ်ထူထောင်လိုသည့် ပဲရစ် ဘူဇွာတပ်ဟု ခေါ်သော အုပ်စုတစ်ခုမှ ပဲရစ်မြို့လယ်ရှိ ဘာစတီးလ် ရဲတိုက်တွင် အပြင်းအထန် ပုန်ကန်ထကြွသောအခါ ပြင်သစ်တော်လှန်ရေးကြီး စတင် ပေါ်ပေါက်ခဲ့သည်။ တော်လှန်ရေး မစတင်မီ ပြင်သစ်လူ့အဖွဲ့အစည်းတွင် –

- ဘာသာရေးဆိုင်ရာ ခရစ်ယာန်ဘုန်းတော်ကြီးများဖြင့် ဖွဲ့စည်းထားသော ပထမ မဏ္ဍိုင်
- သူကောင်းမျိုးများနှင့် ဖွဲ့စည်းထားသော ဒုတိယ မဏ္ဍိုင်နှင့်

၅၉ National Archives. (n.d.); St. Laurence's College. (2021); Carlye, T. (1837); Rees, D., & Townson, D. (2015).

- အထွေထွေလူတန်းစားများ (သို့မဟုတ်) ပြင်သစ် "သာမန်လူတန်းစားများ" နှင့် ဖွဲ့စည်းထားသော တတိယမဏ္ဍိုင်ဟူ၍ လူတန်းစား သုံးအုပ်စု သိသိသာသာ ကွဲထွက်ခဲ့သည်။

ပြင်သစ်နိုင်ငံလူဦးရေ၏ ၉၈ ရာခိုင်နှုန်းနီးပါး ပါဝင်ပြီး အင်အားအကြီးမားဆုံး အုပ်စု ဖြစ်သော်လည်း တတိယမဏ္ဍိုင်မှာ လုပ်ပိုင်ခွင့်အာဏာ ချုပ်ကိုင်နိုင်မှု အနည်းဆုံးဖြစ်သည်။ ပြောင်းလဲမှုအတွက် လှုံ့ဆော်ခဲ့သူများမှာ ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ နည်းမှုကြောင့် မပြေမလည်ဖြစ်ခဲ့ကြသည့် တတိယမဏ္ဍိုင်များ ဖြစ်ပြီး ဘုရင်၏အုပ်ချုပ်မှုမှ ကင်းလွတ်သည့် အမျိုးသားညီလာခံခေါ် အုပ်ချုပ်ရေးပုံစံ အသစ်တစ်ခုကို ချမှတ်ခဲ့ကြသည်။

၁၇၉၃ ခုနှစ်တွင် (၁၆) ဆက်မြောက် လူဝီဘုရင်ကို ကွပ်မျက်စီရင်ခဲ့သည်။ ပြင်သစ်နိုင်ငံကို သမ္မတနိုင်ငံတစ်ခုအဖြစ် ကြေညာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု မူကြမ်းရေးဆွဲခဲ့သည်။ သို့သော် တော်လှန်ရေးမှာ အစိုးရသစ် လက်ထက်တွင် အုပ်စုကွဲများအကြား စစ်ပွဲများအဖြစ် ဆက်လက်ဖြစ်ပွားခဲ့ပြီး မတူညီသော အမြင်များအား ပြန်လည်သင့်မြတ်အောင် စွမ်းဆောင်နိုင်ခြင်းမရှိသဖြင့် ကြမ်းကြုတ်မှု သရဖူဆောင်းသော ကာလ (၁၇၉၃–၁၇၉၄) သို့ ဆိုက်ရောက်လာခဲ့သည်။ ထိုကာလအတွင်း လူပေါင်း ၁၅,၀၀၀ ကျော်မှာ ခေါင်းဖြတ်စက်ဖြင့် ကွပ်မျက်စီရင်ခံခဲ့ရသည်။ တော်လှန်ရေးကြီးမှာ ၁၇၉၉ ခုနှစ်ထိတိုင် အဆုံးမသတ်နိုင်ခဲ့ဘဲ နပိုလီယံဘိုနာပတ်ဟုခေါ်သည့် လူငယ်ဗိုလ်ချုပ်ကြီးတစ်ဦးက ဦးဆောင်၍ အခွင့်အာဏာအားလုံးကို ရယူခဲ့သည့် စစ်အာဏာသိမ်းမှုတစ်ခုဖြစ်ခဲ့ပြီး (၁၅) နှစ်တာ ကာလတစ်ခုတိုင်အောင် နိုင်ငံ့အာဏာကို ထိန်းချုပ်ထားခဲ့သည်။



ပုံ ၇.၁၀။ ၁၇၈၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ပဲရစ်မြို့လယ်ရှိ ရဲတိုက်တစ်ခုဖြစ်သော ဘာစတီးလ်တွင် အပြင်းအထန် ပုန်ကန်ထကြွခဲ့ရာမှ ပြင်သစ်တော်လှန်ရေး စတင်ပေါ်ပေါက်ခဲ့သည်[၆၀]

## ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း အကြောင်းတရားများ

ဥရောပတိုက်ရှိ အခြားသော နေရာများတွင် ဖြစ်ပွားသော ဘူဇွာလှုပ်ရှားမှုများကဲ့သို့ပင် ပြင်သစ်တော်လှန်ရေးသည် အဖြစ်အပျက် တစ်ခုတည်းကြောင့် အစပြုခဲ့ခြင်း မဟုတ်ဘဲ သက်ဦးဆံပိုင် ဘုရင်အား ဆန့်ကျင်တော်လှန်ရန် ပြည်သူလူထုအား လှုံ့ဆော်ပေးလာသော အကြောင်းရင်းများစွာ ရှိခဲ့သည်။

၆၀ https://commons.wikimedia.org/wiki/File:Prise_de_la_Bastille.jpg Image available in the Public Domain, licensed under CC0. View license, https://creativecommons.org/publicdomain/zero/1.0/

## ဇယား ၇.၂ ။ ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း အကြောင်းတရားများ

| အကြောင်းတရား | ဖော်ပြချက် |
|---|---|
| ကြွေးမြီနှင့် အခွန်အကောက်များ | ၁၇၈၉ ခုနှစ်၊ (၁၆) ဆက်မြောက် ပြင်သစ်ဘုရင် လူဝီ လက်ထက်တွင် စီးပွားရေး ချွတ်ခြုံကျပြီး ဒေဝါလီခံရမည့် အခြေအနေ ဖြစ်ခဲ့သည်။ သူ၏ အသုံးအဖြုန်းကြီးသည့် နေထိုင်မှုပုံစံအတွက် ရန်ပုံငွေရရန်နှင့် အင်္ဂလန်ဆန့်ကျင်ရေး စစ်ပွဲများတွင် တိုက်ခိုက်ရန် အတွက်လည်း ငွေကြေးအမြောက်အမြား ချေးယူခဲ့သည်။ သူ၏ ကြွေးမြီများ ပြန်လည် ပေးဆပ်ရန် အလို့ငှာ ဘုရင်က သူ၏ ပြည်သူများအပေါ် အခွန်အကောက်များ တိုးမြှင့် ကောက်ခံခဲ့သည်။ သူကောင်းမျိုးများနှင့် ခရစ်ယာန် ဘုန်းတော်ကြီးများမှာ အခွန်ပေးဆောင်စရာ မလိုခြင်းကြောင့် ငွေကြေးနှင့် ပတ်သက်သည့် ဝန်ထုပ်ဝန်ပိုးသည် တတိယမဏ္ဍိုင်အပေါ် ကျရောက်ခဲ့ရာမှ ၎င်းတို့အား အမျက်ထွက်စေခဲ့သည်။ |
| ငတ်မွတ်ခေါင်းပါးမှု | ပြင်သစ်နိုင်ငံသည် ဥရောပတွင် လူဦးရေ အများဆုံးနိုင်ငံဖြစ်ခဲ့ပြီး ငတ်မွတ်ခေါင်းပါးမှု ဘေးကြီးကို ခံစားခဲ့ရသည်။ ၁၇၈၉ ခုနှစ်တွင် ပြင်သစ်လူမျိုးတို့၏ အဓိက အစားအစာ ရင်းမြစ်ဖြစ်သော ပေါင်မုန့်ဈေးသည် အဆမတန်မြင့်မားခဲ့ရာ လူအများစုမှာ ပေါင်မုန့် ဝယ်ရန် ငွေမတတ်နိုင်တော့သဖြင့် ငတ်မွတ်မှုဘေးကြီးသို့ ဦးတည်ဆိုက်ရောက်စေခဲ့သည်။ |
| အသိဉာဏ် နိုးကြားပွင့်လင်းလာမှု | မွန်တက်စ်ကျူး၊ ဗော်လတဲယားနှင့် ရူးဆိုး အစရှိသည့် အတွေးအခေါ် ပညာရှင်များက လွတ်လပ်မှု၊ တန်းတူညီမျှမှု အစရှိသည့် အတွေးအခေါ် အယူအဆများ ဟောပြောခဲ့ကြရာမှ ဘုရင်၏ စီမံပိုင်ခွင့် အဆင့်အတန်း အခြေအနေကို မေးခွန်းထုတ်မှုများ စတင်လာခဲ့ကြသည်။ |
| နိုင်ငံရေး | တော်လှန်ရေး မတိုင်မီကပင် ပြင်သစ် ပြည်သူလူထုကြားတွင် မဏ္ဍိုင်ဟု ခေါ်သော လူတန်းစား အလွှာသုံးခု ကွဲပြားခြားနားခဲ့သည်။ ပထမမဏ္ဍိုင်ကို ဘာသာရေးဆိုင်ရာ ခရစ်ယာန် ဘုန်းတော်ကြီးများဖြင့် ဖွဲ့စည်းခဲ့ပြီး၊ ဒုတိယမဏ္ဍိုင်ကို သူကောင်းမျိုး များနှင့် မြေပိုင်ရှင်ကြီးများနှင့် ဖွဲ့စည်းခဲ့ကာ တတိယမဏ္ဍိုင်ကို သာမန်လူတန်းစား များဖြင့် ဖွဲ့စည်းခဲ့သည်။ နိုင်ငံလူဦးရေ၏ ၉၈ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းခဲ့သော တတိယ မဏ္ဍိုင်မှာ လုပ်ပိုင်ခွင့်အာဏာ ပမာဏ အနည်းဆုံးကိုသာ ချုပ်ကိုင်ထားနိုင်ခဲ့ကြသည်။ တော်လှန်ရေးကို စတင်ဆင်နွှဲခဲ့သူများမှာ တတိယမဏ္ဍိုင် အဖွဲ့ဝင်များ ဖြစ်ခဲ့ကြသည်။ |
| အောင်မြင်သော တော်လှန်ရေး ဥပမာ | တော်လှန်ရေးစစ်ပွဲ ဖြစ်ပွားရာမှ အမေရိကန်ကိုလိုနီနိုင်ငံများ ဂရိတ်ဗြိတိန်ထံမှ လွတ်လပ်ရေး ရရှိလာသောအခါ ၎င်းတို့ကိုယ်တိုင် စစ်ပွဲတွင် ပါဝင် ဆင်နွှဲခဲ့သော ပြင်သစ်တို့သည် ပါဝင်သူများနှင့် မဟာမိတ်များ ဖြစ်ခဲ့ကြသည်။ တော်လှန်ရေးစစ်ပွဲ ပြီးနောက်နှစ်ပေါင်းများစွာ ကြာသောအခါ ပြင်သစ်နိုင်ငံသည်လည်း အခြားကိုလိုနီနိုင်ငံများ ရန်းကန်ကြုံတွေ့ရသည်များနှင့် ထပ်တူ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ပြင်သစ်တော်လှန်ရေးမှာ များစွာသော အကြောင်းတရားများနှင့် ခက်ခဲရှုပ်ထွေးနေစဉ် အမေရိကန်တို့က တော်လှန်ရေးအောင်နိုင်ခဲ့သော နိုင်ငံတစ်နိုင်ငံ အဖြစ် ဥပမာပေး ရပ်တည်ခဲ့သဖြင့် ပြင်သစ်မှာ တော်လှန်ရေး အောင်မြင်ခြင်းကို ပထမဆုံး မျက်ဝါးထင်ထင် တွေ့ကြုံခဲ့ရသည်။[၆၁] |

၆၁ Marks, J. (2019).

## ပြင်သစ်တော်လှန်ရေး၏ အကျိုးရလဒ်များ

ပြင်သစ်တော်လှန်ရေး အကျိုးဆက်များမှာ –

- မြေရှင်ပဒေသရာဇ်စနစ် ဖျက်သိမ်းခြင်း
- ၁၇ ဆက်မြောက် ဘုရင် လူဝီ ခေါင်းဖြတ်ကွပ်မျက်ခံရခြင်း
- ပြင်သစ်သမ္မတနိုင်ငံ ထူထောင်ခြင်း
- ပြည်သူ့ ရပိုင်ခွင့်များနှင့် လူမှုရေးဆိုင်ရာ အစီအစဉ်သစ်တစ်ခု ချမှတ်ထူထောင်ခြင်း
- ဩစတြီးယား၊ ပရပ်ရှားနှင့် ဂရိတ်ဗြိတိန် အစရှိသည့် အခြားနိုင်ငံအမြောက်အမြားနှင့် စစ်ဖြစ်ပွားခြင်း
- ဗိုလ်ချုပ်ကြီး နပိုလီယံဘိုနာပတ် လုပ်ပိုင်ခွင့် အာဏာရရှိလာခြင်း စသည်တို့ ဖြစ်ကြသည်။

### သင်ယူမှုလုပ်ငန်း (၃)။ အတန်းတွင်း ဆွေးနွေးခြင်း – ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း အကြောင်းတရားများ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းတရားများနှင့် အကျိုးဆက်များကိုဆန်းစစ်လေ့လာရန်ဖြစ်သည်။

၁။ ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းတရားများကို ကြည့်ရှုလေ့လာပါ။ တော်လှန်ရေးစတင်ရန် မည်သည့်အကြောင်းတရားများက အကြီးမားဆုံး အကျိုးသက်ရောက်မှု ဖြစ်စေခဲ့ကြောင်း ဆွေးနွေးပါ။

၂။ မှတ်စုရေးသားရန် လေးထောင့်ကွက် (၇.၅) ကို အသုံးပြုပါ။

## လေးထောင့်ကွက် ၇.၅။ ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း အကြောင်းတရားများ

### အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၃) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၃) အား ကြိုတင်ဖတ်ရှု လေ့လာပါ။ သင်၏ ဖတ်စာအုပ်တွင် စိတ်ဝင်စားသော အချက်များကို မှတ်စုရေးသားခြင်း (သို့မဟုတ်) ရောင်စုံ မင်များဖြင့် မျဉ်းသားခြင်း ပြုလုပ်ပါ။

## ၇.၁.၃။ စက်မှုတော်လှန်ရေး

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- စက်မှုတော်လှန်ရေး ပေါ်ပေါက်စေခဲ့သော အခြေအနေများကို ဖော်ပြတတ်မည်။
- စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှု များကို အကဲဖြတ်သုံးသပ်တတ်မည်။

### စက်မှုတော်လှန်ရေးဆိုသည်မှာ အဘယ်နည်း။

**စက်မှုတော်လှန်ရေး**ဆိုသည်မှာ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ ပေါ်ထွန်းလာသည့် ခေတ်ကာလတစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး သက္ကရာဇ် ၁၇၅၀ ပြည့်နှစ်မှ ၁၈၅၀ ပြည့်နှစ်အထိ ကြာမြင့်ခဲ့ကာ လူသားတို့၏ နေထိုင်မှုပုံစံများကို အခြေခံကျကျ ပြောင်းလဲစေခဲ့သည်။ ဤအချိန်ကာလ အတောအတွင်းတွင် စက်နှင့် စက်ပစ္စည်း အသစ်အဆန်းများ၊ သယ်ယူပို့ဆောင်ရေး ကိရိယာများနှင့် နည်းလမ်းအသစ်များ တီထွင် ဖန်တီးခဲ့ကြသည်။ ဤဖွံ့ဖြိုးတိုးတက်မှုများက ကုန်ပစ္စည်း အမြောက်အမြား ထုတ်လုပ်ခြင်း၊ လူနှင့်ကုန်ပစ္စည်းများ ရွှေ့လျားသယ်ဆောင်သွားလာမှု ပိုမိုကြီးမား ကျယ်ပြန့်လာခြင်းနှင့်

စိုက်ပျိုးရေး လွှမ်းမိုးသော အလယ်ခေတ် စီးပွားရေးမှ စက်ပစ္စည်း တပ်ဆင်အသုံးပြုသော ကုန်ထုတ်လုပ်မှု စီးပွားရေးသို့ ပြောင်းလဲစေသည့် အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။[၆၂]

သတ္တုတွင်းမှ ရေများကို စုပ်ထုတ်သည့် အင်ဂျင်စက်များကို မောင်းနှင်ရန် စွမ်းအင်ရင်းမြစ် တစ်ခုအဖြစ် ရေနွေးငွေ့ကို ရှာဖွေတွေ့ရှိခဲ့သည့် ၁၇၁၂ ခုနှစ်၌ ဂရိတ်ဗြိတိန်တွင် စက်မှုတော်လှန်ရေးကြီး စတင်ခဲ့သည်။ ၁၇၀၀ပြည့်နှစ်များ အလယ်ပိုင်းတွင် အဆိုပါအင်ဂျင် စက်များ၏ ဒီဇိုင်းမှာ ပိုမိုအကျိုးဖြစ်ထွန်း အားကောင်းလာခဲ့ပြီး ဓာတ်သတ္တုတူးဖော်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့် လုပ်ငန်းနယ်ပယ်ကြီးများတွင် အသုံးပြုခဲ့ကြသည်။[၆၃]

တစ်ချိန်တည်းမှာပင် ဆောက်လုပ်ရေးနှင့် လောင်စာအတွက် သစ်ပင်များခုတ်လှဲခြင်းက ပြန်လည်ဖြည့်တင်းစိုက်ပျိုးနိုင်ခြင်းထက် ပိုမိုမြန်ဆန်နေသောကြောင့် သစ်တောများ ပြုန်းတီးမှုမှာ အင်္ဂလန်တွင် အရေးကြီးသော အရေးကိစ္စတစ်ရပ် ဖြစ်လာခဲ့သည်။ ပေါများသော ရင်းမြစ်တစ်ခု ဖြစ်သည့် ကျောက်မီးသွေးမှာ လူတို့ မီးအတွက် အသုံးပြုရန် အတွက် အဓိက လောင်စာ ရင်းမြစ်တစ်ခု ဖြစ်လာခဲ့သည်။


စက်ရိယာပစ္စည်းများ ဖန်တီးပြုလုပ်သူ စကော့တလန်လူမျိုး ဂျိန်းဝပ်က ပထမဆုံး ကျောက်မီးသွေး စွမ်းအင်သုံး ရေနွေးငွေ့ အင်ဂျင်စက်ကို ဖန်တီးတီထွင်လိုက်သောအခါ ၁၇၇၆ ခုနှစ်တွင် စွမ်းအင်ရင်းမြစ်သစ် နှစ်ခုဖြစ်သည့် ကျောက်မီးသွေးနှင့် ရေနွေးငွေ့တို့ကို ပေါင်းစပ် အသုံးပြုလာခဲ့ကြသည်။ ဤဆန်းသစ်တီထွင်မှုက ဗြိတိသျှစက်ရုံကြီးများ၊ ဂျုံနှင့် စက္ကူစက်ရုံကြီးများ၊ အထည်အလိပ်ရက်ကန်းရုံများ၊ မီးရထားနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ဓာတ်သတ္တု တူးဖော်ရေးနှင့် ရေသွယ်ယူပေးပို့သည့် စက်ကိရိယာများအားလုံးတွင် ရေနွေးငွေ့စွမ်းအင်ကို ပျံ့နှံ့တွင်ကျယ်စွာ အသုံးပြုစေခဲ့သည်။[၆၄]

---

၆၂ National Geographic. (n.d.–d).

၆၃ White, M. (2009).

၆၄ National Geographic. (n.d.–d).




**ပုံ ၇.၁၁။ ဂျိန်းဝပ်၏ ရေနွေးငွေ့အင်ဂျင်စက် ရုပ်ပုံကားချပ်တစ်ခု**[၆၅]

အိမ်တွင်နေ၍ အလုပ်လုပ်ကိုင်နိုင်သော၊ လက်ရက်ထည်ပမာဏ အနည်းငယ်သာ ထုတ်လုပ်သော လုပ်ငန်းစနစ်၏ နေရာတွင် ဝါဂွမ်းများ၊ အထည်အလိပ်များ စသည့် ကုန်ပစ္စည်းများ အမြောက်အမြား ထုတ်လုပ်သည့် စက်ရုံများက အစားထိုးဝင်ရောက်လာခဲ့သည်။ စက်ကိရိယာ အသစ်များက မြေကြီးများကို ပိုမိုလျင်မြန်သောနှုန်းဖြင့် ထွန်ယက်စိုက်ပျိုးစေနိုင်သောကြောင့် စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားမှာ တိုးမြင့်လာခဲ့ပြီး အဓိက သယ်ပို့ဆောင်ရေး စနစ်အဖြစ် မြင်းများအစား ရေနွေးငွေ့စွမ်းအင်သုံး ရထားများ၊ လှေများဖြင့် အစားထိုးခဲ့သောကြောင့် ခရီးဝေးသွားလာရာတွင် အချိန်ကုန်သက်သာခဲ့သည့်အပြင် သယ်ယူပို့ဆောင်နိုင်သည့် ကုန်ပစ္စည်းပမာဏအရ ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားရေးကို မြှင့်တင်ပေးခဲ့သည်။

လုပ်ငန်း၏ သဘောသဘာဝ ပြောင်းလဲလာခြင်း၊ ငွေကြေးချမ်းသာလာခြင်းနှင့် အစားအစာ ထုတ်လုပ်မှု တိုးမြင့်လာခြင်းတို့ကြောင့် လူဦးရေ တိုးပွားလာသော်လည်း ချမ်းသာသူနှင့် ချို့တဲ့သူကြားရှိ ကွာဟချက်မှာလည်း ကြီးမားလာခဲ့သည်။ ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံ

[၆၅] https://commons.wikimedia.org/wiki/File:WattsSteamEngine.jpeg Image courtesy of DigbyDalton, licensed under CC BY-SA 3.0. View license, https://creativecommons.org/licenses/by-sa/3.0/

ဆောင်ရွက်ချက်များ မရှိသလောက်နည်းပါးခြင်း၊ ကလေးသူငယ်များကို အန္တရာယ်များသည့် အလုပ်အကိုင်များတွင် ခန့်အပ်ထားခြင်းနှင့် အလုပ်သမားများမှာ နာရီပေါင်းများစွာ ကြာမြင့်အောင် အလုပ်လုပ်ကိုင်ရခြင်းကြောင့် စက်ရုံလုပ်သားများ၏ လုပ်ငန်းခွင်နှင့် ဝမ်းစာအခြေအနေတို့မှာ မကြာခဏဆိုသလို ထိခိုက်နစ်နာမှုများ ရှိခဲ့သည်။ လူအများက စက်ရုံများတွင် အလုပ်လုပ်ကိုင်ရန် မြို့ကြီးများသို့ ပြောင်းရွှေ့လာခဲ့ကြပြီး ရေမရှိသော တိုက်ခန်းတွဲများတွင် လူများစွာဖြင့် ပြွတ်သိပ်ကျပ်တည်းစွာ နေထိုင်ခဲ့ရ၍ ရောဂါကာကွယ်ရန် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စီမံဆောင်ရွက်ချက်များ၊ မိလ္လာနှင့် ရေဆိုးနုတ်စနစ်ဆိုင်ရာ စီမံဆောင်ရွက်ချက်များမှာ အကန့်အသတ်များဖြင့် အားနည်းခဲ့သည်။

ကျောက်မီးသွေး မီးလောင်ကျွမ်းမှုကြောင့် တီဘီရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပေါ်စေသည့် လေထုညစ်ညမ်းမှုများ မြင့်မားလာခဲ့သည်။ ထို့ပြင် စက်ရုံနှင့် လူသားတို့၏ စွန့်ပစ်ပစ္စည်းများကြောင့် မြစ်ချောင်းများ ညစ်ညမ်းမှုဖြစ်လာကာ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်မှုများ ခက်ခဲလာခဲ့သည်။ ၁၈၃၀ ပြည့်နှစ်များတွင် နည်းပညာနှင့် အလုပ်အကိုင် နည်းလမ်းအသစ်များသည် အမေရိကန် ပြည်ထောင်စုကဲ့သို့သော ကမ္ဘာကြီး၏ အခြားဒေသများသို့ ပြောင်းရွှေ့မှုများ ရှိခဲ့ရာ အကျိုးဆက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စက်မှုလုပ်ငန်းဆီသို့ အရွေ့တစ်ခု ဖြစ်လာခဲ့သည်။[၆၆]

## သင်ယူမှုလုပ်ငန်း။ ကောင်းကျိုး၊ ဆိုးကျိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ – စက်မှုတော်လှန်ရေး၏ သက်ရောက်မှုများ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အကဲဖြတ်သုံးသပ်ရန် ဖြစ်သည်။

၁။ သင်ခန်းစာ (၇.၁.၃) မှ အချက်အလက်များကို ပြန်လည် ဆန်းစစ်ပြီး စက်မှုတော်လှန်ရေး၏ သက်ရောက်မှုများကို ကောင်းကျိုးသက်ရောက်မှုနှင့် ဆိုးကျိုးသက်ရောက်မှုဟူ၍ အမျိုးအစားခွဲခြားပါ။ သင်၏ အတွေးအခေါ်များကို စုစည်းတင်ပြရာတွင် အကူအညီ ဖြစ်စေရန် ဇယား (၇.၃) ကို အသုံးပြုပါ။

၂။ သင့်အနေဖြင့် စက်မှုတော်လှန်ရေး၏ ကောင်းကျိုးနှင့် ဆိုးကျိုးတို့ကို အမျိုးအစားခွဲခြားပြီးပါက အွန်လိုင်းရင်းမြစ်များကို အသုံးပြု၍ စက်မှုတော်လှန်ရေးအား

၆၆ Allen, R. C. (2007).

ဆက်လက် သုတေသန ပြုလုပ်ပါ။ ထို့နောက် ကောင်းကျိုးနှင့် ဆိုးကျိုး အကျိုးသက်ရောက်မှုများကို သက်ဆိုင်ရာ ဇယားတိုင်တွင် ထည့်သွင်းရေးသားပါ။

၃။ သတိပြုမှတ်သားဖွယ်ရာကောင်းသည့် အချက်များ တွေ့ရှိပါက ‘စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ’ ဇယားတန်းတွင် မှတ်တမ်းတင်ထားပါ။

**ဇယား ၇.၃။ ကောင်းကျိုး၊ ဆိုးကျိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ (စက်မှုတော်လှန်ရေး)**

| ကောင်းကျိုး | ဆိုးကျိုး |
|---|---|
| | |
| **စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ** | |
| | |

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ ရှေးဦးလူနေမှုများနှင့် နီးနွယ်နေသည့် လက္ခဏာရပ်များမှာ အဘယ်နည်း။

၂။ မြေရှင်ပဒေသရာဇ်စနစ်တွင် မည်သို့သော အဓိက ယုံကြည်ချက် အယူဝါဒများ ရှိခဲ့သနည်း။

၃။ စက်မှုတော်လှန်ရေးဆိုသည်မှာ အဘယ်နည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- လူနေမှုကို စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ဖွဲ့စည်းပုံ၊ ဆက်သွယ်ရေး နည်းစနစ်များနှင့် အလုပ်အကိုင်မျိုးစုံ ခွဲဝေလုပ်ကိုင်မှု အစရှိသည်တို့ဖြင့် မျှဝေ ချိတ်ဆက်ထားသော မြို့များ၊ မြို့ကြီးများနှင့် အလွှာပေါင်းစုံ စုဝေးတည်ရှိရာ ရှုပ်ထွေးသည့် လူ့အဖွဲ့အစည်း တစ်ခုဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ လူသားများအတွက် အတည်တကျ အခြေချ နေထိုင်မှုကို အစပျိုးနိုင်စေခဲ့သော အရေးအကြီးဆုံးနှင့် တစ်ခုတည်းသောအရာမှာ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာမှုပင်ဖြစ်သည်။
- ရှေးဦးလူနေမှုတွင် ပင်ကိုလက္ခဏာရပ် (၇) မျိုးရှိသည်။ မြို့ပြဧရိယာများ၊ သမိုင်းဝင် အထိမ်းအမှတ် အဆောက်အအုံများနှင့် အနုပညာလက်ရာများ၏ ကွဲပြားသော ဟန်ပန်ပုံသဏ္ဌာန်များ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး စနစ်၊ မျှဝေသုံးစွဲသော ဆက်သွယ်ပြောဆိုရေး နည်းလမ်းများ၊ ဘာသာပေါင်းစုံ ကိုးကွယ်ယုံကြည်မှု၊ အလုပ်ခွဲဝေလုပ်ကိုင်မှုနှင့် လူတန်းစား ဖွဲ့စည်းတည်ဆောက်ပုံတို့ ဖြစ်ကြသည်။
- မြေရှင်ပဒေသရာဇ်စနစ်သည် အလယ်ခေတ်ဟု သိရှိထားသည့် သမိုင်းကာလအတွင်း အနောက်ဥရောပတွင် ထွန်းကားခဲ့သော အုပ်ချုပ်မှုစနစ် တစ်ခုဖြစ်သည်။ ထိုကာလသည် သက္ကရာဇ် ၅၀၀ ပြည့်နှစ်များမှ ၁၅၀၀ ပြည့်နှစ်များအထိ နှစ်ပေါင်းတစ်ထောင်ကျော် တည်တံ့ကြာမြင့်ခဲ့သည်။ မြေရှင်ပဒေသရာဇ်စနစ်သည် နိုင်ငံအတွင်းရှိ နယ်မြေ အားလုံးကို ဘုရင်က ပိုင်ဆိုင်သည် ဟူသော အတွေးအခေါ် အယူအဆအပေါ်တွင် အခြေခံထားသည်။
- တောင်သူလယ်သမားများနှင့် မြေကျွန်များအတွက် အလယ်ခေတ် ဥရောပ အသက်ရှင်သန်မှု ဘဝမှာ အလွန်ခက်ခဲသည်။ ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်မှု အလေ့အထများ ရှိနေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်း၊ အမှိုက်သရိုက် အညစ်အကြေးများ သိမ်းဆည်းသန့်ရှင်းမှု မရှိခြင်းနှင့် ရောဂါများ ဖြစ်စေသည့် အကြောင်းရင်းများနှင့် ကူးစက်ပျံ့နှံ့ပုံများနှင့် ပတ်သက်သည့် အသိအမြင် အားနည်းမှုတို့ကြောင့် အသက်ရှင်သန်မှု သက်တမ်းမှာ နှစ် (၃၀) ဝန်းကျင်သာ ရှိပြီး အလွန်တိုတောင်းသည်။

- ၁၆ ရာစုတွင် ပင်လယ်ခရီး သွားလာခြင်းနှင့် ရေကြောင်းသွားလာမှု နည်းပညာများ တိုးတက်လာခြင်း၊ သိပ္ပံနှင့် မိုးလေဝသဆိုင်ရာ အသိပညာများ ပိုမိုတိုးတက်လာခြင်းကြောင့် ဥရောပဘုရင့်နိုင်ငံများသည် ၎င်းတို့၏ နယ်မြေ နယ်နိမိတ်များကို ကျော်၍ ပြင်ပကမ္ဘာကြီးအား စတင်၍ စူးစမ်းလေ့လာခဲ့သည်။ ဤအချက်သည် ကမ္ဘာ့နေရာအစိတ်အပိုင်းများကို ကိုလိုနီပြုခြင်းသို့ ဆိုက်ရောက်စေခဲ့ပြီး စပိန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ပြင်သစ်နှင့် အင်္ဂလန် စသည့် ဥရောပ အင်အားကြီးနိုင်ငံများသည် အာဖရိကတိုက်နှင့် အာရှတိုက်တို့ရှိနယ်မြေများနှင့် လူတို့အပေါ် အချုပ်အခြာအာဏာ လွှမ်းမိုးကြောင်း ကြေညာခဲ့သည်။
- မြေရှင်ပဒေသရာဇ်စနစ် ပျက်သုဉ်းပြီး အရင်းရှင်စနစ် ပေါ်ပေါက်လာကာ ဥရောပတွင် ကူးသန်းရောင်းဝယ်ရေးနှင့် ချမ်းသာကြွယ်ဝလိုမှုအတွက် နယ်မြေအပြိုင်အဆိုင် ချဲ့ထွင်ရာမှတစ်ဆင့် ဥရောပတိုက် တစ်လွှားရှိ လူ့အဖွဲ့အစည်း တည်ဆောက်ပုံများတွင် သိသာထင်ရှားသည့် ပြောင်းလဲမှု ပေါ်ပေါက်လာခဲ့သည်။ ပဒေသရာဇ်စနစ်၏ နေရာတွင် အစားထိုး ဝင်ရောက်လာသည့် ကုန်သွယ်မှု အခြေပြုစီးပွားရေးကြောင့် ချမ်းသာကြွယ်ဝသော အလယ်အလတ်တန်းစား လူတန်းစားအသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ဤလူတန်းစားအလွှာကို ဘူဇွာများဟု သိကြသည့် ကုန်သည်ကြီးများ၊ ကုန်ထုတ်လုပ်သူများ၊ မြေပိုင်ရှင်ကြီးများနှင့် အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။
- ဘူဇွာတော်လှန်ရေး လှုပ်ရှားမှုများသည် ဥရောပ နှင့် ထိုအချိန်က ဗြိတိသျှကိုလိုနီဖြစ်နေသည့် အမေရိကတိုက်များသို့ ပျံ့နှံ့သွားပြီး ဗြိတိသျှကိုလိုနီနယ်များ တွင်လည်း မြေရှင်ပဒေသရာဇ်စနစ် ယိုယွင်း ပျက်စီးသွားသည့် သက္ကရာဇ် ၁၆၄၀ ပြည့်နှစ်မှ ၁၆၆၀ ပြည့်နှစ်များအတွင်း အင်္ဂလိပ်တော်လှန်ရေး၊ အင်္ဂလိပ် ကိုလိုနီအုပ်ချုပ်မှုအောက်မှ ခွဲထွက်လိုသော အမေရိကန်ကိုလိုနီများတွင် သက္ကရာဇ် ၁၇၆၅ ခုနှစ်မှ ၁၇၈၃ ခုနှစ်အတွင်း အမေရိကန်တော်လှန်ရေးနှင့် ပြင်သစ်ဘုရင်အား ကွပ်မျက်စီရင်ခြင်းနှင့် ပြင်သစ်သမ္မတနိုင်ငံ ထူထောင်ခြင်းတို့ ဖြစ်ပေါ်စေခဲ့သည့် သက္ကရာဇ် ၁၇၈၉ ခုနှစ်မှ ၁၇၉၉ ခုနှစ်အတွင်း ပြင်သစ်တော်လှန်ရေးတို့ကို ပေါ်ပေါက်စေခဲ့သည်။
- စက်မှုတော်လှန်ရေးဆိုသည်မှာ နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ ပေါ်ထွန်းလာသည့် ခေတ်ကာလတစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး သက္ကရာဇ် ၁၇၅၀ မှ ၁၈၅၀ ထိ ကြာမြင့်ခဲ့ကာ အခြေခံအားဖြင့် လူသားတို့၏ နေထိုင်မှုပုံစံများကို ပြောင်းလဲစေခဲ့သည်။ ဤအချိန်ကာလ အတောအတွင်းတွင် စက်နှင့် စက်ပစ္စည်း

အသစ်အဆန်းများ၊ သယ်ယူပို့ဆောင်ရေး ကိရိယာများနှင့် နည်းလမ်းအသစ်များ တီထွင်ဖန်တီးခဲ့ကြသည်။ ဤဖွံ့ဖြိုးတိုးတက်မှုများက ကုန်ပစ္စည်း အမြောက်အမြား ထုတ်လုပ်ခြင်း၊ လူနှင့်ကုန်ပစ္စည်းများ ရွှေ့လျားသယ်ဆောင်သွားလာမှု ပိုမိုကြီးမား ကျယ်ပြန့်လာခြင်းနှင့် စိုက်ပျိုးရေး လွှမ်းမိုးသော အလယ်ခေတ် စီးပွားရေးမှ စက်ပစ္စည်း တပ်ဆင်အသုံးပြုသော ကုန်ထုတ်လုပ်မှု စီးပွားရေးသို့ ပြောင်းလဲစေသည့် အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

အောက်ပါဖော်ပြချက်ကို ရည်ညွှန်းဖြေရှင်းမည့် ပြန်လည်သုံးသပ်ချက် တစ်စောင်ကို စာလုံးရေ (၃၀၀) ခန့်ဖြင့် ရေးသားပါ။

*‘စက်မှုတော်လှန်ရေးက မျက်မှောက်ခေတ် ကမ္ဘာကြီးအပေါ် မည်သို့သော လွှမ်းမိုးမှုများ ရှိခဲ့သနည်း။’*

## ဆက်လက်ဖတ်မှတ်စရာများ

၇.၁။

National Archives. (n.d.). *French Revolution. How did the British react to July 1789?* https://cdn.nationalarchives.gov.uk/documents/education/french-revolution.pdf

Stearns, P., Treasure, G., Peters, E., Champion, T., Salmon, J. et al. (n.d.). *History of Europe.* Encyclopedia Britannica. https://www.britannica.com/topic/history-of-Europe

Violatti, C. (2014). *Civilization*. World History Encyclopedia. https://www.worldhistory.org/civilization/

White, M. (2009). *Georgian Britain: The Industrial Revolution.* https://leocontent.umgc.edu/content/umuc/tus/hist/hist2228/125/learning-resourcelist/industrial-revolution.html

အခန်း
၈

# စစ်ဆေးအကဲဖြတ်ခြင်း

ဤအခန်းတွင် သင်သည် စစ်ဆေးအကဲဖြတ်ခြင်း အခန်းကဏ္ဍနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမျိုးအစားများကို စမ်းသပ်လေ့လာခြင်းဖြင့် လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်မှုကို စူးစမ်းလေ့လာဖော်ထုတ်ပြီး သင်၏ လူမှုရေးဘာသာ အတန်းများတွင် ထိရောက်စွာ အသုံးချနိုင်သော သင်ယူစဉ်၊ သင်ယူပြီးနှင့် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ကြည့်ရှုလေ့လာသွားရမည် ဖြစ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် –**

- သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုတို့ အကြားရှိ ဆက်နွှယ်မှုများကို ပြန်လည်သုံးသပ်တတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဟာဗျူဟာများကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- လူမှုရေးဘာသာအတန်းတွင် ဆရာနှင့်ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

- သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ အချင်းချင်း ပေးတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားခြင်းတွင် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာ တစ်ခုအတွက် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည် ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။

## အဓိကအသုံးအနှုန်းများ

အချက်အလက် (data)၊ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (formative assessment)၊ လူတိုင်း အကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း (inclusive assessment)၊ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း (summative assessment)။

# ၈.၁။ လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများ

ဤအခန်းငယ်တွင် သင်သည် စစ်ဆေးအကဲဖြတ်ခြင်း အခန်းကဏ္ဍနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမျိုးအစားများကို စမ်းသပ်လေ့လာခြင်းဖြင့် လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်မှုကို စူးစမ်းလေ့လာဖော်ထုတ်ပြီး သင်၏ လူမှုရေးဘာသာအတန်းများတွင် ထိရောက်စွာ အသုံးချနိုင်သော သင်ယူစဉ်၊ သင်ယူပြီးနှင့် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို စစ်ဆေးလေ့လာသွားရမည် ဖြစ်သည်။

## ၈.၁.၁။ စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုတို့ အကြားရှိ ဆက်နွှယ်မှုကို ပြန်လည် သုံးသပ်တတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဟာဗျူဟာများကို သတ်မှတ်ဖော်ထုတ်တတ်မည်။

## စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်မှာ အဘယ်နည်း။

သင်၏ လူမှုရေးဘာသာ သင်ရိုး၏ အခြေခံနှစ်များတွင် ဆရာများသည် ၎င်းတို့၏ ကျောင်းသားများ သင်ယူပုံနှင့် ပတ်သက်၍ အဆက်မပြတ် အချက်အလက်များ စုဆောင်းနေပြီး ယင်းအချက်အလက်များအား ၎င်းတို့၏ သင်ကြားခြင်းတွင် ပြန်လည် အသုံးပြုနေသောကြောင့် စစ်ဆေးအကဲဖြတ်ခြင်းမှာ သင်ကြား၊သင်ယူခြင်းနှင့် တစ်သားတည်းဖြစ်နေသော အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း သင့်အနေဖြင့် လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် ရည်ရွယ်ချက် အမျိုးမျိုးရှိပြီး ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ပါဝင်နေကြောင်းကိုလည်း သင်ရိုးတွင် လေ့လာခဲ့ကြသည်။

ဤအခန်းငယ်တွင် သင်သည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ အသိပညာ ပိုမို ကျယ်ပြန့်လာမည်ဖြစ်ပြီး အဆိုပါ အသိပညာသည် လူမှုရေးဘာသာပြ ဆရာတစ်ဦး ဖြစ်သော သင်၏အခန်းကဏ္ဍနှင့် မည်ကဲ့သို့ အပ်စပ်မှုရှိသည်ကို သင့်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် နားလည်လာမည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း ရည်ရွယ်ချက်မှာ အဘယ်နည်း။

စစ်ဆေးအကဲဖြတ်ခြင်းတွင် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၊ သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်း စသည်ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း အမျိုးမျိုးရှိပြီး ဉာဏ်စမ်းမေးခွန်းဖြင့် စစ်မေးခြင်း၊ ဆရာက ကြည့်ရှုလေ့လာခြင်း၊ နှုတ်တိုက်ရွတ်ဆို တင်ပြခြင်း၊ စီမံချက်လုပ်ငန်းပေး လုပ်ဆောင်ခြင်း၊ စာမေးပွဲ စစ်ဆေးခြင်း အစရှိသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက် လေ့ရှိသည်။ သို့သော် စစ်ဆေးအကဲဖြတ်ခြင်း၏ အဓိကကျသော ရည်ရွယ်ချက်တစ်ခုမှာ –

> “သင်ယူသူများသည် ၎င်းတို့၏ သင်ယူနိုင်မှု အခြေအနေ လက္ခဏာရပ်အနေဖြင့် မည်သည့်နေရာတွင် ရှိနေကြသည်ကို စစ်ဆေးအကဲဖြတ်သည့် အချိန်တွင် နားလည် သဘောပေါက်ပြီး၊ နားလည်သည့်အတိုင်း အစပျိုးလုပ်ဆောင်ရမည်။ ဆိုလိုသည်မှာ ၎င်းတို့သိရှိသောအရာ၊ နားလည်သဘောပေါက်သည့်အရာနှင့် လုပ်နိုင်သည့်အရာမှ အစပြုရမည်။ ဤတစ်ခုတည်းသော ရည်ရွယ်ချက်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ စဉ်းစားတွေးခေါ်ရာတွင် အစပျိုးမှတ်အနေဖြင့် မှတ်ယူနိုင်သည်။”[၆၇]

၆၇ Masters, G. (2014b).

ဆရာက ကျောင်းသားတစ်ဦး သိရှိသည့်၊ နားလည်သဘောပေါက်သည့်၊ စွမ်းဆောင်နိုင်သည့် အရာမှ အစပျိုးလိုက်ခြင်းကြောင့် အဆိုပါကျောင်းသားအနေဖြင့် သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်မှု ရှိ/မရှိနှင့် သင်ယူမှု နောက်တစ်ဆင့်ကို တက်လှမ်းရန် အဆင်သင့် ဖြစ်/မဖြစ် ဆုံးဖြတ်ပေးမည့် ဒေတာ**အချက်အလက်**ဟုခေါ်သော အဆိုပါ သတင်း အထောက်အထားကို ဆရာက အသုံးပြုခွင့်ရှိသွားသည်။

စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုတွင် ခရီးမည်မျှ ပေါက်နေကြောင်း နားလည်သဘောပေါက်စေမည့် နည်းကိရိယာတစ်ခု ဖြစ်သကဲ့သို့ ဆရာများသည်လည်း လက်တွေ့သင်ကြားမှုအပေါ် ၎င်းတို့ကိုယ်တိုင်ပင် မေးခွန်းထုတ်နိုင်သောကြောင့် အသုံးဝင်သည်။ “ကျွန်ုပ်အနေဖြင့် သင်ကြားရန် စိတ်ကူးထားသည့် အရာများကို သင်ကြားနေပါသလား။ ကျွန်ုပ်၏ ကျောင်းသားအနေဖြင့် ၎င်းတို့ သင်ယူရမည့် အရာများကို သင်ယူနေပါသလား။ သင်ယူမှုကို မြှင့်တင်ရန်အတွက် အခန်းတစ်ခုကို ကွဲပြားခြားနားစွာ သင်ကြားနိုင်သည့် နည်းလမ်းတစ်ခုခု ရှိပါသလား” စသည်ဖြင့် မေးခွန်းများ မေးမြန်းနိုင်မည်။[၆၈]

## သင်ယူမှုလုပ်ငန်း (၁)။ ကိုယ်ပိုင်ပြန်လည်သုံးသပ်ခြင်း – စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်ကို ပြန်လည်သုံးသပ်ရန် ဖြစ်သည်။

အောက်ဖော်ပြပါ မေးခွန်း၏ အဖြေများကို လေးထောင့်ကွက် (၈.၁) တွင် စာလုံးရေ (၃၀၀) ခန့်ဖြင့် ပြန်လည်သုံးသပ်ချက် တစ်စောင်ရေးပါ။

- စစ်ဆေးအကဲဖြတ်ခြင်းကို သင် မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း။
- စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။


၆၈ Masters, G. (2014b).

## လေးထောင့်ကွက် ၈.၁။ ပြန်လည်သုံးသပ်ဖော်ပြချက် – စစ်ဆေးအကဲဖြတ်ခြင်း

## သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ခန်းစာအခန်းဆုံးတွင် ထည့်ထားရမည့်အရာ ဆိုသည်ထက် သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် တစ်သားတည်း ပေါင်းစည်းထားရမည့် စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

သင့်အနေဖြင့် သင်ကြားမည့် အခန်း ပြင်ဆင်စဉ်၊ သင်ယူမှုရလဒ်များနှင့်ပတ်သက်၍ စဉ်းစားစဉ်၊ ထိုရလဒ်များအား ကျောင်းသားများက ရရှိသွားပြီဟု အထောက်အထားပြနိုင်ရန်အတွက် အကောင်အထည်ဖော် လုပ်ဆောင်မည့် သင်ယူမှုလုပ်ငန်းများ စဉ်းစားပြင်ဆင်သည့်အချိန် မှစ၍ လူမှုရေးဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို စတင်ပြင်ဆင်သင့်သည်။




**ပုံ ၈.၁။ သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့အကြား ဆက်နွှယ်မှု**

## လူမှုရေးဘာသာအတန်းတွင် စစ်ဆေးအကဲဖြတ်မှုကို အသုံးပြုခြင်း

သင့်အနေဖြင့် သင်၏ လူမှုရေးဘာသာအတန်းတွင် စစ်ဆေးအကဲဖြတ်မှုကို အသုံးပြုသည့် အခါတိုင်း အဓိက မေးခွန်းလေးခုကို ဖြေဆိုထားရန် လိုအပ်သည်။

- သင်၏ကျောင်းသားများကို သိစေချင်၊ လုပ်တတ်စေချင်သည့် အရာများမှာ အဘယ်နည်း။
- သတ်မှတ်ထားသည့် သင်ယူမှုရလဒ်များအတွက် မည်သည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းကို အသုံးပြုခြင်းက ထိရောက်မှု အရှိဆုံးဖြစ်မည်နည်း။
- ကျောင်းသားများက သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သင် မည်သို့ သိနိုင်သနည်း။
- ကျောင်းသားများ၏ အချက်အလက်များအရ သင်မည်သည်ကို ဆက်လက် လုပ်ဆောင်မည်နည်း။

လူမှုရေးဘာသာရပ်တွင် ကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရန် ပထမအဆင့်အနေဖြင့် သင်သည် ၎င်းတို့ကို သိစေချင်သည့် အရာ၊ လုပ်တတ်စေချင်သည့် အရာများကို ဆုံးဖြတ်ရမည်။

လူမှုရေးဘာသာရပ်သည် အကြောင်းအရာများကို သာမန်သိရုံ၊ နားလည်ရုံထက် သာလွန်ကျယ်ပြန့်သည့် ထူးခြားသော ကျွမ်းကျင်မှုများစွာ ရှိနေသည့် ဘာသာရပ် ဖြစ်သည်။

ပထမစာသင်နှစ်ဝက်တွင် သင်တို့ သင်ယူခဲ့သည့်အတိုင်း ထူးချွန်သော လူမှုရေးဘာသာ ကျောင်းသားတစ်ဦးသည် လေးနက်စွာ ဝေဖန်စဉ်းစားတတ်ရမည်။ မေးခွန်းများ မေးမြန်းတတ်ရမည်။ အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချတတ်ရမည်။ ရင်းမြစ်များကို ဆန်းစစ်လေ့လာ၍ အကဲဖြတ်သုံးသပ်တတ်ရမည့်အပြင် သမိုင်းဝင်အဖြစ်အပျက်များနှင့် ပထဝီဝင်ဆိုင်ရာ သဘာဝဖြစ်စဉ်များကို ရှင်းလင်းဖော်ပြတတ်ရမည်။[၆၉]

## သင်ယူမှုလုပ်ငန်း (၂)။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း – လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်နိုင်သော ကျွမ်းကျင်မှုများ

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်နိုင်သော ထူးခြားသည့် ကျွမ်းကျင်မှုများကို သတ်မှတ်ဖော်ထုတ်ပြီး အဆိုပါကျွမ်းကျင်မှုများအား စစ်ဆေးအကဲဖြတ်မည့် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းဗျူဟာများကိုရွေးချယ်ရန် ဖြစ်သည်။

ဤသင်ရိုးတစ်လျှောက် သင့်အနေဖြင့် လူမှုရေးဘာသာ သင်ကြားရာတွင် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုအမျိုးမျိုးတို့ကို လေ့လာသင်ယူခဲ့ပြီး ဖြစ်သည်။ သမိုင်းဘာသာဆိုင်ရာ အချက်အလက်များကို လေ့လာသင်ယူသကဲ့သို့ ပထဝီဝင်ဆိုင်ရာ သဘာဝဖြစ်စဉ်များကိုလည်း ဖော်ပြခဲ့သည်။ ရင်းမြစ်များနှင့်ပတ်သက်၍ အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချခဲ့သလို ဆန်းစစ်လေ့လာမှုလည်း ပြုလုပ်ခဲ့သည်။ အတွေးအမြင်ရှုထောင့်နှင့် ဘက်လိုက်မှုတို့ကိုလည်း လေးလေးနက်နက် ဝေဖန်ပိုင်းခြား စဉ်းစားခဲ့ကြသည်။ အကြောင်းရင်းနှင့် အကျိုးဆက်များကိုလည်း အကဲဖြတ်သုံးသပ်ခဲ့ကြသည်။ သမိုင်းဝင် အဖြစ်အပျက်များနှင့် ပထဝီဝင်ဆိုင်ရာ အဖြစ်အပျက်များကိုလည်း သုတေသနပြု လေ့လာခဲ့ကြသည်။ စုပေါင်းလှုပ်ရှားမှု အစီအစဉ်များကိုလည်း ဖန်တီးခဲ့ကြသည်။ အကျိုးသက်ရောက်မှုများကိုလည်း ဆန်းစစ်လေ့လာခဲ့ကြသည်။ အနာဂတ်အတွက်လည်း ကြိုတင်ခန့်မှန်းချက်များ ပြုလုပ်ခဲ့ကြသည်။

၆၉ Edmunds, J. (2006).

၁။ ဤကျွမ်းကျင်မှုများကို စိတ်ထဲတွင် ထားပြီး လူမှုရေးဘာသာရပ်အတွက် အထူးတလည် လိုအပ်သောကျွမ်းကျင်မှုများနှင့် အဆိုပါ ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်မည့် နည်းလမ်းများကို စဉ်းစားတွေးတောပါ။

၂။ ဇယား (၈.၁) ရှိ ပထမ ဇယားတိုင်တွင် ကျွမ်းကျင်မှုများကို စာရင်းပြုစုရေးသွင်းပါ။

၃။ ထို့နောက် ဆရာတစ်ဦး၏ အတွေးအမြင်ရှုထောင့်မှနေ၍ ဤကျွမ်းကျင်မှုများအား စဉ်းစားပါ။ သင်သာ ဆရာတစ်ဦး ဖြစ်ခဲ့လျှင် ၎င်းတို့အား မည်သို့ အကဲဖြတ် သုံးသပ်မည်နည်း။

**ဇယား ၈.၁။ လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်နိုင်သော ကျွမ်းကျင်မှုများ**

| ကျွမ်းကျင်မှုများ | စစ်ဆေးအကဲဖြတ်မှုနည်းဗျူဟာများ |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |

# ၈.၁.၂။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- လူမှုရေးဘာသာအတန်းတွင် ဆရာနှင့်ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

## သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်မှာ အဘယ်နည်း။

သင်၏ လူမှုရေးဘာသာသင်ရိုး အခြေခံနှစ်များတွင် သင့်အနေဖြင့် စစ်ဆေးအကဲဖြတ်ခြင်းကို ဆက်စပ် လွှမ်းခြုံနိုင်သည့် အမျိုးအစား နှစ်မျိုးအဖြစ်သို့ ခွဲခြားနိုင်ကြောင်း လေ့လာသင်ယူခဲ့ကြသည်။

- **သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း** – ကျောင်းသားများ အသုံးပြုနိုင်သော လက်ငင်း တုံ့ပြန်အကြံပြုချက်များနှင့် ဆရာများ ရှေ့ဆက်သင်ကြားရမည့် အရာများကို သတ်မှတ်ဖော်ထုတ်ပေးခြင်းဖြင့် သင်ယူမှု တိုးတက်စေရေးကို အလေးပေးသည့် သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) အလွတ်သဘောဆောင် စစ်ဆေး အကဲဖြတ်ခြင်း။
- **သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း** – ကျောင်းသားတစ်ဦး၏ စာသင်ချိန်တစ်ချိန် ပြီးဆုံးချိန် (သို့မဟုတ်) အခန်းတစ်ခန်း ပြီးဆုံးချိန်တွင် သင်ယူတတ်မြောက်ထားသည့် အရာများအား အလေးပေး အကဲဖြတ်သည့် သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်း။

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းတွင် ရည်ရွယ်သူ ပရိသတ် နှစ်မျိုးရှိသည်။ ပထမ ရည်ရွယ်သူမှာ ဆရာဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကျောင်းသားများအား ကြည့်ရှုလေ့လာခြင်း (သို့မဟုတ်) ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို ပြန်လည် ဆန်းစစ်ခြင်း အစရှိသည့် သင်ယူစဉ် စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို ကျောင်းသားများ သင်ခန်းစာ သင်ယူစဉ်တစ်လျှောက် အသုံးပြုနိုင်ပြီး ၎င်းတို့၏ နားလည်မှုကို စစ်ဆေးနိုင်သည်။

အကယ်၍ ကျောင်းသားတစ်ဦးက မေးခွန်းတစ်ပုဒ်ကို မှားယွင်းသည့် အဖြေတစ်ခု ပေးခဲ့လျှင် (သို့မဟုတ်) ရင်းမြစ်တစ်ခုနှင့်ပတ်သက်၍ အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချနိုင်စွမ်း မရှိလျှင် ဆရာများအနေဖြင့် ၎င်းတို့၏ သင်ကြားခြင်းနည်းလမ်းများကို ပြောင်းလဲနိုင်သကဲ့သို့ ၎င်းတို့၏ ကျောင်းသားများ နားလည်သဘောပေါက်စေရန် မတူညီသော နည်းလမ်းတစ်ခုဖြင့် အချက်အလက်များ တင်ပြပေးနိုင်သည်။ ဤသို့ လုပ်ဆောင်ခြင်းအားဖြင့် ဆရာတစ်ဦးသည် ၎င်းတို့၏ သင်ကြားမှုကို တိုးတက်စေရန် အထောက်အကူပြုမည့် သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာ အချက်အလက်များကို စုဆောင်းနိုင်သည်။

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းတွင် ဒုတိယ ရည်ရွယ်သူ ပရိသတ်မှာ ကျောင်းသား ဖြစ်သည်။ သင်ယူမှု တိုးတက်ရန်အတွက် ကျောင်းသားများသည် ၎င်းတို့၏ သင်ယူမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ ဖော်ပြသော တုံ့ပြန်အကြံပြုချက်များရရန် လိုအပ်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများတွင် တင်သွင်းလာသော စာရွက်စာတမ်းများ၊ စီမံချက်များ၊ တင်ပြချက်များကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တုံ့ပြန်အကြံပြုချက်ပေးခြင်း၊ ဆရာက မေးခွန်းမေးမြန်းခြင်း၊ အတန်းလိုက် ဆွေးနွေးခြင်း၊ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း အစရှိသည်တို့ ပါဝင်ပြီး ထိုဖော်ပြပါ ဗျူဟာများကို တုံ့ပြန်အကြံပြုချက်များနှင့်တကွ ကျောင်းသားများအား ပေးရမည် ဖြစ်သည်။

တုံ့ပြန်အကြံပြုချက်များသည် –

- အချိန်အခါ သင့်လျော်ခြင်း၊ လုပ်ဆောင်ပြီး တစ်ရက်နှစ်ရက်အတွင်း ပေးခြင်း
- နောက်တစ်ဆင့်သို့ တက်ရောက်နိုင်စေရန် ကျောင်းသားအနေဖြင့် ပြုလုပ်ရမည့် အဓိကပြောင်းလဲမှုများကို တိတိကျကျ သတ်မှတ် ခွဲခြားဖော်ပြပေးခြင်း

- စစ်ဆေးအကဲဖြတ်ရမည့် သင်ယူမှုရလဒ်များနှင့် ဆက်စပ်မှုရှိခြင်း . . . အစရှိသည် တို့နှင့် ကိုက်ညီပါက အထိရောက်ဆုံး ဖြစ်သည်။

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို အတန်းတိုင်း၌ ပေါင်းစပ် လုပ်ဆောင်သင့်သည်။ သင့်အနေဖြင့် သင်ခန်းစာတိုင်းအတွက် စာမေးပွဲစစ်ရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ အတိအကျဆိုလျှင် သင့်အနေဖြင့် သင်၏ ကျောင်းသားများက သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်မှု ရှိ/မရှိ ဆုံးဖြတ်ပေးမည့် အချက်အလက်များကို စုဆောင်းနိုင်မည့် နည်းလမ်းများကို စဉ်းစားရန် ဖြစ်သည်။

သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုနည်းလမ်း ဥပမာများတွင် အောက်ပါတို့ ပါဝင်ကြသည် –

- ကျောင်းသားများအား မေးခွန်းမေးမြန်းခြင်း
- ကျောင်းသား လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း (နှင့် တုံ့ပြန်အကြံပြုချက်များ ပေးခြင်း)
- အုပ်စုလိုက်လုပ်ဆောင်မှု (သို့မဟုတ်) အတန်းတွင်း ဆွေးနွေးမှုများအား ကြည့်ရှု လေ့လာခြင်း
- အချင်းချင်း စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းများ
- မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) ပြန်လည်သုံးသပ် စဉ်းစားခြင်း လုပ်ငန်းများနှင့်
- စာမေးပွဲစစ်ဆေးခြင်းနှင့် လက်တွေ့စာမေးပွဲများ

လေးထောင့်ကွက် (၈.၂) တွင် ဆရာနှင့် ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း၏ အကျိုးကျေးဇူးများကို အကြမ်းဖျင်းဖော်ပြထားသည်။

## လေးထောင့်ကွက် ၈.၂။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း – ကျောင်းသားများနှင့် ဆရာများ အတွက် အကျိုးကျေးဇူးများ [၇၀]

ဒါလင်ဟမ်မွန် (၂၀၀၈) က တုံ့ပြန်အကြံပြုချက်နှင့် သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု အသုံးပြုခြင်းသည် ထိရောက်သော သင်ကြား၊သင်ယူခြင်းအတွက် ကြီးမားသည့် ဂယက်ရိုက်မှုများ စဉ်ဆက်မပြတ်ရှိနေမည်ဟု အခိုင်အမာ ပြောဆိုထားသည်။

လုပ်ဆောင်မှု အခြေပြုသော စစ်ဆေးအကဲဖြတ်မှုများကို လေးလေးနက်နက် ခိုင်ခိုင်မာမာ ဖွဲ့စည်းတည်ဆောက်ထားခြင်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့၏ စွမ်းရည်များကို အခြေခံ ပြသရုံထက် အစွမ်းကုန်ကြိုးပမ်းအားထုတ်နိုင်မှု အခွင့်အလမ်းများပေးပြီး ကျောင်းသားများ၏ ကိုယ်တိုင်လုပ်ဆောင်မှု တိုးတက်မြင့်မားအောင် မြှင့်တင်ရာတွင်လည်း အားပေးသည်ဟု သူမက မှတ်ချက်ပြုထားသည်။

ထို့ပြင် ဆရာများအနေဖြင့် အဆိုပါ လုပ်ဆောင်မှု အခြေပြု စစ်ဆေးအကဲဖြတ်ခြင်းကို အားနည်းချက် စစ်ဆေးအကဲဖြတ်သည့် နည်းကိရိယာအဖြစ် အသုံးပြုခြင်းဖြင့် ၎င်းတို့၏ သင်နည်းဗေဒ လက်တွေ့ကျင့်သုံးမှုများနှင့် စပ်လျဉ်း၍ ပိုမိုသုံးသပ်မှုရှိလာပြီး ရည်ရွယ်ချက်ရှိရှိ အသုံးချလာနိုင်မည်ဖြစ်သဖြင့် သင့်လျော်ရာ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များကို ဖန်တီးချမှတ်ခြင်းမှတစ်ဆင့် အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်သည်။ ထိုနည်းတူစွာ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းတွင် ပါဝင်ဆောင်ရွက်သော ကျောင်းသားများ အနေဖြင့် ၎င်းတို့၏ သင်ယူမှုအတွက် ပိုမို တာဝန်ယူမှု ရှိလာမည်ဟု ယူဆနိုင်သည်။

သင်ယူမှုလုပ်ငန်းစဉ်များကို ငြမ်းဆင်သင်ကြားခြင်း၊ ကျောင်းသားများ၏ သင်ယူမှုကို အစဉ်တစိုက် စစ်ဆေးအကဲဖြတ်ခြင်း၊ ရှင်းလင်းသော စံသတ်မှတ်ချက်များနှင့် လက်ငင်း တုံ့ပြန်အကြံပြုချက်များကို ပေးခြင်းဖြင့် ထိရောက်စွာ သင်ကြားသော ဆရာများက ကူညီ လမ်းညွှန်၍ စဉ်ဆက်မပြတ် ဖော်ပြခဲ့သည့် အမျိုးမျိုးသော ဘာသာရပ်များရှိ လေ့လာမှု များသည် အဓိပ္ပာယ်ပြည့်ဝသော သင်ယူမှုလုပ်ငန်းစဉ်များဖြစ်သည်ဟု သူမက ရည်ညွှန်း ပြောကြားခဲ့သည်။

၇၀ Owen, L. (2016); Darling-Hammond et al. (2008, p. 5).

## သင်ယူမှုလုပ်ငန်း။ တွေး–တွဲ–မျှဝေ သင်ယူခြင်း – သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခု အတွက် လူတိုင်းအကျိုးဝင်သော သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးရေးဆွဲရန် ဖြစ်သည်။

၁။ သင်သည် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရား ကဲ့သို့သော သမိုင်းဝင်ပုဂ္ဂိုလ်များ အကြောင်း စူးစမ်းလေ့လာ၍ ထိုပုဂ္ဂိုလ်များ၏ မြန်မာနိုင်ငံကို အကျိုးပြုခဲ့ပုံများကို အကဲဖြတ်သုံးသပ်ကာ ပထမတန်း လူမှုရေးဘာသာ သင်ခန်းစာတစ်ခု သင်ကြားနေသည်ဟု စိတ်ကူးကြည့်ပါ။

၂။ ဤစာသင်ချိန်၏ သင်ယူမှုရလဒ်မှာ *"အနော်ရထာမင်း၏ ဘဝရှင်သန်မှုနှင့် အောင်မြင်မှုများကို ဆွေးနွေးပြီး ယနေ့ ခေတ် မြန်မာနိုင်ငံအတွက် အရေးပါသော သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေရသည့် အကြောင်းရင်းကို ရှင်းပြတတ်ရန်"* ဖြစ်သည်။

၃။ ပထမတန်းကျောင်းသားများ၏ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်မှု ရှိ/မရှိကို ဆုံးဖြတ်ရန် သင့်အနေဖြင့် မည်သည့် သင်ယူမှုလုပ်ငန်းများနှင့် မည်သို့သော သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို အသုံးပြုနိုင်သနည်း။

၄။ သင်တို့၏ အဖြေများ အဆင့်ဆင့် ဆက်စပ် စဉ်းစားနိုင်ရန် အောက်ပါ မေးခွန်း လေးခုကို သုံးပါ။

- သင်၏ ကျောင်းသားများကို သိစေချင်၊ လုပ်တတ်စေချင်သည့် အရာများမှာ အဘယ်နည်း။
- သတ်မှတ်ထားသည့် သင်ယူမှု ရလဒ်များအတွက် မည်သည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းကို အသုံးပြုခြင်းက ထိရောက်မှု အရှိဆုံးဖြစ်မည်နည်း။
- ကျောင်းသားများက သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သင် မည်သို့ သိနိုင်သနည်း။
- ကျောင်းသားများ၏ အချက်အလက်များအရ သင် မည်သည်ကို ဆက်လက် လုပ်ဆောင်မည်နည်း။

၅။ သင်၏ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို လေးထောင့်ကွက် (၈.၃) တွင် ဖော်ပြပါ။

**လေးထောင့်ကွက် ၈.၃။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်း**

| |
|---|
| |

## ၈.၁.၃။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။
- သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းတစ်ခုအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ အချင်းချင်း ပေးတတ်မည်။

## သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း[၇၁]

လူမှုရေးဘာသာ သင်ရိုးအခြေခံနှစ်များတွင် သင့်အနေဖြင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားတစ်ဦး၏ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်မှု ရှိ/မရှိ ဆုံးဖြတ်ပေးသည့် သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းတစ်ခု ဖြစ်ကြောင်း လေ့လာသင်ယူခဲ့ရသည်။ စာသင်ခန်းများတွင် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းကို သင်ခန်းစာခေါင်းစဉ်တစ်ခု ပြီးဆုံးချိန် (သို့မဟုတ်) အခန်းတစ်ခန်း ပြီးဆုံးချိန်၌ ဆောင်ရွက်လေ့ရှိပြီး ကျောင်းသားများ သင်ယူနေသောအကြောင်းအရာများကို မှတ်တမ်းတင်ထားသည်။ ၎င်းတို့ကို များသောအားဖြင့် အဆင့်သတ်မှတ်ချက်များ (သို့မဟုတ်) အမှတ်များ (သို့မဟုတ်) ရာခိုင်နှုန်းများဖြင့် သတ်မှတ်ဖော်ပြလေ့ရှိသည်။

ကောင်းမွန်သော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းများသည် အောက်ပါအရည်အချင်းများ နှင့် ပြည့်စုံရမည်။

- ***ခိုင်လုံမှု*** – စစ်ဆေးအကဲဖြတ်မှုသည် တိုင်းတာရမည့် သင်ယူမှုရလဒ်ကို တိုင်းတာရမည်။ ဥပမာအားဖြင့် ကျောင်းသားများ၏ အခြေခံမြေပုံ ရေးဆွဲခြင်းနည်းလမ်းများ နားလည်သဘောပေါက်မှုကို လက်တွေ့သရုပ်ပြစေလိုပါက ကျောင်းသားများအား မြေပုံ တစ်ပုံ ရေးဆွဲစေရမည်။ ထို့နောက် စစ်ဆေးအကဲဖြတ်မှုသည် ၎င်းတို့၏ ရေးဆွဲနိုင်မှု အရည်အသွေးကို အမှတ်ပေးမည့်အစား ကျောင်းသားများ၏ မြေပုံအညွှန်း၊ အရေးကြီးသော အဓိကအချက်များ၊ မြေမျက်နှာသွင်ပြင်ပြမျဉ်းများ ဖော်ပြပါဝင်မှုကို အလေးပေး တိုင်းတာစစ်ဆေးရမည်။
- ***ကိုးစားနိုင်မှု*** – စစ်ဆေးအကဲဖြတ်မှုသည် သင်ယူမှုကို အပြောင်းအလဲမရှိ တောက်လျှောက် တိုင်းတာစစ်ဆေးရမည်။ ဆိုလိုသည်မှာ ကျောင်းသားတစ်ဦးအတွက် စစ်ဆေးအကဲဖြတ်မှုအပေါ်တွင် လွှမ်းမိုးကောင်း လွှမ်းမိုးနိုင်သော အပြောင်းအလဲ အကြောင်းရင်းများကို သတ်မှတ်ဖော်ထုတ်ခြင်း ဖြစ်သည်။ ကိုးစားနိုင်သော စစ်ဆေးအကဲဖြတ်မှုတစ်ခုတွင် ကျောင်းသားတစ်ဦးသည် မည်သည့်အချိန်တွင် စစ်ဆေးအကဲဖြတ်မှု ပြုလုပ်သည် ဖြစ်စေ၊ မည်သည့် ပုဂ္ဂိုလ်က စစ်ဆေးအကဲဖြတ်

၇၁ Edmunds, J. (2006).

အမှတ်ပေးသည် ဖြစ်စေ၊ မပြောင်းလဲသော အဆင့်သတ်မှတ်ချက်များ ရရှိရမည် ဖြစ်သည်။

- ***မျှတမှု*** – စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံးအား တူညီသော အောင်မြင်နိုင်မှု အခွင့်အလမ်း ပေးရမည်။ ဥပမာအားဖြင့် အိမ်မှာ လုပ်ဆောင်ခဲ့ရမည့် ပိုစတာပရောဂျက် လုပ်ငန်းတစ်ခုနှင့် ပတ်သက်၍ အိမ်တွင် ရင်းမြစ်များ ရယူသုံးစွဲနိုင်မှု အခွင့်အလမ်း မရှိသော/ မသုံးစွဲနိုင်သော ကျောင်းသားများ (သို့မဟုတ်) မိဘများက အပြင်မှာ အလုပ်လုပ်ကိုင်နေကြသဖြင့် မိဘများ၏ အကူအညီ အထောက်အပံ့ မရနိုင်သော ကျောင်းသားများ အစရှိသည့် အားနည်းချက်ရှိသော ကျောင်းသားများအတွက် မျှတမှုမရှိဘဲ ဘက်လိုက်မှုများ ရှိနိုင်သည်။
- ***ဆီလျော်မှု*** – စစ်ဆေးအကဲဖြတ်မှုသည် ကျောင်းသားများ၏ အနာဂတ်သင်ယူမှု ဘဝတို့နှင့် ဆက်စပ်ဆီလျော်မှုရှိရန် လိုအပ်သည်။

## သင်ယူမှုလုပ်ငန်း။ ဖန်တီးခြင်း – သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးတတ်ရန် ဖြစ်သည်။

၁။ သင်သည် လူမှုအဖွဲ့အစည်း အခန်းကဏ္ဍများနှင့် နေ့စဉ်ဘဝအပေါ် အဆိုပါ အခန်းကဏ္ဍများ၏ အကျိုးပြုပုံတို့အား အလေးပေးသော ပထမတန်း လူမှုရေးဘာသာ သင်ခန်းစာကို သင်ကြားနေသည်။

၂။ သင်ခန်းစာ၏ သင်ယူမှုရလဒ်မှာ “*လူမှုအဖွဲ့အစည်းအတွင်းရှိ အခန်းကဏ္ဍအမျိုးမျိုးနှင့် ယင်းအခန်းကဏ္ဍများက ကျောင်းသားများ၏ လူမှုဘဝ လိုအပ်ချက်များ ပြည့်မီစေရေးအတွက် အထောက်အကူပြုနေကြောင်း သတ်မှတ်ဖော်ထုတ်တတ်ရန်*” ဖြစ်သည်။

၃။ ပထမတန်းကျောင်းသားများ၏ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်ခြင်း ရှိ/မရှိ ဆုံးဖြတ်ရန် သင့်အနေဖြင့် မည်သည့်သင်ယူမှု လုပ်ငန်းများနှင့် မည်သို့သော သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို အသုံးပြုနိုင်သနည်း။

၄။ သင်တို့၏ အဖြေများ အဆင့်ဆင့် ဆက်စပ်စဉ်းစားနိုင်ရန် မေးခွန်းလေးခုကို သုံး၍ လေးထောင့်ကွက် (၈.၄) တွင် ရေးပါ။

- သင်၏ကျောင်းသားများကို သိစေချင်၊ လုပ်တတ်စေချင်သည့် အရာများမှာ အဘယ်နည်း။
- သတ်မှတ်ထားသည့် သင်ယူမှု ရလဒ်များအတွက် မည်သည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းကို အသုံးပြုခြင်းက ထိရောက်မှု အရှိဆုံး ဖြစ်မည်နည်း။
- ကျောင်းသားများက သင်ယူမှုရလဒ်များကိုပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သင် မည်သို့ သိနိုင်သနည်း။
- ကျောင်းသားများ၏ အချက်အလက်များအရ သင် မည်သည်ကို ဆက်လက် လုပ်ဆောင်မည်နည်း။

၅။ သင်၏စာအုပ်နှင့် သင့်အပေါင်းအဖော်၏ စာအုပ်ကို လဲလှယ်ပါ။ ထို့နောက် ၎င်းတို့ အကြံပြုထားသော စစ်ဆေးအကဲဖြတ်မှုများ စပ်လျဉ်း၍ တုံ့ပြန်အကြံပြုချက်များကို ဇယား (၈.၂) တွင် ရေးသွင်းပါ။

**လေးထောင့်ကွက် ၈.၄။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း**

## ဇယား ၈.၂။ အချင်းချင်း တုံ့ပြန်အကြံပြုချက်ပေးခြင်း

| |
|---|
| အကြံပြုထားသော စစ်ဆေးအကဲဖြတ်မှုသည် ခိုင်လုံမှု ရှိပါသလား။ **ခိုင်လုံသည် / မခိုင်လုံပါ။** (ဝိုင်းပြပါ။) |
| အဘယ်ကြောင့် ခိုင်လုံသည်/မခိုင်လုံသည်ကို အကြောင်းပြပါ။ |
| အကြံပြုဖော်ပြထားသော စစ်ဆေးအကဲဖြတ်မှုသည် **ကိုးစားနိုင်သည် / မကိုးစားနိုင်ပါ။** (ဝိုင်းပြပါ။) |
| အဘယ်ကြောင့် ကိုးစားနိုင်သည်/မကိုးစားနိုင်သည်ကို အကြောင်းပြပါ။ |
| အကြံပြုထားသော စစ်ဆေးအကဲဖြတ်မှုသည် **မျှတသည် / မမျှတပါ။** (ဝိုင်းပြပါ။) |
| အဘယ်ကြောင့် မျှတသည်/မမျှတသည်ကို အကြောင်းပြပါ။ |
| အကြံပြုဖော်ပြထားသော စစ်ဆေးအကဲဖြတ်မှုသည် **ဆီလျော်သည် / မဆီလျော်ပါ။** (ဝိုင်းပြပါ။) |
| အဘယ်ကြောင့် ဆီလျော်သည်/မဆီလျော်သည်ကို အကြောင်းပြပါ။ |

# ၈.၁.၄။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားခြင်းတွင် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာ တစ်ခုအတွက် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

## လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ အဘယ်နည်း။

သင်သည် ဆရာတစ်ဦးဖြစ်သည့်အတွက် ကျောင်းသားများ၏ နောက်ခံအခြေအနေ၊ တိုင်းရင်းသားဖြစ်မှု၊ ယဉ်ကျေးမှု၊ ဘာသာစကား (သို့မဟုတ်) မသန်စွမ်းဖြစ်မှု စသည့် အခြေအနေများ မည်သို့ပင်ဖြစ်စေ သင်ယူခွင့်ပေးသွားမည့် နည်းလမ်းများကို လူတိုင်းအကျုံးဝင်သော သင်ကြားခြင်းနည်းဗျူဟာများနှင့် ပေါင်းစပ်သင်ကြားရမည်ဖြစ်ကြောင်း သိရှိထားပြီး ဖြစ်သည်။ လူတိုင်းအကျုံးဝင် စစ်ဆေးအကဲဖြတ်ခြင်းသည် ဤလက်တွေ့ကျင့်သုံးမှုများ၏ သဘောသဘာဝအလျောက် တိုးချဲ့ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

**လူတိုင်းအကျုံးဝင် စစ်ဆေးအကဲဖြတ်ခြင်း**ဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုအခြေအနေကို ထုတ်ဖော်ပြသနိုင်ရန်အတွက် တူညီသော အခွင့်အလမ်းတစ်ခု ပေးနိုင်သော စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများနှင့် နည်းဗျူဟာများကို ဆိုလိုသည်။

## လေးထောင့်ကွက် ၈.၅။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းအတွက် စိတ်မှန်း ဖြစ်ရပ်

မိဘများက ကျေးလက်ဒေသမှ မြို့သို့ ပြောင်းရွှေ့လာသောကြောင့် သင်၏ လူမှုရေးဘာသာ အတန်း၌ လွန်ခဲ့သော လေးလခန့်က ကျောင်းသားအသစ်တစ်ဦး တိုးလာခဲ့သည်။ ထိုကျောင်းသားသည် အခြားသော ပထမတန်း ကျောင်းသားများ အားလုံးထက် အသက် အနည်းငယ်ပိုကြီးပြီး မြန်မာစကားပြောဆိုနိုင်မှု အားနည်းသည်။

အဆိုပါကျောင်းသားသည် အတန်းထဲတွင် အမြဲ ယဉ်ကျေးလိမ္မာ၍ အာရုံစူးစိုက်ကာ ညွှန်ကြားချက်များကို လိုက်နာသော်လည်း ယခုအချိန်ထိ သင်၏ အတန်းတွင်း စစ်ဆေး အကဲဖြတ်မှု အားလုံးတွင် လုပ်ဆောင်မှု အားနည်းနေခဲ့သည်။ “ကျွန်ုပ်၏ မိသားစု” အမည်ရ သင်ခန်းစာ ပြီးဆုံးချိန်တွင် “အခြေခံအကျဆုံးသော လူ့အဖွဲ့အစည်းကို ဖော်ပြတတ်ရန်” ဟူသော သင်ယူမှုရလဒ် ပြီးမြောက်အောင်မြင်မှု ရှိ/မရှိ စစ်ဆေးရန်အတွက် သင်၏ ကျောင်းသားများအား ၎င်းတို့မိသားစုဝင်များကို ဖော်ပြ၍ အညွှန်းတပ်ပေးရန်နှင့် ၎င်းတို့ လုပ်ကိုင်ကြသည့် အလုပ်များကို ဖော်ပြပေးရန် စစ်ဆေးအကဲဖြတ်မှုတစ်ခုကို သင်ပေးခဲ့သည်။

သင်၏ ကျောင်းသားသစ်က များစွာသော ရုပ်ပုံများကို ရေးဆွဲခဲ့သည့် အနက် တစ်ပုံကို ၎င်းကိုယ်တိုင်ဟု သတ်မှတ်ရေးဆွဲခဲ့ပြီး အခြားတစ်ပုံကို ၎င်းနှင့် အတူ ကျောင်းပြောင်းလာသည့် ၎င်း၏အစ်ကိုအဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့သည်။

ဤသည်က ယင်းကျောင်းသားအနေဖြင့် သင်ယူမှုရလဒ်၏ တစ်စိတ်တစ်ဒေသကို ရရှိကြောင်း ပြသနေသော်လည်း ၎င်းသည် မိသားစုဝင်များကို ပုံတွင် အညွှန်း မတပ်နိုင်သလို မိသားစုဝင် တစ်ဦးချင်းစီ၏ အခန်းကဏ္ဍကို ရှင်းလင်းဖော်ပြမည့် ဝေါဟာရ အသုံးအနှုန်းများကိုလည်း မသိရှိပေ။ ဤအချက်က ကျောင်းသားသစ်သည် ယခုတစ်ကြိမ် စစ်ဆေးအကဲဖြတ်မှုကိုလည်း မအောင်မြင်ကြောင်းနှင့် ဒုတိယတန်းကို တက်ရောက်ရန် မဖြစ်နိုင်ကြောင်း အဓိပ္ပာယ်ရသည်။

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်း – လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ အတန်းတွင် လူတိုင်း အကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍကို အကဲဖြတ်သုံးသပ်ရန် ဖြစ်သည်။

လေးထောင့်ကွက် (၈.၅) ကို ဖတ်ရှုပြီး အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

- ဤစိတ်မှန်းဖြစ်ရပ်တွင် ကျောင်းသားများသည် မည်သည့် သင်ယူမှုရလဒ်ကို သရုပ်ဖော်ပြသရန် လိုအပ်သနည်း။
- ဤသင်ယူမှုရလဒ်ကို သရုပ်ဖော်ပြရန် ကျောင်းသားများ မျှော်မှန်းထားသည့် နည်းလမ်းများမှာ အဘယ်နည်း။
- အတန်းရှိ ကျောင်းသားသစ်သည် သင်ယူမှုရလဒ်ကို သရုပ်ဖော်ပြသမှု ရှိခဲ့သလား။ အဘယ်ကြောင့် ပြသခဲ့သနည်း။ အဘယ်ကြောင့် မပြသခဲ့သနည်း။
- ကျောင်းသားများကို အအောင်မပေးခြင်းသည် မှန်ကန်သည့် ချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါသလား။
- ကျောင်းသားသစ်မှ နားလည်ကြောင်း သရုပ်ဖော်ပြသနိုင်ရန် စစ်ဆေးအကဲဖြတ်မှုကို မည်သို့ ပြုပြင်ပြောင်းလဲနိုင်သနည်း။

သင်၏ စာသင်ခန်း၌ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို ပေါင်းစပ် အသုံးပြုနိုင်သော နည်းလမ်းများတွင် –

- အခန်း (သို့မဟုတ်) သင်ခန်းစာအကြောင်းအရာများအား စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသားအားလုံး အဆင်ပြေစွာ ဖြေဆိုနိုင်စေရန် အမျိုးမျိုးသော နည်းလမ်းများ အသုံးပြုခြင်း။ ဥပမာ – ရေးသားဖြေဆိုခြင်း၊ နှုတ်ဖြင့်ဖြေဆိုခြင်း၊ ထိုးထွင်းဖြေဆိုခြင်း။
- ကျောင်းသားများ သိရှိနားလည်မှုကို သရုပ်ဖော်ပြသရန် အရည်အသွေး အမျိုးမျိုးရှိသော စွမ်းဆောင်ရည် မတူညီသော ကျောင်းသားများနှင့် ကိုက်ညီမည့် စစ်ဆေးအကဲဖြတ်မှုကို မွမ်းမံပြင်ဆင်ထားခြင်း

- စစ်ဆေးအကဲဖြတ်မှုကို လှုံ့ဆော်ပေးသည့်အနေဖြင့် ယဉ်ကျေးမှုအရ (သို့မဟုတ်) ကျား၊မ ကွဲပြားမှုအရ ပုံသေကားကျ လုပ်ဆောင်ခြင်းများမှ ရှောင်ကြဉ်ခြင်း
- စစ်ဆေးအကဲဖြတ်မှုအတွက် ကြိုတင်ပြင်ဆင်သည့်အခါ လိုက်နာ စောင့်ထိန်းရမည့် ယဉ်ကျေးမှုနှင့် ဘာသာတရားတို့ကို ထည့်သွင်းစဉ်းစားခြင်း
- စစ်ဆေးအကဲဖြတ်မှုအတွက် ကြိုတင်ပြင်ဆင်သည့်အခါနှင့် စစ်ဆေးမှု လုပ်ဆောင်သည့်အခါများတွင် ကျောင်းသားများ၏ နောက်ခံအခြေအနေ၊ အထောက်အပံ့နှင့် ရင်းမြစ်များ ရရှိနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားခြင်းစသည်တို့ ပါဝင်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုကို ဖန်တီးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် လူတိုင်း အကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှု တစ်ခု ဖန်တီးရန် ဖြစ်သည်။

၁။ လေးထောင့်ကွက် (၈.၅) တွင် ဖော်ပြထားသော စိတ်မှန်းဖြစ်ရပ်ကို အသုံးပြုပြီး ကျောင်းသားသစ်အား ၎င်း သိသည့်အရာနှင့် လုပ်နိုင်သည့် အရာများကို သရုပ်ဖော်ပြနိုင်စေမည့် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုကို ဖန်တီးထားပါ။

၂။ လေးထောင့်ကွက် (၈.၆) တွင် သင်၏ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုကို ချရေးပါ။

## လေးထောင့်ကွက် ၈.၆။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း

### ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းတို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။

၂။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုပါ။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ဆရာများသည် ၎င်းတို့၏ ကျောင်းသားများ သင်ယူပုံနှင့် ပတ်သက်၍ အဆက်မပြတ် အချက်အလက်များ စုဆောင်းနေပြီး ယင်းအချက်အလက်များအား ၎င်းတို့၏ သင်ကြားခြင်းတွင် ပြန်လည် အသုံးပြုနေသောကြောင့် စစ်ဆေးအကဲဖြတ်ခြင်းမှာ သင်ကြား၊သင်ယူခြင်း နှင့် တစ်သားတည်းဖြစ်နေသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။
- စစ်ဆေးအကဲဖြတ်ခြင်း၏ အခြေခံ ရည်ရွယ်ချက်မှာ ကျောင်းသားတစ်ဦး (သို့မဟုတ် ကျောင်းသားအုပ်စုတစ်စု) သိထားသော အရာများ၊ နားလည်သဘောပေါက်သည့် အရာများ နှင့် လုပ်နိုင်သည့်အရာများမှ စတင်သင်ကြားခြင်းဖြင့် ဆရာတစ်ဦးသည် ကျောင်းသားများ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်ပြီးမှုနှင့် သင်ယူမှုလုပ်ငန်း နောက်တစ်ဆင့်သို့ တိုးမြှင့်ရန် အဆင်သင့် ဖြစ်/မဖြစ်ကို ဆုံးဖြတ်ရန် အချက်အလက် အထောက်အထားများကို သိရှိပြီး ယင်းအထောက်အထား အချက်အလက်များအား အသုံးပြုနိုင်သည့် အခြေအနေတွင် ရှိနေခြင်းဖြစ်သည်။
- စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုရလဒ်များနှင့် သင်ယူမှုလုပ်ငန်းတို့နှင့် အနီးကပ် ဆက်စပ်မှုရှိသော စဉ်ဆက်မပြတ် လုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ သင့်အနေဖြင့် သင် သင်ကြားရမည့် အခန်းကို ပြင်ဆင်ရေးဆွဲနေချိန်၊ သင်ယူမှုရည်မှန်းချက်များ ပြည့်မီစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သင်ယူမှုလုပ်ငန်းများ အကြောင်း စဉ်းစားတွေးတောနေချိန်တွင် လူမှုရေးဘာသာရပ်အတွက် စစ်ဆေး အကဲဖြတ်ခြင်းကို စတင်ရေးဆွဲသင့်သည်။
- လူမှုရေးဘာသာရပ်တွင် ကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရန် ပထမအဆင့် အနေဖြင့် သင်သည် ၎င်းတို့ကို သိစေချင်သည့် အရာ၊ လုပ်တတ်စေချင်သည့် အရာများကို ဆုံးဖြတ်ရမည်။ လူမှုရေး ဘာသာရပ်သည် အကြောင်းအရာများကို သာမန်သိရုံ၊ နားလည်ရုံထက် သာလွန်ကျယ်ပြန့်သည့် ထူးခြားသော ကျွမ်းကျင်မှုများစွာ ရှိနေသည့် ဘာသာရပ် ဖြစ်သည်။
- သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းတွင် ရည်ရွယ်သူ ပရိသတ် နှစ်မျိုးရှိသည်။ ပထမရည်ရွယ်သူမှာ ဆရာဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် ကျောင်းသား၏

နားလည်သဘောပေါက်မှုကို စစ်ဆေးရန် ၎င်းတို့ သင်ယူရသည့် သင်ခန်းစာတစ်လျှောက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းအတွက် ဒုတိယ ရည်ရွယ်သူ ပရိသတ်မှာ ကျောင်းသား ဖြစ်သည်။ သင်ယူမှု တိုးတက်ရန်အတွက် ကျောင်းသားများသည် ၎င်းတို့၏ သင်ယူမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ ဖော်ပြသော တုံ့ပြန်အကြံပြုချက်များ ရရန် လိုအပ်သည်။

- သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားတစ်ဦး၏ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်မှု ရှိ/မရှိ ဆုံးဖြတ်ပေးသည့် သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းတစ်ခု ဖြစ်သည်။ စာသင်ခန်းများတွင် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းကို သင်ခန်းစာ ခေါင်းစဉ်တစ်ခု ပြီးဆုံးချိန် (သို့မဟုတ်) အခန်းတစ်ခန်း ပြီးဆုံးချိန်၌ ဆောင်ရွက်လေ့ရှိပြီး ကျောင်းသားများ သင်ယူနေသော အကြောင်းအရာများကို မှတ်တမ်းတင်ထားသည်။
- လူတိုင်းအကျုံးဝင် စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုအခြေအနေကို ထုတ်ဖော်ပြသနိုင်ရန် တူညီသော အခွင့်အလမ်းတစ်ခု ပေးနိုင်သော စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများနှင့် နည်းဗျူဟာများကို ညွှန်းဆိုသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စစ်ဆေးအကဲဖြတ်ခြင်း ရည်ရွယ်ချက်နှင့် ၎င်းတို့ကို လူမှုရေးဘာသာ စာသင်ခန်းတစ်ခန်းတွင် မည်သို့ ပေါင်းစပ်အသုံးပြုနိုင်သည်တို့ကို ဖော်ပြပါရှိသော ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်စောင်ကို စာလုံးရေ (၃၀၀) ခန့်ဖြင့် ရေးသားဖော်ပြပါ။

သင်၏ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသွင်းချက်ကို ဆရာ့တတ်ကျွမ်းမှု ဆိုင်ရာ စံသတ်မှတ်ချက် အညွှန်းဘောင် (ခ) (၂.၁) ၏ အထောက်အထားအဖြစ် သင်ကြားမှု အထောက်အထားမှတ်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်သည်။

## ဆက်လက်ဖတ်မှတ်စရာများ

**၈.၁။**

Griffin, P. (Ed.). (2018). *Assessment for teaching* (2nd ed.). Cambridge University Press.

Masters, G. (2014a). Assessment: Getting to the essence. *Designing the Future,* (1), Australian Council for Educational Research. https://www.acer.org/files/uploads/Assessment_Getting_to_the_essence.pdf

Ministry of Education. (2019). *National assessment policy for basic education*. The Republic of the Union of Myanmar. https://neqmap.bangkok.unesco.org/resource/national-assessment-policy-for-basic-education-nap

Myers, J. (2004). Assessment and evaluation in social studies classrooms: A question of balance. In A. Sears, & I. Wright (Eds.), *Challenges and prospects in Canadian social studies* (pp. 290–301). Pacific Educational Press.

Office of Academics. (n.d.). *Formative assessment strategies for social studies.* Austin Independent School District. https://curriculum.austinisd.org/schoolnetDocs/socialStudies/generalResources/FormativeAssessment_SocialStudies_CLI.pdf

Urban, D. (2013). *Toward a framework of inclusive social studies: Obstacles and opportunities in a preservice teacher education program*. [Doctoral dissertation, Columbia University]. file:///C:/Users/ACERLA~1/AppData/Local/Temp/Urban_columbia_0054D_11407.pdf

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဘက်လိုက်မှု (Bias) | အဖြစ်အပျက်တစ်ခု (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးနှင့် ပတ်သက်၍ တရားမျှတသော ဝေဖန်ပိုင်းခြားနိုင်စွမ်းကို ကန့်သတ်အားနည်းစေသည့် အထူးတလည် စိတ်ဝင်စားမှု (သို့မဟုတ်) ရှုထောင့်။ |
| ဘူဇွာလူတန်းစား (Bourgeoisie) | မြေရှင်ပဒေသရာဇ်စနစ်အား အစားထိုးခဲ့သော ကုန်သွယ်မှု အခြေပြု စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် ဥရောပတွင် ပေါ်ပေါက်လာသော ချမ်းသာကြွယ်ဝသည့် လူလတ်တန်းစား အလွှာသစ်တစ်ခု။ ဤလူတန်းစားအလွှာတွင် ကုန်သည်များ၊ ကုန်ထုတ်လုပ်သူများ၊ မြေပိုင်ရှင်ကြီးများနှင့် ကျွမ်းကျင်အတတ်ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ |
| လူနေမှု (Civilisation) | စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ဖွဲ့စည်းပုံ၊ ဆက်သွယ်ရေး နည်းစနစ်များနှင့် အလုပ်အကိုင်မျိုးစုံ ခွဲဝေလုပ်ကိုင်မှု အစရှိသည်တို့ဖြင့် မျှဝေချိတ်ဆက်ထားသော မြို့များ၊ မြို့ကြီးများနှင့် အလွှာပေါင်းစုံ စုဝေးတည်ရှိရာ ရှုပ်ထွေးသည့် လူ့အဖွဲ့အစည်းတစ်ခု။ |
| ခရစ်ယာန် ဘုန်းတော်ကြီး (Clergy) | ခရစ်ယာန်ဘုန်းတော်ကြီးများသည် အလယ်ခေတ်၏ ဘာသာရေးနှင့် ဆိုင်သော လူပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ပုပ်ရဟန်းမင်းကြီး ပြီးနောက် ခရစ်ယာန် ဂိုဏ်းအုပ်၊ ခရစ်ယာန် ဘုန်းတော်ကြီး၊ ဘုန်းကြီးရဟန်းနှင့် သီလရှင် စသည်ဖြင့် ရာထူးအဆင့်အတန်းအရ ကြီးစိုးခဲ့ကြသည်။ |
| ဥတုရာသီ (Climate) | နေရာဒေသတစ်ခု၏ ကမ္ဘာ့လေထု အခြေအနေများကို ကာလရှည်ကြာစွာ ပျမ်းမျှပြထားခြင်း။ |
| ကိုလိုနီပြုခြင်း (Colonisation) | အဓိကအားဖြင့် စီးပွားရေး၊ ကိုယ်ကျိုးရှာ အမြတ်ထုတ်လိုမှုအတွက် အခြားသော နိုင်ငံတစ်နိုင်ငံနှင့် ၎င်း၏ လူမျိုးတို့အပေါ် နိုင်ငံရေးအရ ချုပ်ကိုင်မှု အပြည့်အဝ (သို့မဟုတ်) တစ်စိတ်တစ်ဒေသ ရယူသော မူဝါဒ (သို့မဟုတ်) လက်တွေ့ကျင့်သုံးမှု။ |
| ရပ်ရွာ ရင်းမြစ်များ (Community resources) | လူမှုရေးဘာသာ အကြောင်းအရာများကို ပိုမိုနက်နဲစေပြီး၊ သင်ယူသူ ကလေးများ၏ အသိဉာဏ် အဝန်းအဝိုင်းကို ပိုမိုကျယ်ပြန့်ကာ လူမှုရေးဘာသာ သင်ကြား၊ သင်ယူမှုကို အားဖြည့်ပေးနိုင်သည့် လူပုဂ္ဂိုလ်များ၊ နေရာဒေသများနှင့် လူမှုအဖွဲ့အစည်းများ။ |
| ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အုပ်ချုပ်သည့် သမ္မတနိုင်ငံ (Constitutional Republic) | အခြေခံဥပဒေတစ်ခု ရေးသားပြီး အုပ်ချုပ်မှုနည်းဥပဒေများ ချမှတ်ပြဋ္ဌာန်းကာ အဆိုပါ အခြေခံဥပဒေနှင့်အညီ နိုင်ငံအုပ်ချုပ်မှုဆိုင်ရာ အကြီးအကဲနှင့် ကိုယ်စားလှယ်များအား ရွေးကောက်သည့် နိုင်ငံ။ |
| စားသုံးသူ ဈေးကွက် (Consumer market) | တစ်ကိုယ်ရေ အသုံးပြုရန်အတွက် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲသော လူများ၊ အိမ်ထောင်စုများအား ရည်ညွှန်းသည်။ |
| အချက်အလက် (Data) | ကျောင်းသား၏ သင်ယူမှု အထောက်အထားများ (စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍) ။ |
| ဖွံ့ဖြိုးဆဲ ဈေးကွက် စီးပွားရေး (Developing market economy) | ကမ္ဘာ့တောင်ပိုင်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးချဲ့ထွင်မှု အနေဖြင့် ကမ္ဘာ့ဈေးကွက်များနှင့် ပိုမို ပေါင်းစပ် ဆက်စပ်လာခြင်းဖြစ်သည်။ စက်မှုခေတ်ကြို ဝင်ငွေနည်းစီးပွားရေးမှ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားသော ခေတ်မီ စက်မှုစီးပွားရေးဆီသို့ ကူးပြောင်းနေခြင်း ဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ကဏ္ဍစုံ စီးပွားရေး (Diversified economy) | တစ်ခုတည်းသော ဝင်ငွေရ ရင်းမြစ်မှ ကဏ္ဍ အသီးသီးနှင့် ဈေးကွက်များရှိသော ရင်းမြစ်များစွာသို့ ပြောင်းရွှေ့လာသော စီးပွားရေးစနစ်တစ်ခု။ |
| အီကွေတာ (Equator) | မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်း နှစ်ခုစလုံးမှ အညီအမျှကွာဝေးပြီး ကမ္ဘာ့၏ အလယ်မှ ပတ်ဆွဲထားသည့် (မျက်စိဖြင့် မမြင်နိုင်သော) စိတ်ကူးယဉ်မျဉ်း။ |
| ဥရောပသမဂ္ဂ (EU) (European Union –EU) | အဓိကအားဖြင့် ဥရောပတိုက်တွင် တည်ရှိသည့် အဖွဲ့ဝင် (၂၇)နိုင်ငံနှင့် ဖွဲ့စည်းထားသည့် နိုင်ငံရေးရာနှင့် စီးပွားရေး အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အဖွဲ့ဝင်တစ်နိုင်ငံ ဖြစ်လာရန် နိုင်ငံတစ်နိုင်ငံအနေဖြင့် သတ်မှတ်ထားသော စံနှုန်းများနှင့် ပြည့်မီရမည်။ ယင်းစံနှုန်းများအရ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို လေးစား၍ တည်ငြိမ်သော ဒီမိုကရေစီစနစ်ရှိရမည်ဖြစ်ပြီး လည်ပတ်နေသော ဈေးကွက်စီးပွားရေးစနစ်နှင့် ဥရောပ သမဂ္ဂက ချမှတ်ထားသည့် ဥပဒေများအပါအဝင် အသင်းဝင်ဝတ္တရားများကို လက်ခံနိုင်ရမည် ဖြစ်သည်။ |
| ယူရိုဇုန် (Eurozone) | အဓိက ငွေကြေးနှင့် တစ်ခုတည်းသော တရားဝင်ရောင်းဝယ်မှု ငွေကြေး အဖြစ် ယူရို (€) အသုံးပြုရန် ချမှတ်ထားသော ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြီးယား၊ ဘယ်ဂျီယံ၊ ဆိုက်ပရပ်စ်၊ အက်စတိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ အိုင်ယာလန်၊ အီတလီ၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ လူဇင်ဘတ်၊ မော်လ်တာ၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယားနှင့် စပိန်နိုင်ငံတို့ ဖြစ်ကြသည်။ |
| ပြည်ပပို့ကုန်များ (Exports) | နိုင်ငံရပ်ခြားသို့ ရောင်းချသည့် ကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုများ။ |
| အချက်အလက် (Fact) | မှန်ကန်သည်ဟု သိရှိထားသော ဖော်ပြချက် (သို့မဟုတ်) မှန်ကန်ကြောင်း သက်သေပြနိုင်သည့် ဖော်ပြချက်။ |
| မြေရှင်ပဒေသရာဇ်စနစ် (Feudal system) | အလယ်ခေတ်ဟု သိရှိထားသော သမိုင်းခေတ်ကာလအတွင်း ဥရောပတိုက် အနောက်ပိုင်းတွင် ရှိခဲ့သော အုပ်ချုပ်မှုစနစ်တစ်ခု။ ဤခေတ်သည် သက္ကရာဇ် ၅၀၀ မှ ၁၅၀၀ ထိ နှစ်ပေါင်းတစ်ထောင်ကျော်ကြာ တည်တံ့ခဲ့သည်။ အုပ်ချုပ်သူ ဘုရင်က နိုင်ငံတွင်းရှိ နယ်မြေအားလုံးကို ပိုင်ဆိုင်သည် ဟူသော အယူအဆပေါ်တွင် အခြေပြုထားသည်။ တာဝန်ထမ်းရွက်မှုအတွက် (သို့မဟုတ်) လုပ်သားအင်အား စိုက်ထုတ်မှုအတွက် မြေအပိုင်စားရသည့် ပုဂ္ဂိုလ်များနှင့် အမျိုးတော်စပ်မှုအပေါ် အခြေပြု၍ လူတန်းစားအလွှာခွဲခြားသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ |
| သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative assessment) | ဆရာများအနေဖြင့် ၎င်းတို့၏ သင်ကြားရေးကို ပိုမိုကောင်းစေရန်နှင့် ကျောင်းသားများအနေဖြင့် ၎င်းတို့၏ သင်ယူမှု ပိုမိုတိုးတက်မှုရှိစေရန် အသုံးပြုနိုင်သည့် ကျောင်းသားများ၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာ၍ တုံ့ပြန်အကြံပြုချက်များ ချက်ချင်းလက်ငင်းပေးနိုင်ရန် ရည်ရွယ်ထားသော အအောင်/အရှုံး မသတ်မှတ်သည့် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများ။ |
| လူတိုင်း အကျုံးဝင်စစ်ဆေး အကဲဖြတ်ခြင်း (Inclusive assessment) | ကျောင်းသားများ ၎င်းတို့၏ သင်ယူမှုကို ထုတ်ဖော်ပြသရန် တူညီသော အခွင့်အလမ်းတစ်ခု ပေးသည့် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများနှင့် နည်းဗျူဟာများ။ |
| စက်မှုတော်လှန်ရေး (Industrial Revolution) | ဉယျာဉ်ခြံမြေ စီးပွားရေးမှ ထုတ်လုပ်ရေး စက်မှုလုပ်ငန်းများနှင့် ယန္တရား လွှမ်းမိုးကြီးစိုးထားသည့် စီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲမှု။ ဤသို့သော နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုသည် လူတို့၏ လုပ်ကိုင်ပုံနည်းလမ်း အသစ်များ၊ အသက်ရှင်နေထိုင်မှု ပုံစံအသစ်များနှင့် လူ့အဖွဲ့အစည်း အသစ်တစ်ခုကို ပြောင်းလဲစေရန် အစပျိုးခဲ့သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| သင်ထောက်ကူ ပစ္စည်းများ (Instructional materials) | ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ သင်ပုန်းကြီးမှ အစပြု၍ ဆရာကိုယ်တိုင် ဖန်တီးထားသော လက်ဖြစ် သင်ကြားမှု အထောက်အကူပစ္စည်းများ (ဥပမာ – ပိုစတာများ၊ မူလရင်းမြစ် ရုပ်ဝတ္ထုပစ္စည်းများ၊ (သို့မဟုတ်) လက်တွေ့စမ်းသပ်ပစ္စည်းကိရိယာများ)၊ ဒစ်ဂျစ်တယ် နည်းပညာသုံး သင်ယူမှုရင်းမြစ်များ ဖြစ်သည့် ပါဝါပွိုင့် သင်ခန်းစာတင်ပြမှုများ၊ အွန်လိုင်း ဗီဒီယိုသင်ခန်းစာများ (သို့မဟုတ်) ဘာသာရပ် ဆိုင်ရာ အင်တာနက် သတင်းအချက်အလက်များ အစရှိသည့် စာသင်ခန်းတစ်ခန်းတွင် အသုံးပြုသော ရင်းမြစ်အစုအဝေး။ |
| ဘုရင် (ပဒေသရာဇ် စနစ် နှင့်ဆိုင်သော) (King (feudal)) | ပဒေသရာဇ်ဘုရင်သည် နယ်မြေအားလုံးကို ပိုင်စိုးသည်။ ဘုရင်၏ အခွင့်အာဏာသည် အကြွင်းမဲ့ အာဏာဖြစ်သည်။ |
| မြင်းစီး သူရဲကောင်းများ (Knights) | ကာကွယ်ခြင်းနှင့် စစ်မှုထမ်းခြင်းတို့အတွက် သူကောင်းမျိုး အကြီးအကဲများနှင့် အရှင်သခင် ရှင်ဘုရင်တို့ထံမှ နယ်မြေ အနည်းငယ် အပိုင်စားရရှိထားသော စစ်မှုထမ်း ယောကျ်ားများ။ |
| စကေးချဲ့ မြေပုံများ (Large-scale maps) | သေးငယ်သော ဧရိယာတစ်ခုကို အသေးစိတ် အကျယ်ချဲ့ပြသနိုင်သည်။ စကေးချဲ့မြေပုံ တစ်ခုပေါ်တွင် ၁ စင်တီမီတာသည် ၅၀၀ မီတာကို ကိုယ်စားပြုနိုင်သည် (၁: ၅၀,၀၀၀)။ |
| လတ္တီကျု (Latitude) | အီကွေတာ၏ မြောက်ဘက် (သို့မဟုတ်) တောင်ဘက်ရှိ တည်နေရာတစ်ခုကို ဒီဂရီဖြင့် ဖော်ပြနိုင်သော အတိုင်းအတာတစ်ခု။ |
| လောင်ဂျီကျု (Longitude) | ဂရင်းနစ်မျဉ်း၏ အရှေ့ဘက် (သို့မဟုတ်) အနောက်ဘက်ရှိ တည်နေရာ တစ်ခုကို ဒီဂရီဖြင့် ဖော်ပြနိုင်သော အတိုင်းအတာတစ်ခု။ |
| အရှင်သခင်များ (Lords) | အရှင်သခင်များသည် တောင်သူလယ်သမားများ၊ ကောက်ပဲသီးနှံများနှင့် ရွာများအပါအဝင် ၎င်းတို့မြေပေါ်ရှိ အရာအားလုံးကို ပိုင်ဆိုင်ကြသည်။ အရှင်သခင်များသည် ယင်းတို့၏ မြေတွင် တောင်သူလယ်သမားများအား လယ်ယာလုပ်စေပြီး အိမ်ငှားရမ်းခအနေဖြင့် စိုက်ပျိုးထားသော ကောက်ပဲသီးနှံများနှင့်တကွ အခြားသော အစားအစာများကို မပျက်မကွက် ပေးဆောင်နေစေရန် အရာရှိများကို ခန့်အပ်ထားသည်။ |
| စံအိမ် (Manor) | အလယ်ခေတ် ဥရောပတွင် အတွေ့ရများသည့် လယ်ယာမြေ ပိုင်ဆိုင်မှု စနစ်တစ်ခုဖြစ်ပြီး ပဒေသရာဇ်ခေတ် အရှင်သခင်များက ကြီးမားသည့် ကျေးလက် အိမ်ကြီးများတွင် နေထိုင်ရင်း တွဲလျက် စိုက်ပျိုးမြေ၊ သစ်တောမြေနှင့် ကျေးရွာများကို စီမံလည်ပတ်စေကြသည်။ |
| ကုန်သည်ကြီးများ (Merchants) | ကုန်သည်ကြီးများသည် ၎င်းတို့၏ ကုန်ပစ္စည်းများနှင့် ထုတ်ကုန်များကို ဈေးကွက်ရှိရာ နေရာများတွင် ရောင်းချခြင်းဖြင့် မြို့ကြီးတစ်မြို့မှ တစ်မြို့ လှည့်လည်သွားလာနေကြသူများ ဖြစ်ကြသည်။ |
| အလယ်ခေတ် (Middle Ages) | သက္ကရာဇ် ၅၀၀ မှ ၁၅၀၀ အထိ နှစ်ပေါင်းတစ်ထောင်ကျော်ကြာ တည်တံ့ခဲ့သည့် ဥရောပ သမိုင်းမှ ခေတ်တစ်ခေတ် (ရောမလူနေမှု ပျက်သုဉ်းပြီး ရီနေဆဲန်း ခေတ်တစ်ခေတ် ဆန်းသစ်လာသည့် ကာလ)။ |
| သူကောင်းမျိုးများ (Nobles) | သူကောင်းမျိုးများသည် သစ္စာရှိမှု၊ ကာကွယ်စောင့်ရှောက်ပေးမှုနှင့် တာဝန်ထမ်းဆောင်မှုတို့ အတွက် ပဒေသရာဇ်ဘုရင်၏ နယ်မြေအပိုင်စား ချီးမြှောက်ခြင်းကို ခံရသည်။ |
| အတွေးအမြင် ရှုထောင့် (Perspective) | လူတစ်ဦးက ၎င်း၏ ပတ်ဝန်းကျင်ရှိ အရာများအား ၎င်းတို့တွေ့မြင်ရသည့်အတိုင်း အဓိပ္ပာယ် သတ်မှတ် ကောက်ချက်ချသည့် အမြင်။ |
| ဝင်ရိုးစွန်းဇုန် (Polar Zone) | မြောက်နှင့် တောင် လတ္တီကျု ၆၆.၅ ဒီဂရီမှ ဝင်ရိုးစွန်းများအထိ ကျယ်ဝန်းသည်။ ဤဇုန်သည် နွေရာသီ တိုတောင်းပြီး ဆောင်းရာသီမှာအေး၍ ရှည်လျားကာ နေရောင်ခြည် အနည်းငယ်သာ ရရှိသည့် လက္ခဏာရပ်များရှိသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| နိုင်ငံရေး မြေပုံများ (Political maps) | ပြည်နယ်နှင့် နိုင်ငံနယ်နိမိတ်များ၊ မြို့တော်ကြီးများနှင့် အဓိက မြို့ကြီးများကို ဖော်ပြထားသည်။ |
| မူလရင်းမြစ် (Primary source) | မူလရင်းမြစ်များသည် သမိုင်းဆိုင်ရာ ခေတ်တစ်ခေတ် (သို့မဟုတ်) ပထဝီဝင်ဆိုင်ရာ သဘာဝ ဖြစ်စဉ်များနှင့် ပတ်သက်၍ လေ့လာထားသည့် ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်သည်။ မူလရင်းမြစ်များမှာ စာရေးသူ (သို့မဟုတ်) ဖန်တီးသူထံမှ တိုက်ရိုက်ဆင်းသက်လာသော မူလအခြေခံ ရင်းမြစ်များ ဖြစ်ကြပြီး အခြား တစ်စုံတစ်ယောက်မှ ဆန်းစစ်လေ့လာထားခြင်း၊ ဝေဖန်သုံးသပ် ပိုင်းခြားထားခြင်း (သို့မဟုတ်) အဓိပ္ပာယ် သတ်မှတ် ကောက်ချက်ချထားခြင်းလည်း မရှိပေ။ |
| ဂရင်းနစ်မျဉ်း (သုညဒီဂရီ လောင်ဂျီကျု/ စံတော်ချိန်မျဉ်း) (Prime Meridian) | လန်ဒန်မြို့ကို ဖြတ်သန်းသွားပြီး သုညဒီဂရီလောင်ဂျီကျု အမှတ်အသားရှိသော စိတ်ကူးယဉ် မျဉ်းတစ်ကြောင်း။ |
| မြေမျက်နှာပြင် အနေအထားပြ ရုပ်ကြွ မြေပုံများ (Relief maps) | မြေအနေအထား၊ အသွင်သဏ္ဌာန် စသည့် ကုန်းမြေ၏ အခြေအနေကို ကိုယ်စားပြုဖော်ပြသည့် နှစ်ဖက်မြင် (သို့မဟုတ်) သုံးဖက်မြင် မြေပုံ။ |
| တစ်ဆင့်ခံရင်းမြစ် (Seondary source) | မူလရင်းမြစ်များအား ဆန်းစစ်လေ့လာထားခြင်း၊ ထပ်ဆင့် အဓိပ္ပာယ် သတ်မှတ်ကောက်ချက်ချထားခြင်း ဖြစ်သည်။ တစ်ဆင့်ခံရင်းမြစ်များကို ရှေးဟောင်း သုတေသန ပညာရှင်၊ မိုးလေဝသ ပညာရှင်များကဲ့သို့သော သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်၏ ကျွမ်းကျင်ပညာရှင်များ၊ အခြားသော စာရေးဆရာများနှင့် သတင်းစာ ဆရာများက ရေးသားထားနိုင်သည်။ တစ်ဆင့်ခံရင်းမြစ်များတွင် မူလရင်းမြစ်များစွာ ပေါင်းစပ် ပါဝင်နေပြီး အကြောင်းအရာ ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်၍ မူလ ရင်းမြစ်ထက် ပိုမို ကျယ်ဝန်းသော အမြင်များဖြင့် ရှုထောင့်စုံမှ တင်ပြထားသည်။ |
| မြေကျွန်များ (Serfs) | စံအိမ်ပိုင်ရှင် အရှင်သခင်များအတွက် အလုပ်လုပ်ကိုင်ခဲ့သော တောင်သူလယ်သမားများ။ |
| စကေးချုံ့ မြေပုံများ (Small-scale maps) | ကြီးမားသော ဧရိယာတစ်ခုအား အသေးစိတ်အချက်အလက်များဖြင့် ဖော်ပြသော မြေပုံဖြစ်သည်။ စကေးသေးမြေပုံတစ်ခုပေါ်တွင် ၁ စင်တီမီတာသည် ၁၀၀၀ ကီလိုမီတာ (၁: ၁၀၀,၀၀၀,၀၀၀) ကို ကိုယ်စားပြုနိုင်သည်။ |
| ရင်းမြစ်များ (Sources) | လူမှုရေးဘာသာ လေ့လာရာတွင် အသုံးပြုနိုင်သည့် အချက်အလက်များ။ |
| သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်း (Summative assessment) | သင်ယူမှု အဆင့်တစ်ဆင့် ပြီးဆုံးချိန်တွင် ကျောင်းသားများ သိရှိသွားသည့် အချက်များကို အကဲဖြတ်သုံးသပ်ရန်၊ ကျောင်းသားအနေဖြင့် ရည်ရွယ်ထားသော သင်ရိုးညွှန်းတမ်း ရလဒ်များနှင့် ပြည့်မီမှု ရှိ/မရှိ သိရှိရန် (နှင့်/သို့မဟုတ်) တစ်ဦးချင်းအလိုက် သင်ယူမှု ရည်မှန်းချက်များ ပြည့်မီခြင်း ရှိ/မရှိ အကဲဖြတ်သုံးသပ်ရန် ဒီဇိုင်းရေးဆွဲထားသော စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ။ |
| သမပိုင်းဇုန် (Temperate Zone) | မြောက်ကမ္ဘာခြမ်းတွင် မြောက်ယဉ်စွန်းတန်းမှ အာတိတ်စက်ဝိုင်း (၆၆.၅ ဒီဂရီ–မြောက်) အထိနှင့် တောင်ကမ္ဘာခြမ်းတွင် တောင်ယဉ်စွန်းတန်းမှ အန္တာတိတ်စက်ဝိုင်း (၆၆.၅ ဒီဂရီ–တောင်) အထိ ကျယ်ဝန်းသည်။ သမပိုင်းဇုန် အတွင်းရှိ နိုင်ငံများသည် နွေရာသီတွင် ပူနွေးပြီး ဆောင်းရာသီတွင် အေးကာ တစ်နှစ်ပတ်လုံး အပူချိန် အပြောင်းအလဲ အလွန်များသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဆင့်ပွားရင်းမြစ် (Tertiary source) | စွယ်စုံကျမ်း (သို့မဟုတ်) မြေပုံစာအုပ်ကဲ့သို့သော မူလရင်းမြစ်နှင့် ဆင့်ပွား ရင်းမြစ်များအား အမျိုးအစားအဆင့်အလိုက် အုပ်စုခွဲပြုစုထားသော ရင်းမြစ်များ ဖြစ်သည်။ ဆင့်ပွားရင်းမြစ်မှ သတင်းအချက်အလက်များသည် မူလရင်းမြစ် (သို့မဟုတ်) တစ်ဆင့်ခံရင်းမြစ် တစ်ခုခုမှ သော်လည်းကောင်း၊ ဖော်ပြပါ အမျိုးအစား နှစ်မျိုးစလုံးမှသော်လည်းကောင်း ပေါင်းစပ်ပါဝင်နိုင်သည်။ |
| အကြောင်းအရာပြ မြေပုံများ (Thematic maps) | ရင်းမြစ်များ၊ မိုးလေဝသ၊ သဘာဝ ပေါက်ပင် အစရှိသည့် အဓိကဆိုလိုရင်းတစ်ခု (သို့မဟုတ်) အကြောင်းအရာခေါင်းစဉ် တစ်ခုကို အခြေခံထားသော မြေပုံများ။ |
| မြေမျက်နှာသွင်ပြင်ပြ မြေပုံများ (Topographic maps) | ကုန်းမြေအခြေအနေနှင့် အရေးပါသော သဘာဝ အင်္ဂါရပ်များ (ဥပမာ – ကုန်းမြေ ပုံသဏ္ဌာန်များ၊ သဘာဝပေါက်ပင်များ)နှင့် လူမှုအခြင်းအရာများ (ဥပမာ – လမ်းများ)ကို ဖော်ပြရန် ကွန်တိုမျဉ်းများ အသုံးပြု ဆွဲထားသော မြေပုံများ။ |
| အပူပိုင်းဇုန် (Tropical zone) | မြောက်ယဉ်စွန်းတန်း (အီကွေတာ၏ မြောက်ဘက် ၂၃.၅ ဒီဂရီ)နှင့် တောင်ယဉ်စွန်းတန်း (အီကွေတာ၏ တောင်ဘက် ၂၃.၅ ဒီဂရီ)တို့ အကြား ကျရောက်သည်။ အပူပိုင်းဇုန်တွင် အအေးဆုံးလ၏ ပျမ်းမျှအပူချိန်မှာ ၁၈ ဒီဂရီ ဆဲလ်စီးယပ်ဖြစ်သည်။ အပူပိုင်းရာသီဥတုဇုန် အတွင်းရှိ နိုင်ငံများသည် မိုးများပြီး ပူအိုက်စိုစွတ်သော မိုးလေဝသကို တွေ့ကြုံခံစားရသည်။ |
| လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု (Universal healthcare) | လူတိုင်း ငွေရေးကြေးရေး စိုးရိမ်ကြောင့်ကြစရာမလိုဘဲ အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု အခွင့်အလမ်း ပမာဏအပြည့်အဝ ရရှိသည်။ |
| မိုးလေဝသ (Weather) | နေ့စဉ် ဖြစ်ပေါ်နေသော အပူချိန်၊ မိုးရွာခြင်း၊ ဆီးနှင်းကျခြင်းနှင့် အခြားသော ကမ္ဘာ့လေထုနှင့် စပ်လျဉ်းသော အခြေအနေများ။ |

# ကျမ်းကိုးစာရင်း

Allen, R. C. (2007). *The Industrial Revolution: A very short introduction.* Oxford University Press.

Anderson, M., Keese, I., & Low, A. (2005). *Retroactive world history.* John Wiley and Sons.

Britannica Kids. (2021). *Ancient civilisation.* https://kids.britannica.com/students/article/ancient-civilisation/272856

Brooks, C. (2019). *Western civilisation: A concise history (Volume 2).* LibreTexts.

Carlye, T. (1837). *The French Revolution: A history.* https://socialsciences.mcmaster.ca/econ/ugcm/3ll3/carlyleT/French%20Revolution.pdf

Darling-Hammond, L., Barron, B., Pearson, P. D., Schoenfeld, A. H., Stage, E. K., Zimmerman, T. D., Tilson, J. L., & Cervetti, G. N. (2008). *Powerful learning: What we know about teaching for understanding.* Jossey Bass Wiley.

Department of Medieval Art and the Cloisters. (2014). *The Crusades (1095–1291).* The Metropolitan Museum of Art. https://www.metmuseum.org/toah/hd/crus/hd_crus.htm

Edmunds, J. (2006). *How to assess student performance in history: Going beyond multiple-choice tests.* SERVE, University of North Carolina.

Education Services Australia Ltd. (2013). S*electing a fieldwork site: Years 5 and 6. Geogspace for teachers and secondary students.* Australian Geography Teachers Association.

Encyclopedia Britannica. (n.d.). *The Middle Ages.* https://www.britannica.com/topic/history-of-Europe/The-Middle-Ages

Griffin, P. (Ed.). (2018). *Assessment for teaching* (2nd ed.). Cambridge University Press.

Intergovernmental Committee on Surveying and Mapping. (n.d.). *Cartographic considerations.* https://www.icsm.gov.au/education/fundamentals-mapping/cartographic-considerations

International Monetary Fund. (2021a). *India at a glance.* https://www.imf.org/en/Countries/IND

International Monetary Fund. (2021b). *World economic outlook.* https://www.imf.org/en/Publications/SPROLLs/world-economic-outlook-databases

Kawoosa, V., Jha, A., & Sachdev, V. (2021). *The number theory: Imagining India, 10 years from now.* Hindustan Times, New Delhi. https://www.hindustantimes.com/india-news/the-number-theory-imagining-india-10-years-from-now/story-G7aIUgKlehi1yewcG4rOOJ.html

Kipling, R. (2010). *From sea to sea.* https://www.gutenberg.org/files/32977/32977-h/32977-h.htm#Page_202

Kochhar, S. K. (1991). *The teaching of social studies.* Sterling Publishers.

Lockheed, M. E., & Verspoor, A. M. (1991). *Improving primary education in developing countries.* Oxford University Press.

Marks, J. (2019). *History stories: How did the American Revolution influence the French Revolution?* https://www.history.com/news/how-did-the-american-revolution-influence-the-french-revolution

Masters, G. (2014a). Assessment: Getting to the essence. *Designing the Future,* (1), Australian Council for Educational Research. https://www.history.com/news/how-did-the-american-revolution-influence-the-french-revolution

Masters, G. (2014b). *Getting to the essence of assessment.* ACER Discover. https://www.acer.org/au/discover/article/getting-to-the-essence-of-assessment

Ministry of Education. (2019). *National assessment policy for basic education.* The Republic of the Union of Myanmar. https://neqmap.bangkok.unesco.org/resource/national-assessment-policy-for-basic-education-nap

Ministry of Natural Resources and Environmental Conservation. (2017). *Myanmar climate change strategy and action plan 2016–2030.* The Republic of the Union of Myanmar. https://policy.asiapacificenergy.org/sites/default/files/MCCSAP-Feb-Version.pdf

Myers, J. (2004). Assessment and evaluation in social studies classrooms: A question of balance. In A. Sears, & I. Wright (Eds.), *Challenges and prospects in Canadian social studies* (pp. 290–301). Pacific Educational Press.

NASA. (2021). *Atmosphere.* Climate Kids. https://climatekids.nasa.gov/weather-climate/

National Archives. (n.d.). *French Revolution. How did the British react to July 1789?* https://cdn.nationalarchives.gov.uk/documents/education/french-revolution.pdf

National Centre for Atmospheric Science. (2020). *What causes weather?* https://ncas.ac.uk/learn/what-causes-weather/

National Geographic. (n.d.-a). *Civilisations.* https://www.nationalgeographic.org/encyclopedia/civilisations/

National Geographic. (n.d.-b). *Climate change.* https://www.nationalgeographic.org/encyclopedia/climate-change/

National Geographic. (n.d.-c). *Continent.* https://www.nationalgeographic.org/encyclopedia/Continent/7th-grade/

National Geographic. (n.d.-d). *Industrial Revolution and technology.* https://www.nationalgeographic.org/article/industrial-revolution-and-technology/7th-grade/

National Geographic. (n.d.-e). *Key components of civilisation.* https://www.nationalgeographic.org/article/key-components-civilisation/

National Oceanic and Atmospheric Administration. (2021). *What are the different climate types?* https://scijinks.gov/climate-zones/

NSW Department of Education. (2016). *Geographical toolkit K-6.* Consultation draft 14-06-2016. https://rumbalara-e.schools.nsw.gov.au/content/dam/doe/sws/schools/r/rumbalara-e/localcontent/geographical_toolkitforprimaryteachersdraftv2sm8.pdf

Observatory of Economic Complexity. (2018). *Country profile: France.* https://oec.world/en/profile/country/fra

Office of Academics. (n.d.). *Formative assessment strategies for social studies.* Austin Independent School District. https://curriculum.austinisd.org/schoolnetDocs/socialStudies/generalResources/FormativeAssessment_SocialStudies_CLI.pdf

Owen, L. (2016). The impact of feedback as formative assessment on student performance. *International Journal of Teaching and Learning in Higher Education, 28*(2), 168–175.

Parsons, C., & Wilson, L. (1996). *Dark ages to discovery.* Science Press.

Quickonomics. (2020, June 26). *Indian economy at a glance* [Infographic]. https://quickonomics.com/indian-economy-at-a-glance-infographic/

Quigley, M. (2003). *Understanding people in the past: The Middle Ages.* Heinemann Library.

Rees, D., & Townson, D. (2015). *Access to history: France in revolution 1774–1815.* (5th ed.). Hodder Education.

Regional Integrated Multi-Hazard Early Warning System & UN Human Settlements Programme (UN-Habitat). (n.d.). *Climate profile: Climate variabilities, extremes and trends in central dry, coastal and hilly zones, Myanmar.* https://themimu.info/sites/themimu.info/files/documents/Climate_Profile_Myanmar.pdf

Royal Geographical Society. (n.d.). *A 60 second guide to the Global North/South divide.* https://www.rgs.org/CMSPages/GetFile.aspx?nodeguid=9c1ce781-9117-4741-af0a-a6a8b75f32b4&lang=en-GB

Sandwell, R. (2008). Using primary documents in social studies and history. In R. Case, & P. Clark (Eds.), *The anthology of social studies Vol 2: Issues and strategies for secondary teachers* (pp. 295–307). Pacific International Press.

Sciencing. (2021). *The differences between Northern and Southern Hemispheres.* https://sciencing.com/differences-between-northern-southern-hemisphere-8260091.html

Smithsonian National Museum of American History. (n.d.). *Engaging students with primary sources.* Kenneth E. Behring Centre. https://historyexplorer.si.edu/sites/default/files/PrimarySources.pdf

St. Laurence's College. (2021). *History: The French Revolution 1774–1779.* LibGuide. https://libguides.slc.qld.edu.au/historyguide/frenchrev

State Library of Victoria. (2008). *Source analysis templates.* http://ergo.slv.vic.gov.au/teachers/student-templates-source-analysis

Stearns, P., Treasure, G., Peters, E., Champion, T., Salmon, J. et al. (n.d.). *History of Europe.* Encyclopedia Britannica. https://www.britannica.com/topic/history-of-Europe

Tuimur, H., & Chemwei, B. (2015). Availability and use of instructional materials in the teaching of conflict and conflict resolution in primary schools in Nandi North District, Kenya. *International Journal of Education and Practice, 3*(6), 224–234. https://doi.org/10.18488/journal.61/2015.3.6./61.6.224.234

UN Department of Economic and Social Affairs. (2019a). *Population pyramids.* Population Division. https://population-pyramid.net/en

UN Department of Economic and Social Affairs. (2019b). *World population prospects 2019: Highlights* (ST/ESA/SER.A/423). Population Division. https://population.un.org/wpp/

UN Development Program. (2020). *India: Human development report. Human development indicators.* http://hdr.undp.org/en/countries/profiles/IND

United Nations. (2021). *Sustainable Development Goals. Goal 13: Take urgent action to combat climate change and its impacts.* https://www.un.org/sustainabledevelopment/climate-change/

Upgren, A., & Stock, J. (2000). *Weather: How it works and why it matters.* Basic Books.

Urban, D. (2013). *Toward a framework of inclusive social studies: Obstacles and opportunities in a preservice teacher education program.* [Doctoral dissertation, Columbia University]. file:///C:/Users/ACERLA~1/AppData/Local/Temp/Urban_columbia_0054D_11407.pdf

Violatti, C. (2014). *Civilisation.* World History Encyclopedia. https://www.worldhistory.org/civilisation/

White, M. (2009). *Georgian Britain: The Industrial Revolution.* British Library. https://www.bl.uk/georgian-britain/articles/the-industrial-revolution#

World Bank. (2021). *Population growth (annual %). All countries and economies.* https://data.worldbank.org/indicator/SP.POP.GROW?

World Health Organisation. (2017). *Plague.* https://www.who.int/news-room/fact-sheets/detail/plague

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁)။ သင်ခန်းစာ (၅.၁.၁)၊ စာသင်ချိန် (၁) အတွက် ရင်းမြစ် ဆန်းစစ်လေ့လာချက်

**နောက်ဆက်တွဲ လေးထောင့်ကွက် ၁.၁။ ရွှေတိဂုံဘုရားတောင်ဘက်မုခ်**[၇၂]



၇၂ Original image by Phillip Klier (1906), available in the Public Domain.

| ရင်းမြစ် | မူလရင်းမြစ် |
|---|---|
| ရင်းမြစ်ကို မည်သူ ဖန်တီးခဲ့သနည်း။ | ဖိလစ်ကလိုင်ယာ – မြန်မာနိုင်ငံတွင် နေထိုင်သည့် ဂျာမန် လူမျိုးတစ်ဦး |
| မည်သည့်အချိန်က ဖန်တီးခဲ့သနည်း။ | ဓာတ်ပုံကို ၁၉၀၆ ခုနှစ်တွင် မှတ်တမ်းတင် ရိုက်ကူးခဲ့သည်။ |
| မည်သူ့အတွက် ဖန်တီးခဲ့သနည်း။ (ရည်ရွယ်သူ ပရိသတ်မှာ အဘယ်နည်း)။ | ဒေသခံများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် သမိုင်းပညာရှင်များ |
| ရင်းမြစ်၏ နောက်ခံရည်ရွယ်ချက်မှာ အဘယ်နည်း။ | • ငွေကြေးရရှိရန်အတွက် – ကလိုင်ယာက သူ၏ ဓာတ်ပုံကို ရန်ကုန်မြို့တွင် ရောင်းချခဲ့သည်။<br>• သမိုင်းမှတ်တမ်းတင်ရန်<br>• ၁၉၀၆ ခုနှစ် မြန်မာနိုင်ငံ၏ ဗိသုကာ လက်ရာနှင့် ယဉ်ကျေးမှုမှာ မည်သို့မည်ပုံ ရှိခဲ့ကြောင်း ပြသရန်<br>• ရွှေတိဂုံဘုရား၏ မုခ်ဝ အလှအပကို ဖော်ပြရန် |
| ဤရင်းမြစ်ကို လေ့လာဆန်းစစ်ရာတွင် မည်သို့သော ဘက်လိုက်မှုနှင့် အတွေးအမြင် ရှုထောင့်တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သနည်း။ | • ယင်းဓာတ်ပုံသည် သမိုင်း အထောက်အထားအရ တိတိကျကျ ဖော်ပြထားသော အဆောက်အအုံ တစ်ခု၏ ပုံဖြစ်သည်။<br>• ယင်းဓာတ်ပုံသည် မြန်မာနိုင်ငံ၏ အစောဆုံး ဓာတ်ပုံ အတတ်ပညာရှင်များအနက် တစ်ဦးမှ ရိုက်ကူးထားသော ဓာတ်ပုံဖြစ်သည်။<br>• သူ၏ ဓာတ်ပုံများကို ယူနိုက်တက်ကင်းဒမ်းတွင် မော်ကွန်းတင်ထားသည်။ |

| ရင်းမြစ် | မူလရင်းမြစ် |
| --- | --- |
| ရင်းမြစ်သည် ခိုင်လုံမှု ရှိပါသလား။<br>အဘယ်ကြောင့် ခိုင်လုံသနည်း။<br>အဘယ်ကြောင့် မခိုင်လုံသနည်း။ | ဤရင်းမြစ်မှာ ခိုင်လုံမှုရှိသည်။<br>ဤရင်းမြစ်မှာ သမိုင်း မှတ်တမ်း<br>အတွက် မူလရင်းမြစ် တစ်ခုဖြစ်သည်။<br>ဓာတ်ပုံပညာရှင်က သူ၏ မြန်မာနိုင်ငံ<br>ဘဝနေထိုင်မှုကို သရုပ်ဖော်သော<br>ဓာတ်ပုံများကြောင့် နာမည်ကျော်ကြားသည်။<br>၎င်းသည် ၁၉၀၆ ခုနှစ် ရွှေတိဂုံဘုရား<br>တောင်ဘက်ဝင်ပေါက်<br>ဖွဲ့စည်းတည်ဆောက်ပုံကို<br>ယနေ့လက်ရှိအခြေအနေနှင့်<br>နှိုင်းယှဉ်ခွင့်ရရှိစေသည်။ |

**နောက်ဆက်တွဲ လေးထောင့်ကွက် ၁.၂။ ကောက်နုတ်ချက် – ပင်လယ်မှသည် ပင်လယ်ဆီသို့**[၇၃]

| |
| --- |
| မွတ်စလင် ဗလီအမိုးခုံး၊ ဟိန္ဒူ ဘုရားကျောင်းရှိ ပြာသာဒ်တို့၏ သဏ္ဌာန်ကို မဆောင်၊ နေရောင်တွင် တင့်တယ်စွာ တဖိတ်ဖိတ် တောက်ပလျက်ရှိသည့် ရွှေရောင် ပဟေဠိကြီး တစ်ခုသည် မိုးကုတ်စက်ဝိုင်းပေါ်တွင် မားမားမတ်မတ်ရှိနေ၏။ တောင်ကုန်း၊ တောင်ပူစာတို့၏ အထက်တွင် တည်ရှိပြီး ယင်းတို့၏အောက်တွင်မူ ဂိုဒေါင်များ၊ ရုံများ၊ ကြိတ်ခွဲစက်များက စီတန်းလျက် ရှိလေသည်။ "ဘယ်ဘုရားသခင် လက်ထက်မှာများ ငါတို့ အင်္ဂလိပ်တွေဟာ အတောမသတ်နိုင်တဲ့ လူမျိုးတွေ ဖြစ်ကုန်ကြပါလိမ့်" ဟု ကျွန်ုပ်စိတ်ထဲမှ ရေရွတ်မိ၏။<br><br>"ဟိုမှာ ရွှေတိဂုံဘုရားကြီးလေ" ဟု ကျွန်ုပ်၏ မိတ်ဆွေက ပြော၏။ "အလိုလေး"ဟု ကျွန်ုပ် ရေရွတ်မိသည်။ သို့ရာတွင် အာမေဋိတ်ပြုစရာတော့ မဟုတ်။ အစကတည်းက ရန်ကုန်ကို သိမ်းရသည့် အကြောင်းရင်း၊ ဤနိုင်ငံ၏ ကြွယ်ဝသော အရာများ၊ ရှားပါးသော အရာများအား ဆက်လက်ရှာဖွေရသော အကြောင်းရင်းတို့ကို ရှင်းရှင်းလင်းလင်း သိခဲ့ရပြီးလည်း ဖြစ်၏။ |

[၇၃] Kipling, R. (2010, pp. 204 – 209).

ကျွန်ုပ်ရှေ့က မြင်ကွင်းကို မမြင်ခင်အထိတော့ ဤနိုင်ငံကို ဆန်ဒါဘန်တောနှင့် သိပ်မကွာလှပဟု ထင်ခဲ့မိသည်။ သို့ရာတွင် ရွှေစေတီကြီးက “ဒါက ဗမာပြည်၊ မင်းသိတဲ့ တိုင်းပြည်တွေနဲ့ တူမှာတော့မဟုတ်ဘူး” ဟု လှမ်းပြောနေသယောင်ပင်။ ကျွန်ုပ်၏ မိတ်ဆွေက “အထွတ်အမြတ်ထားကြတဲ့ နာမည်ကြီး စေတီပေါ့ကွာ” ဟု ဆို၏။ “တောင်ငူ–မန္တလေး လမ်းကြောင်းကို အခု ဖွင့်လိုက်ပြီဆိုတော့ တဖွဲဖွဲလာကြတဲ့ ဘုရားဖူးတွေကလည်း အရေအတွက် ထောင်ချီလောက်ရောပေါ့။ ငလျင်ဒဏ်ကြောင့် ‘ထီး’ လို့ခေါ်တဲ့ ရွှေထိပ်ဖူးကြီး ပျက်စီးသွားတဲ့အတွက် စေတီဉာဏ်တော်အမြင့်ရဲ့ သုံးပုံ တစ်ပုံလောက်ကို ဝါးငြမ်းတွေနဲ့ တည်ထားရတယ်လေ။ အခုတော့ ရွှေတွေပြန်ကပ်နေပြီ။ ငြမ်းစင်တွေ ဖြုတ်ချပြီးရင် ခင်ဗျား ကြည့်ကြည့် သင့်တယ်” ဟု ဆက်ပြောလေသည်။

ကျွန်ုပ်သည် ရန်ကုန်မြို့တွင် နာရီပိုင်းမျှသာ နားခဲ့ရသည်။ ထို့ကြောင့် ဘုရားစောင့် နတ်ကျားများ၏ အဓိပ္ပာယ်၊ ဘုရားကြီး၏ အတွင်းသဘော၊ လက်ညှိုးထိုးမလွဲသော ဘုရား ဆင်းတုတော်များ၏ ရည်ရွယ်ချက် စသည့် တွေ့သမျှမြင်သမျှ အရာတိုင်းကို အပြည့်အဝ နားလည်ခြင်းမရှိသောကြောင့် လှေကားအုံအောက်တွင် ဂနာမငြိမ်နိုင်ဖြစ်နေသည်။ ကျွန်ုပ်၏အဖြစ်ကို စာဖတ်သူတို့ စာနာနားလည်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဆေးပြင်းလိပ်ခဲထားသည့် မိန်းမလှလေးများက အဘယ်ကြောင့် ဗုဒ္ဓရုပ်ပွားတော် ရှေ့မှောက်၌ ထွန်းရန် တုတ်ချောင်းငယ်လေးများနှင့် ရောင်စုံ ဖယောင်းတိုင်များ ရောင်းချ နေပါသနည်း။ ကျွန်ုပ်အဖို့ အရာရာမှာ နားမလည်နိုင်စရာများသာ ဖြစ်၍ ကျွန်ုပ်အား ရှင်းပြမည့် တစ်စုံတစ်ယောက်ဟူ၍လည်း မရှိပေ။ ကျွန်ုပ် သိထားသည်မှာ ငလျင်ကြောင့် ပျက်စီးသွားသည့် ရွှေထီးတော်ကြီးကို ရက်အနည်းငယ် အတွင်း၌ မူလနေရာသို့ ပြန်တင်မည်ဖြစ်ကြောင်း၊ စတုဒိသာများကျွေးမွေးပြီး သီချင်းများ သီဆိုကြမည်ဖြစ်ကြောင်း၊ ထီးတော်တင်သည်ကို အထက်ဗမာပြည် ထက်ဝက်ခန့်က လူများ လာရောက်ကြည့်ရှုကြမည် ဖြစ်ကြောင်း စသည် တို့သာ ဖြစ်လေသည်။

ကျွန်ုပ်သည် ခြသေ့်ကြီးနှစ်ကောင်ကြားမှ ရှေ့သို့ ချီတက်သွားလေရာ ထုံးဖြူသုတ်ထားသော ပရဝဏ်ကို ဖြတ်ပြီးလျှင် ခြေမသန်သူများ၊ မျက်မမြင်များ၊ နူနာစွဲများနှင့် ကိုယ်အင်္ဂါချို့တဲ့ နေသူများနှင့် ဝန်းရံနေသည့် အမိုးပြား စောင်းတန်းသို့ ရောက်လေသည်။ ကျွန်ုပ်ဖြတ်သွားစဉ် ထိုလူများမှာ ကျွန်ုပ်၏ အင်္ကျီစကို ဆွဲ၍ ညည်းတွား မြည်တမ်းကြသည်။ သို့ရာတွင်

| |
|---|
| လှေကားး၏ ကုန်းမော့သို့ ရောက်သောအခါ ထိုလူတန်းကြီးမှာ အလျှိုလျှို ပျောက်ကွယ်ကုန်၍ ၎င်းတို့အား သတိမပြုမိတော့ချေ။ ကျွန်ုပ်သည် ဘေးတစ်ဖက်တစ်ချက်တွင် ဈေးဆိုင်ငယ်လေးများရှိနေသည့် မှောင်ရီပျပျ စကြံလမ်းရှည်ကြီးတစ်လျှောက် လျှောက်လှမ်းလာခဲ့သည်။ ထိုစကြံလမ်းကို ခင်းထားသော ကျောက်တုံးလေးများမှာ လူတို့၏ ဖြတ်သန်းသွားလာမှုများကြောင့် ညီညာချောမွတ်နေကြကုန်၏။<br><br>စောင်းတန်းအမိုး၏ အဆုံးတစ်ဖက်တွင် ကျယ်ပြောသော ညနေခင်း ကောင်းကင်ကြီးက စောင့်ကြိုနေသည်။ ဒုတိယမြောက်ဖြစ်သည့် ပို၍ မတ်စောက်သော လှေကားထစ်များက ရွှေတိဂုံဘုရားသို့ တည့်တည့်မတ်မတ်ကြီး ဦးတည်လျက် တက်သွားသည်။ နောက်တွင်ကျန်ခဲ့သော လှေကားထစ်လမ်းမှာ မှောင်ရီပျပျရှိရာမှ ပိန်းပိတ်အောင် မှောင်လာသည်။ ယခုတွင်မူ ကျွန်ုပ် ရှေ့ဆက်မသွားနိုင်တော့။ အကြောင်းမှာ ကျွန်ုပ်၏ ရှေ့တည့်တည့်တွင် ကျောက်စာဖြင့် တန်ဆာဆင်ထားသည့် လှပသော ဗမာ့လက်ရာ မုခ်ခုံးကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ရှေ့ဆက်သွားခဲ့ပါက သည်ထက်ပို၍ ကျေနပ်စရာကောင်းလောက်သော မြင်ကွင်းမျိုး တွေ့နိုင်တော့မည် မဟုတ်ဟု ကျွန်ုပ်မှာ ရှူးမိုက်စွာ လက်ခံယုံကြည်မိသောကြောင့်ပင်။ |

| ရင်းမြစ် | မူလရင်းမြစ် |
|---|---|
| ရင်းမြစ်ကို မည်သူ ဖန်တီးခဲ့သနည်း။ | စာရေးဆရာ ရတ်ဒ်ယက် ကစ်ပလင် |
| မည်သည့်အချိန်က ဖန်တီးခဲ့သနည်း။ | ၁၈၉၉ ခုနှစ် |
| မည်သူ့အတွက် ဖန်တီးခဲ့သနည်း။<br>(ရည်ရွယ်သူ ပရိသတ်မှာ အဘယ်နည်း)။ | ကိုလိုနီပြုခြင်းကို အားပေးသည့် ဗြိတိန်ပရိသတ်အတွက် ရင်းမြစ်ကို ဖန်တီးခဲ့သည်။ |
| ရင်းမြစ်၏ နောက်ခံ ရည်ရွယ်ချက်မှာ အဘယ်နည်း။ | ပေးစာတွင် သူ၏ ခရီးသွားအတွေ့အကြုံများကို လူများအား ပြောပြခဲ့သည်။ |

| ရင်းမြစ် | မူလရင်းမြစ် |
|---|---|
| ဤရင်းမြစ်ကို စိစစ်ခွဲခြားရာတွင် မည်သို့သော ဘက်လိုက်မှု၊ အတွေးအမြင်ရှုထောင့်တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သနည်း။ | • ရွှေတိဂုံဘုရားသို့ သွားရောက်လည်ပတ်ရန် အချိန်အလုံအလောက် မရှိသည့် ကြေးရတတ် အင်္ဂလိပ်ခရီးသည် တစ်ဦး၏ ရှုထောင့်မှ ရေးသားထားခြင်း ဖြစ်သည်။<br>• ရွှေတိဂုံဘုရား၏ ဗိသုကာလက်ရာကို သမိုင်း အထောက်အထားအရ တိကျမှန်ကန်စွာ အားထုတ်၍ သရုပ်ဖော်ပြ ထားခြင်း မရှိပါ။<br>• ရွှေတိဂုံဘုရား၏ စင်္ကြံလမ်းများမှာ စိတ်မချမ်းသာဖွယ်ဖြစ်ကြောင်း၊ မသန်စွမ်းများ၊ သူဖုန်းစားများ၊ မျက်မမြင်များနှင့် အနာကြီးရောဂါ သည်များမှာ စင်္ကြံလမ်းကို စောင့်ကြပ်စဉ် တအီအီဖြင့် ညည်းတွားနေကြောင်း စသည်ဖြင့် တစ်ဖက်စွန်းရောက် ဖော်ကျူးထားသဖြင့် ဘက်လိုက်မှုများ ရှိနေသည်။ |
| ရင်းမြစ်သည် ခိုင်လုံမှု ရှိပါသလား။<br>အဘယ်ကြောင့် ခိုင်လုံသနည်း။<br>အဘယ်ကြောင့် မခိုင်လုံသနည်း။ | • စာရေးသူက မြန်မာနိုင်ငံ ဗြိတိသျှ ကိုလိုနီ လက်အောက်ခံ အဖြစ် ကျရောက်နေစဉ် ၁၈၉၄ ခုနှစ်က ရွှေတိဂုံဘုရားရှိ စင်္ကြံများအကြောင်းကို ဖော်ပြထားခဲ့ခြင်း ဖြစ်သည်။<br>• စာရေးသူသည် သူမြင်ခဲ့သောအရာနှင့် ၎င်းအရာများက သူ့အား သက်ရောက်ခဲ့ပုံကိုသာ ပြောပြခဲ့သည့်အတွက် သူ၏ စာမှာ သူ၏ အမြင်တစ်ခုတည်းကိုသာ ဖော်ပြထားသည့် ပုဂ္ဂလဓိဋ္ဌာန် မှတ်တမ်းတစ်ခုသာ ဖြစ်သည်။ |

| ရင်းမြစ် | မူလရင်းမြစ် |
|---|---|
| | • ရင်းမြစ်အမျိုးမျိုးကို လေ့လာခြင်းဖြင့် ပိုမို၍ များပြားသော အတွေး အမြင် ရှုထောင့်များ ရရှိလာနိုင်ပြီး (ဘက်လိုက်မှု) များကို လျှော့ချပေး နိုင်သည်။ |

# နောက်ဆက်တွဲ (၂)။ သင်ခန်းစာ (၆.၁.၂) အတွက် မီဒီယာဆောင်းပါး

## နောက်ဆက်တွဲ လေးထောင့်ကွက် ၂.၁။ ဟင်ဒူစတန်နီ တိုင်း(မ်)ဆောင်းပါး၊ နယူးဒေလီ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့

**ကိန်းသီအိုရီ။ ယနေ့မှစ နောင်ဆယ်နှစ် အိန္ဒိယနိုင်ငံအား မြင်ယောင်ကြည့်ခြင်း**[၇၄]

*ပိရှိဒန် မိုဟာမက် ကာဝူးဆာ၊ အဘိရှက်ဂျာ နှင့် ဗီးနစ်တ် ဆက်ချ်ဒေ့ဗ်*

- ကမ္ဘာအနှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်–၁၉၏ အလွန်ကြီးမားသော နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ၂၀၂၀ ပြည့်နှစ် အချိန်ကာလအများစုမှာ ကာလတိုစာရင်းအင်းများဖြစ်ကြသော နေ့စဉ်စစ်ဆေးမှုကိစ္စများ၊ ကိုဗစ်လူနာသစ်များ၊ စီးပွားရေး လုပ်ငန်းများ၏ အပတ်စဉ် လစဉ် အညွှန်းကိန်းများကိုသာ ခြေရာခံရင်း ကုန်ဆုံးခဲ့ရသည်။ နှစ်သစ်ကူး၏ အစသည် ယခုမှစ နောင်ဆယ်နှစ်အကြာ အိန္ဒိယ၏ ရေရှည်အခြေအနေကို ရှုမြင်ကြည့်ရန် အချိန်အခါသင့်သော ကာလဖြစ်ရာ ထိုသို့ရှုမြင်ကြည့်ခြင်းမှာလည်း ရေးကတည်းက အရေးပါခဲ့သလို နောင်တွင်လည်း ဆက်လက် အရေးပါနေဦးမည် ဖြစ်သည်။

*အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် လူဦးရေ အများဆုံးနိုင်ငံဖြစ်လာမည်။*

- ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက် အလားအလာအရ သက္ကရာဇ် ၂၀၂၃ ခုနှစ်တွင် အိန္ဒိယသည် လူဦးရေ ၁.၄၂ ဘီလျံ/ သန်း (၁၄၀၀)ကျော် ရှိလာမည်ဖြစ်ပြီး တရုတ်နိုင်ငံကို ကျော်၍ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံဖြစ်လာမည်။ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ အိန္ဒိယတွင် လူဦးရေ ၁.၂၁ ဘီလျံ/ သန်း (၁၂၀၀)ကျော်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်အတွက် သန်းခေါင်စာရင်းကောက်ခံမှုမှာမူ သတ်မှတ်ထားသော အချိန်အတွင်း ပြီးဆုံးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ ယနေ့တိုင် ရေရေရာရာ မသိရသေးပေ။ အိန္ဒိယနိုင်ငံ၏ လူဦးရေမှာ အနည်းဆုံး ၂၀၄၈ ခုနှစ် မတိုင်မီအထိ ကျဆင်းဦးမည်မဟုတ်ဘဲ ထို့နောက်တွင်မှ နိုင်ငံ၏ လူဦးရေ အထွတ်အထိပ်အဖြစ် ၁.၆ ဘီလျံ/ သန်း (၁၆၀၀) ဝန်းကျင်သို့ ရောက်ရှိပြီးမှသာ စတင်ကျဆင်းလာမည် ဖြစ်သည်။

---

[၇၄] Kawoosa, V., Jha, A., & Sachdev, V. (2021).

*ရာသီဥတု ကပ်ဘေးများ၏ အကျိုးဆက်များက အိန္ဒိယ၏ လက်ရှိ အခြေအနေများကို ခံစားဖြစ်ပေါ်စေသည်။*

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သိပ္ပံဝန်ကြီးဌာန (MoES) မှ ထုတ်ဝေသော အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံး ဥတုရာသီ ဖောက်ပြန်မှုဆိုင်ရာ စစ်ဆေးအကဲဖြတ်ချက်အရ ၂၀ ရာစု အလယ်ပိုင်းကတည်းက ကြုံတွေ့လာခဲ့ရသည့် နိုင်ငံ၏ ဥတုရာသီ ဖောက်ပြန်မှုများကို အနာဂတ်ကာလများတွင်လည်း ဆက်လက်ကြုံတွေ့ရနိုင်ကြောင်း မျှော်မှန်းထားရှိသည်ဟု သိရသည်။

ဥပမာအားဖြင့် ပျမ်းမျှအပူချိန်များသည် စစ်ဆေးအကဲဖြတ်မှုအရ ၁၉၀၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ၀.၇ ဒီဂရီဆဲလ်စီးယပ်ခန့် မြင့်တက်လာခဲ့သည်။ များမကြာသေးမီ အတိတ်ဖြစ်ရပ်များ (၁၉၇၆ –၂၀၀၅ ) နှင့် နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် အပူချိန် မြင့်မားလာမှုသည် ၂၁ ရာစု နှစ်အကုန် (၂၀၇၀–၂၀၉၉) တွင် ၄.၄ ဒီဂရီဆဲလ်စီးယပ်ခန့် တိုးလာမည်ဟု မျှော်မှန်းထားသည်။

နွေရာသီ (ဧပြီလမှ ဇွန်လထိ) အပူလှိုင်းကြိမ်နှုန်းများသည်လည်း (၃) ဆမှ (၄) ဆ အထိ တိုးလာမည်ဟု ခန့်မှန်းရသည်။ အစီရင်ခံစာအရ မုတ်သုံရာသီ မိုးရွာသွန်းမှု (မိုးရေချိန်) မှာလည်း ကျဆင်းလာပြီး ခြောက်သွေ့ကာလ ကြိမ်နှုန်းတိုးလာကာ စိုစွတ်ကာလကြိမ်နှုန်းများလည်း တိုးလာခဲ့သည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်အစီရင်ခံစာအရ တောင်အာရှ ဒေသအများစုသည်  ရာသီဥတု အလွန်ပူပြင်း ခြောက်သွေ့သည့် နေရာဒေသများဖြစ်လာမည်ဖြစ်ပြီး သက္ကရာဇ် ၂၀၃၀ တွင် အပူချိန်နှင့် မိုးရွာသွန်းမှု အပြောင်းအလဲများကြောင့် လူတို့၏ လူနေမှု အဆင့်အတန်းများသည် ဆိုးရွားစွာ ထိခိုက်လာမည် ဖြစ်သည်။

# နောက်ဆက်တွဲ (၃)။ သင်ခန်းစာ (၆.၁.၂)၊ အိမ်စာလုပ်ငန်း အတွက် သင်ပြမှုပုံစံလွှာ

<table>
<tr><th colspan="4">တတိယနှစ် သင်ပြမှုပုံစံလွှာ</th></tr>
<tr><td>အတန်း –</td><td>ရက်စွဲ –</td><td>အချိန် –</td><td>ဆရာ –</td></tr>
<tr><td colspan="4">သင်ခန်းစာ – (သင်၏ သင်ခန်းစာ အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဉ်မှာ အဘယ်နည်း။)</td></tr>
<tr><td colspan="4">ကျောင်းသားများအကြောင်းကို သိရှိခြင်း –<br>က။ ယခင်သိရှိပြီး အသိပညာ (ကျောင်းသားများ မည်သည်ကို သိရှိထားသနည်း။ မည်သည်တို့ကို ပြုလုပ်နိုင်ပြီး ဖြစ်သနည်း။)<br>ခ။ ကျောင်းသား၏ ကိုယ်ရေးမှတ်တမ်း (ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ သင် မည်သည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သနည်း။)</td></tr>
<tr><td colspan="4">သင်ခန်းစာ ရည်ရွယ်ချက် – (သင်ခန်းစာ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင် မည်သည့်အရာကို ဆောင်ရွက်စေလိုသနည်း။)</td></tr>
</table>

**သင်ယူမှုရလဒ်များ –**

*(SMART သင်ယူမှုရလဒ်များကို တည်ဆောက်ပါ။ သင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် မည်သည်တို့ကို သိရှိသွားပြီး မည်သည်တို့ကို လုပ်ဆောင်နိုင်မည်နည်း။)*

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –

**အောင်မြင်မှုစံနှုန်းများ –** *(ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များ ၎င်းတို့ရရှိသွားကြောင်းကို သင်နှင့် သင်၏ကျောင်းသားများ မည်သို့ သိရှိကြမည်နည်း။)*

**သင်ကြားမှုနည်းလမ်း –** *(သင်ခန်းစာသည် ကျောင်းသား ဗဟိုပြုဖြစ်ပါသလား၊ ဆရာက ဦးဆောင်သင်ကြားမှုဖြစ်ပါသလား (သို့မဟုတ်) နှစ်မျိုးစလုံး ဖြစ်ပါသလား။)*

| |
|---|
| **သင်ကြား၊ သင်ယူမှုနည်းလမ်းများ –** *(ကစားနည်းအခြေပြု ဖြစ်ပါသလား၊ စူးစမ်းလေ့လာမှုအခြေပြု ဖြစ်ပါသလား၊ ပြဿနာအခြေပြု ဖြစ်ပါသလား၊ စီမံကိန်းအခြေပြု ဖြစ်ပါသလား၊ တိုက်ရိုက်ညွှန်ကြားချက်ပေးသော သင်ခန်းစာတစ်ခု ဖြစ်ပါသလား စသည်ဖြင့်။)* |
| **သင်ကြား၊ သင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ –** *(သင်သည် ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ ပုံပြောသင်ကြားသင်ယူနည်း၊ သရုပ်ဆောင်သင်ကြားသင်ယူခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ တွေး–တွဲ–မျှဝေသင်ယူခြင်း၊ အုပ်စုလုပ်ငန်း စသည်တို့ကို အသုံးပြုပါမည်လား။)* |
| **သင်ထောက်ကူများနှင့် ရင်းမြစ်များ** *(ရုပ်ပုံသင်ထောက်ကူများ၊ အသံ သင်ထောက်ကူများ၊ နည်းပညာများ ပေါင်းစပ်ခြင်း) – (စက္ကူလိုအပ်ပါသလား။ ပုံဆွဲကိရိယာများ လိုနိုင်ပါသလား။ ကွန်ပျူတာများ လိုအပ်ပါသလား စသည်ဖြင့်)* |

| အဆင့် | အချိန် | ဆရာ လုပ်ငန်း<br><br>(သင် မည်သည်ကို ပြုလုပ်နေပါ သနည်း။) | ကျောင်းသား လုပ်ငန်း<br><br>(ကျောင်းသားများ မည်သည်ကို ပြုလုပ်နေပါ သနည်း။) | လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ခြင်း<br><br>(သင်ကြား၊ သင်ယူမှုကို လိုအပ်ချက်အလိုက် သင် မည်သို့ ပြောင်းလဲလုပ်ဆောင်မည်နည်း။) |
|---|---|---|---|---|
| **မိတ်ဆက်**<br>(ကျောင်းသားများ၏ အာရုံစိုက်မှုကို သင် မည်ကဲ့သို့ ရယူမည်နည်း၊ ယခင် သင်ယူခဲ့သည်များနှင့် မည်ကဲ့သို့ ချိတ်ဆက်မည်နည်း၊ ရည်ရွယ်ထားသော သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို မည်ကဲ့သို့ ဆက်သွယ်မည်နည်း။) | | | | |
| **သင်ကြားစဉ်**<br>(သင်ခန်းစာ သင်ကြားစဉ်တွင် အဆင့်အမျိုးမျိုး ရှိပါမည်လား ဥပမာ – ရှင်းလင်းသင်ကြားခြင်း၊ ဦးဆောင်သင်ကြားခြင်း အလေ့အကျင့်၊ အကူအညီမပါသော အလေ့အကျင့်။) | | | | |
| **ပြန်လည်ဆန်းစစ်ခြင်း**<br>(သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိအောင်မြင်မှုအပေါ် သင် မည်ကဲ့သို့ စစ်ဆေး အကဲဖြတ်မည်နည်း၊ သင်ယူမှုအပေါ် ပြန်လည်သုံးသပ်ခြင်း အတွက် ကျောင်းသားများကို မည်သို့ ပံ့ပိုးကူညီမည်နည်း။) | | | | |

**ဆရာ၏ အကဲဖြတ်သုံးသပ်ခြင်း** (အကဲဖြတ်သုံးသပ်ရန်အတွက် မေးခွန်းများကို စီစဉ်ထားပြီး သင်ကြားပို့ချပြီးနောက် ဤအပိုင်းကို ပြီးမြောက်အောင် ဆောင်ရွက်ပါ။)

# နောက်ဆက်တွဲ (၄)။ သင်ခန်းစာ (၆.၂.၁)၊ စာသင်ချိန် (၁)၊ သင်ယူမှုလုပ်ငန်း (၁) အတွက် ကမ္ဘာ့မြေပုံ



နောက်ဆက်တွဲပုံ ၄.၁။ ကမ္ဘာ့မြေပုံ[၇၅]

[၇၅] https://commons.wikimedia.org/wiki/File:Prise_de_la_Bastille.jpg. Image available in the Public Domain, licensed under CC0. View license, https://creativecommons.org/publicdomain/zero/1.0/

# နောက်ဆက်တွဲ (၅)။ သင်ခန်းစာ (၆.၂.၂)၊ စာသင်ချိန် (၂) အိမ်စာလုပ်ငန်းအတွက် သင်ပြမှုပုံစံလွှာ

<table>
<tr><th colspan="4">တတိယနှစ် သင်ပြမှုပုံစံလွှာ</th></tr>
<tr><td>အတန်း –</td><td>ရက်စွဲ –</td><td>အချိန် –</td><td>ဆရာ –</td></tr>
<tr><td colspan="4">သင်ခန်းစာ – (သင်၏ သင်ခန်းစာ အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဉ်မှာ အဘယ်နည်း။)</td></tr>
<tr><td colspan="4">ကျောင်းသားများအကြောင်းကို သိရှိခြင်း –<br>က။ ယခင်သိရှိပြီး အသိပညာ (ကျောင်းသားများ မည်သည်ကို သိရှိထားသနည်း။ မည်သည်တို့ကို ပြုလုပ်နိုင်ပြီး ဖြစ်သနည်း။)<br>ခ။ ကျောင်းသား၏ ကိုယ်ရေးမှတ်တမ်း (ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ သင် မည်သည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သနည်း။)</td></tr>
<tr><td colspan="4">သင်ခန်းစာ ရည်ရွယ်ချက် – (သင်ခန်းစာ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင် မည်သည့်အရာကို ဆောင်ရွက်စေလိုသနည်း။)</td></tr>
</table>

| |
|---|
| **သင်ယူမှုရလဒ်များ –**<br><br>*(SMART သင်ယူမှုရလဒ်များကို တည်ဆောက်ပါ။ သင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် မည်သည်တို့ကို သိရှိသွားပြီး မည်သည်တို့ကို လုပ်ဆောင်နိုင်မည်နည်း။)*<br><br>ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် – |
| **အောင်မြင်မှုစံနှုန်းများ –** *(ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များ ၎င်းတို့ရရှိသွားကြောင်းကို သင်နှင့် သင်၏ကျောင်းသားများ မည်သို့ သိရှိကြမည်နည်း။)* |
| **သင်ကြားမှုနည်းလမ်း –** *(သင်ခန်းစာသည် ကျောင်းသား ဗဟိုပြုဖြစ်ပါသလား၊ ဆရာက ဦးဆောင်သင်ကြားမှုဖြစ်ပါသလား (သို့မဟုတ်) နှစ်မျိုးစလုံး ဖြစ်ပါသလား။)* |

**သင်ကြား၊ သင်ယူမှုနည်းလမ်းများ –** *(ကစားနည်းအခြေပြု ဖြစ်ပါသလား၊ စူးစမ်းလေ့လာမှုအခြေပြု ဖြစ်ပါသလား၊ ပြဿနာအခြေပြု ဖြစ်ပါသလား၊ စီမံကိန်းအခြေပြု ဖြစ်ပါသလား၊ တိုက်ရိုက်ညွှန်ကြားချက်ပေးသော သင်ခန်းစာတစ်ခု ဖြစ်ပါသလား စသည်ဖြင့်။)*

**သင်ကြား၊ သင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ –** *(သင်သည် ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ ပုံပြောသင်ကြားသင်ယူနည်း၊ သရုပ်ဆောင်သင်ကြားသင်ယူခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ တွေး–တွဲ–မျှဝေသင်ယူခြင်း၊ အုပ်စုလုပ်ငန်း စသည်တို့ကို အသုံးပြုပါမည်လား။)*

**သင်ထောက်ကူများနှင့် ရင်းမြစ်များ** *(ရုပ်ပုံသင်ထောက်ကူများ၊ အသံ သင်ထောက်ကူများ၊ နည်းပညာများ ပေါင်းစပ်ခြင်း) – (စက္ကူလိုအပ်ပါသလား။ ပုံဆွဲကိရိယာများ လိုနိုင်ပါသလား။ ကွန်ပျူတာများ လိုအပ်ပါသလား စသည်ဖြင့်)*

| အဆင့် | အချိန် | ဆရာ လုပ်ငန်း<br><br>(သင် မည်သည်ကို ပြုလုပ်နေပါ သနည်း။) | ကျောင်းသား လုပ်ငန်း<br><br>(ကျောင်းသားများ မည်သည်ကို ပြုလုပ်နေပါ သနည်း။) | လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ခြင်း<br><br>(သင်ကြား၊ သင်ယူမှုကို လိုအပ်ချက်အလိုက် သင် မည်သို့ ပြောင်းလဲလုပ်ဆောင်မည်နည်း။) |
|---|---|---|---|---|
| **မိတ်ဆက်**<br>(ကျောင်းသားများ၏ အာရုံစိုက်မှုကို သင် မည်ကဲ့သို့ ရယူမည်နည်း၊ ယခင် သင်ယူခဲ့သည်များနှင့် မည်ကဲ့သို့ ချိတ်ဆက်မည်နည်း၊ ရည်ရွယ်ထားသော သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို မည်ကဲ့သို့ ဆက်သွယ်မည်နည်း။) | | | | |
| **သင်ကြားစဉ်**<br>(သင်ခန်းစာ သင်ကြားစဉ်တွင် အဆင့်အမျိုးမျိုး ရှိပါမည်လား ဥပမာ – ရှင်းလင်းသင်ကြားခြင်း၊ ဦးဆောင်သင်ကြားခြင်း အလေ့အကျင့်၊ အကူအညီမပါသော အလေ့အကျင့်။) | | | | |
| **ပြန်လည်ဆန်းစစ်ခြင်း**<br>(သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိအောင်မြင်မှုအပေါ် သင် မည်ကဲ့သို့ စစ်ဆေး အကဲဖြတ်မည်နည်း၊ သင်ယူမှုအပေါ် ပြန်လည်သုံးသပ်ခြင်း အတွက် ကျောင်းသားများကို မည်သို့ ပံ့ပိုးကူညီမည်နည်း။) | | | | |

**ဆရာ၏ အကဲဖြတ်သုံးသပ်ခြင်း** (အကဲဖြတ်သုံးသပ်ရန်အတွက် မေးခွန်းများကို စီစဉ်ထားပြီး သင်ကြားပို့ချပြီးနောက် ဤအပိုင်းကို ပြီးမြောက်အောင် ဆောင်ရွက်ပါ။)

# နောက်ဆက်တွဲ (၆)။ "လူနေမှု" ဟူသော အသုံးအနှုန်းအား လေးနက်စွာ ဝေဖန်ဆန်းစစ် ဆွေးနွေးခြင်း

## နောက်ဆက်တွဲ လေးထောင့်ကွက် ၆.၁။ "လူနေမှု" ဟူသော အသုံးအနှုန်းအား လေးနက်စွာ ဝေဖန်ဆန်းစစ် ဆွေးနွေးခြင်း[၇၆]

"လူနေမှု" (civilisation) ဟူသော စကားလုံးသည် လက်တင်အသုံးအနှုန်း "civitas" (သို့မဟုတ်) "city" နှင့် ဆက်နွှယ်နေသဖြင့် တစ်ခါတစ်ရံတွင် မြို့ပြနှင့် ပြည်နယ်အဆင့် လူ့အဖွဲ့အစည်းများကို ရည်ညွှန်းရာ ရောက်နေပြီး အတည်တကျ အခြေချနေထိုင်မှု မရှိသည့် ခြေသလုံးအိမ်တိုင်များနှင့် မြို့ပြဟု မသတ်မှတ်သော (သို့မဟုတ်) ပြည်နယ်အဆင့် ဖွဲ့စည်းပုံ မရှိသော ဒေသများတွင် အခြေချနေထိုင်သူတို့နှင့် အပ်စပ်ခြင်း မရှိသလို ဖြစ်သည်။

လူနေမှု ဟူသော အသုံးအနှုန်း၏ အနက်အဓိပ္ပာယ် သတ်မှတ်ချက်သည် သမိုင်းတစ်လျှောက် ကြိမ်ဖန်များစွာ ပြောင်းလဲခဲ့၍ ယနေ့မျက်မှောက်ကာလတိုင်အောင်လည်း အဓိပ္ပာယ်အမျိုးမျိုးဖြင့် သုံးစွဲလျက်ရှိသည်။ အများအားဖြင့် "ယဉ်ကျေးမှုနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဆင့်မြင့်မားသော" လူ့အဖွဲ့အစည်းများကို ဖော်ပြရန် သုံးလေ့ရှိသော်လည်း ဤအဓိပ္ပာယ် ဖွင့်ဆိုချက်မှာ ရှင်းလင်းပြတ်သားမှု မရှိဘဲ ပုဂ္ဂလဓိဋ္ဌာန်ကျကာ လွန်လေခဲ့သော အတိတ်ကာလအတွင်း လူ့အဖွဲ့အစည်းများ ပြောင်းလဲခဲ့ပုံနှင့် စပ်လျဉ်း၍ ယနေ့ခေတ် ပညာရှင်များက အသိမှတ်ပြုလက်ခံခြင်း မရှိတော့သော အယူအဆများနှင့် စွဲထင်နေသည်။

ကွဲပြားစုံလင်လှသော လူသားတို့၏ အတွေ့အကြုံများသည် ရှုပ်ထွေး ကျယ်ပြန့်လွန်းသဖြင့် ကျွန်ုပ်တို့၏ အခြေခံသဘောတရားများမှာ လက်တွေ့ကမ္ဘာတွင် အံဝင်ခွင်ကျခြင်း မရှိလှပေ။ လူနေမှုတိုင်းသည် တစ်မူထူးခြားသော အခြေအနေအရပ်ရပ်တို့ကြောင့် ရုပ်လုံးပေါ်လာရခြင်း ဖြစ်ကြောင်း၊ အားလုံးနှင့် သက်ဆိုင်သော ရှင်းလင်းချက်များ (သို့မဟုတ်) ယေဘုယျ သဘောတရားများသည် အမြဲတစေ ကျိုးကြောင်းသင့် မှန်ကန်နေခြင်းမရှိကြောင်း သတိပြုမိခြင်းသည် ပိုမို အမြင်ကျယ်လာ၍ အမှန်တရားနှင့် ပို၍ နီးစပ်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ လူသားများအနေဖြင့် အဆိုပါ အကန့်အသတ်များကို အမြဲတစေ အမှတ်ရနေပါက လူနေမှုဆိုသည့် သဘောတရားသည် အားကောင်းလာမည်ဖြစ်ပြီး အသုံးဝင်သော အယူအဆတစ်ရပ် ဖြစ်လာပါမည်။

[၇၆] Violatti, C. (2014).

# မှတ်စုများ

# မှတ်စုများ

ယူနက်စကို မြန်မာစီမံကိန်းရုံး